
NYI SAY
MYANMAR EBOOK CREATOR

အမေ့ဥယျာဉ်

# အသက်၊သွေး၊ချွေး

လင်းယုန်သစ်လွင်

(ဒုတိယအကြိမ်)



ဤစာအုပ်ဖြင့်

↓

*စာရေးသူ မွေးဖွားရာ၊ မှီတင်းနေထိုင်ရာ*
*ပြည်ထောင်စု မြန်မာနိုင်ငံတော်အား*
*အလေးအနက် ကျေးဇူးဆပ်ပါသည်။*

"သစ်လွင်"

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

# လင်းယုန်သစ်လွင်

# အသက်၊ သွေး၊ ချွေး

(ဒုတိယအကြိမ်)

*Facebook@ Nyisay Myanmar Ebook Creator*

*http://www.nyisay.com*

**စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း**

ဒုတိယအကြိမ်ပုံနှိပ်ခြင်း။

[၂၀၀၄ ခုနှစ်၊ မေလ၊ အုပ်ရေ ၅၀၀]

❑

**စာမူခွင့်ပြုချက်အမှတ်**

[ ၈၈၁/၂၀၀၃ (၆) ]

❑

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

[ ၂၈၉/၂၀၀၄ (၃) ]

❑

**စီစဉ်ထုတ်လုပ်မှု**

အောင်မြင့်နိုင်

❑

**မျက်နှာဖုံးပန်းချီ**

ဝသုန်

❑

**မျက်နှာဖုံးကာလာခွဲ**

Eternal

❑

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးစိုးသိန်း (ငွေကြယ် အော့ဖ်ဆက်)

၁၄၈၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**

ဦးကျော်ဆန်း(ရဲဘော်စာပေ)

အမှတ် ၂၊ ချွန်း ၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ရန်ကုန်မြို့။

❑

**စာအုပ်ချုပ်** – ကိုမြင့်၊ ညီဝင်းမြင့်

**အကွင်းဖလင်** – ကိုအောင်အောင် (Eternal)

**ကွန်ပျူတာစာစီ** – ရွှန်းလဲ့ကွန်ပျူတာ

❑

[တန်ဖိုး - 1500

# မာတိကာ


| | | |
|---|---|---|
| ၁။ | လယ်သမားမိသားစု | ၁ |
| ၂။ | သူကြီးဦးသီဟအိမ် အစည်းအဝေး | ၉ |
| ၃။ | နိပ္ပွန်တပ်မတော်ကို ကူညီကြလော့ | ၁၇ |
| ၄။ | အိပ်မက်ခြောက်သောည | ၃၃ |
| ၅။ | တိမ်ကြားမင်းခေါင်နှင့် ပေတောကုန်း | ၄၅ |
| ၆။ | ပဥ္စမမြောက်ကင်းလှည့် | ၅၆ |
| ၇။ | အရှေ့ဆီမှ လူသတ်ပွဲများ | ၆၇ |
| ၈။ | လွတ်မြောက်ခဲ့သော အကျဉ်းသား | ၈၀ |
| ၉။ | အသက်တစ်ချောင်း မသေစကောင်း | ၉၃ |
| ၁၀။ | သူတို့ကြက်ဝိုင်း | ၁၀၄ |
| ၁၁။ | အသဲကွဲသည့် အန္တရာယ် | ၁၁၅ |
| ၁၂။ | လာမဲ့ဘေးပြေးတွေ့ | ၁၂၈ |
| ၁၃။ | လောကငရဲနှင့် ခြေသလုံးအိမ်တိုင် | ၁၃၅ |
| ၁၄။ | မုန်တိုင်းထဲမှ ဖူးစာရေးနတ် | ၁၄၅ |
| ၁၅။ | အခြေအနေ တစ်မျိုးပြောင်းပြီ | ၁၅၃ |
| ၁၆။ | ဖက်ဆစ်တော်လှန်ရေး | ၁၆၄ |
| ၁၇။ | ခွင့်လွှတ်တတ်သူ | ၁၇၇ |
| ၁၈။ | အသက်,သွေး,ချွေး | ၂၀၂ |
| ၁၉။ | စာရေးသူ၏ အစီရင်ခံချက် | ၂၀၆ |

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

# [၁]

## လယ်သမားမိသားစု

ကိုလူမောင်သည် နောက်ဆုံးအကြိမ်အဖြစ် နွားနှစ်ကောင်ကို တစ်ပတ်ကြော၍ ပြန်လှည့်လိုက်သည်။

ညနေဆည်းဆာ၏ ဝင်လုအံ့ဆဲ နေရောင်ခြည်သည် ကောက်လှိုင်းပုံနှင့် စပါးပုံများအား ရွှေရည်ရွှေသွေးဖြင့် သွန်းလောင်းဘိသို့ ရှိလေသည်။

ခပ်လှမ်းလှမ်းဆီမှ မီးခိုးငွေ့ မီးခိုးတန်းများသည် တရုတ်နဂါးကြီး တွန့်လိမ်သလို မိုးကောင်းကင်ယံသို့ ထိုးထိုးထွန့်ထွန့် တလွန့်လွန့် တက်နေတော့၏။ ရွာတွင်းမှ ချက်ကြပြုတ်ကြသော မီးဖိုဆောင်မှ မီးခိုးငွေ့များနှင့် နွားခြင်မီးထည့်ကြသော မီးခိုးငွေ့ မီးခိုးတန်းများပင် ဖြစ်လေသည်။

နွားနှစ်ကောင်နှင့် စပါးနယ်နေသော ကိုလူမောင်သည် ရွာကလေးဆီသို့ တစ်ချက်မျှ လှမ်းမျှော်ကြည့်လိုက်၏။ လေအသွဲ့လိုက်တိုင်း ရွာကလေးဆီမှ ပုလွေသံသဲ့သဲ့သည် ကိုလူမောင်ရှိနေရာ ကွင်းပြင်ဆီသို့ တနော့နော့ လိုက်ပါလာလေသည်။

တစ်ခါတစ်ခါတွင် ပုလွေသံသည် စူးစူးဝါးဝါး ပေါ်လာတတ်၍ တစ်ခါတစ်ခါ၌မူ ခပ်သဲ့သဲ့ ခပ်ရဲရဲမျှသာ ပေါ်လာတတ်ပြီး ရံဖန်ရံခါ၌ကား ပျောက်တော့မလောက် ဖြစ်သွားတတ်လေသည်။

စပါးနယ်နေသော ကိုလူမောင်သည် မကြာခဏဆိုသလို ရွာကလေးဆီသို့ လှမ်းမျှော်ကြည့်လိုက်မိပြန်သည်။ ရွာဆီမှ လူရိပ်လူယောင်ကိုကား လုံးဝ မတွေ့မမြင်ရပေ။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သူစပါးနယ်နေသော ကွင်းစပ်နှင့် သူတို့နေသော ရွာကလေးမှာ လယ်ကွက် ဆယ်ကွက်ခန့် အကွာအဝေးတွင် ဖြစ်လေသည်။ ကွင်းစပ်မှနေ၍ ရွာကလေးဆီ လှမ်းမျှော်ကြည့်သည့်အခါ ရွာအပြင်စပ်ရှိ ပိတောက်ပင်တန်းများ၊ မန်ကျည်းပင်တန်းများနှင့် ဝါးရုံပင် တောအုပ်များကိုသာ မြင်တွေ့ရလေသည်။ လူနေအိမ်များကိုမူ လုံးဝလိုပင် မမြင်မတွေ့ရဘဲ သူကြီး ဦးသီဟ၏ အိမ်ခေါင်မိုးသွပ်ပြောင်ပြောင်နှင့် ရွာဦး ဘုန်းတော်ကြီး ဦးစန္ဒိမာ၏ ကျောင်းခေါင်မိုး ခပ်နီနီ ခပ်မွဲမွဲ အရောင်များကိုသာ မြင်တွေ့ရလေသည်။ ဦးစန္ဒိမာ၏ ကျောင်းအမိုးသွပ်များမှာ ကာလကြာမြင့်လှပြီ ဖြစ်သောကြောင့် သွပ်ချေးများ တက်နေတော့ပေပြီ။

ရွာဆီမှ ပုလွေသံသဲ့သဲ့သည် ကိုလှမောင်ရှိရာသို့ အတန်ငယ် ပျံ့လွင့်လာပြန်သည်။ ကိုလှမောင်သည် တောက်တစ်ချက် ခေါက်လိုက်ပြီးနောက် နွားနှစ်ကောင်ကို တစ်ပတ်ပြန်၍ လှည့်ပြန်တော့လေသည်။ နယ်နေသော စပါးပုံပေါ်တွင် နွားနှစ်ကောင်မှာ လက်ျာရစ် တစ်ဖန် ထပ်မံ လျှောက်ကြရပြန်သည်။

ပြန်ချိန်တန်နေပြီ ဖြစ်သည့်အတွက် နွားနှစ်ကောင်သည် သူတို့၏ ပါးစပ်တွင် စွပ်ချည်ထားသော ခြင်းကြားများကို ပြုတ်ကျလိုကျငြား ခေါင်းတဆတ်ဆတ် လုပ်ကြလျက် ရွာဆီသို့ မကြာခဏ မျှော်ကြည့်တတ်ကြ၏။ သည့်နောက်တော့ သူတို့၏ ခြေလှမ်းများသည် ခပ်ဆိုင်းဆိုင်း ခပ်လေးလေး လုပ်တတ်ကြရာမှ ကြိုးကြား ကြိုးကြားရပ် ရပ်နေတော့၏။

'တယ် ဟဲ့ နနီ ဘာရပ်ရပ်နေတာလဲ ဟင်း'

ကိုလှမောင်သည် နှင်တံကို မြှောက်ကာ နွားနှစ်ကောင်ကို ငေါက်ရပြန်လေသည်။ နွားနှစ်ကောင်က ရှေ့ဆက်သွားမှ ကြိုးစာကိုကိုင်ကာ နောက်ပါးမှ လိုက်ရပြန်သည်။

ရွာတွင်းမှ ပုလွေသံကို ထပ်မံ၍ ကြားရပြန်လေသည်။ ဤတစ်ကြိမ် သူကြားလိုက်ရသော ပုလွေသံမှာ မပီမသနိုင်သော သီချင်းတစ်ပုဒ်၏ အစအနသံများ ဖြစ်လေသည်။

'တောက် ဒီခွေးကောင်လေး ခုထိ မလာသေးဘူး'

ကိုလှမောင်သည် တစ်ခွန်းမျှ ရေရွတ်လိုက်လေသည်။ သူ့ခြေထောက်များမှာမူ နွားနှစ်ကောင်နောက်ပါးမှ ထပ်ချပ်မကွာ လိုက်နေရလေသည်။

ရွာတွင်းမှ ပုလွေသံမှာ သူ့သား ခွေးညိုစ်၏ ပုလွေသံပင် ဖြစ်လေသည်။ ကိုလူမောင်မှာ သူ့သားခွေးညိုကို စောင့်ရင်းမှ စပါးနယ်နေခြင်း ဖြစ်လေရာ သားဖြစ်သူ ခွေးညိုလာတော့မှ နွားနှစ်ကောင်ကို ခွေးညိုအား အိမ်ပြန်ယူစေကာ သူကိုယ်တိုင်မှာမူ သူကြီး ဦးသီဟ၏ နေအိမ်သို့ သွားရမည် ဖြစ်လေသည်။

သူကြီးအိမ်မှ တစ်အိမ်တစ်ယောက် လာရောက်ရမည်ဟု ဆင့်ခေါ် ထား၏။ ရွာဆော် ကိုမြတ်ကျော်၏ အပြောသာဖြစ်၏။ အဘယ်သို့ ကိစ္စဟူသည် ကိုကား သူကြီးအိမ်ရောက်မှ သိရတော့ပေမည်။

တိုင်းရေးပြည်ရေးများကား သိပ်စိတ်မအေး စိတ်မချရ၊ လှုပ်လှုပ် ရွရွ ဖြစ်နေသည်ဟူ၍ကား နားစွန်နားဖျား တစ်စွန်းတစ်စ ကိုလူမောင် နားလည် ထားပေသည်။ သို့ရာတွင် သူနားလည်ထားသော တိုင်းရေးပြည်ရေးဟူသည်မှာ ခေတ်နောက်ပြန်ပြေးနေသော တိုင်းရေးပြည်ရေးသာ ဖြစ်တော့၏။

တိုင်းပြည်နိုင်ငံ လှုပ်လှုပ်ရွရွဖြစ်၍ ပြည်ထဲရေး မငြိမ်မသက် ရှိနေ သည်ဆိုသည့်အခါ ကိုလူမောင်လို ရိုးလှ အလှသော လယ်သမားကြီးတစ်ယောက် အဖို့ စကြာမင်းနှင့် ဘိုးဘိုးအောင်တို့ကို မျှော်လင့်တတ်ပေသည်။ ဤသည်မှာ ကိုလူမောင်အဖို့ အားကိုးအားထားရာပင် ဖြစ်တော့လေသည်။ ဤသည်တို့မှ လွဲ၍ ကိုလူမောင်ခမျာ မည်သည့်အကြောင်းအချက်ကိုမျှ မတွေးတတ် မစဉ်း စားတတ်၊ မည်သည့် အားကိုးအားထားသမှုကိုမျှ မရှာတတ် မကြံတတ်ပါချေ။

တိုင်းပြည်နိုင်ငံ အခြေအနေ လှုပ်လှုပ်ရွရွ ဖြစ်လာသည့်အခါများတွင် ဇနီးသည် ငြိမ်းမယ်အား ထမင်းခြောက်တွင်တွင်ကြီး လှန်းခိုင်းတတ်သော အလေ့ နှင့် မအိပ်နိုင် မနေနိုင် ချိုးခနဲ ချွတ်ခနဲ အသံကြားတိုင်း ထထ ကြည့်တတ်သော အလေ့အထမှာ ကိုလူမောင်၏ ရိုးသားလှသော အစိုးရိမ်အကြောင့်ကြ ကြီးမား မှုပင် ဖြစ်တော့လေသည်။

ကမ္ဘာအနောက်တစ်လွှား၌ စစ်မီးများ ထတောက်နေသည့်အချိန်ဖြစ် ခြင်းကြောင့် မြန်မာလူထုကြီး တစ်ရပ်လုံးမှာ အမျိုးသား စည်းလုံးရေးစိတ်ဓာတ် နယ်ချဲ့တော်လှန်ရေးစိတ်ဓာတ်များ ပိုမိုပြင်းထန်လာသည် ဆိုခြင်းကို လည်း ကောင်း၊ ဗြိတိသျှနယ်ချဲ့ကို တိုက်မည့် မည်သူနှင့်မဆို ပူးပေါင်းရန် စိတ်ဓာတ် ဖြစ်ပေါ်နေကြသည် ဆိုခြင်းကို လည်းကောင်း ကိုလူမောင်က မသိရှိပေ။ သူ့အသိ သူ့စိတ်ကူးနှင့် သူ၏ အမြင်အထင်တို့မှာ ဤမျှထိတော့ ခရီးမပေါက် မထင်မြင် ပေ။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မြန်မာနိုင်ငံမှ သခင်အောင်ဆန်းဆိုသည့် နာမည်နာမကိုလည်း ကိုလှမောင်ခမျာ လုံးဝ မသိရှိပါပေ။ ဟသ်ာတမြို့တွင် နိုင်ငံရေးတရားဟော၍ ဟသ်ာတ ရာဇဝတ်ဝန်က သခင်အောင်ဆန်းကို ဖမ်းဆီးရန်အတွက် ဆုတော်ငွေ ငါးကျပ် ဝရမ်းထုတ်လိုက်သဖြင့် မြန်မာတစ်ပြည်လုံးက မခံမရပ်နိုင် ဖြစ်ကြသည်ဆိုသော ကိစ္စကိုလည်း ကိုလှမောင် မသိ။

သို့ရာတွင် သူ့ဘဝ သူ့ပတ်ဝန်းကျင်နှင့် သူ သိရှိနေသည်မှာ တိုင်းရေးပြည်ရေး လှုပ်လှုပ်ရွရွ ဖြစ်နေသည်ဆိုသော ကိစ္စပင် ဖြစ်လေသည်။

ဒီလိုဆိုရင် ငြိမ်းမယ်အား ထမင်းခြောက် အလှန်းခိုင်းရပေဦးမည်။

*

ပုလွေသံသည် တဖြည်းဖြည်း နီးကပ်လာသယောင် ထင်ရလေသည်။

ကိုလှမောင်သည် စိတ်ပေါက်ပေါက်နှင့် လေးကန်ကန်လုပ်နေသာ နွားနှစ်ကောင်ကို အော်ငေါက်လိုက်လေသည်။

သည်တစ်ကြိမ်တော့ ခွေးညို၏ ပုလွေသံသည် တစ်စထက်တစ်စ နီးကပ်လာလေသည်။ မပီမသသော ပုလွေသံမှာ 'ရွှေကျီးညို လာရင် ဒေါသနဲ့ အပြစ်တင်'ဟူသော အပိုဒ်ကို အားပါးတရ မှုတ်လျက် ရှိလေသည်။

နေလုံးသည် ရဲရဲနီသော အဆင်းဖြင့် အနောက်ဘက် သစ်တောကြီး ဝိုင်း ခပ်မှိုင်းမှိုင်းတွင် ဝင်လုအံ့ဆဲဆဲ ရှိနေတော့လေသည်။

'တယ် ဒီမသာကောင်လေး'

ကိုလှမောင်သည် ရွာဘက်ဆီသို့ တစ်ချက် လှည့်ကြည့်လိုက်ရင်းမှ စိတ်တိုစွာ ရေရွတ်လိုက်ပြန်သည်။

နေဝင်လုနီးပြီ ဖြစ်သောကြောင့် အလုပ်စခန်းကို လက်စသိမ်းရမည့် အရေးထက် သူကြီး ဦးသိဟ၏ နေအိမ်မှ ဆင့်ခေါ်ထားသည့် ကိစ္စကို သူတကာ တွေထက်များ နောက်ကျ၍ နေလေမည်လား ဟူသော အတွေးဖြင့် စိတ်ပူစိတ် မောနေမိလေသည်။

'တောက် ဒီခွေးကောင်လေး'

ပုလွေသည် တစ်စစ ကျယ်လောင်လာလေသည်။ ရွှေကျီးညို သီချင်းမှ ပြောင်းကာ ဗုံတောက်သံ သီချင်းကို မှုတ်ပြန်တော့လေသည်။ ကိုလှမောင်သည် ရွာဆီသို့ လှမ်းမျှော်ကြည့်လိုက်ပြန်လေသည်။ ဤတစ်ကြိမ်တွင်မူ ရွာဆီမှ ကွင်းစပ်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဆီသို့ လာနေသော သူ့သား ခွေးညိုရဲ့ သဏ္ဍာန်ကို ကိုလူမောင် တွေ့ရတော့လေသည်။

လုံကွင်းကို တိုတိုဝတ်၍ အင်္ကျီမပါဘဲ ဝါးပုလွေတိုကို အားပါးတရ မှုတ်လာသော ခွေးညိုသည် လယ်ကွင်းများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ကာ သူ့အဖေ ကိုလူမောင် စပါးနယ်နေသော တလင်းဆီသို့ တည့်တည့်မတ်မတ် လျှောက်လာနေလေသည်။

လယ်ကွင်းများမှာ ရိတ်သိမ်းပြီးစီးသွားပြီဖြစ်၍ ရိုးပြတ်များသည် အချို့ ထောင် အချို့လဲလျက် ရှိလေသည်။ ခွေးညို၏ ခြေလှမ်းများမှာ သူ့ပုလွေသံနှင့် လျော်ညီစွာ တစ်ခါတစ်ခါ မြန်လိုက်၊ တစ်ခါတစ်ခါ နှေးလိုက် ရှိလေသည်။

ဗုံတောက်သံကိုကား ခွေးညို ပီပီသသ မှုတ်နိုင်ပေသည်။

ကိုလူမောင်သည် နွားများကို အလှည့်ရပ်ကာ ရပ်တန့်လိုက်လေသည်။ သူသည် နယ်နေသော စပါးပုံပေါ်မှ နွားနှစ်ကောင်ကို တလင်းပြောင် တစ်နေရာသို့ ဆွဲခေါ်ခဲ့လေသည်။ ပြီးနောက်မှ နွားနှစ်ကောင် ပါးစပ်ရှိ စွပ်ထားသော ခြင်းကြားများကို တစ်ကောင်ပြီးတစ်ကောင် ဆွဲဖြုတ်နေလေသည်။

ခွေးညိုမှာ တဖြည်းဖြည်း တလင်းနှင့် နီးကပ်လာလေသည်။ ပုလွေကို အမှုတ်ရပ်လိုက်ကာ ဗုံတောက်သံ သီချင်းတစ်ပုဒ်ကို အသံကလေးစူးစူးဖြင့် ဟစ်ဆိုလိုက်၏။

မကျည်းတဲ့ငှတ်တို ... ရွက်နုပေါက်ပါလို့ ...၊
မကျည်းတဲ့ငှတ်တို ... ရွက်နုပေါက်ပါလို့ ...
ချဉ် ချဉ်ရည်သောက်ကြပါစို့ ဂျီးဒေါ်ရေ ဂျီးဒေါ်ရေ ...၊
ချဉ် ချဉ်ရည် သောက်ကြပါစို့- ဂျီးဒေါ်ရေ ဂျီးဒေါ်ရေ။

ကိုလူမောင်သည် သူ့သားကို လှမ်းကြည့်၍ အော်လိုက်လေသည်။

'ဟဲ့ ကောင်လေး၊ ခပ်မြန်မြန်လာတာ မဟုတ်ဘူး'

ခွေးညိုမှာ သူ့အဖေ အသံကို မကြားပေ။ သူ့သီချင်းသံနှင့် သူ လုံးထွေးနေရာမှ သီချင်းပိုဒ်အလိုက် ပုလွေကို မှုတ်ပြန်လေသည်။

ခွေးညို၏ နောက်ပါးမှ ရိုးဖြတ်များ အောက်ခြေတွင် လယ်ကြွက်များ အနံ့အသက်ကို ခံရင်းမှ မြေကြီးကို နမ်းလိုက်ယက်လိုက်လုပ်၍ လိုက်လာသော မိနီသည် လယ်ကွက် ၃-၄ ကွက်အကွာတွင် သူ့သခင် ကိုလူမောင်ကို မြင်လိုက်သည့်အခါ အမြီးနှံ့လျက် ကဆုန်ပေါက်ပြေးသွားတော့လေ၏။

ခွေးညိုသည် ပုလွေကို ရပ်ကာ သီချင်းတစ်ပုဒ်ကို ဆိုပြန်သေည်။

နံ့သာနီ–သရဖီရယ်တဲ့ ကံ့ကော်ပန်း...

နံ့သာနီ–သရဖီရယ်တဲ့၊ ကံ့ကော်ပန်း...

စွယ်တော်စင်–စွယ်တော်စင်–စွယ်တော်စင်– ရှုမဆုံး

တယ်... အိုဗျာ–ပန်းများဂမုံး... ။

'တယ် ဒီကောင်လေး မြန်မြန်လာပါဟ၊ နေလုံးတောင် ပျောက်တော့မယ်'

ဤတစ်ကြိမ်တွင် ခွေးညို ပုလွေထပ်မမှုတ်နိုင်တော့ပေ။ သူ့အဖေအသံကို ကြားသွားပြီဖြစ်၍ ခပ်သွက်သွက် လျှောက်သွားတော့လေသည်။ နေလုံးလည်း ကွယ်လုနီးပေပြီ။ ရွာဆီမှ ခွေးဟောင်သံ ခပ်သဲ့သဲ့ကိုလည်း ကြားလိုက်ရ၏။ ဗျိုင်းငှက်တို့သည်ပင် အုပ်ဖွဲ့လျက် အိပ်တန်းသို့ ပျံသန်းလာပေပြီ။

'ကဲ မင်း နွားနှစ်ကောင်ဆွဲသွား၊ ငါ သူကြီးအိမ်သွားလိုက်ဦးမယ်၊ မင်းတို့သားအမိတွေ ထမင်းဆာရင် စားနှင့်ကြ၊ ကြားလား'

ကိုလူမောင်သည် သူ့လက်မှ နွားနဖားကြိုးကို သားဖြစ်သူ ခွေးညိုအား လှမ်းပေးလိုက်၏။ ခွေးညိုမှာ သူ့အဖေ လှမ်းပေးသော နွားနဖားကြိုးကို ကိုင်ရင်း ခပ်တွေတွေ လုပ်နေလေသည်။

'သွားလေ ဘာငိုင်နေတာလဲ မှောင်လုနေပြီ'

ခွေးညိုသည် ပုလွေတိုကို ခါးကြားသို့ ထိုးညှပ်လိုက်၏။ နွားနှစ်ကောင်မှာ တရှူးရှူးနှင့် အနီးရှိ ကောက်ရိုးပုံမှ ကောက်ရိုးများကို အငမ်းမရ ဆွဲစားနေလေသည်။

'အဘရ သူကြီးအိမ် ဘာလုပ်ရအောင်လဲဗျ'

ခွေးညိုက သူ့အဖေကို မေးခွန်းထုတ်လေသည်။ သူ့စိတ်ထဲတွင် ဖခင်ပြန်မရောက်မချင်း ထမင်းမစားရသေးဘဲ စောင့်နေရမည်ကို တွေးတောစိုးရိမ်မိလေသည်။ ခွေးညိုမှာ တောဓလေ့ တောစရိုက်အတိုင်း ဖခင်၏ အလုပ်တာဝန်များကို လက်တိုလက်ရှည်ဆိုသလို ကူဖော်လောင်ဖက် ပြုနေရသည့်တိုင် အသက်ဆယ့်တစ်နှစ်ပင် မပြည့်တတ်သေးသည့် ကလေးငယ် တစ်ယောက်သာ ဖြစ်လေသည်။

'တယ် ဒီကောင်လေး၊ သူကြီးအိမ်မယ် ကိစ္စရှိလို့ပေါ့ဟ'

ကိုလှမောင်က ထပ်မာန်လိုက်မှ ခွေးညိုသည် နောက်ထပ်၍ ဘာမျှ မပြောတော့ဘဲ နွားနှစ်ကောင်ကိုဆွဲကာ ရွာဘက်သို့ လှည့်ပြန်ခဲ့လေသည်။ မိနီမှာ အသွားတုန်းကလိုပင် ရိုးဖြတ်များကို နမ်းရင်း ယက်ရင်း ရှေ့ကပြေးလိုက်၊ နောက်ကျန်နေလိုက်နှင့် လိုက်ပါလာလေသည်။

အမှောင်ရိပ်ကလေးများပင် လွှမ်းခြုံစပြုလာပြီဖြစ်သဖြင့် လယ်ပုရစ်နှင့် လယ်ပိုးမွှားများ၏ တစီစီ အော်သံများသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးအုပ်နေတော့လေသည်။

ခွေးညိုသည် နွားနှစ်ကောင်ကို နေအိမ်နောက်ဘက် ခြံစည်းရိုးပေါက်မှ ဆွဲသွင်းခဲ့လေသည်။ ထိုနေရာသို့ ရောက်သည့်အခါ သူ့နောက်မှ လိုက်ပါလာသော မိနီသည် အိမ်ရှေ့ဘက်သို့ လှည့်ပြေးတော့၏။ ခွေးညိုသည် နွားနှစ်ကောင်ကို စင်းထားသော နွားစာကောက်ရိုးခွက်နှင့် ရေစည်ပိုင်းပြတ်အနီးတွင် ချည်နှောင်ထားလိုက်လေသည်။

'အစ်မရေ နွားတွေရောက်ပဟေ့'

ခွေးညိုက အိမ်ထဲသို့ လှမ်းအော်လိုက်၏။ နောက်တော့ သူ့ခါးကြားမှ ဝါးပုလွေတိုကို ဆွဲထုတ်ပြန်လေသည်။

'ဟဲ့ ကောင်လေး ခွေးညို တစ်လက်စာထဲ ရေတိုက် အစာကျွေးပြီးရင် တင်းကုပ်ထဲ သွင်းလိုက်'

သူ့အစ်မ မိဒေါင်းသည် ရေနံမီးတိုင် ကိုင်မြှောက်ကာ နောက်ဖေးရေစင်သို့ ထွက်လာရင်းမှ ခွေးညိုအား ပြောလိုက်၏။ မိဒေါင်းမှာ ခွေးညိုထက် နှစ်နှစ်မျှ ကြီး၏။ ခွေးညိုအစ်မ အပျိုပေါက်မလေး ဖြစ်လေသည်။

'ဟယ် အစ်မကလဲ နင့်ဟာနင် သွင်းလိုက်ပါဟယ်၊ ငါ ထမင်းဆာလှပြီ'

'တယ် ဒီကောင်လေး ငါပြောတာ မရဘူး၊ နင် ထမင်းဆာပေမယ့် အဘတို့ အမေတို့ ပြန်လာမှ စားရမှာ'

မိဒေါင်းသည် ပြောရင်းမှ မီးတိုင်ကို မြှောက်ကာ ခွေးညိုနှင့် နွားနှစ်ကောင်ရှိရာဆီသို့ ဆင်းသက်လာလေသည်။ နွားတင်းကုပ်မှာ အိမ်နောက် ခပ်လှမ်းလှမ်းတွင်ဖြစ်၍ ငှက်ပျောပင်အုပ်များနှင့် ဝါးရုံပင်များအနီးတွင် ဖြစ်လေသည်။

'အမေက ဘယ်သွားလို့လဲဟ'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ခွေးညိုသည် ပါးစပ်တွင် တော့တော့မည့်ဆဲဆဲ ပုလွေကို မတော့သေးဘဲက မေးလိုက်လေသည်။

'အမေ သူကြီးအိမ် သွားရတာပေါ့ဟဲ့၊ သူကြီးအိမ်က ခေါ်ထားလို့'

'ထမင်းဆာလို့ သေပါပြီဟာ။ အဘကလဲသွား အမေကလဲ သွားနဲ့၊ တစ်ယောက်သွား တော်ရောပေါ့'သူ့စကားဆုံးသွားသည်ဆိုလျှင်ပင် ခွေးညိုသည် ဝါးပုလွေကို တဝီဝီမှုတ်ရင်း အိမ်ရှေ့ဘက်သို့ လှည့်ထွက်သွားတော့လေသည်။ နောက်မှနေကာ သူ့အစ်မ မိဒေါင်းက ခေါ်သည်ကိုပင် လှည့်စောင်း၍မျှ ပြန်မကြည့်တော့ပေ။

❑

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

# [၂]

## သူကြီးဦးသီဟအိမ် အစည်းအဝေး

ကိုလူမောင်သည် ရွာသူကြီး ဦးသီဟ၏ နေအိမ်ရှိရာ ရွာမြောက်ပိုင်းသို့ ရွာလယ်လမ်းကလေးအတိုင်း လျှောက်လာခဲ့လေ၏။

ဥတုအားဖြင့် ဟေမန္တ၊ ရာသီအားဖြင့် ကုံရာသီ တပို့တွဲပင် ဖြစ်လေသည်။ ရွာလမ်းကလေးပေါ်တွင် နှင်းဝတ်ရည်တို့သည် စိုစိုထိုင်းထိုင်း ကျဆင်းနေလေ၏။ ရွာကလေးတစ်ရွာလုံးကိုလည်း ငွေနှင်း ကမ္ဗလာက ရစ်ပတ်လွှမ်းခြုံထားဟန် ရှိလေသည်။ အေးမြသော လရောင်သည် ငွေကမ္ဗလာကို ဖောက်ထွက်ကာ တစ်ရွာလုံးကို ဖြန့်ကျက်ထားပေသည်။ လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ပေါက်ပင်တို့မှ နီထွေးသော ပေါက်ပွင့်တို့သည် ငွေနှင်းရည်ကို သုံးဆောင်ရင်းမှ ငွေလရောင်အောက်ဝယ် အရောင်တလက်လက်တောက်ပနေပေသည်။

ပညာရှင်တို့၏ အလိုအားဖြင့်ကား ဤရာသီ ဤမာသဝယ် ငွေနှင်းရည်တို့လည်း ရွဲရွဲကျဆင်းကုန်၏။ ပေါက်လဲတို့လည်း နီနီစွေးစွေး ပွင့်လေကုန်ပြီ။ တောတောင်ဝန်းကျင် စုံမြိုင်ခွင်ဝယ်၊ ပျော်ရွှင်ကျေးသား ကုလားကြက်တော ဥသြဖိုမ တွန်ကြွေးကြ၏။ တပို့တွဲတွင် မိုးထဲတောက်ပ ကြယ်မာဃနှင့် ငွေလယုန်နန်း လှည့်ကြွ မြန်းသော်၊ ဟူသည့် စာဆိုနှင့်အညီ သြကာသလောကကြီးဝယ် တစ်စိတ်တစ်ဒေသ အပါအဝင်ဖြစ်သော ကိုလူမောင်တို့၏ ပေတောကုန်းရွာကလေးပေါ်၌လည်း ငွေယုန်နန်းနှင့် ကြယ်မာဃတို့သည် တူယှဉ်ကာ ထွန်းပပေါ်ထွက်နေကြခိုက် ဖြစ်လေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ခပ်သုတ်သုတ် လျှောက်လာသော ကိုလူမောင်သည် သူကြီးအိမ်သို့ မရောက်မီ ခပ်လှမ်းလှမ်းမှပင် အိမ်ဆီသို့ မျှော်ကြည့်လိုက်၏။ လူသံတွေ ခပ်သဲ့သဲ့ကို ကြားရ၍ မီးရောင်များကိုလည်း မြင်လိုက်ရလေသည်။ ကိုလူမောင်သည် သူ့ခြေလှမ်းများကို ရှေးကထက် ပို၍ သွက်လိုက်တော့၏။

နောက်များ သိပ်ကျနေပြီလား ဟူသော အတွေးဖြင့် စိုးရိမ်လိုက်မိလေသည်။ သူကြီး ဦးသီဟမှာ ဆိုးဆိုးဝါးဝါး သူကြီးတစ်ယောက် မဟုတ်သည့်တိုင် ကိုလူမောင်မှာ မင်းစိုးရာဇာဆိုလျှင် အကြောင်းမရှိ အကြောင်းရှာ၍ ကြောက်တတ်သူတစ်ဦး ဖြစ်လေသည်။

သူရောက်ရှိသွားသည့်အခါ၌ သူကြီးအိမ်တွင် လူအတော်စုံစုံရောက်နေပေပြီ။ ရွာသားတွေကော ရွာသူတွေပါ တွေ့ရလေသည်။ နောက်တော့ လူအုပ်၏ ရှေ့ပိုင်းတစ်နေရာ မိန်းမများထဲတွင် သူ့မယား ငြိမ်းမယ်ကိုလည်း မြင်လိုက်ရ၏။ သူအိမ်ထဲဝင်သွားသောအချိန်၌ ငြိမ်းမယ်သည် နောက်သို့လှည့်ကြည့်ရာမှ သူ့ကို တွေ့လိုက်သည့်အခါ မပြုံးတပြုံး အမူအရာဖြင့် ခေါင်းတစ်ချက်ညိတ်ခေါ်လိုက်လေသည်။

'နေပါစေကွာ၊ ကျုပ် ဒီနောက်နားမှာပဲ ထိုင်တော့မယ်'

ကိုလူမောင်သည် ပြောပြောဆိုဆိုနှင့် လူအုပ်နောက်ဆုံး တစ်နေရာရှိ ဘကြီးပန်းအနီးတွင် ဝင်ရောက် ထိုင်လိုက်တော့လေသည်။

'မင်း နောက်ကျလှပါကလားကွ'

ဘကြီးပန်း မေးလေသည်။ ဘကြီးပန်းမှာ အသက်ခြောက်ဆယ်ခန့် ရှိလေပြီ။ ဤပေတောကုန်းရွာကလေးမှာ သူ၏မွေးရာ ဇာတိပင်ဖြစ်၍ သူသေလျှင်လည်း ဤပေတောကုန်း နိဗ္ဗိန္ဒသုသာန်၌ပင် သေမည်ဟု ဘကြီးပန်းက ပြောတတ်လေ့ရှိပေသည်။ နိဗ္ဗိန္ဒသုသာန်သည် ရွာနှင့်တစ်မိုင်ခွဲသာသာမျှ ဝေးလေသည်။ နိဗ္ဗိန္ဒကျောင်းရှိသည်ကိုအစွဲပြု၍ နိဗ္ဗိန္ဒသုသာန်ဟု ရွာသူရွာသားတွေက ခေါ်စမှတ်ပြုလေသည်။ ဘုန်းကြီး ဦးစက္ကိန်မှာ သုသာန်ကျောင်းထိုင် ဘုန်းတော်ကြီးပင် ဖြစ်လေသည်။ ဦးစက္ကိန်မှာ ရွာတွင်းသို့ ဆွမ်းခံကြွလေ့မရှိ၊ ရွာမှ အလှည့်ကျ သွားရောက်ဆွမ်းပို့ရလေ၏။ ဘုန်းတော်ကြီးမှာ ဦးခေါင်း အတန်ငယ် ကြီးမား၍ ခြေထောက်တစ်ဖက်လည်း မသန်စွမ်းရှာပေ။

'အိမ်က ကောင်လေးစောင့်ရင်း စောင့်ရင်းနဲ့ နည်းနည်းနောက်ကျသွားတယ် ဘကြီးပန်းရယ်'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'တလင်းသိမ်းလုနီးပလားကွ'

ဘကြီးပန်းက လေသံတိုးတိုးနှင့် ထပ်မံမေးပြန်လေသည်။ ဘကြီးပန်းမှာ သားထောက် သမီးခံ မရှိ၊ အမယ်ကြီး အဘိုးကြီး နှစ်ဦးတည်းသာ ဖြစ်လေသည်။ သို့ကြောင့် သူကြီးအိမ်က ဆင့်ခေါ်ပြန်သော် ဘကြီးပန်းက လာရပြန်ပေသည်။

'တပို့တွဲလကုန်လောက်ကျသွားမှာပါပဲ ဘကြီးပန်းရယ်'

ကိုလှမောင်က စကားကို ခပ်လေးလေးပြောလေသည်။ သူ့ရင်ထဲတွင် တစ်စုံတစ်ရာသော အတွေးအတောများသည် ဝင်ရောက်နေဟန်တူလေသည်။ သူကြီးအိမ်ထက်တွင် တွေ့မြင်ရသော သူများကိုလည်း ကျီးငှက်မျက်စိမျိုးဖြင့် ပြူးကြောင်ကြောင် ခပ်ငိုင်ငိုင် ကြည့်မိလေသည်။

သူတို့ရှေ့တွင် ထွန်းမြတ်တို့ ကောင်းဇံတို့ ဘဒန်တို့ လူသိုက်ရှိလေသည်။ သူတို့ကလည်း သူတို့ဟာနှင့် သူတို့ တိုးတိုးကျိတ်ကျိတ် ပြောနေကြ၏။ ထိုသူများမှာ ကိုလှမောင်လိုပင် လယ်သမား ကိုင်းသမားများ ဖြစ်လေသည်။

သူကြီးအိမ်မှထက်တွင် စုစုပေါင်း လူ လေးငါးဆယ်ခန့်ရောက်နေပေပြီ။ သို့ရာတွင် လူမစုံညီသေးသဖြင့် စောင့်ဆိုင်းနေရပေသည်။ သူကြီး ဦးသီဟ၊ ရွာဆော်ကိုမြတ်ကျော်၊ ဆယ်အိမ်ခေါင်း ကိုပန်းမွှေးနှင့် အခြား လေးငါးယောက်တို့မှာ ခေါင်းရင်းသင်ဖြူးများပေါ်တွင် ထိုင်ရင်းမှ ခပ်တိုးတိုး ခပ်အုပ်အုပ်ပင် စကားဆိုနေကြလေသည်။

သူကြီး ဦးသီဟမှာ ဥပဓိရုပ်ကောင်း တစ်ယောက်ဖြစ်လေသည်။ သူကြီးကတော် ဒေါ်ရွှေခင်မှာလည်း မြို့ကြီး ပြကြီးသူနှင့် ခပ်ဆင်ဆင်တူလှသည်။ ဦးသီဟက နှုတ်ခမ်းမွေးကောင်းကောင်း မျက်ခုံးမွေးကောင်းကောင်း၊ မဟာနဖူးနှင့် ခန့်ခန့်ထည်ထည် ရှိသလို သူကြီးကတော် ဒေါ်ရွှေခင်မှာလည်း အသားမဖြူမညို နှာတံပေါ်ပေါ်နှင့် လုံးကြီးပေါက်လှ မိန်းမတစ်ယောက်ဖြစ်တော့လေသည်။

နောက်ထပ်၍ ယောကျ်ားများ သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ အိမ်ပေါ်သို့ တက်ရောက်လာပြန်၏။ သူတို့က ရွာတောင်ပိုင်းသားတွေ ဖြစ်လေသည်။ ထိုသူများမှာလည်း သင့်ရာ၊ သင့်ရာတွင် ဝင်ရောက်ထိုင်ကြတော့၏။

ကိုလှမောင်သည် ကရွတ်ကင်းလျှောက် တွေးတောနေရာမှ ဘကြီးပန်းအနီးသို့ လှချင်းထိမတတ် တိုးကပ်လိုက်၏။ နောက်မှ သူသည် ဘကြီးပန်းအား လေသံဖြင့် စကားဆိုလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ကိစ္စက ဘာတဲ့တုန်းဗျ၊ ဘကြီးပန်း'

'လူမောင့်နယ်ကွာ၊ အ ရန်ကော၊ ခုတိုင်းပြည် အခြေအနေက သိပ် မကောင်းဘူးကွ၊ အင်္ဂလိပ်အစိုးရတောင် ပြေးရမလိုလို ဖြစ်နေသတဲ့၊ အင်္ဂလိပ် အစိုးရကို တိုက်ထုတ်ဖို့ သခင်အောင်ဆန်းဆိုလား၊ အဲ သူက လူစုပြီး ဂျပန်တွေနဲ့ ပူးပေါင်းမလို့တဲ့'

'သိပါဘူးဗျာ ကျုပ်က ဒါတွေကို ဘာမှ မကြားဘူး၊ နားမထောင်ဘူး တော့ အတယ်လို့ ဘကြီးပန်းဆိုရင်လဲ ခံရမှာပဲ'

ကိုလူမောင်မှာ ထိုစကားများကို ဘကြီးပန်းအား ပြန်လည် ပြောကြား နေရသော်လည်း သူ့ရင်ထဲတွင် တဒိတ်ဒိတ် ခုန်နေလေသည်။ မပြီးမစီးသေး သော သူ၏ တလင်းသိမ်းလုပ်ငန်းနှင့် မြစ်ကျိုးကွေ့တွင် လုပ်ထားသော ဇာဝက် နီးနီးရှိ ကွမ်းခြံကလေးအတွက် အစိုးရိမ်ကြီး စိုးရိမ်မိလေသည်။ မကောင်းနိုင် မဖြစ်နိုင်၍ ထိုင်နေရသည်တိုင် ယခုချက်ချင်းပင် နေအိမ်သို့ ထပြေးချင်လေသည်။

ယခုနှစ်မှ ငွေတိုးကလေးများ၊ ပင်ထောင်ပေးကလေးများ ယူကာ စတင်ပျိုးထောင်သော ကွမ်းခြံကလေးနှင့် တလင်းထဲမှ မသိမ်းရသေးသော စပါးကလေးများမှာ သူတို့ မိသားတစ်စု၏ အသက်သွေးခဲပင် ဖြစ်ပေသည်။

တိုင်းပြည်ကြီးသာ လှုပ်လှုပ်ရှားရှား ဖြစ်၍ ဤလုပ်ငန်းကလေးများ သာ ပျက်စီးလက်လွှတ်ရမည်ဆိုပါက သူ့တစ်အိမ်အဖို့ ငတ်ရချေရဲ့ဟု အတွေး ပေါက် စိတ်မောမိလေသည်။ ဤလို သူစိတ်မောနေခိုက်၌ပင် ဘကြီးပန်းက စကားဆက်ပြန်လေသည်။

'အေး မင်းသာ ဘာမှ မသိနေ၊ အရှေ့ပေတောကုန်းက သခင်ဘခွေး ကြီးတောင် ဒီကိစ္စတွေနဲ့ မြို့တက်သွားတာ၊ ဘယ်မှာ ရွာပြန်လာတော့လို့လဲဟ'

'ဟင် အဲဒါလဲ ကျုပ်ဖြင့် သိပေါင်ဗျာ'

အရှေ့ပေတောကုန်းမှ သခင်ဘခွေးကြီးကိုကား ကိုလူမောင်သိပေသည်။ ပေတောကုန်းနှစ်ရွာကလည်း ဆက်စပ်နေသည်။ ယခု ကိုလူမောင်တို့နေထိုင်သော သူကြီး ဦးသီဟရှိသည့် ပေတောကုန်းမှာ အိမ်ခြေကိုးဆယ်နီးပါးနီးရှိ၍ ပေတော ကုန်းဟူ၍သော်လည်း၊ အနောက်ပေတောကုန်းဟူ၍ လည်းကောင်း ခေါ်တွင်လေ သည်။ အရှေ့ပေတောကုန်းခေါ် ပေတောကုန်းကလေးမှာ အိမ်ခြေ အစိတ် သုံးဆယ်သာ ရှိပေသည်။ ပေတောကုန်းကြီးနှင့်လည်း ချောင်းဦးတိုတစ်ခုခြား သည်မှအပ ဆက်စပ်နေ၏။ သူကြီးပိုင်မှာ ဦးသီဟပိုင်ဖြစ်လေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



အရှေ့ပေတောကုန်းမှ သခင်ဘခွေးကြီးသည် ကိုလှမောင်ထံသို့ မကြာခဏ လာရောက်တတ်လေသည်။ သခင်ဘခွေးကြီးရောက်လာသည့်အခါများတွင် ကိုလှမောင်သည် သခင်ဘခွေးကြီးထံမှ သူ နားမလည်သော နိုင်ငံရေးစကားများကို ကြားရတတ်ပေသည်။ ကိုလိုနီစနစ်ဆန့်ကျင်ရေး၊ ဗြိတိသျှတော်လှန်ရေး၊ တိုင်းပြည်လွတ်လပ်ရေးစသော သခင်ဘခွေးကြီး၏ အာဘောင်အာရင်းသန်သန် ပြောတတ်သော စကားများမှာ ကိုလှမောင့်အဖို့ ဘာတစ်ခုမျှ အဓိပ္ပာယ်ရှာမရ နားမလည်ပါချေ။ အားအနာကြီး နာလှ၍သာ တအင်းအင်းလိုက်၍ ဦးခေါင်းညိတ်နားထောင်နေရသော်လည်း သခင်ဘခွေးကြီး ထသွားတော့လျှင်ပင် သခင်ဘခွေးကြီး၏ နိုင်ငံရေးစကားများမှာလည်း သခင်ဘခွေးကြီး၏ နောက်ပါးမှ ထပ်ချပ်မကွာ လိုက်ပါသွားတတ်စမြဲပင် ဖြစ်လေသည်။

သို့ရာတွင် သူကမခေါ် မဖိတ်ရဘဲနှင့် သခင်ဘခွေးကြီးသည် သူ့ထံသို့ မကြာခဏ ရောက်လာတတ်လေသည်။ တောင်သူလယ်သမား အစည်းအရုံးကိစ္စ ဝိစ္စများ၊ တောင်သူလယ်သမားသမဂ္ဂ ကိစ္စများနှင့် တို့ဗမာသခင် သခင်မဆိုသူတို့၏ အကြောင်းကိစ္စများ ဖြစ်လေသည်။ ကိုလှမောင်မှာမူ သခင်ဘခွေးကြီး၏ တိုင်းပြည်လွတ်လပ်ရေး စကားထက် သူ့လယ်သူ့ယာမှ ထွက်မည့် စပါးဆန်ရေကိစ္စနှင့် ကွမ်းခြံကလေးမှ ကွမ်းဈေးကောင်းကောင်းရရေးလောက်ကိုသာ စိတ်ဝင်စား စိတ်စောမိလေသည်။

'တိုင်းပြည်လွတ်လပ်ရေးရအောင်တော့ လုပ်နေကြတာ ထင်ပါ့ကွာ'

ဘကြီးပန်း၏ စကားများသည် ကိုလှမောင်၏ ကရွတ်ကင်းလျှောက် အတွေးကို ရပ်တန့်သွားတော့ပေသည်။

'လွတ်လပ်ရေးက အကြောင်းမဟုတ်ပါဘူးဗျာ၊ တိုင်းပြည်ဆူတော့ လုပ်ရေးကိုင်ရေးက ခက်တယ်ဗျ၊ နောက်ပြီးတော့လဲ ပိုက်ဆံကြေးငွေက ဒီထက် ပိုရှားပါးလာမှာ၊ အဲဒီအခါဆိုရင်တော့ အားလုံးဒုက္ခပဲ ဘကြီးပန်းရဲ့'

ကိုလှမောင်၏ စကားဆုံးသွားချိန်၌ပင် နောက်ထပ်၍ အိမ်ပေါ်သို့ လူတစ်စု တက်ရောက်လာလေသည်။ ဤအချိန်တွင် လူအတော်စုံသွားပြီဖြစ်၏။ နောက်ထပ်ရောက်လာသော လူအုပ်ထဲမှ ကိုပြူး၊ ကိုလွန်းတင်၊ ကိုချစ်မွေး စသူများသည် ဘကြီးပန်းနှင့် ကိုလှမောင်တို့အနီးတွင် ဝင်ရောက်ထိုင်လိုက်ကြလေသည်။

'ကဲ့ လူလဲ စုံသွားပါပြီ၊ ကိစ္စကို စကြစို့ရဲ့'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သူကြီး ဦးသီဟက စကားစလိုက်လေသည်။ ဦးသီဟမှာ စကားပြောကောင်းသူတစ်ဦးလည်း ဖြစ်လေသည်။ သူသည် စကားကို ရှေ့မဆက်သေးဘဲ ချောင်းတစ်ချက်ဟန့်ကာ ခံတွင်းရှင်းလိုက်လေသည်။ အားလုံးက သူ့စကားကို ငြိမ်သက်စွာ နားထောင်နေကြလေသည်။

'အရှေ့ရွာက သာမောင်တို့ လူစုကော ရောက်ကြပလားဟေ့' ရွာဆော် ကိုမြတ်ကျော်က လူအုပ်တွင်းသို့ လှမ်းကြည့်ရင်း မေးလိုက်၏။

'ရောက်ကြပါပြီဗျာ'

'ဒီလိုဆိုရင် စကြစို့ရဲ့၊ ကိစ္စကတော့ ခပ်တိုတိုပြောရရင် ကျုပ်တို့ရွာမှာ ညဘက်ကင်းစောင့်ကြရလိမ့်မယ်၊ ဘာပြုလို့လဲဆိုတော့ တိုင်းပြည် အခြေအနေက သိပ်မငြိမ်သက်လှဘူး၊ မြို့ပေါ်မှာတော့ အခြေအနေ တော်တော်ပျက်နေတယ်။ အင်္ဂလိပ်အစိုးရတောင်ပြေးရတော့မလိုလို ကျုပ်သတင်းကြားခဲ့တယ်၊ ဒီတော့ အကြောင်းရယ် အရေးရယ်လို့ ပေါ်လာရင် ကြိုတင်ကာကွယ်မှုဖြစ်နိုင်အောင် မနက်ဖြန် ညက စပြီးတော့ ရွာကင်းစောင့်ရလိမ့်မယ်၊ နောက်အားလုံးလဲ ညရေးညတာမှာ နိုးနိုးကြားကြားရှိကြပါ၊ တုတ်အစ ဓားအစ လက်နက်ကိုယ်စီလဲ အသင့်ဆောင်ထားကြဖို့ပဲ'

သူကြီး ဦးသီဟက ထိုစကားမျှလောက်ကို ပြောလိုက်သည့်အခါတွင် အခြားသူများတွင် မည်သို့ရှိသည် မပြောနိုင်သော်လည်း ကိုလူမောင်၏ ဝမ်းတွင်း ရင်တွင်း၌ကား မီးရထားကြီး တစ်စင်းလုံး ဝင်ခုတ်မောင်းသည့်နှယ် ရှိနေတော့၏။ သူ့စိတ်ထဲမှလည်း 'ဘုရား ဘုရား'ဟု ရွတ်ဆိုလိုက်မိလေသည်။

ကိုလူမောင်အဖို့ ခက်သည်က အများအများနှင့် သက်ဆိုင်သော တိုင်းရေး ပြည်ရေး၊ ရပ်ရေး ရွာရေးတို့ထက် ဒီနှစ်ကမှ စတင်လုပ်ကိုင်သော သူ၏ မြစ်ကျိုးကွေ့ရှိ ကွမ်းခြံသစ်ကလေး၏ အရေးအခင်းက အလွန်တရာ အရေးကြီးလှတော့ပေသည်။

ကွမ်းခြံသစ်ကလေး လုပ်စ ကွမ်းဈေးကလေးကလည်း အတော်ကောင်းလှသဖြင့် မနေ့တစ်နေ့ကပင် စိတ်ကူးယဉ်ခဲ့မိသေးတော့၏။ ကွမ်းခြံအလုပ်သိမ်းလျှင် သူ့မယား ငြိမ်းမယ်အတွက် ပုလဲနားကပ်တစ်ရံ၊ သူ့သမီး မိဒေါင်းအတွက် လက်ကောက်ကလေးတစ်ကွင်းနှင့် သားခွေးညိုအား နောင်နှစ်လယ်သိမ်းပြီးလျှင် ရှင်သာမဏေပြုဖြစ်အောင် ပြုရပေတော့အံ့ဟု စိတ်ကူးအယဉ်ကြီးယဉ်၍ ဘဝင်ကျခဲ့မိ၏။ ယခုမူ သူ၏ စိတ်ကူးယဉ် ဗိမာန်ကို ဖျက်ဆီးခြေမှုန်းလေမည့် လေမုန်တိုင်းသည် ရာဟု တစ်ခွင်မှ တိမ်လိပ်တိမ်တောင်ဆင်ခဲ့ပေပြီတကား။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'မနက်တော့ ကင်းတဲထိုးဖို့ရယ်၊ ကင်းအလှည့် တာဝန်ကျဖို့ အလုပ်ရယ်၊ အဲဒီကိစ္စတွေကို ကိုမြတ်ကျော်နဲ့ ချစ်မွေးတို့ တိုင်ပင်လုပ်ကြကွာ၊ ကိစ္စကတော့ ဒါပဲပေါ့၊ အရေးရယ် အကြောင်းရယ်ရှိလို့ ကျုပ်အိမ်က တုံးခေါက်တဲ့အခါဖြစ်ဖြစ်၊ ကင်းတဲက တုံးခေါက်တဲ့အခါဖြစ်ဖြစ် တစ်အိမ်တစ်ယောက်တော့ လက်နက်ကိုယ်စီနဲ့ ထွက်ကြရမယ်နော်၊ ညရေး ညတာလဲ သတိဝိရိယထားကြမှ ဖြစ်မယ်'

သူကြီး ဦးသီဟ၏ နောက်ထပ် ပြောကြားသော စကားများကို ကိုလှမောင်သည် လုံးစေ့ပတ်စေ့၊ ခရေစေ့တွင်းကျ မကြားတော့၊ မသိတော့ပေ။ သူ့မျက်လုံးများထဲတွင် နယ်ဖတ်မပြီးစီးသေးသော ကောက်လှိုင်းပုံများနှင့် စိမ်းစိမ်းလန်းလန်း ဖြစ်နေသော ကွမ်းခြံကလေးကို မြင်ယောင်နေတော့လေသည်။

ဤအတွင်းမှ ကိုလှမောင်သည် သခင်ဘခွေးကြီး၏ မျက်နှာကြီး စပ်ဖြဖြကို မြင်ယောင်မိပြန်လေသည်။ သူ့မျက်စိထဲတွင် မြင်တွေ့နေရသော သခင်ဘခွေးကြီးသည် သူ့အား လက်ညှိုးတငေါက်ငေါက်ထိုးရင်း သူနားမလည်သော နိုင်ငံရေးတရားများကို ဟောပြောနေတော့လေသည်။

'တိုင်းပြည်ကြီး လွတ်လပ်မှ ခင်ဗျားတို့ တောင်သူလယ်သမားတွေရဲ့ အဆင့်အတန်းဟာ မြင့်တက်လာမှာဗျ။

'ခုလိုသာ နယ်ချဲ့သမား လက်အောက်မှာ ကျွန်သဘောက်ဖြစ်နေဦးမယ်ဆိုရင် ခင်ဗျားတို့တစ်တွေဟာ ဘယ့်လောက်ပဲ ကျွဲတွေ နွားတွေနဲ့ ဖက်ရှန်းနေနေ ထမင်းတစ်လုတ်တောင် မဝရေဆာ စားရမှာပါဗျာ၊ ဒီထက်လဲ ဘာမှ အကြောင်းထူးလာမှာ မှုတ်ဖူး'

'သွာ ကြမယ်လေ ကိုလှမောင်၊ ဘာငိုင်နေရတာလဲ၊ အိမ်က ကလေးတွေ ထမင်းဆာလှရော့မယ်'

သူတကာတွေ သူကြီးအိမ်ထက်မှ အသီးသီး ဆင်းပြန်ကုန်ကြသည့်တိုင် သူကြီးအိမ်ပေါက်ဝ ဖိနပ်ချွတ်တိုင်ကို မှီရပ်ကာ အကြောင်သား ငေးနေသော ကိုလှမောင်အား ဇနီးသည် ငြိမ်းမယ်က ပခုံးပုတ်၍ ပြောလိုက်တော့မှပင် ကိုလှမောင်မှာ ယောင်ချာချာ အတတနှင့် ငြိမ်းမယ်၏နောက်ပါးမှ ဆင်းသက်ကာ လိုက်ပါလာခဲ့တော့လေသည်။

'ထမင်းခြောက်ကလေးများ ဂရုစိုက်လှမ်းပြီး စုဆောင်းထားနော် ငြိမ်းမယ်'

*Facebook@ Nyisay Myanmar Ebook Creator*
*http://www.nyisay.com*



နှင်းဖောလွှာကို ဖောက်ထွက်ကာ ဖိုးလမင်းသည် ထိန်လင်းစွာ သာယာနေလေသည်။ ပေတောကုန်းတစ်ရွာလုံးသည် ထိန်လင်းသော လရောင်နှင့်ပါးပွှာသော နှင်းမှုန်အောက်ဝယ် ငြိမ်သက်စွာ လဲလျောင်းနေပေသည်။

ကိုလှမောင်သည် လသာသာ အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်ရင်းမှ သူ၏ရှေ့ရေးကို တွေးတော စိတ်မောနေဟန် တူလေသည်။ လူတစ်ဦးတစ်ယောက်၏ဘဝတာအဖို့ အမျိုးအမည် မသိရသော အန္တရာယ်ကို စောင့်မျှော်ကြိုဆိုနေရခြင်းလောက် စိတ်မောပင်ပန်းလှသည့် အကြောင်းအချက်သည် ဤလောက၌ ရှိနိုင်စကောင်းအံ့မထင်ပေ။

❑

## [၃]

## နိပွန်တပ်မတော်ကို ကူညီကြလော

သူကြီး ဦးသီဟနေအိမ် အစည်းအဝေးပြီးသည့်နောက် ရက်ပေါင်း တစ်ဆယ့်ငါးရက်မျှ ကြာရှိသွားတော့ပေပြီ။ ပေတောကုန်းရွာကလေးတစ်ရွာလုံးမှာလည်း တစ်နေ့တခြား လှုပ်လှုပ်ရှားရှား ဖြစ်နေတော့၏။

ရွာလယ်ပိုင်းရှိ ကုန်စုံရောင်းသော တရုတ်ဖျားဝါး၏ ဆိုင်နှင့် ကုလားအာမက်တို့ဆိုင်များပင် ယခင်ကလိုည ၁၀ နာရီ ၁၁ နာရီထိ မဖွင့်တော့ဘဲ ညနေ ၆ နာရီထိုးလျှင်ပင် တံခါးများ ပိတ်၍ အရောင်းအဝယ် မပြုလုပ်တော့ဘဲ ရှိနေတော့လေ၏။

ပေတောကုန်းနှင့် မြို့မှာ ခရီး ၉ မိုင် ၁၀ ခန့် ကွာဝေးလေရာ ယခင်အခါများက နှစ်ရက်တစ်ခါ သုံးရက်တစ်ခေါက်ဆိုသလို သူကြီး ဦးသီဟနေအိမ်သို့ ရောက်ရှိလာတတ်ကြသော ပုလိပ်များ၊ စာသင်များသည်ပင် ယခုတလော မရောက်မလာဘဲ ရှိကြတော့လေသည်။ မြို့ပေါ်တွင် အုပ်ချုပ်ရေးမရှိတော့ဘူးလိုလို၊ အစိုးရ မရှိတော့ဘူးလိုလို ပြောသံတွေကိုလည်း ကိုလူမောင်ကြားရလေသည်။ သို့ရာတွင် သူကြီး ဦးသီဟမှာမူ ဣန္ဒြေမပျက် ဟန်မပျက်ဘဲ ရပ်ရွာကို အုပ်ချုပ်နေတော့၏။ ဦးသီဟမှာ နှစ်လုံးပြူး သေနတ်ရသော သူကြီးတစ်ယောက် ဖြစ်လေရာ ရွာသူရွာသားတို့မှာ အရေးရယ်အကြောင်းရယ်ရှိလျှင် ဦးသီဟ၏ နှစ်လုံးပြူးကြီးကို အားကိုးအားထားပြုကြတော့လေ၏။

ကိုလူမောင်သည် အိမ်ရှေ့ ကွပ်ပျစ်တွင် တစ်ယောက်တည်း ထိုင်ကာ ရေနွေးကြမ်း သောက်ရင်းမှ ထွေရာလေးပါး စဉ်းစားနေမိတော့၏။ မနက်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



စောစောအချိန်က ဆီးနှင်းများသည် တစ်ရွာလုံး ပိန်းပိတ်အောင် ကျဆင်းဖုံးလွှမ်းနေရာမှ နေရောင်အတန်ငယ် တက်လာသည့်အခါ လွင့်ပြယ်စ ပြုလာတော့လေသည်။

နေအိမ်ရှေ့ရှိ စိန်ပန်းပင်အောက်နှင့် ပိတောက်ပင်အောက်တွင် နှင်းပေါက်များသည် တဖျောက်ဖျောက် ကျဆင်းနေလေသည်။ ကိုလူမောင် ထိုင်နေသာ ဘူးစင်အောက် ကွပ်ပျစ်ပေါ်၌လည်း နှင်းများသည် စွတ်စို ထိုင်းမှိုင်းအောင် ကျဆင်းနေလေသည်။ အိမ်ရှေ့ ခြံစည်းရိုးတစ်လျှောက်တွင် အစီအရီပေါက်နေသော ကွမ်းသီးပင်များမှာ သူ့အိမ်စည်းရိုးအား တစ်ညီတစ်ညာ ဝင်းခတ်ကာရံထားသည်နှင့် တူလှပေ၏။

ခွေးညိုသည် မိနီကို အဖော်ပြုကာ အိမ်ဘေးပတ်ပတ်လည်တွင် ပြေးလွှားလျက်ရှိလေသည်။ ကောင်လေးသည် နှင်းတောထဲတွင် အေးရမှန်း ချမ်းရမှန်း မသိပေ။ နေသားကျနေသဖြင့် တော်ရုံတန်ရုံ အအေးဒဏ် အပူဒဏ်ကို ခံနိုင်စွမ်းရှိဟန်တူပေသည်။ တစ်မိုးတွင်းလုံးလည်း သူ့အဖေနှင့်အတူ လယ်ထဲတစ်ခွင် ပြံပြံစင်အောင် လိုက်ခဲ့လေသည်။ လယ်ကွင်းပြင် ရေစပ်စပ်၌လည်း တစ်နေကုန် တစ်နေခန်း ငါးဖမ်း ပုဇွန်လုံးနှိုက် လုပ်ခဲ့၏။ မိုးပေါက်ဆိန်ကြီးများ ရွာချသည့်အခါ ခွေးညိုမှာ ပါးစပ်မှ တဒီးဒီး အော်ရင်း မိုးထဲလေထဲ လျှောက်ပြေးတတ်တော့လေသည်။ ထိုကဲ့သို့ ပြေးရင်း လွှားရင်း သူ့အဖေကိုလူမောင်နောက်သို့ လိုက်ရင်းမှပင် ဆောင်းဦးပေါက်အချိန်က ခွေးညိုသည် ဝါးပုလွေကို မတောက်တခေါက် မှုတ်တတ်လာတော့လေသည်။ ဤလို ပုလွေကို မတောက်တခေါက် မှုတ်တတ်လာသည်ဆိုလျှင်ပင် ခွေးညိုမှာ ပုလွေတိုကို မပြတ်မလပ် မှုတ်တော့လေသည်။

နားပူ နားငြီးလွန်းလှသော သူ့အမေ ငြိမ်းမယ်က ရိုက်မောင်း ပုတ်မောင်းလုပ်သည့်အခါ ခွေးညိုသည် လယ်ကွင်းစပ်ရှိ သမို့ပင်ရင်းသို့ သွားရောက်၍သော်လည်းကောင်း၊ အိမ်နောက်ဘက် နွားတင်းကုပ် ခပ်လှမ်းလှမ်းရှိ သစ်ချိုပင်အောက်တွင် သွားရောက် ထိုင်၍သော်လည်းကောင်း အားရအောင် မှုတ်ပြီးပါမှ အိမ်ဘက်သို့ ပြန်လာတတ်တော့လေသည်။ ထိုအခါများတွင် သူ့အမေ ငြိမ်းမယ်က တပျစ်တောက်တောက် ဆူပူကြိမ်းမောင်းတတ်သည့်တိုင် လူအေးကြီးကိုလူမောင်ကမူ သားကိုကြည့်ကာ ပြုံးဖြီးဖြီး ရှိနေတတ်တော့လေသည်။

သူတို့ ခပ်ငယ်ငယ် ကာလသားပေါက်အရွယ်ကလည်း ဤလိုပင် ရွာရိုးကိုးပေါက်တွင် ပုလွေတစ်ချောင်းနှင့် ကိုးကျင်းကိုးကြား လျှောက်လည်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



တတ်သည်များကို ကိုလူမောင် အမှတ်ရမိပေသည်။ ကောက်ရိုးပုံ ကောင်းကောင်း နှင့် ချောင်းဦးတို နဘေးတွင် အပေါင်းအဖော်တွေ စုစုဝေးဝေး ပုလွေအပြိုင် အဆိုင် မှုတ်ကြသည်မှာလည်း ကိုလူမောင်တို့ ကာလသားပေါက်တစ်စု၏ ရွာ့ဓလေ့စရိုက်ပင် ဖြစ်လေ၏။

နောက်တော့ ညနေခင်း ငြိမ်းမယ်တို့ အပျိုဖော်တစ်စုတွေ ချောင်းဦး တိုတွင်း ရေခပ်ဆင်းသည့် အခါများ၌လည်း ကိုလူမောင်တို့ ကာလသား တစ် သင်းသည် ခပ်လှမ်းလှမ်းမှ ပုလွေသံပေး၍ တေးကျူခြင်း ရှိတတ်ခဲ့သည်တော့ ဖြစ်လေသည်။ ကိုလူမောင်မှာ ကာလသားဘဝက ပုလွေမှုတ်ကောင်းတစ်ယောက် ဖြစ်တော့၏။ ရွာက အိုးစည်ဝိုင်း ဒိုးပတ်ဝိုင်းသားတွင် သူသည် ပုလွေ ဆရာ တစ်ယောက် ဖြစ်ခဲ့၏။ ငြိမ်းမယ်နှင့် ရပြီးသည့်တိုင် သူက ဒိုးပတ်ဝိုင်း အိုးစည် ဝိုင်းတွင် လိုက်နေတုန်းပင် ဖြစ်လေသည်။ သမီးကလေး မိဒေါင်းကို မွေးတော့ မှပင် သူ့ပါးစပ်နှင့် ဝါးပုလွေမှာ ကွေကွင်း၍ လမ်းခွဲကြတော့လေသည်။

ယခုတော့ ခွေးညိုကလည်း ဘမျိုး ဘိုးတူပင် မဟုတ်ပါလော။

ယခုတလော သူတို့ပေတောကုန်း တစ်ရွာလုံးသည် အမျိုးအမည် မသိရသော အိပ်မက်တစ်ခုမှ အကြောင်းအကျိုး ဖော်ထုတ်မရသော ခံစားရမှု စိတ်ဝေဒနာတစ်ရပ်ကို လူတိုင်းလိုလို ကြုံတွေ့ခံစားနေရသည်တော့ ဖြစ်၏။

ပေတောကုန်း ရွာကလေး၏ ရှေ့ရေးသည် မည်သို့များ ဖြစ်ပျက်လာ ပေမည်နည်း။ ရွာသူ ရွာသားတို့၏ ကံကြမ္မာဆိုသည်မှာလည်း ဘယ်ပုံဘယ်နည်း ဖြစ်လာပျက်လာပေမည်နည်း။ ကောင်းကျိုးတရားလော၊ ဆိုးကျိုးတရားတွေလော။ ဤသည်ကိုလည်း ဘယ်ရွာသူ ရွာသားကမျှ တပ်အပ်သေချာ ပြောမပြနိုင်ပါချေ။ တစ်ခုခုတော့ တစ်ခုခု ဖြစ်ရပေမည်ဟုသာ တစ်ရွာလုံးက တစ်ညီတစ်ညွတ် တွေးထင်ထားကြပေသည်။

ဤအထဲတွင် သူတကာတွေထက် အကြောက်အလန့်ကြီး၍ သူတကာ တွေထက် အစိုးရိမ်လွန်နေသူမှာ ကိုလူမောင်သာလျှင် ဖြစ်လေ၏။ သူ့မှာ ဤလို အစိုးရိမ်လွန် အစိုးရိမ်ကြီးတတ်သော ဗီဇ ရှိနေခြင်းကြောင့် စားလဲမဖြောင့် အိပ်လဲမဖြောင့်နှင့် စနိုးစနောင့် ဖြစ်နေရတော့ပေသည်။

ထိုနေ့အဖို့ နေအိမ်တွင် ခွေးညိုနှင့်သူ သားအဖနှစ်ဦးတည်းသာ ရှိကြ ၏။ မြို့ပေါ်မှ ကွမ်းဖောက်သည် ယူနေကြဖြစ်သည့် ကွမ်းရွဲထံမှ ကွမ်းသိမ်းသူ မလာသဖြင့် ခူးချိန် ခူးလှည့်သင့်နေပြီဖြစ်သော ကွမ်းများကိုခူးကာ ငြိမ်းမယ်

တို့ သားအမိသည် ပေတောကုန်းကလေးမှ လှချော၏ လှည်းကြဲ့ဖြင့် မြို့ပေါ်သို့ တက်သွားကြလေသည်။

အစကသော် ကိုလှမောင်သည် သူ့ဇနီးနှင့် သူ့သမီးကို မြို့ဈေးသို့ မသွားဖို့ တားမြစ်ရန် စိတ်ကူးမိလေသည်။ သို့ရာတွင် တစ်ဖက်ရွာမှ လှချော၏ အပြောကောင်းမှုကြောင့်တစ်ကြောင်း၊ ခူးပြီးသော ကွမ်းများကိုလည်း အလဟဿ မဖြစ်စေလို၍ တစ်ကြောင်း၊ အိမ်မှာလည်း လက်ဖက်ခြောက်အစ၊ ဆေးအစ၊ ဆားအစ၊ ပြတ်လုမတတ် ဖြစ်နေသောကြောင့် တစ်ကြောင်း ငြိမ်းမယ်တို့ သားအမိအား သွားရောက်ခွင့် ပေးလိုက်ရခြင်း ဖြစ်လေသည်။

နောက်တော့ တိုင်းပြည်ရေးရာက ဘယ်သို့ဖြစ်လေဦးမည်ကို မသိရ သေးသောအခါ၌ ကွမ်းရွဲထံမှ သူတို့ရရန် ရှိနေသည့် ငွေကလေး အစိတ်သုံးဆယ် အရေးက တောင်းရမ်းထားရန် လိုပေသည်။ ငြိမ်းမယ်အား ထိုငွေစကလေးများ ကို တောင်းခဲ့ရန် မှာကြားလိုက်ပြီး မြို့ပေါ်မှ အခြေအနေကိုလည်း တစေ့တစောင်း အကဲခတ် လေ့လာခဲ့ရန် မှာကြားလိုက်ရ၏။ ထိုအကြောင်း ထိုကိစ္စများကြောင့် ငြိမ်းမယ်တို့ သားအမိ မြို့ဈေးတက်သွားသည်ကို အကြောက်အကန် ကန့်ကွက် ခြင်း မပြုခဲ့ခြင်း ဖြစ်လေသည်။

သို့ပေမယ့် သူ့အနေနှင့်ကား အစိုးရိမ်ကြီးတတ်သူပီပီ ဇနီးနှင့် သမီး အတွက် လည်တဆန့်ဆန့် ခေါင်းတမော့မော့ ဖြစ်နေရတော့လေသည်။

ခွေးညိုနှင့် မိနီသည် အိမ်နောက် နွားတင်းကုပ်မှ အိမ်ရှေ့ဘုံးစင်အောက် သို့ ပြေးထွက်လာပြန်လေသည်။ ခွေးညိုက ရှေ့မှနေကာ 'အို့ အို့ မိနီ မိနီ အို့ အို့'ဟု တွင်တွင်ခေါ်၍ ပြေး၏။ မိနီကနောက်မှ အမြီးတနံ့နံ့ ပြေးလိုက် လာလေသည်။

မကြာမီ ခွေးညိုကော မိနီပါ ကိုလှမောင်ထိုင်နေရာ အိမ်ရှေ့ ကွပ်ပျစ် အနီးသို့ ရောက်လာလေသည်။ မိနီသည် သွားရည်တမြားမြားကျ၍ လျှာထွက် နေတော့၏။ သို့တိုင်အောင် ခွေးညိုက မောပုံမပေါ်ပေ။

'ဟဲ့ ကောင်လေး မင်းတော့ လဲ, ကွဲ ဖြစ်တော့မှာပဲကွာ၊ လာစမ်း ဒီမယ် လာထိုင်နေစမ်း'

ကိုလှမောင်က တစ်ခွန်းငေါက်လိုက်သည့်အခါမှ ခွေးညိုမှာ ကွပ်ပျစ် ထောင့်စွန်းတွင် ဝင်ထိုင်လိုက်လေသည်။ မိနီမှာလည်း ကွပ်ပျစ်အနီးတွင် အမြီး တလှုပ်လှုပ် လာလုပ်နေလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုလှမောင်သည် ရေနွေးတစ်ခွက်ကို ငုံ့သောက်လိုက်၏။ နောက်တော့ သူသည် ရွာလမ်းကလေးပေါ်သို့ မျှော်ကြည့်လိုက်၏။ နေရောင်ပြုလာ၍ နှင်းကွဲသွားလေပြီ။ ကိုလှမောင်သည် ခပ်လှမ်းလှမ်းမှလာနေသည့် လမ်းပေါ်က လူနှစ်ယောက်ကို တွေ့လိုက်ရလေသည်။ တစ်ယောက်မှာ ရွာဆော် ကိုမြတ်ကျော်နှင့်တူလေသည်။ အတန်ငယ် အလှမ်းကွာသေးသဖြင့် ဤတစ်ယောက် ဘယ်သူဖြစ်သည်ကို သူ မှန်းဆမရပေ။

ကိုလှမောင်သည် ထိုသူနှစ်ယောက်ကိုပင် လည်ဆန့်ကာ မျှော်မှန်းကြည့်ရှုနေလေသည်။ တဖြည်းဖြည်း နီးကပ်လာသည့်အခါ တစ်ယောက်မှာ ကိုမြတ်ကျော်ဖြစ်၍ တစ်ယောက်မှာ သူတို့ ရွာသား ရွှေလှကြီး ဖြစ်ကြောင်း သဲကွဲသွားလေသည်။ ရွှေလှကြီးမှာ ကဇင်းငှာဘက်တွင် လယ်သွားသိမ်းနေရာ ဘယ်အချိန်ကများ ပြန်ရောက်လာပါလိမ့်'ဟု ကိုလှမောင် တွေးလိုက်မိလေသည်။

ထိုအခိုက် သူ့သားခွေးညိုသည် သူ့အနီးသို့ တိုးကပ်လာကာ သူ့ပေါင်တစ်ဖက်ကို လက်ချောင်းကလေးများဖြင့် ဆုပ်နယ်နေလေသည်။

'အဘ တိုင်းပြည်က ဘယ်တော့ပျက်မှာလဲဗျ ဟင်'

'ဟာ ဒီခွေးကောင်လေးနယ်'

ကိုလှမောင်သည် သူ့သား၏ ခေါင်းကို တစ်ချက် ပုတ်လိုက်လေသည်။ သား၏ ပေါက်ပေါက်စစ အမေးအမြန်းကြောင့်လည်း သူ့တွင် ခေါင်းနပမ်းကြီးသွားတော့၏။ ဤအခိုက်၌ပင် လမ်းပေါ်မှ လူနှစ်ယောက်သည် ကိုလှမောင့်အိမ်ပေါက်တည့်တည့်သို့ ရောက်လာလေသည်။

'ဟေ့ လှမောင် လှမောင်ရေ'

ကိုမြတ်ကျော်၏ အသံပင်ဖြစ်လေသည်။

'ဗျို့...'

ကိုမြတ်ကျော်နှင့် ရွှေလှကြီးတို့ နှစ်ယောက်သည် ရှေ့ဆင့် နောက်ဆင့် ကိုလှမောင်၏ ဘူးစင်အောက်သို့ ဝင်ရောက်လာလေသည်။

'လာကြလေဗျာ ထိုင်ကြ၊ ရေနွေးကြမ်းသောက်ကြဦး၊ ရွှေလှကြီး မင်းဘယ်တုန်းက ပြန်ရောက်လာတုန်း'

ကိုလှမောင်သည် နှစ်ဦးစလုံးကိုခေါ်ရင်းမှ ကိုမြတ်ကျော် နောက်ရှိ ရွှေလှကြီးကို လှမ်းမေးလိုက်လေ၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ငါရောက်တာ မနေ့ညကပဲကွ၊ မိုးသိပ်ချုပ်နေတာနဲ့ ဒီဘက်ကို မလာနိုင်တော့ဘူး'

ကိုမြတ်ကျော်နှင့် ရွှေလှကြီးတို့ နှစ်ဦးစလုံးပင် ကိုလှမောင်နှင့် မျက်နှာချင်းဆိုင် ဝင်ရောက်ထိုင်လိုက်ကြလေသည်။

'ကဇင်းငူက လယ်တွေ သိမ်းပြီးသွားပလားကွ'

'ကောင်ရာ လယ်ကိစ္စ မမေးနဲ့တော့၊ ဂျပန်တွေဆိုလား စစ်တပ်တွေဆိုလား၊ ကဇင်းငူကို ဒီနေ့ ရောက်မယ်ဆိုတာနဲ့ ငါလဲ ရွာကို ပြန်လာတာပဲ၊ လယ်သိမ်းလို့ မပြီးသေးပါဘူး ကောင်ရာ'

ရွှေလှကြီးမှာ ဗမာစစ်စစ် တစ်ယောက်မဟုတ်၊ ကရင်စပ်တစ်ယောက်ဖြစ်၍ စကားပြောရာ၌ အတော်ပင် အသံဝဲလေသည်။ သူလယ်သွားလုပ်သော ကဇင်းငူရွာမှာ ကရင်ရွာ တစ်ရွာ ဖြစ်လေသည်။ ရွှေလှကြီးမှာ ကဇင်းငူဇာတိ ဖြစ်သော်လည်း ပေတောကုန်းမှ မရွှေမနှင့် အကြောင်းပါကြပြီး ပေတောကုန်းရွာတွင် လာရောက် အခြေစိုက်နေသူတစ်ယောက်ဖြစ်လေ၏။ အမှန်က သူ့အမည်မှာ ရွှေလှပင် ဖြစ်လေသည်။ ကိုယ်ကာယထွားကျိုင်းသန်မာကာ လူကောင်ကြီးကြီး အရပ်အမောင်း ကောင်းလှသူ တစ်ယောက်ဖြစ်သဖြင့် သူ့ကို ပေတောကုန်း ရွာသားများက ရွှေလှကြီး ကရင်ရွှေလှကြီးဟူ၍ ခေါ်ကြခြင်းဖြစ်လေသည်။

'ဂျပန်တွေ ဟုတ်လား ဘယ်လို ဂျပန်တွေလဲကွ'

ကိုလှမောင်၏အသံမှာ အာမေဋိတ်သံအတိ ဖြစ်လေသည်။ ထိုအမေးကို မေးပြီးနောက်တွင်လည်း ကိုလှမောင်သည် ရွှေလှကြီးထံမှ ပြန်လည်ဖြေကြားသည့်အသံကို အပန်းတကြီး မျှော်လင့်နေလေသည်။

'ဟုတ်တာပေါ့ဟ လှမောင်ရ ဂျပန်တိုင်းပြည်ကြီးက တို့နဲ့ဆွေရေးမကင်း မျိုးရေးမကင်းလို ဖြစ်နေတဲ့ ဂျပန်တွေပေါ့၊ သူတို့တွေက တို့ဗမာသခင်တွေနဲ့ ပေါင်းပြီး မိစ္ဆာဒိဋ္ဌိ အင်္ဂလိပ်တွေကို မြန်မာပြည်က မောင်းထုတ်ပေးဖို့ ခုရောက်နေတာပေါ့၊ အဲဒါကို သူကြီး ဦးသိဟက ငါ့ပြောပြီးလို့ ငါသိနေတာကြာပြီ၊ ဘယ်သူမှ မပြောရဘူးဆိုလို့ ငါက မပြောဘဲနေရတာကွ'

ရွာဆော်ကိုမြတ်ကျော်က ဦးသိဟထံမှ သူ ကြားဖူးနားဝ ရှိသလောက်အသိဖြင့် ကိုလှမောင်အား ဆရာလုပ်တော့လေသည်။ ကိုလှမောင်မှာ ကိုမြတ်ကျော် ပြောသည်များကို ပါးစပ်အဟောင်းသားနှင့် နားထောင်နေရလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



နောက်တော့ သူ့တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါဖူးမျှ မမြင်မတွေ့ရဘူးသည့် ဂျပန်ဆိုသည့် လူစားမျိုးကိုလည်း ဘယ်လိုဟာပါလိမ့်ဟု တွေးနေဟန်တူလေသည်။

'အေး ဒီစကား မင်း ဘယ်သူ့မှလဲ သွားမပြောနဲ့ကွနော် လူမောင်၊ ဒီစကားကို လူတိုင်း သိရတာ မဟုတ်ဘူး၊ သူကြီးလဲ ဒီနေ့ပဲ မြို့တက်သွားတယ်၊ သူပြန်လာရင် ဘာပြောဦးမလဲ မဆိုနိုင်ဘူး'

'အောင်မယ်လေး မပြောဝံ့ပါဘူးဗျာ၊ ဘယ်သူ့မှလဲ ကျုပ်မပြောပါဘူး'

ကိုလူမောင်သည် မျက်လုံး မျက်ဆံပြူးပြူးနှင့် ပြောလိုက်လေသည်။

ကိုမြတ်ကျော်မှာ ကိုလူမောင်ကို ဤသို့ နှုတ်ပိတ်နေသော်လည်း သူကိုယ်တိုင် တစ်အိမ်တက်ဆင်းဆိုသလို လူတွေ့တိုင်း ပြောနေခြင်းဖြစ်၍ တစ်ရွာလုံးကလိုလို ဂျပန်တွေ မြို့ကြီးပြကြီးတွင် ရောက်ကုန်ကြပြီဆိုခြင်းကို ရိုးတိုးရိပ်တိတ် သိရှိနေကြပြီဖြစ်လေသည်။ ကဇင်းငူရွာမှပြန်လာသော ရွှေလှကြီးကိုယ်တိုင်မှာလည်း ဂျပန်တွေ မြို့ပေါ်သို့ ရောက်ရှိနေပြီဆိုသည့်အကြောင်းကို သိပြီးဖြစ်လေသည်။ ကဇင်းငူမှာ သူတို့ ပေတောကုန်းထက် လူနေအိမ်များသော ရွာတစ်ရွာ ဖြစ်လေသည်။ နောက်တော့ မြို့နှင့်လည်း သူတို့ရွာထက် နီးကပ်မှုရှိလေသည်။ ကိုလူမောင်တို့ ပေတောကုန်းသားတွေ မြို့သို့ သွားကြသည့်အခါ ကဇင်းငူရွာနဘေး ဆေးကိုင်း၊ ပြောင်းကိုင်းများ အနီးမှ ဖြတ်သန်း၍ သွားကြရပေ၏။

'ဒါလိုဖြင့် မင်း ကဇင်းငူကို ထပ်မသွားတော့ဘူးလား၊ ရွှေလှကြီး'

'သတင်းနားထောင်ပြီးတော့ သွားရမှာပေါ့ အကောင့်ရ၊ ငါ့လယ်ကလဲ လက်စမပြတ်သေးတာ ဂျပန်တွေ လာလိမ့်မယ်လို့ သတင်းကြားလို့ ကြောက်တာနဲ့ ခဏပြန်လာတာ'

'အို ဒီကောင်ကလဲ ဂျပန်ကို ကြောက်ရမယ်လို့၊ သူတို့က မင်းတို့ ငါတို့ကို ကယ်ဖို့လာတဲ့ ဥစ္စာပဲ၊ တို့က ဘာလို့ ကြောက်နေရမလဲဟ၊ ခက်လိုက်တဲ့အကောင်'

ကိုမြတ်ကျော်မှာ ရွှေလှကြီး ပြောလိုက်သော ဂျပန်တွေကို ကြောက်သည်ဆိုသော အချက်အား သဘောတူနိုင်ပုံ မရချေ။ သူက သူ မတွေ့ဘူး မမြင်ဘူးသေးသည့် ဂျပန်ဆိုသည့် လူစားမျိုးကို ချစ်စရာ ကြွေရုပ်သဏ္ဍာန်လေးတွေဟု ထင်မှတ်နေဟန်တူလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'သခင်တွေနဲ့အတူ ပေါင်းလာမယ်ဆိုတော့ ကျုပ်တို့ရွာက သခင်ဘခွေးကြီးလဲ ပါလာမလားဗျ၊ ဟုတ်လား ကိုမြတ်ကျော်'

ကိုလူမောင်သည် သခင်ဘခွေးကြီး၏ မျက်နှာကို ကွက်ခနဲ မြင်ယောင်ကာ မရဲတရဲနှင့် ထိုအမေးကို မေးမြန်းလိုက်လေသည်။

'အေးပေါ့ကွ တို့ရွာက သခင်ဘခွေးကြီးတောင် ပါချင်ပါလာဦးမယ်။ ဒီကောင်ကြီးက နေရာတကာ စပ်စပ် စပ်စပ် ဆိုတော့ ပါလာမှာသေချာပါတယ်ကွ'

ဒီလိုဆို တော်သေးရဲ့ဟု ကိုလူမောင်၏ စိတ်ထဲတွင် အောက်မေ့လိုက်လေသတည်း။ သခင်ဘခွေးကြီးမှာ ကိုယ့်ရွာသားလူရင်းတစ်ဦးဖြစ်၍ ကြောက်စရာ လန့်စရာ မရှိပေ။ နောက်တစ်ကြောင်းကလည်း ကိုမြတ်ကျော် ပြောသည့်အတိုင်း ဆိုပါက ဂျပန်ဆိုသူများမှာ လှလှပပနှင့် ချစ်စရာကောင်းသူတွေဖြစ်ပေသည်။ ဂျပန်မကလေးတွေဆိုပါကလည်း ဖြူဖြူလှလှလေးတွေဟု ဆိုလေသည်။ အိမ်က ငြိမ်းမယ်တို့ ရုပ်မျိုးတော့ ဖြစ်ဟန်မတူ။

ကိုလူမောင်၏ ခေါင်းထဲတွင် အတွေးပေါက်ကရတွေကို တွေးနေမိတော့လေသည်။ ကိုမြတ်ကျော်နှင့် ရွှေလှကြီးတို့ ပြောနေသော စကားများကိုလည်း မကြားတစ်ချက် ကြားတစ်ချက် ရှိလေသည်။ အချိန်အတော်ကြီးကြာအောင် စကားတွေ စုံလောက်အောင် ပြောပြီးခါမှ ကိုမြတ်ကျော်က သူ၏လာရင်း ကိစ္စကို ပြောလိုက်လေသည်။

'ဒီညတော့ မင်း ကင်းလှည့်ကျတယ် လူမောင်၊ ကောင်းဇံရယ် မင်းရယ် လွန်းတင်ရယ်က သူကြီးအိမ်တောင်ဘက် ကင်းတဲမှာ ကျတယ်၊ အရှေ့ဘက်ရွာအဝင် ညောင်ပင်အောက်က ကင်းတဲမှာတော့ ငပြူးတို့ လူသိုက်ကျတယ်၊ ဟိုကောင်တွေဆီလဲ သွားပြောထားရဦးမယ်'

ကိုမြတ်ကျော်က ဤသို့ပြောလိုက်ပြီး ထိုင်ရာမှ ထလိုက်သည့်အခါတွင်မှ ကိုလူမောင်မှာလည်း ရတ်တရက် သတိများဝင်လာလေသည်။

'အေးဗျာ– ကျုပ် မိုးချုပ်တယ်ဆို၊ သူကြီးအိမ် အရောက်သွားပါ့မယ်' ဟု ပြောလိုက်ပြီးမှ 'အကြောင်းထူးကိစ္စထူးတာတွေ ရှိရင်လဲ နောင်တော့ကြားစမ်းပါရစေဗျာနော် ကိုမြတ်ကျော်'ဟု ထပ်မံပြောနေတော့လေသည်။

'စိတ်ချပါ လူမောင်ရာ မပြောဘဲနေပါ့မလားဟ၊ ကဲ တို့သွားလိုက်ဦးမယ်'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုမြတ်ကျော်နှင့် ရွှေလှကြီးတို့နှစ်ယောက် ထွက်သွားကြသည့်တိုင် ကိုလူမောင်မှာ ထိုင်ရာမထပင် ခပ်ငိုင်ငိုင်ကျန်နေရစ်တုန်း ရှိလေသည်။

*

နေမွန်းတိမ်းလုနီးလာသည်တိုင် ကိုလူမောင်သည် အခါတိုင်းနေ့များကလို လုပ်ငန်းကိုင်တာများကို ဘာမျှထိထိရောက်ရောက် မလုပ်နိုင်ပေ။ တလင်းသို့ ဆင်းရမည့် ကိစ္စကား မရှိတော့ပေ။ သူ့စပါးများမှာ အားလုံးနယ်ဖတ်ပြီး သိမ်းဆည်းပြီးဖြစ်လေသည်။

သူကြီး ဦးသီဟထံမှ မိုးတွင်းအခါက ယူငင်ထားသော စပါးပေါ်ပေး ကြွေးမြီများအတွက်လည်း စပါးတင်းသုံးဆယ်ပေးပြီး သွားပြီဖြစ်လေသည်။ ရွာမြောက်ပိုင်းမှ သူ့ဇနီး ငြိမ်းမယ် ယူငင်ထားသည့် ဦးလူဝ ကြွေးမြီကိုလည်း ပေးဆပ်ပြီး သွားတော့လေပြီ။ တရုတ် ကိုဖျားဝါးနှင့် ကုလားအာမက်ဆိုင်မှ ယူငင်ထားသော ဈေးကြွေးများကိုလည်း စပါးပေးနှင့်ပင် ရှင်းလင်းလိုက်ပြီး ဖြစ်လေသည်။

နှစ်စဉ်နှစ်တိုင်း ထုံးစံအတိုင်းလို စာကလေး အမြီးနုတ် ခေါင်းနုတ် နုတ်ပြီး ကျန်သော စပါးတင်းကလေး အစိတ်သုံးဆယ်ကိုလည်း ပုတ်တွင်းသို့ ထည့်သွင်းပြီးဖြစ်လေသည်။ ကျန်ရှိနေသေးသော လုပ်ငန်းမှာ မိုးတွင်းခါအတွက် နွားစာကောက်ရိုးများကို တလင်းမှနေကာ အိမ်နောက်ဘက် ကောက်ရိုးစင်ဟောင်း နေရာသို့ လှည်းနှင့်တိုက်၍ ထားရှိရန် ကိစ္စသာ ဖြစ်လေသည်။ ဤအလုပ်ကို တော့ ခပ်အေးအေးမှ လုပ်တော့မည်ဟု စိတ်ကူးထားလေသည်။ သို့ရာတွင် ယခုလောလောဆယ် စိတ်ပူစိတ်မအေး ဖြစ်နေရသော ကိစ္စမှာ မြစ်ကျိုးကွေ့တွင် လုပ်ထားသော ကွမ်းခြံကိစ္စပင် ဖြစ်လေသည်။ ညနေတွင် ကွမ်းခြံကို ရေသွား လောင်းရပေဦးမည်။

'အဘ ထမင်းစားကြစို့ဗျာ၊ နွားတွေလှန်ပစ်ခဲ့ပြီးပြီဗျ'

ခွေးညိုသည် သူ့အဖေ ထိုင်ငိုင်နေရာသို့ ရောက်လာကာ ပြောလိုက်လေ သည်။

'စားတာပေါ့ကွာ၊ မင်းဆာလှပလား၊ မင်းအမေ လာအောင် မစောင့် နိုင်တော့ဘူးလာကွ လူလေးရဲ့'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ဟာဗျာ အဘကလဲ ဆာလှပြီဗျာ၊ မွန်းတည့်ကုလားတက်တောင် ခေါက်ပြီးနေပြီဗျာ၊ အမေတို့က တော်တော်နဲ့ လာကြမှာ မဟုတ်သေးပါဘူးဗျာ'

'ကိုင်း လာကွာ'

ကိုလူမောင်သည် သားကိုခေါ်ငင်ကာ အိမ်နောက်မီးဖိုဆောင်တွင်းသို့ ဝင်ရောက်ခဲ့တော့လေ၏။ မနက်အချိန်က သူ့ဇနီး ငြိမ်းမယ်နှင့် သမီးဖြစ်သူ မိဒေါင်းတို့သည် မြို့ကိုသွားရန်အတွက် နံနက်လေးနာရီအချိန်လောက်မှထကာ နံနက်ထမင်းကို ချက်ပြုတ်ထားခဲ့ပြီး ဖြစ်လေသည်။

သို့ကြောင့် သားအဖနှစ်ဦးသည် ချဉ်ပေါင်ဟင်းအရည်ကျဲ၊ ငါးဖျင်း စလက်ခြောက်ကြော်၊ ငရုတ်သီးရွှေအပ်ထောင်းနှင့် ထမင်းပွဲကို အဆင်သင့် စားသောက်ကြရတော့လေသည်။ ခွေးညိုမှာ ထမင်းပွဲတွင် တရှူးရှူး တရှားရှား ဖြစ်နေတော့လေသည်။

'မင်း ထမင်းစားပြီးရင် နွားတွေနောက် လိုက်ပါဦးကွ၊ လူလေး'

'လိုက်ပါ့မယ်ဗျာ၊ ညနေကျတော့လဲ အဘနဲ့ ကွမ်းခြံရေလောင်းလိုက် ရဦးမယ်ဆို'

'အေးလေကွာ၊ လိုက်ခဲ့ဦးပေါ့ဟ၊ လူလေးအမေက မြို့ဈေးသွားရတော့ ပင်ပန်းလှပါတယ်ကွာ၊ ဒီနေ့ ကွမ်းခြံကို ရေလောင်းမလိုက်ပါစေနဲ့'

ကိုလူမောင်က ထိုကဲ့သို့ ပြောလိုက်သည့်အခါ ခွေးညိုက ခေါင်းညိတ် ပြလိုက်လေသည်။

မကြာမီ ထမင်းစားပြီးသွားသဖြင့် ခွေးညိုသည် သူ့ဝါးပုလွေကို မှုတ် ရင်းမှ မိနီကိုခေါ်ငင်ကာ နွားများလှန်ထားသော ရွာနောက်ဘက်စားကျက်ဆီသို့ ထွက်သွားတော့လေသည်။ ကိုလူမောင်မှာ ကွမ်းခြံသို့ ရေလောင်းမသွားမီ ပြီး တန်သလောက် ပြီးစေတော့ဟူသော သဘောဖြင့် အိမ်နောက် ထင်းပုံမှ ထင်းတုံး အချို့ကို ပုဆိန်တစ်လက်ဖြင့် ပေါက်နေတော့လေသည်။ ထမင်းစားဝကြီးဖြစ်နေ သောကြောင့် စိတ်ထင်သလောက် မပေါက်နိုင်ပေ။ သို့နှင့် သူသည် နွားတင်း ကုပ်သို့ ဝင်ခဲ့ကာ နွားချေးနှင့် အမှိုက်သရိုက်များကို ရှင်းလင်းနေပြန်လေသည်။

'ဒီအိမ်သားတွေလဲ တစ်ယောက်မှ မမြင်ပါကလား၊ ဟော့ လူမောင် ဘယ်သွားနေကြတုန်းဟ'

ကိုလူမောင်သည် ခေါ်သံကြောင့် နွားတင်းကုပ်တွင်းမှ ထွက်လာခဲ့၏။ သူ့ကိုခေါ်သည်မှာ တစ်ဘက်အိမ်မှ ဖိုးနီဒွေး ဖြစ်လေသည်။ ဖိုးနီဒွေးသည်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မီးကျွမ်းလောင်ထားသဖြင့် နှုတ်ခမ်းသားများ မညီမညာဖြစ်နေသော ဆေးတံအို တစ်ချောင်းကို ခဲရင်းမှ သူရှိရာ နွားတင်းကုပ်ဆီသို့ ခြေလှမ်းများ တုန်တုန်ယင်ယင်နှင့် လျှောက်လာလေသည်။

ဖိုးနီဒွေးမှာ အသက်ခြောက်ဆယ်ကျော်နေသော အဘိုးကြီးဖြစ်လေသည်။ သူ့သားသမီးများနှင့် သူ့အိမ်သားများမှာ စိမ်းစားကိုင်း၊ မြေပဲကိုင်း၊ ငရုတ်ကိုင်း၊ ဆေးကိုင်းများကို လုပ်ကိုင်ကြသူများဖြစ်ပေရာ တစ်နေကုန် တစ်နေခန်း ကိုင်းထဲနှင့် အချိန်ကုန်၍ နေတတ်ကြသဖြင့် နေ့လည် နေ့ခင်း အချိန်များတွင် ဖိုးနီဒွေးတစ်ဦးတည်းသာ နေအိမ်တွင် ကျန်ရစ်ခဲ့တတ်လေသည်။

ယခုတလော ဖိုးနီဒွေး အိမ်သားစုမှာလည်း စိမ်းစားများကို အရင်စလို တူး၍ အရင်စလို ငွေဖြစ် ကြေးဖြစ် ရောင်းချနေတော့၏။ သူတို့ကလည်း ကိုလူမောင်တို့ အိမ်စုနှင့် အခြားသော ရွာသူ ရွာသားများကဲ့သို့ပင် တိုင်းပြည်အခြေအနေအတွက် ကျီးလန့်စာစား စိတ်နှလုံးချောက်ချားနေကြသူများပင် ဖြစ်လေ၏။

'အဘဒွေး ဘာကိစ္စရှိလို့လဲဗျ'

ကိုလူမောင်သည် ဖိုးနီဒွေးအနီးသို့ လျှောက်လာပြီး မျက်နှာချင်းဆိုင်ရပ်ကာ မေးလိုက်လေသည်။

'ဟ လူမောင် မင်း ဘာမှ မသိသေးဘူးလားဟ'

မရှင်းလင်း မသဲကွဲသော စကားအသုံးအနှုန်းဖြင့် ဖိုးနီဒွေးက ကိုလူမောင်ကို မေးပြောပြောလိုက်လေသည်။

'ဘာများတုန်း၊ အဘဒွေး၊ ဘာမှလဲ ကျုပ် မသိသေးပါဘူးဗျာ'

'သစ်ပင်တွေမယ်၊ သူကြီးအိမ်ကလူတွေ စာရွက်တွေ လိုက်ကပ်နေပါကလားဟ၊ သူကြီးလဲပါတယ်'

'ဟင် ဘယ်မှာလဲဗျ၊ ဘာစာရွက်တွေလဲ၊ ခက်လိုက်တာဗျာ၊ ငြိမ်းမယ်တို့ သားအမိလဲ ခုထိ မရောက်လာသေးဘူး'

ကိုလူမောင်၏ရင်ထဲတွင် ထိတ်ထိတ်လန့်လန့် ဖြစ်သွားတော့သည်။ မြို့ဈေးမှ ယခုအချိန်ထိ ပြန်မရောက်လာသေးသော သမီးနှင့် ဇနီးအတွက်လည်း စိတ်ပူလိုက်မိလေသည်။

ထိုအခိုက်၌ပင် သူ့အိမ်နှင့် မနီးမဝေး လမ်းပေါ်မှ လူသံများကို ကြားလိုက်ရတော့လေသည်။ နောက်တော့ သူ့သား ခွေးညိုသည် အိမ်ရှေ့မှနေကာ အပြေးအလွှား ဝင်လာတော့၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'အဘ စာတွေဗျ၊ စာတွေ။ စာတွေ သစ်ပင်တွေမှာ လိုက်ကပ်နေတယ်ဗျ'

ခွေးညိုက မောကြီးပန်းကြီး ပြောလေသည်။

'ဟဲ့ ကောင်လေး၊ တိတ်တိတ် အသာနေစမ်း'

အဘိုးကြီး ဖိုးနီခွေးနှင့် ကိုလူမောင်တို့သည် အိမ်နောက်မှ အိမ်ရှေ့သို့ လှည့်ထွက်ခဲ့ကြလေသည်။ ခွေးညိုမှာ ကလေးပီပီ လူတွေ စုရုံးစုရုံးဖြစ်နေရာဆီသို့ အပြေးအလွှား သွားကြည့်တော့၏။

ရွာသူကြီး ဦးသီဟနှင့်အတူ လူတစ်စုသည် သူ့အိမ်ရှေ့ရှိ ပိတောက်ပင်တွင် အနီစာလုံးရိုက်နှိပ်ထားသော စာရွက်ကြီးတစ်ရွက်ကို သံမှိုနှင့် စွဲ၍ တက်ကပ်နေလေသည်။ ထိုလူအုပ်ထဲတွင် မျက်နှာစိမ်းဖြစ်သော ပင်နီအင်္ကျီဝတ် လူသုံးယောက်တို့ကိုလည်း ကိုလူမောင် တွေ့ရတော့၏။ သစ်ပင်တွင် စာရွက်ကြီးကို သံနှင့်စွဲကပ်နေသူမှာ ကိုမြတ်ကျော် ဖြစ်လေသည်။

ကိုလူမောင်သည် မဝံ့မရဲနှင့်ပင် ပင်နီအင်္ကျီဝတ် လူသုံးယောက်၏ နောက်ပါးမှ အသာအယာ သွားရောက်ရပ်လေသည်။ ထိုသူသုံးယောက်၏ လက်မောင်းများတွင် သုံးရောင်ချယ် တံဆိပ် လက်ပတ်များပတ်ထားသည်ကို တွေ့ရလေသည်။ ထိုအခိုက်၌ပင် ဖိုးနီခွေးသည် သူ့အနီးသို့ ရောက်လာလေသည်။ အခြားသော ရွာသားလေးငါးယောက်နှင့် ကလေးသူငယ်များပါ ထိုနေရာတွင် ဝိုင်းအုံနေကြတော့လေသည်။

သူကြီးနှင့် စာရွက်ကပ်သူများသည် ထိုသစ်ပင်တွင် စာရွက်ကပ်ပြီးနောက် ခပ်လှမ်းလှမ်း တစ်နေရာရှိ ကုက္ကိုပင်ကြီးတစ်ပင်သို့ သွားရောက်ကပ်ကြပြန်လေသည်။ ကိုလူမောင်တို့ လူသိုက်မှာမူ ပိတောက်ပင်ကြီးအနီး၌ပင် ရပ်ကျန်ရစ်ခဲ့ကြလေသည်။

ထိုအတွင်း၌ပင် လူအုပ်ထဲမှ ရွာသားတစ်ယောက်သည် အသံထစ်ထစ် ငေါ့ငေါ့ဖြင့် ကပ်ထားသော စာရွက်မှ စာကို ဖတ်လိုက်တော့လေသည်။

## နိပွန်တပ်မတော်ကြီးကို အစွမ်းကုန် ကူညီကြ။

နိပွန်ဘုရင် ကောရာဇ်မင်းမြတ်၏ တပ်မတော်ကြီးသည် မြန်မာပြည်သူ ပြည်သားအပေါင်းတို့အား မိစ္ဆာနယ်ချဲ့သမားများ၏

**အမေ့ဥယျာဉ်စာအုပ်တိုက်**

လက်အောက်မှ ကယ်တင်ရန်အတွက် အပင်ပန်း အဆင်းရဲခံကာ စီးတက်လာပေပြီ။

အာရှတိုက်သားများ၏ သာတူညီမျှ ကောင်းစားရေး အတွက် နိပွန် တပ်မတော်ကြီးအား လူတိုင်း လူတိုင်းက အခွမ်းကုန် ကူညီကြရန် မေတ္တာရပ်ခံ အပ်ပါကြောင်း။

'ဟေ့ သံချောင်းရ နိပွန်ဆိုတာက ဘာလူမျိုးလဲကွ၊ ဘယ်တိုင်းပြည် ကလဲ'

ဖိုးနီဒွေးသည် စာဖတ်ပြီးသွားသော သံချောင်းကို မေးလိုက်လေ၏။ ဖိုးနီဒွေးကဲ့သို့ပင် ကျန်လူအားလုံးမှာ နိပွန်ဆိုသော လူမျိုးကို မသိကြသော သူများချည့် ဖြစ်သည့်အတွက် သံချောင်း၏အဖြေကို နားစွင့်နေကြလေသည်။

'ကျုပ်လဲ ဘယ်သိပါ့မလဲဗျာ၊ နိပွန်ဆိုတာလဲ ခုတစ်ခါပဲ ကျုပ်လဲ ကြားဖူးတာဗျ'

ထိုအခိုက်၌ပင် သူကြီး ဦးသီဟနှင့် ခပ်စောစောက လူစုသည် သူတို့ရပ် နေရာသို့ ပြန်ရောက်လာကြတော့လေ၏။ ထိုလူအုပ်ထဲမှ ပင်နီအင်္ကျီဝတ် တစ် ယောက်သည် သူတို့ပြောနေကြသော စကားကို ကြားသွားဟန်တူလေသည်။

'နိပွန်ဆိုတာကလဲ ဂျပန်ပေါ့ဗျာ၊ ဂျပန်တပ်မတော်သားတွေနဲ့ ဂျပန် စစ်ဘက်အရာရှိတွေ ခင်ဗျားတို့ရွာကို လမ်းကြုံလို့ ရောက်လာတဲ့အခါဆိုရင် ခင်ဗျားတို့တစ်တွေက အစွမ်းကုန် ကူညီရမယ်ဗျ၊ ဂျပန်ဘုရင်မင်းမြတ်ရဲ့ စစ်သည် တော် တပ်သားတွေဟာဆိုရင် ကျုပ်တို့ ခင်ဗျားတို့ မြန်မာလူမျိုးတွေရဲ့ မဟာ မိတ်တွေပဲ၊ ကျုပ်တို့တစ်တွေကို လွတ်လပ်ရေးရအောင် နယ်ချဲ့သမားကို တိုက် ထုတ်ပြီး မြန်မာ့မြေပေါ်က မောင်းပေးတာက ဒီနိပွန်တပ်မတော်သားတွေပဲဆို တာ ခင်ဗျားတို့ အားလုံး နားလည်ထားဖို့ လိုတယ်'

ပင်နီအင်္ကျီဝတ်လူက ထိုကဲ့သို့ တရားဟောသလို ပြောလိုက်သည့် အခါ ကိုလူမောင်တို့ လူစုမှာ ခေါင်းတဆတ်ဆတ်လုပ်ရင်း နားထောင်နေကြတော့ ၏။

ထိုသူသည် တစ်ဖန် သူကြီး ဦးသီဟဘက်သို့ လှည့်လိုက်ပြီး–

'သူကြီး ဒီလိုလူတွေအားလုံးကို သဘောပေါက်အောင် ပြောထားဖို့ လိုတယ်ဗျ၊ အချိန်ရရင် ကျုပ်တို့လဲ တရားပွဲလေး ဘာလေး လာလုပ်ပေးပါဦး

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မယ်ဗျာ၊ ကဲ ကဲ အဲဒီစာကို ဖတ်ကြည့်ကြပေါ့ဗျာ၊ နောင်တော့မှ ခင်ဗျားတို့ ရွာကို ကျုပ်တို့ လာခဲ့ပါဦးမယ်'

သူကြီး ဦးသိဟနှင့် ထိုသူများသည် မကြာမီ ထိုနေရာမှ ထွက်ခွာသွားကြတော့လေသည်။ ထိုလူများထွက်သွားပြီးနောက် ကိုလူမောင်တို့ လူစုမှာလည်း ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်ကာ ပိတောက်ပင်အောက်မှ အသီးသီးထွက်ခဲ့ကြလေတော့၏။

'တို့ရွာသားတွေလဲ ဒီဂျပန်ကို မျှော်ရတာနဲ့ စားမဖြောင့် အိပ်မဖြောင့် ဖြစ်နေပါကော လူမောင်ရာ'

ကိုလူမောင်နှင့် ဖိုးနီဒွေးတို့သည် ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်ကြမိလေသည်။ ကိုလူမောင်မှာ ရွာလမ်းဆီသို့ မကြာခဏ လှမ်းမျှော်ကြည့်မိ၏။ နေမွန်းတိမ်းကျော်လွန်သွားသည့်တိုင် ငြိမ်းမယ်နှင့် မိဒေါင်းတို့ ပြန်မရောက်သေးသည့်အခါ စိတ်ပူစိတ်မောစ ဖြစ်မိတော့၏။

'ဟုတ်တာပေါ့၊ အဘနီဒွေးရာ၊ ကျုပ်ဖြင့် ဒီအကြောင်း ကြားပြီးကတည်းက ညညများ အိပ်လို့တောင် မပျော်ပါဘူး၊ ဒီနှစ်မှ ကွမ်းခြံကလေးကလဲ လုပ်မိရက်သား ဖြစ်နေတယ်ဗျာ'

ကိုလူမောင်သည် ညည်းညည်းတွားတွားဖြင့် ထိုစကားကို ပြောလိုက်တော့၏။ သူ့စိတ်ထဲ၌မူ မြန်မာပြည်သို့ ဂျပန်များ ဝင်လာခြင်းကို လည်းကောင်း၊ သူတို့ ပေတောကုန်း ရွာကလေးသို့ ဂျပန်တွေ ရောက်လာလိမ့်မည်ဟူသော အကြောင်းသည် လည်းကောင်း အဓိက အရေးအကြောင်း မဟုတ်ပေ။ ယခုနှစ်မှ စတင်လုပ်ကိုင်သော သူ့ကွမ်းခြံ လုပ်ငန်းကလေးအတွက်ကိုသာ စိတ်မောစိတ်ပူနေမိခြင်း ဖြစ်တော့လေသည်။

ဖိုးနီဒွေး ကိုယ်တိုင်မှာလည်း သူ့ဆေးတံအိုကလေးအတွင်းသို့ ဓားလိုးဆေးများကို ထိုးသိပ်ထည့်ရင်းမှ တစ်စုံတစ်ရာကို တွေးတောနေဟန်ရှိလေသည်။

'သာသနာတစ်ဝက် မင်းကောင်းတစ်ဆက်ဆိုတဲ့ စကားကလဲ ရှိတယ်ကွဲ့၊ ယက်သဲ့ကြားငါးတင်၊ တင်တဲ့ငါး ကြောင်စားမတဲ့ ကျန်တာမှ ဘုရားကယ်မယ်တဲ့၊ တိုင်းပြည်ကြီးကတော ပျက်ဦးမှာ မလွဲပါဘူးကွာ'

ဖိုးနီဒွေးက သိုက်တဘောင်စကားများကို ရွတ်ဖတ်ပြောဆိုလိုက်သည့်အခါတွင် ကိုလူမောင်၏ စိတ်များမှာ ပိုမိုချောက်ချားမိတော့၏။ သူ့ရင်ထဲတွင် ကွမ်းခြံကလေးအတွက် စိတ်မချသလိုလို၊ အိမ်တွင်ရှိသော နွားငါးကောင်အတွက်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



စိတ်မချသလိုလို၊ မြို့ပေါ်သို့ တက်သွားသော ငြိမ်းမယ်တို့ သားအမိအတွက် စိတ်ပူသလိုလိုနှင့် အူခြာပတ်ခြာ လိုက်နေတော့လေသည်။

ထိုအခိုက်၌ပင် အိမ်နောက်ဘက် လှည်းလမ်းရှိရာဆီမှ လှည်းမောင်းလာသံ၊ လှည်းပဒေါင်းပွတ်သံကို ကြားလိုက်ရပြီးနောက် ခွေးညို၏ အသံကိုပါ ကြားလိုက်ရတော့၏။

'အဘရေ အမေတို့ ပြန်လာပြီဗျ၊ အမေတို့ ပြန်လာကြပြီ'

'အဘခွေး ခဏထိုင်ဦးဗျာ၊ ငြိမ်းမယ်တို့သားအမိ လှည်းကြုံနဲ့ပဲ ပြန်လာတယ်ထင်ပါရဲ့- ကျုပ် ခဏသွားလိုက်ဦးမှပဲ'

ကိုလူမောင်သည် ထိုင်ရာမှကွပ်ပျစ်ပေါ်မှ ထလိုက်တော့လေသည်။ အိမ်နောက်ဘက်တွင် လှည်းသွားလမ်းရှိသည်ဖြစ်ရာ ပေတောကုန်းကလေးသို့ သွားမည့်လှည်းများသည် ကိုလူမောင်တို့ အိမ်နောက်ဘက်မှ လယ်ကွင်းလှည်းလမ်းအတိုင်း မောင်းနှင်သွားရမည်ဖြစ်လေရာ မြို့ဈေးမှ ပြန်လာသော ငြိမ်းမယ်တို့ သားအမိသည် လှချော၏ လှည်းကြုံနှင့်ပင် ပြန်လာခြင်း ဖြစ်ဟန်တူသည်ဟု သူက တွေးလိုက်လေသည်။

သူက ထင်နေသည်မှာ ငြိမ်းမယ်တို့ သားအမိ ဤအချိန်ထိ နောက်ကျနေမြင့်နေကြသဖြင့် ကုန်းလမ်းခရီးမှ ခြေလျင် ပြန်လာကြလိမ့်မယ်ဟုသာ ထင်မှတ်နေလေသည်။ ထို့ကြောင့်ပင် အိမ်ရှေ့ ရွာလည်လမ်းကလေးဆီသို့သာ လည်တဆန့်ဆန့် မျှော်နေမိခြင်း ဖြစ်သည်။

နွေအခါရောက်လျှင် ရွာနောက်ဘက်တွင် လှည်းလမ်းကြောင်း ရှိစမြဲဖြစ်လေသည်။ နှစ်တိုင်းနှစ်စဉ် လှည်းလမ်းသည် ရွာ၏ နောက်ဘက်တွင် ဖောက်လုပ်ကြရစမြဲ ဖြစ်၏။ နွေကာလ စပါးပေါ်ချိန်၌ စပါးသိမ်း၊ ကောက်ရိုးသယ် စသော အလုပ်များအတွက် လယ်ကွက်များကို ဖြတ်သန်းကာ ထိုလှည်းလမ်းကို ဖောက်ရမြဲ ဓမ္မတာဖြစ်လေသည်။ ထိုလှည်းလမ်းသည် ချောင်းဦးတိုမှ ဖြတ်သန်းကာ သစ်တောကြိုးဝိုင်းအထိ ရောက်လေသည်။ ချောင်းဦးတိုမှာမူ ရေတိမ်နေရာဖြစ်သည့်အတွက် လှည်းများသည် ချောင်းတွင်းမှ ကြုံသည့်အခါ၌သာ ရေနက်နေတတ်ပေရာ ထိုကဲ့သို့ ရေနက်နေသည့် အခါများ၌ နွားများ၏ ဝမ်းဗိုက်ကို ရေတိုက်ရုံ ထိရုံမျှသာ ဖြစ်လေသည်။ ဒိထက် ဒီရေများလာလျှင်မူ လှည်းသွားသူများက ရေကျချိန် ရေစစ်ချိန်အထိ စောင့်ဆိုင်းနေကြပြီးမှ ချောင်းဦးတိုကို ဖြတ်ကျော်ခြင်း ပြုကြရလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုလူမောင်သည် ဖိုးနီခွေးနှင့် စကားဆက်လိုသေးသည်အတွက် ထို စကားကို ပြောကြားခဲ့ပြီးနောက် အိမ်နောက်ဘက် လှည်းလမ်းဆီသို့ ခပ်သုတ်သုတ် ထွက်လာခဲ့တော့လေ၏။

❑

# [၄]

## အိပ်မက်ခြောက်သောည

ကိုလှမောင်သည် လှည်းအနီးသို့ ရောက်သွားသည့်အချိန်တွင် ငြိမ်းမယ်တို့ သားအမိနှစ်ယောက်မှာ လှည်းပေါ်မှ ဆင်းသက်လျက် လှချောက သူတို့ ဝယ်ခြမ်းလာသော ပစ္စည်းများကို လှည်းအောက်သို့ ချပေးနေလေ၏။

ကိုလှမောင်သည် လှည်းဆီသို့ အပြေးသွားကာ ငြိမ်းမယ်တို့ ဝယ်ခြမ်းလာသည့် ပစ္စည်းများကို ကူညီ၍ ချရတော့လေသည်။

'မြို့မှာ အခြေအနေ ဘာတွေ ထူးသလဲကွ လှချော'

ကိုလှမောင်သည် ပစ္စည်းတောင်းများကို သယ်ချပြီးသည့်နောက် လှချောအား ထိုအမေးကို မေးမြန်းလိုက်၏။

'မြို့မှာတော့ ဂျပန်တွေ ရောက်နေပြီဗျ၊ အရောင်းအဝယ်တွေ အလုပ်အကိုင်တွေတော့ အရင်အတိုင်းလိုပဲ တွေ့ခဲ့တာပဲဗျာ၊ ကျွန်တော်တို့ ရွာက သူကြီး ဦးသိဟတောင် မနက်က မြို့မှာ တွေ့လိုက်သေးတယ်'

'အေး သူကြီးတော့ ရွာပြန်ရောက်နေပါပြီကွာ၊ ရွာထဲမှာတောင် သစ်ပင်တွေ စာလိုက်ကပ်နေတယ်'

ကိုလှမောင်က လှည်းအနီးတွင် လှချောနှင့် ရပ်ကျန်ခဲ့ကာ မြို့ပေါ်မှ အခြေအနေများကို စုံစမ်းမေးမြန်းနေချိန်၌ ငြိမ်းမယ်တို့ သားအမိ သုံးယောက်မှာ သယ်စရာ ယူစရာ ရှိကြသည်များကို အိမ်ဆီသို့ သယ်ယူနေကြတော့၏။

'သူငယ်ရေ နွားတွေ နေသိပ်ပူနေမဟော့၊ သွားပါတော့လား'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ငြိမ်းမယ်က အိမ်ဆီမှနေကာ အော်ပြောလိုက်သည်။ ထိုအခါမှ ကိုလူမောင်သည် စကားဖြတ်ကာ အိမ်ဘက်သို့ ပြန်လှည့်လာတော့လေသည်။ လှချောမှာလည်း ထိုနေရာမှ လှည်းကို မောင်းနှင်ထွက်သွားတော့၏။

ညနေ သုံးချက်တီးအချိန်ခန့်တွင် ကိုလူမောင်တို့ သားအဖသည် မြစ်ကျိုးကွေ့ ကွမ်းခြံရှိရာသို့ ထွက်ခဲ့ကြတော့လေသည်။ နေ့စဉ်နေ့တိုင်း ရေမှန်မှန်လောင်းပေးရသော အလုပ်မှာ ကွမ်းခြံလုပ်ငန်းပင် ဖြစ်သည်။

ကိုလူမောင်မှာ ဤမြစ်ကျိုးကွေ့ နေရာတွင် ကွမ်းခြံကလေး လုပ်ကိုင်နိုင်ရေးအတွက် ယမန်နှစ်ကပင် ဤနေရာတွင် မြေသြဇာချခဲ့ရ၏။ ကွမ်းပင်ဆိုသည်ကလည်း မြေသြဇာကောင်း၍ ရေမှန်မှန် လောင်းပေးနိုင်မှ ဖွံ့ဖြိုးဖြစ်ထွန်းသည့် အပင်မျိုး ဖြစ်လေရာ ကိုလူမောင်မှာ ရေနီးသော ဤမြစ်ကမ္ဘားထိပ်တွင် ကွမ်းခြံကလေး ဖြစ်မြောက်ရန်အတွက် တစ်နှစ်အချိန်ယူ၍ပင် ကြိုးပမ်းပျိုးထောင်ခဲ့ရရှာလေသည်။

ယမန်နှစ်အချိန်ကဆိုလျှင် ဤနေရာတွင် မြေသြဇာ ချရုံသာ ချနိုင်ခဲ့လေသည်။ ထို့ကြောင့်ပင် သူက သူ့ကွမ်းခြံကလေးကို မြတ်နိုးလှ သံယောဇဉ်တွယ်လှခြင်း ဖြစ်၏။ နောက်တော့ ကွမ်းဈေးကလေးများကလည်း ယခုနှစ်တွင် ယမန်နှစ်များကထက် ဈေးကောင်းလှလေသည်။

ခွေးညိုက ရှေ့မှ ပုလွေမှုတ်လျက် တစိုက်စိုက် သွားနေခိုက် လူမောင်မှာ နောက်ပါးမှ အတွေးအတောပေါင်း မြောက်မြားစွာကို တွေးတောရင်း လိုက်ပါလာခဲ့လေသည်။ သူတို့သားအဖ နှစ်ယောက်သားမှာ ပြောင်းခင်းများကို ကျော်လွန်ခဲ့ပြီးနောက် မြေပဲကိုင်းများ နဘေးမှ ဖြတ်သန်း၍ လျှောက်နေကြတော့လေသည်။

ထိုနေရာရှိ မြေပဲခင်း၊ မြေပဲကိုင်းများမှာ ကျယ်ပြန့်သော မြေနုကျွန်းပေါ် သဲသောင်များပေါ်တွင် လုပ်ကိုင်စိုက်ပျိုးကြသော မြေပဲခင်း၊ မြေပဲကိုင်းဖြစ်လေရာ သဲသောင်ပြင်ကြီးတစ်ခွင် တစ်ပြင်လုံး အကျယ်အဝန်းရှိသလောက် မြေပဲပင်များသည် စိမ်းစိမ်းစိုစိုဖြင့် အုပ်ဖုံးကာ ရှိနေတော့ပေသည်။ ဖြူဖွေးသော သဲငွေသောင်ကမ်းမှာ မြသားကမ္ဗလာ ခြံစောင်အား လွှမ်းခြုံထားသည်နှင့် တူလှတော့လေသည်။

မြေပဲကိုင်းများအတွင်းသို့ ကိုလူမောင်သည် လှမ်းမျှော်ကြည့်လိုက်လေသည်။ မြေပဲဆွတ်နေသူများ၊ စိမ်းစားတူးနေသူများကို သုံးယောက်တစ်တွဲ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



လေးယောက်တစ်တွဲ တွေ့မြင်ရလေ၏။ အတော်ပင် အလှမ်းဝေးလှသဖြင့် ဘယ်သူဘယ်ဝါတွေ ဆိုသည်မှန်း မသိရပေ။ ကိုင်းသမားများသည် နေပူမှ သက်သာစေရန် ကျူဖျာလေးတစ်ချပ်စ နှစ်ချပ်စကို ဝါးလုံးငယ်နှစ်လုံးကို ယှက်ကာ နေရောင် ကျရာဘက်သို့ ထောက်ကာ၍ ထားကြလေသည်။

ခများများလဲ ဒီနှစ်နေရာမှ ကျပ်မလား၊ တိုင်းပြည်ကလဲ ပျက်စပြုနေပြီ။ ကိုလူမောင်စိတ်ထဲတွင် ဘဝတူဖြစ်သော ကိုင်းသမားဘက်သို့လှည့်၍ တစ်မျိုးတစ်ဖုံ ပူပန်လိုက်မိတော့၏။ ရွာရှိလူများမှာ တစ်နှစ်လျှင် နှစ်သီးစား လုပ်ကိုင်ကြသော လယ်သမား ကိုင်းသမား ဖြစ်ကြလေသည်။ လယ်လုပ်ငန်းမှာ မိဘရိုးရာ၏ လက်ငုတ်လက်ရင်းဖြစ်၍ သမရိုးကျအတိုင်း လုပ်ကြကိုင်ကြရသော်လည်း ဟုတ္တိပတ္တိ အကျိုးတရားမရှိလှပေ။ မြေရှင်ကြီးများအတွက် လယ်ခနှုတ်၊ နွားငှားခနှုတ်၊ စားရိတ်စားခနှုတ်လိုက်ပါက အပြီးသတ်တွင် အမောသာ အဖတ်တင် ကျန်ရစ်တတ်ပေသည်။ ထို့ကြောင့် တစ်ဖက်တစ်လမ်း ခုသာ ခံသာရန်အတွက် ကိုင်းလုပ်ငန်းကို လုပ်ကိုင်ကြရလေသည်။

ဤအထဲတွင် တိုင်းပြည်ကြီး ပျက်ပြားလာပြီး ကိုင်းလုပ်ငန်းများပါ ထိခိုက်လာပါမူ သေဖွယ်သာ ရှိတော့၏ဟု ကိုလူမောင် စိတ်မော စိတ်ပူဖြစ်မိသည်။

မြေပဲခင်း၊ မြေပဲကိုင်းများ အဆုံးသတ်သွားသည့်အခါ မြစ်ကျိုးကွေ့ ကွမ်းခြံသို့ ကိုလူမောင်တို့ သားအဖ ရောက်ရှိခဲ့သည်။ ရှေ့မှသွားနေသော သူ့သား ခွေးညိုသည် ကွမ်းခြံထိပ်ရှိ လက်ပံပင် အရိပ်အောက်တွင် ရပ်ကာ သူ့အဘ ကိုလူမောင်ကို စောင့်နေသည်။

ကိုလူမောင်သည် သူ့အတွေးကိုဖြတ်ကာ လက်ပံပင်အောက်သို့ ခပ်သွက်သွက် လျှောက်လာသည်။ ခွေးညိုမှာ သူ့လက်မှ ပုလွေငယ်ကို လက်ပံပင်ရင်းတွင် ချလိုက်ပြီး လုံကွင်းကို ခပ်တိုတို ပြင်ဝတ်လိုက်၏။ ကိုလူမောင်မှာလည်း သူ့သား ခွေးညို၏ နည်းတူပင် လုံကွင်းကို ဒူးဆစ်အရောက် မြင့်ဝတ်လိုက်၏။ သားအဖ နှစ်ဦးစလုံး ဝတ်ဆင်ထားသည့် အင်္ကျီများမှာမူ ဖျင်ကြမ်းလက်ကျပ် အင်္ကျီများသာ ဖြစ်လေသည်။ ကိုလူမောင်သည် သူ့ခေါင်းတွင် ပတ်ထားသော ပုဆိုးတစ်ထည်ကို ဖြုတ်လိုက်၏။ ထို့နောက် နဖူးမှ ဆံပင်များကို လက်နှစ်ဖက်ဖြင့် အပေါ်သို့ သပ်တင်လိုက်ပြီး ပုဆိုးကို တင်းတင်းရင်းရင်း ပြန်ပတ်လိုက်၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'လာဟေ့ လူလေး မင်း လိမ့်လဲကျမနော် သတိထားလျှောက်'

ကိုလူမောင်သည် ရှေ့မှနေကာ ရေလောင်းတံတားမောင်းစင်ပေါ်သို့ လျှောက်သွားသည့်အခါ ခွေးညိုသည် လက်ကိုင်တန်း ဝါးလုံးငယ်ကို ကိုင်လျက် နောက်ပါးမှ လိုက်သွားလေသည်။

ကွမ်းခြံမှာ မြစ်ကမ်းနဖူးထိပ်တွင် ဖြစ်၍ ရေလောင်းသည့် ရေမောင်း တံတားပြုလုပ်ထားသည်မှာ မြစ်ရေစပ်တွင် ဖြစ်လေသည်။ ကွမ်းခြံအတွင်းရှိ ကွမ်းပင်များသို့ ရေလောင်းသည့်အခါ ရေလောင်းသူသည် ထိုရေလောင်း တံတား၏ ထိပ်မှ နေကာ မောင်းလက်တပ်ဆင်ထားသည့် ရေငင်ပုံးဖြင့် မြစ်တွင်းမှ ရေကို ဆွဲငင်ခြင်း ပြုပြီးနောက် ပုံးထဲမှ ရေကို ဝါးပိုးသယောက်အတွင်းသို့ လောင်းထည့်ခြင်း ပြုရလေသည်။

ဝါးသယောက်မှာ ကွမ်းခြံအတွင်းသို့ အရောက် သွယ်တန်းထားလျက် ကွမ်းစိုက်ပျိုးထားသည်မှာလည်း မြောင်းပေးလျက် စိုက်ပျိုးထားခြင်း ဖြစ်ပေရာ ရေမောင်းစင်မှ နေ၍ လောင်းချလိုက်သော ရေသည် မြောင်းများအတွင်း ဒလစပ် စီးဆင်းသွားပေရာ လောင်းဖန်များလတ်သော် ကွမ်းပင်များ၏ ပင်ခြေ ပင်ရင်း အသီးသီးသို့ ရေများရောက်ရှိ စီးဝင်သွားတော့ပေသည်။ ရေလောင်းစင်များမှာမူ မြစ်ကမ္ဘားအမြင့်အနိမ့်ကို လိုက်လျက် အတောင်ဆယ့်ငါး နှစ်ဆယ် အစိတ် အစရှိသဖြင့် ဝါးနက်များကို တိုင်စိုက်ကာ အခိုင်အခံ့ ပြုလုပ်ထားကြရပေသည်။ အမှန်မှာမူ ကမ္ဘားနိမ့်သော် လူသက်သာသလောက် ကမ္ဘားမြင့်သော် လူပင်ပန်း လှသည်။

ကိုလူမောင်တို့ သားအဖ နှစ်ဦးသည် မောင်းလက်ဖြင့် မြစ်တွင်းမှ ရေကို နှစ်ယောက်ငင်ကာ ဝါးသယောက် အတွင်းသို့ ခပ်တွင်တွင် လောင်းနေ ကြလေသည်။ ကွမ်းပင်မှာ ရေကြိုက်သော အပင်တစ်မျိုး ဖြစ်သည့်အတွက် ရေကို ခပ်ရွှင်ရွှင် ခပ်ဖောဖော လောင်းပေးရပေ၏။ အတန်ကြာသော် သားအဖ နှစ်ယောက်စလုံး အတော်ပင်ပန်းနေလေသည်။

'လူလေး မင်းသွားထိုင်နေဦးကွာ'

ကိုလူမောင်သည် သားငယ်၏ မောပန်းနေခြင်းကို ကြည့်ရာမှ ပြော လိုက်လေသည်။ ဆောင်းရာသီ ဖြစ်သောကြောင့် မြစ်ပြင်တစ်ခုလုံးမှာ ကြည်လင် စိမ်းလဲ့နေ၏။ လေမှာ တဖြူးဖြူး တိုက်ခတ်နေပေရာ ရေလှိုင်းကလေးများသည် ကမ်းခြေသို့ တဖျတ်ဖျတ် ရိုက်လျက်ရှိလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ကျွန်တော် မမောသေးပါဘူး အဘရာ'

ခွေးညိုဏ်၏ အသံကလေးမှာ တုန်နေရှာသည်။ ရေင်ဝါးလုံးကို ဖခင်ဖြစ်သူနှင့်အတူ အားစိုက်၍ ဆွဲလိုက်သောအခါများတွင် သူ၏မျက်နှာကလေးမှာလည်း နီရဲ၍ သွားတော့လေသည်။ ခွေးညိုသည် အံကလေးများ ကြိတ်ရင်းမှ အားစိုက်၍ ဆွဲနေလေသည်။

'သွား သွား လူလေး၊ အဲဟို သစ်ပင်အောက်မှာ ပုလွေသွားမှုတ်နေဦး၊ အဘ ပြီးတော့ လာခဲ့မယ်'

ကိုလူမောင်သည် သူ့သား မောလှပြီကို မကြည့်ရက်သလို ပြောလိုက်လေသည်။

'နောက်ထပ် သုံးပုံးဆွဲပြီးတော့ သွားပါ့မယ် အဘရဲ့'

ခွေးညိုက သူ့အဘ တစ်ယောက်တည်း ရေင်နေရမည်ကို တွေးသနားနေလေသည်။ သို့ကြောင့်လည်း သူ့တွင်ရှိသမျှ ခွန်အားကလေးမျှနှင့် ဖခင်ကို ကူညီနေရှာသည်။ ကိုလူမောင်ကတော့ သူ့သားမောနေသည်ကို မကြည့်ရက်နိုင်ပေ။

နောက်သုံးခေါက် ပြည့်သွားသည့်အခါ သူတို့သားအဖသည် ရေင်ခြင်းကို ခေတ္တရပ်နားလိုက်လေသည်။ သားအဖ နှစ်ဦးသည် ရေမောင်းပေါ်မှဆင်း၍ ကွမ်းခြံရှိရာသို့ လာခဲ့ကြလေသည်။ ခွေးညိုသည် လက်ပံပင်အောက်သို့ သွားကာ သူစောစောက ချထားခဲ့သည့် ပုလွေငယ်ကို ကောက်၍ မှုတ်နေလေသည်။ ကိုလူမောင်မှာ ကွမ်းခြံအတွင်းသို့ ဝင်ရောက်သွားလေ၏။

ကွမ်းပင်မှာ အအေးကြိုက်၍ နေပူမခံသော အပင်မျိုးဖြစ်လေရာ ကွမ်းခြံ၏နဘေး ပတ်ပတ်လည်၌သော် လည်းကောင်း၊ အထက်ပိုင်းမှသော်လည်းကောင်း၊ အမိုးအကာများကို မိုးကာထားရလေသည်။ ကိုလူမောင်သည် ကွမ်းခြံ၏ ဝင်ပေါက်မှနေကာ အတွင်းသို့ ဝင်ရောက်သွားပြီးနောက် ကွမ်းခြံတိုင်များနှင့် ပင်ခြေများတွင် လိုက်လံ၍ ပြုပြင်သင့်သည်များကို ပြင်ဆင်လျက်ရှိနေလေသည်။

ထိုသို့နှင့်သာ အချိန် အတန်ငယ် ကြာသွားသည့်အခါမှ ကိုလူမောင်သည် ရေမောင်းစင်ပေါ်သို့ ထပ်မံသွားရောက်ကာ ရေင်ရေလောင်းပြုနေပြန်လေသည်။ ဤတစ်ကြိမ်၌မူ ကိုလူမောင် တစ်ယောက်တည်းသာ ဖြစ်၍ ခွေးညိုမှာ လက်ပံပင်အောက်တွင် ပုလွေကို အားရပါးတရ မှုတ်နေလေ၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



နေလုံးသည် ရဲရဲနီသော အသွင်ဖြင့် အနောက်ဘက် မိုးကုပ်စက်ဝိုင်းသို့ ဆင်းသက်ခဲ့လေပြီ။ ထိုအချိန်၌ပင် ကိုလှမောင်သည် ကွမ်းခြံအား ရေလောင်းခြင်းမှ လက်စသိမ်းပြီးနောက် သားငယ် ခွေးညိုနှင့်အတူ ရွာဆီသို့ ပြန်ခဲ့လေ၏။

'အဘ အဘ ဒီည ကင်းစောင့်ရမယ်နော်'

ခွေးညိုသည် တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် အပြန်လမ်းခရီးတွင် သူ့အဖေ ကိုလှမောင်အား မေးမြန်းလိုက်သည်။

'အေးပေါ့ကွာ၊ စောင့်ရမယ်ပေါ့၊ ဒီညကင်းအလှည့်ကျတယ်'

'ကျွန်တော်လဲ လိုက်မယ် အဘ'

'ဟာ ကလေးမလိုက်ရဘူးကွ၊ လူလေးရဲ့'

ခွေးညိုသည် အတန်ကြာ ငြိမ်သက်သွားပြန်သည်။ ဒီတစ်ကြိမ် ရွာအပြန်လမ်း၌မူ ခွေးညိုက နောက်မှဖြစ်၍ ကိုလှမောင်က ရှေ့မှဖြစ်၏။

'အဘ ဂျပန်တွေက ကျွန်တော်တို့ရွာကို ဘယ်တော့လာမှာလဲဗျ ဟင်'

'ပြောတတ်ပါဘူး သားရယ်'

'ဂျပန်တွေက ကျွန်တော်တို့ရွာကို ဘာလာလုပ်မှာလဲဗျဟင်'

'အဲဒါ အဘ ဘယ်သိပါ့မလဲကွ၊ မင်းက ပေါက်ပေါက်စစ တယ်မေးတာကိုကွ'

ခွေးညိုမှ ငြိမ်သွားပြန်သည်။ ကိုလှမောင်မှာ ဂျပန်ဆိုသည့် စကားကို ကြားလိုက်ရသည့်အခါတိုင်း စိတ်ထဲမှ တစ်မျိုးတစ်မည် ဖြစ်မိ၏။ ဘာကြောင့်ဟူ၍ကား အစရှာမရပေ။ သူ့ရင်ထဲနှလုံးထဲ၌ကား ဤဂျပန်နှင့် ပတ်သက်သော စကားများကို ကြားလိုက်ရတိုင်း တစ်မျိုးတစ်မည် ဖြစ်မိလေသည်။ ဂျပန်တွေ ရွာကို ရောက်လာလိမ့်မည်ဟူသော သတင်းစကားကို ကြားရသောနေ့မှ စကာ သူ့စိတ်ထဲတွင် များစွာပင် မချမ်းမသာ ဖြစ်မိလေသည်။

သူ့အိမ်ရှေ့ပိတောက်ပင်တွင် ကပ်ထားသော 'နိပွန်တပ်မတော်အား ကူညီကြလော'ဟူသည့် စာရွက်ကြီးကိုလည်း ကိုလှမောင်မှာ မကြည့်ဝံ့သလိုလို မကြည့်ရဲသလိုလို ဖြစ်ခဲ့ရလေသည်။ ပိတောက်ပင်မှ ထိုစာရွက်ကြီးသည် အချိန်ရှိသမျှ နေ့ရှိသရွေ့ သူ့အား သူ့ရဲတစ္ဆေခြောက်သည့်နှယ် ခြောက်လှန့်နေလေသည်။ သို့ရာတွင် ပိတောက်ပင်မှ ထိုစာရွက်ကို သူသည် မကြည့်ဘဲလည်း မနေနိုင်ပေ။ အနည်းဆုံးတစ်နေ့လျှင် ၃-၄ ကြိမ်ထက်မနည်း ကြည့်မိလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဤလို ကြည့်မိသောအချိန်တိုင်း၌ပင် သူ့ရင်ထဲတွင် ဖိုခနဲ ဖိုခနဲ ဖြစ်မိလေသည်။ အဘယ့်ကြောင့် ဤသို့ ဖြစ်ရသည်ဆိုခြင်းကိုမူ ကိုလူမောင်အဓိပ္ပာယ်ရှာမရပါချေ။

ကိုလူမောင့်အဖို့ တစ်ခုခက်သည်က ပိတောက်ပင်သည် သူ့အိမ်ပေါက်ဝ တည့်တည့်တွင် ဖြစ်လေရာ ထိုအပင်တွင် ကပ်ထားသော ထိုစာရွက်မှာလည်း 'မကြည့်ချင် မြင်ပါရက်သား'ဆိုသည့် စကားလို ဖြစ်နေတော့၏။

သူတို့သားအဖ နှစ်ဦး အိမ်ပေါ်သို့ တက်လိုက်သောအခါတွင် နေလုံးသည်လည်း ကွယ်ပျောက်သွားပြီ ဖြစ်လေသည်။ အိမ်ပေါ်သို့ ရောက်သည်ဟု ဆိုလျှင်ပင် ကိုလူမောင်သည် ငြိမ်းမယ်အား စကားတစ်ခွန်းကို ပြောလိုက်လေသည်။

'ထမင်းစားကြရအောင် ငြိမ်းမယ်ရေ၊ ဒီည ငါ ကင်းစောင့်ရမယ်ဟေ့'

*

ည အမှောင်ပျိုးချိန်မှ စတင်ကာ နှင်းများသည် တဖွဲဖွဲကျဆင်းနေလေသည်။

ကိုလူမောင်အပါအဝင်ဖြစ်သော ကင်းသမား သုံးယောက်တို့သည် သူကြီး ဦးသီဟနေအိမ်နှင့် အလံနှစ်ဆယ်ခန့် ကွာသော ကင်းတဲတွင် ရောက်ရှိနေကြပြီ ဖြစ်၏။ ကင်းတဲဆောက်လုပ်ထားသော နေရာမှာ ကုက္ကိုပင်ကြီး တစ်ပင်၏ အောက်ခြေရင်းတွင် ဖြစ်လေသည်။ ကင်းတဲမှာ အမိုးနှင့်အခင်းသာ ရှိ၍ အကာလုံးဝ မရှိပေ။ အမိုးမှာ သက်ငယ်မိုးဖြစ်၍ အခင်းမှာ ဝါးပိုးကို ပေါက်ခွဲ၍ ခင်းထားလေသည်။ ထိုအခင်းပေါ်မှ တစ်ဖန် အချမ်းအအေးဒဏ်မှ သက်သာခံသာစေရန် ကောက်ရိုးများကို ဖြန့်ခင်းထားသည်။

ထိုညကား လမိုက်သောည တစ်ညပင် ဖြစ်လေသည်။ ပြာလဲ့သော ကောင်းကင်ပြင်မှ တောက်ပသော ကြယ်တာရာတို့သည် တလက်လက်ထွက်ပြူနေလေသည်။ နှင်းငွေ့ရည်တို့ တရိပ်ရိပ်ကျဆင်းလာသည့်အခါ ကြယ်ကလေးများမှာ ငုတ်ချည်ပေါ်ချည် ဖြစ်နေလေသည်။ ကင်းတဲပေါ်ရှိ ကုက္ကိုပင်၏ အကိုင်းအခက်များမှ ညဥ့်ငှက်ငယ်များသည် ဆောင်းရာသီ၏ အအေးဒဏ်ကြောင့် တဖျတ်ဖျတ် လူးလွန့်နေဟန်ရှိလေသည်။

ကင်းသမား သုံးယောက်တို့သည် အချမ်းဒဏ်မှ သက်သာစေရန် ထင်းတုံးကြီး တစ်တုံးကို မီးရှို့ထားကြပြီးနောက် သစ်ကိုင်းခြောက်များကိုလည်း မကြာ မကြာ မီးပုံ၌ ထည့်ထားကြလေသည်။ ညဦးပိုင်း အချိန်မျှသာ ရှိသေး

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သော်လည်း လမိုက်ရက်ဖြစ်သည်က တစ်ကြောင်း၊ တိုင်းပြည် အခြေအနေ မငြိမ်သက်သည်က တစ်ကြောင်းမို့ တစ်ရွာလုံးသည် တိတ်ဆိတ်ငြိမ်သက်လှပေသည်။ အတန်ငယ်‑အလှမ်းကွာသော အရှေ့ပေတောကုန်းရွာဆီမှ မှုတ်လိုက်သည့် ပုလွေသံသည် ခပ်မျှင်းမျှင်း ခပ်တိုးတိုးဖြင့် လေဟုန်ကို စီးနင်း၍ လိုက်ပါခြင်း ပြုလာသည်။

ဤလို တိတ်ဆိတ်ချောက်ချားလှသော ညအခါမျိုးတွင် ထိုကဲ့သို့ ခပ်ဝေးဝေး အရပ်ဆီမှ ဆွဲဆွဲငင်ငင် မှုတ်နေသော ပုလွေသံမျိုးကို ကြားရသည်မှာလည်း ကိုလှမောင်အဖို့ စိတ်အားငယ်လှသည်။ ယခင်အချိန် ယခင်အခါများက ရွာတွင် ဤမျှလောက် ချမ်းအေးသော ညမျိုးဖြစ်သည့်တိုင် ဤလို ညဦးပိုင်းသာသာ အချိန်များ၌ ရွာကာလသားတို့၏ ပုလွေသံ သီချင်းသံများနှင့် လူနေအိမ်များမှ မီးကလေး တလက်လက်ဖြင့် လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့နေကြချိန်မျိုးဖြစ်သော်လည်း ယခုမူ ရွာကလေး တစ်ရွာလုံးသည် ညအမှောင်ထုအောက်ဝယ် ကြောက်ခမန်း ရွံ့ခမန်း တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေသည်။

သုံးဦးသား တစ်ယောက်ကို တစ်ယောက် စကားမပြောကြသည့်အခါ ပိုမို၍ တိတ်ဆိတ်လှသည်။ ကိုလှမောင်နှင့် လွန်းတင်တို့မှာ ကင်းတဲပေါ်တွင် ပက်လက်လှန်ရင်းမှ အတွေးကိုယ်စီကိုယ်ငှဖြစ်နေသလို မီးပုံနားဟွင် ထိုင်ကာ ထင်းကိုင်းချောက်တစ်ချောင်းဖြင့် မီးများကို ထိုးဆွရင်း ရေနွေးအိုးတည်နေသည့် ကောင်းဖဲမှာ သူ့အတွေးနှင့်သူ ဖြစ်နေဟန်တူသည်။ စကားတစ်လုံးမျှ ပြောဖော်မရပေ။

ကောင်းဖဲသည် သူ့လက်တွင်းမှ ထင်းကိုင်းချောက်ဖြင့် မီးခဲများကို ထိုးဆွလိုက်သည်။ တဖျစ်ဖျစ် တရှဲရှဲ မြည်သွားသော အသံနှင့်အတူ မီးပွင့်မီးပွားများသည် တဖျောက်ဖျောက် ပေါက်ထွက်လာသည်။ သူတို့ကင်းသမားသုံးဦးထဲတွင် ကောင်းဖဲမှာ အတန်ငယ် မကျန်းမမာဖြစ်နေသူတစ်ယောက်ဖြစ်၏။ သူ့တွင် ကိုယ်ယောင် ကိုယ်ဖောရောဂါရှိသည်။ အိပ်ရာထက်တွင် လဲနေသည့် လူမမာကြီးတစ်ယောက် မဟုတ်သည့်တိုင် အစားမှား၍ ရောဂါထသည့်အခါ ခြေများ လက်များယောင်လာတတ်သည်။ အအေးဒဏ်ကိုလည်း သိပ်မခံနိုင်ပေ။ ထို့ကြောင့် ကောင်းဖဲမှာ စောင်တစ်ထည်ကို ခြုံ၊ တစ်ထည်ကို ဦးခေါင်းတွင် ပတ်လျက် မီးဖိုအနီးတွင် ထိုင်ကာ ရေနွေးအိုးကို မီးထိုးနေ၏။

'ရေနွေးအိုးဆူပြီဗျို့ ကိုလှမောင်၊ လက်ဖက်ခြောက်ပေး'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကောင်းဖဲမှာ မီးဖိုနားမှ နေကာ ကိုလူမောင်ထံသို့ လက်ဖက်ခြောက် တောင်းလိုက်၏။ တရဲရဲနှင့် မီးခဲများပေါ်သို့ ရေနွေးအိုးဆူကျသံကိုပါ ကြားရသည်။

ကိုလူမောင်သည် ပက်လက်လှန်နေရာမှ ထလိုက်သည်။ နောက်တော့ သူ့တွင် ပါလာသော လက်ဖက်ခြောက်ထုပ်ကို ကောင်းဖဲသို့ ပေးလိုက်၏။ လက်ဖက်ခြောက်မှာ မနက်ကမှ ငြိမ်းမယ် မြို့ဈေးက ဝယ်ခြမ်းလာသော လက်ဖက်ခြောက်ဖြစ်သည်။ သူ့ထံတွင် လက်ဖက်ခြောက်သာမဟုတ် ပဲကြီးလှော်နှင့် ထန်းလျက်များပင် ပါလာသည်။ ညအိပ်ချင်ပြေစားရန်ဟု ဆိုလေသည်။

'အဲဒီလက်ဖက်ခြောက်က ကိုဖျားဝါးဆိုင်က မဟုတ်ဘူးကွ၊ မနက်ကမှ ငြိမ်းမယ် ဈေးက ဝယ်လာတာ၊ ရှက်သစ်ခြောက် အတော်လေးကောင်းတယ်'

ကိုလူမောင်၏ အသံကို ကြားသည့်အခါ လွန်းတင်မှာ အိပ်နေရာမှ ထလိုက်သည်။

'မနက်က ငြိမ်းမယ်တို့ မြို့သွားသလားကွ'

လွန်းတင်က ကောင်းဖဲနှင့် ကိုလူမောင် ထိုင်နေရာသို့ တိုးကပ်လာရင်းမှ မေးသည်။ ကိုလူမောင်မှာ လွန်းတင်၏ အမေးကို မဖြေနိုင်သေး၊ မီးဖိုသို့ထကာ သနပ်ဖက်ဆေးလိပ်တစ်လိပ်ကို မီးညှိနေခိုက်ဖြစ်သည်။

'အေးပေါ့၊ မနက်က မိဒေါင်းနဲ့ သားအမိနှစ်ယောက် မြို့ဈေးသွားကြတယ်' ကိုလူမောင်သည် ထိုစကားကို ပြောရင်းမှ မူလနေရာတွင် ပြန်ထိုင်လိုက်သည်။

'ဆိုစမ်းပါဦးကွ၊ မြို့ပေါ်မှာ ဘာတွေများ ထူးလဲလို့'

ကိုလူမောင်သည် သူ့ခါးပိုက်အတွင်းမှ ပဲလှော်နှင့် ထန်းလျက်ထုပ်ကို ကောက်ရိုးများပေါ်သို့ ဖြည်ချလိုက်သည်။

'မြို့ပေါ်မှာတော့ ဂျပန်စစ်သားတွေ ဈေးထဲဈေးဝယ်နေတာ တွေ့ခဲ့သတဲ့ကွ၊ ဒီပြင်တော့ ထူးထူးခြားခြား ဘာမှ သူတို့ မတွေ့ခဲ့ဘူးနဲ့ တူတာပါပဲကွာ'

'ဂျပန်ဆိုတာ ဖြူဖြူတွေလား၊ မဲမဲတွေလားကွ။ အရင် တို့ရွာကို လာသွားဖူးတဲ့ လယ်ဝန်ဆိုတာလို နီစပ်စပ်အကောင်ကြီးမျိုးလား'

'ဖြူဖြူပုပုတွေတဲ့ကွ၊ မကြာခင် တို့များရွာကို ရောက်လာလိမ့်မယ်လို့ မနက်တုန်းက လာတဲ့ ပင်နီအင်္ကျီနဲ့လူက ပြောသွားတာပဲ လွန်းတင်'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ဒီရွာကို သူတို့က ဘာလုပ်ဖို့လာမှာလဲ ကိုလူမောင်' ကောင်းဇံသည် ရေနွေးတစ်ပန်းကန်ကို ရှူးခနဲနေအောင် သောက်ချရင်းမှ မေးလိုက်၏။

'တို့များ ဒီအကြောင်းတွေ သိပ်မပြောရင် ကောင်းပါတယ်ကွာ၊ ကိုယ်က ဘာမှ သိတာလဲ မဟုတ်ဘဲနဲ့၊ အတော်ကြာတော့ အမှားပါရင် ခက်တယ်။ ဒီကိစ္စမျိုးက သတိထားဖို့ ကောင်းတယ်ကွ'

ကိုလူမောင်၏ စကားအဆုံးတွင် သုံးယောက်သား အကြောင်းမရှိ အကြောင်းရှာကာ လန့်သွားကြလေသည်။ သုံးဦးသားစလုံးပင် ကင်းတဲ၏ နဘေးနဘီများသို့ လှည့်ကြည့်လိုက်မိကြသည်။ နောက်တော့ စကားမဆိုကြချေ။ လက်ဖက်ရည်ကြမ်းကို တရှူးရှူးသောက်ရင်းမှ ပဲကြီးလှော်ဝါးလိုက် ထန်းလျက်စားလိုက် လုပ်နေကြသည်။

အချိန်အတန်ကြာခဲ့လေပြီ။

သုံးဦးသားစလုံးမှာ စိတ်ချောက်ချားနေကြ၏။ တစ်ရွာလုံးမှာ တိတ်ဆိတ်လှသည်။ ခပ်စောစောက ကြားနေရသည့် ပုလွေသံသဲ့သဲ့ပင် ပျောက်ကွယ်သွားလေပြီ။ ရေနွေးကြမ်းတစ်အိုးမှာ တက်တက်ပြောင်၍ ပဲကြီးလှော်နှင့် ထန်းလျက်များပါကုန်လေပြီ။

ထိုအခိုက်၌ပင် ခပ်လှမ်းလှမ်းမှ ခွေးဟောင်သံများကို ကြားရသည်။ သုံးယောက်သား အသံကြားရာဆီသို့ ဦးခေါင်းမော့ကြည့်လိုက်ကြမိ၏ အမှောင်နှင့် မဲမဲတွင် ဘာကိုမျှ သဲကွဲအောင် မမြင်ရ မတွေ့ရချေ။ အတန်ကြာသော် အသံပျောက်၍ ညသည် တိတ်ဆိတ် ငြိမ်သက်သွားပြန်သည်။

ညဉ့်က တဖြည်းဖြည်း နက်လာသည့်အခါ တိတ်ဆိတ်ခြောက်ကပ်မှုက အတိုင်းထက်အလွန် ဖြစ်လာသည်။ နှင်းများသည် ကင်းတဲခေါင်မိုးပေါ်သို့ တဖျောက်ဖျောက် ကျဆင်းနေ၏။ ငိုက်မြည်းနေသော ကိုလူမောင်သည် ဝါးခနဲ တစ်ချက်သမ်းဝေလိုက်သည်။

'မင်း သိပ်အိပ်ချင်နေရင် တရေးလောက် အိပ်လေကွာ၊ တို့နှစ်ယောက် စောင့်နေမယ်၊ အကြောင်းရှိတော့ တို့နှိုးမပေါ့' လွန်းတင်က ပြောလိုက်သည့်အခါ ကိုလူမောင်မှာ ဟန်ပင်မဆောင်နိုင်တော့ချေ။ ကောက်ရိုးခင်းများပေါ်တွင် တုံးလုံးလှဲချလိုက်ရာမှ သူ့ကိုယ်တွင် ပတ်ထားသော ကုလားဝှမ်းစောင်ကို တစ်ကိုယ်လုံး ဆွဲခြုံလိုက်လေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



တစ်ခဏမျှသော အချိန်ကလေးအတွင်း ကိုလူမောင်မှာ တရှူးရှူးနှင့် သက်ပြင်းရှူရင်း အိပ်ပျော်သွားတော့သည်။ ကောင်းဖဲနှင့် လွန်းတင်တို့ နှစ်ယောက်မှာ မီးပုံအနီးတွင် ထိုင်ကာ သစ်ကိုင်းခြောက်များ ထင်းပေါက်စများကို မီးထည့်လျက်ရှိကြ၏။ ပတ်ဝန်းကျင်တစ်ခုလုံး၌ နှင်းထုသည် သိပ်သည်းကြီးမားစွာ ကျဆင်းလျက်ရှိ၏။ ကြက်ဦးတွန်၍ လင်းအရဏ်ဘက်သို့ပင် တစ်စစ ကူးပြောင်းလာလေပြီ။

တခေါခေါနှင့် အိပ်ပျော်နေသော ကိုလူမောင်မှာမူ ချောက်ချားသော အိပ်မက်ပေါင်းများစွာနှင့် နဘန်းလုံးနေ၏။ လူကသာ တခေါခေါ အိပ်မောကျနေသော်လည်း သူ၏ ဝိညာဉ်မှာ ကြောက်စရာ အမျိုးမျိုး လန့်စရာ အသွယ်သွယ်နှင့် တွေ့ဆုံနေရသည်။

လွန်းတင်နှင့် ကောင်းဖဲတို့ နှစ်ဦးမှာ မီးဖိုအနီးတွင် ထိုင်ကာ မီးငွေ့လှုံရင်း ငိုက်မြည်းနေကြသည်။ မီးဖိုအနီးတွင် မြေပေါ်တွင် ဖင်ချကာ ထိုင်နေသော သူတို့နှစ်ယောက်၏ ကိုယ်ခန္ဓာကြီးများမှာ တစ်ခါတစ်ခါ အငိုက်လွန်၍ ရှေ့သို့ငိုက်ခနဲ ငိုက်ခနဲ ကျသွားသည်။ သို့ရာတွင် သူတို့နှစ်ဦးမှာ ငိုက်မြည်းမှုရပ်မသွားပေ။ ဆက်၍သာ ငိုက်ကောင်းတိုင်း ငိုက်နေကြ၏။

အချိန်သည် ကုန်၍ ကုန်၍ သွားချေပြီ။ ဘယ်အချိန် ဘယ်နာရီရှိပြီကိုကား တိတိကျကျ မသိရပေ။ မီးပုံနားမှ နှစ်ယောက်သားမှာ ထိုင်ရက်သား ငိုက်မြည်းနေရာမှ နဘေးသို့ ခွေကျသွားကြတော့ပြီ။

ဤအချိန်၌ပင် လေအတိုက်ရပ်သွား၏။ ထိုကဲ့သို့လေအတိုက်ရပ်သွားသည့်အခါ သူ့ခန္ဓာ အတ္တဘောကြီးမှာ မှီတွယ်ရာကင်းမဲ့သဖြင့် မြေပြင်သို့တဖြည်းဖြည်း ထိုးကျလာသည်။ ပထမ၌သော် တဖြည်းဖြည်း တရွေ့ရွေ့သာ ဖြစ်သော်လည်း အရှိန်က တစ်စတစ်စ မြန်မြန်လာ၏။ ဤအတိုင်းဆိုက မြေပြင်သို့ ပြန်ရောက်သည့်အခါ သူသည် အရိုးတခြား အသားတခြား ဖြစ်ဖွယ်သာ ရှိလေပြီ။

'အောင်မယ်လေး သေပါပြီဗျ' ကိုလူမောင်သည် မျက်စိကိုမှိတ်ကာ တအားကုန်းအော်လိုက်မိသည်။

'ဟေ့ကောင် ဟေ့ကောင် လူမောင် မိုးလင်းနေပြီကွ၊ ဘာယောင်အော်နေတာလဲ'

လွန်းတင်သည် စောင်မရှိ လုံကွင်းမရှိဘဲ ဘွားဘွားကြီးပေါ်နေသော ကိုလူမောင်၏ တင်ပါးကြီးကို ဖျန်းခနဲ ရိုက်ရင်းက နိုးလိုက်သည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ထိုအခါမှ ကိုလူမောင်သည် ကယောင်ကတမ်းနှင့် ထလိုက်၏။ သူ့မျက်လုံးများကိုလည်း ပွတ်ကြည့်လိုက်မိသည်။

မိုးစင်စင်လင်းနေသည့်တိုင် နှင်းတွေက ဝေနေတုန်းပါချေကလား။

❑

[၅]

## တိမ်ကြားမင်းခေါင်နှင့် ပေတောကုန်း

တစ်လကုန်၍ တစ်လဆန်းလာခဲ့၏။ သို့ရာတွင် ကိုလူမောင်တို့ ပေတောကုန်း ရွာသူရွာသားများ မျှော်လင့်နေကြသော ဂျပန်ဆိုသူတို့ကား လုံးဝပင် မရောက်လာသေးချေ။ ကိုလူမောင်မှာ အတော်အတန် စိတ်သက်သာ စိတ်အေးမိသည်။ ရွာသူရွာသားများမှာလည်း ယခင်ကလို အလုပ်အကိုင်မပျက် အသွားအလာမပျက် ဖြစ်စပြုလာသည်။

ဤလို သူတို့ပေတောကုန်း ရွာငယ်သို့ ဂျပန်များ မလာရောက်ကြသေးသည့်တိုင် သုံးရောင်ချယ် လက်ပတ်များကို ပတ်ထားသော တို့ဗမာသခင်များမှာ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ပေါက်လာတတ်၍ သူကြီး ဦးသီဟ အိမ်တွင် ဘာတွေ ပြောကြဆိုကြသည်မသိ၊ ဝင်ဟယ် ထွက်ဟယ်တော့ ဖြစ်နေကြသည်။

သို့ရာတွင် ထိုကိစ္စများကို ကိုလူမောင်မှာ ဘာမျှ မသိပေ။ ရွာဆော် ကိုမြတ်ကျော်နှင့် တွေ့ကြသည့်အခါများ၌ ကိုမြတ်ကျော်ကိုယ်တိုင်ကပင် နှုတ်ဆိတ်နှုတ်နည်း၍ နေတတ်ပြန်လေသည်။ နောက်တော့ သူကြီး ဦးသီဟ၏ နှစ်လုံးပြူး သေနတ်ကို တို့ဗမာသခင်ဆိုသူများနှင့် ရဲဘော်ဆိုသူများ လာရောက်ယူငင်သွားကြောင်း သိရလေသည်။

သူကြီး ဦးသီဟမှာ ရွာအုပ်ချုပ်ရေးကို ယခင်အခါများကထက် ပိုကာ ဂရုစိုက်လာကြောင်း တွေ့ရလေသည်။ ယခင်က သူတို့ ကင်းသမားများမှာ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



တုတ်မဆောင် ဓားမဆောင်ဘဲ ကင်းစောင့်နိုင်သော်လည်း ယခုအခါ ဝါးချွန်ကိုယ်စီကိုင်လျက် ကင်းစောင့်ကြရသည်။ ညကင်းစောင့်သည့်အခါများတွင် အထူးသတိထားလျက် စောင့်ကြရမည်ဟု သူကြီးက ဆိုလေသည်။ ဘာကို သတိထားရမည်ကိုမူ ကိုလူမောင် လုံးဝ မသိ၊ အခြားကင်းသမားများလည်း မသိကြပေ။ သူတို့တစ်တွေမှာ ဘာမှန်းမသိသော အလုပ်ကို လုပ်နေရသူတွေသာ ဖြစ်လေသည်။

ဤနေ့တွင် ကိုလူမောင်သည် မိုးတွင်းနွားစာအတွက် ကောက်ရိုးများကို တလင်းမှနေကာ အိမ်နောက်နွားတင်းကုပ်နှင့် မလှမ်းမကမ်းတွင် ရှိသော ကောက်ရိုးစင်သို့ လှည်းဖြင့် သယ်ယူနေလေသည်။

နေမပူမီအချိန်တွင် လှည်း ၃ ခေါက်လောက် ရထားရန်အတွက် ရည်ရွယ်ထားသည်၊ ခိုင်းနွားနှစ်ရှဉ်းနှင့် နွားမတစ်ကောင် နွားပေါက်စလေးတစ်ကောင်ရှိပေရာ မိုးတွင်းမိုးအခါအတွက် နွားစာကောက်ရိုးကို အလုံအလောက် သယ်ယူထားရန် အရေးကြီးလှပေသည်။

နေသည် အတန်ငယ် မြင့်လာ၍ ပူစပ်စပ် ဖြစ်လာသည်။ ကိုလူမောင်တွင် အင်္ကျီမပါပေ။ သူ့ကျောကုန်း ပြောင်ပြောင်ကြီးမှာ နေရောင်နှင့် တွေ့သည့်အခါ တလက်လက် တဖိတ်ဖိတ်တောက်ပနေသည်။ ဤမျှပြောင်လက်သော ကျောပြင်ကြီးသည် နွေဥတု၌ လည်းကောင်း၊ ဆောင်းဥတု၌ လည်းကောင်း၊ မိုးဥတု၌ လည်းကောင်း ပေပေတေတေ ပူသမျှ အေးသမျှ ချမ်းသမျှဒဏ်ကို ခံခဲ့ရပြီးဖြစ်သည်။ သူ့ကျောပြင်သည် ဥတုသုံးပါးစလုံးခံသည်ဟူသော နတ်သမီးတံဆိပ်မီးခြစ်ကဲ့သို့ပေတည်း။ မိမွေးတိုင်း ဖမွေးတိုင်းတော့ မဟုတ်လေတော့။

'ကျောပူမှ ဝမ်းအေး'ဟူသော ဘဝသည် ကိုလူမောင်တို့၏ ဘဝသာလျှင် ဖြစ်၏။ စအိုထဲကို ရွှံ့တစ်ပိဿာလောက်ဝင်ပါမှ ထမင်းဝအောင် စားရသော ဘဝမျိုးဟု မြို့ကလူတွေက ပြောစမှတ်ပြုကြသော်လည်း အိန္ဒိယမှ ကုလားလူမျိုး ချစ်တီးယားများ မြန်မာပြည်သို့ ရောက်ရှိလာသောအချိန်၌မူ စအိုထဲသို့ ရွှံ့ခွက်တစ်ဆယ်ဝင်သည့်တိုင် ထမင်းတစ်ဝမ်းမဝချင်တော့ပေ။

အရှေ့ပေတောကုန်းရွာဆီမှ မောင်းနှင်လာသော စပါးသယ် လှည်းများသည် လှည်းပဒေါင်းကြိတ်သံ တကျွီကျွီ မြည်လျက် သူ့တလင်းနဘေးမှ ဖြတ်သန်းကာ မောင်းနှင်သွားသည်။ အားလုံးပေါင်း လှည်းဆယ်စီးဖြစ်လေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မြို့ပေါ်သို့ စပါးသယ်သော လှည်းများဖြစ်၏။ ဤလှည်းများသည် မြို့ပေါ်နေ မြေရှင်ကြီးများထံမှ လှည်းများဖြစ်ကြ၍ လယ်ခ၊ သီးထောက်ခနှင့် ကြွေးမြီးများ အတွက် လယ်သမားများထံမှ စပါးများကို လာရောက်သိမ်းယူခြင်းဖြစ်ကြသည်။

ကိုလူမောင်သည် လှည်းပေါ်သို့ ကောက်ရိုးများကို ပွေ့တင်နေ၏။ လှည်းတစ်ဝက်ခန့် ကောက်ရိုးများကို တင်ပြီးသွားပေပြီ။ ဤလို သူ ကောက်ရိုးများတင်နေ၍ လှည်းတစ်စီးပြည့်လုနီးသောအချိန်တွင် လှည်းလမ်းကြောင်း အတိုင်း အနောက်မှ အရှေ့သို့ လာကြသော လူသုံးယောက်တို့အား မလှမ်းမကမ်း တွင် မြင်လိုက်ရသည်။ လာနေသူများမှာ သုံးယောက်စလုံး ပင်နီအင်္ကျီနှင့်ချည်း ဖြစ်ကြသည်။ သူတို့၏ ခေါင်းတွင် အဆောင်းလုံးဝမပါပေ။ သုံးယောက်စလုံး ခြေလှမ်းခပ်သွက်သွက် လျှောက်လာကြသည်။

ဘယ်သူတွေများပါလိမ့်၊ မြို့ပေါ်က တို့ဗမာသခင်တွေနဲ့ တူလေရဲ့၊ ဘယ်များသွားကြမလို့ပါလိမ့်။ ကိုလူမောင်၏ ဝမ်းတွင်းမှ မေးခွန်းများမှာ ပွင့် အာ၍ မထွက်လာပေ။ သူ့ကိုယ်သူ ဝမ်းတွင်း ကြိတ်မေးနေမိခြင်း ဖြစ်သည်။ ထိုသူသုံးယောက်မှာ တဖြည်းဖြည်း သူနှင့် နီးလာ၏။ ကိုလူမောင်သည် လုပ်ငန်းကို ရပ်နားလိုက်ပြီး ထိုသူသုံးယောက်ကို စူးစူးစိုက်စိုက်ကြည့်နေလိုက်မိသည်။

'ကိုလူမောင်လားဗျို့၊ ဟေ ကိုလူမောင်'

လူသုံးယောက်အနက် တစ်ယောက်သော သူသည် ခပ်လှမ်းလှမ်းမှ နေကာ အော်ဟစ်၍ သူ့ကို နှုတ်ဆက်လိုက်သည်။ ဤအသံကို ကိုလူမောင် ကြားဖူးသလိုရှိ၏။ ဘယ်သူများပါလိမ့်ဟု ဂရုစိုက်၍ ကြည့်လိုက်မိ၏။ နေရောင်က ထိုးနေသဖြင့် ဘယ်သူဘယ်ဝါ ဖြစ်သည်ဟု သူ မှန်းဆမရပေ။

'ဟေ့ ကိုလူမောင်'

'ဟာ သခင်ဘခွေးကြီး၊ သခင်ဘခွေးကြီး ဘယ်က လာလို့ ဘယ်သွား မလို့တုန်း'

'ကျုပ် မြို့ကလာတာပဲ၊ ကိစ္စလေးနည်းနည်းရှိလို့ ရွာကို ခဏသွား မလို့ ကိုလူမောင်'

သခင်ဘခွေးကြီးက ကိုလူမောင်နှင့် စကားရပ်ပြောနေသည့်အခါ သခင် ဘခွေးကြီးနှင့်အတူ ပါလာသော တို့ဗမာသခင်နှစ်ယောက်က အနီးမှ ရပ်စောင့် နေကြသည်။ ကိုလူမောင်မှာ မည်သည့် အကြောင်းကြောင့် မဆိုနိုင်ပေ။ သခင်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဘခွေးကြီးကို ယခုလို အခါမျိုးတွင် တွေ့မြင်လိုက်ရသည်မှာ အင်မတန်ပင် အားတက်မိသည်။ ယခင်အခါများတုန်းကဆိုပါလျှင် ကိုလူမောင်မှာ သခင်ဘခွေး ကြီးနှင့် တွေ့ရ၍ မည်သို့မျှ အကြောင်းမထူး ဝမ်းမသာမိသော်လည်း ယခုမူ အလွန်တရာ ဝမ်းသာမိ၏။ သူ ဝမ်းသာသောအကြောင်းမှာ အဘယ်ကြောင့် ဟူ၍ကား ဝေခွဲမရပေ။

'သခင်ဘခွေးကြီး၊ မြို့ပြန်သွားရဦးမလားဗျ'

'ဟာ ကိုလူမောင်နှယ်၊ ဘယ်နှယ် မေးပါလိမ့် သွားရမပေါ့ဗျာ၊ ခု ကိစ္စရှိလို့ ခဏပြန်လာတာတောင် လွန်လှပြီ၊ ကျုပ်တို့မယ် ခုနေခါ သိပ်အလုပ် တွေ များနေတာ၊ မြန်မာတစ်ပြည်လုံးရဲ့ အရေးကိစ္စတွေဟာ ကျုပ်တို့ လက်ထဲ မှာ ဖြစ်နေတယ်၊ နီပွန်တပ်မတော်တွေကိုလဲ လိုအပ်သလို ကျုပ်တို့က အကူ အညီပေးနေရတယ်၊ တိုင်းပြည် လွတ်လပ်ရေးရဖို့အတွက် ဆိုတာ လွယ်လွယ် ရတဲ့ အလုပ်မျိုး မဟုတ်ဘူးဗျ'

သခင်ဘခွေးကြီးသည် သူ့ထုံးစံအတိုင်း နိုင်ငံရေးဆန်ဆန် စကားများ ကို ပြောဟောတော့၏။ ကိုလူမောင်မှာ ပါးစပ်အဟောင်းသား နားထောင်နေရ သည်။ သခင်ဘခွေးကြီးသည် နောက်ထပ်၍ စကားအတော်များများကို ပြောပြီး မှ 'ကဲ နေပူရော့မယ် ကျုပ်တို့ သွားလိုက်ဦးမယ် ကိုလူမောင်၊ သူကြီး ဦးသီဟ ကိုလဲ ပြောလိုက်ပါဗျာ၊ ကျုပ် လာခဲ့ဦးမယ်လို့' ဟု သူ့စကားကို အဆုံးသတ် ပြောလိုက်သည်။

'ပြောလိုက်ပါမယ်ဗျာ၊ ပြောလိုက်ပါမယ်'

'ကဲ ကျုပ်တို့သွားမယ် ကိုလူမောင်'

သခင်ဘခွေးကြီးသည် ကိုလူမောင်ကို နှုတ်ဆက်ပြီးနောက် အဖော် နှစ်ယောက်နှင့်အတူ ကိုလူမောင်၏ အနီးမှ ထွက်ခွာသွားတော့၏။ ကိုလူမောင် သည် သခင် ဘခွေးကြီးနှင့် သူ့အဖော်နှစ်ဦးတို့အား အငေးသား ကြည့်နေမိရာမှ မလှမ်းမကမ်းသို့ ရောက်သွားမှပင် တစ်စုံတစ်ရာကို သတိရဟန်ဖြင့် 'ဒါထက် သခင်ဘခွေးကြီး ကျုပ်တို့ကိုလဲ မေ့မနေပါနဲ့နော်'ဟု လှမ်းအော်၍ ပြောလိုက်၏။

'ဟား ဟား ဟား... မမေ့ပါဘူးဗျာ၊ မေ့ပါဘူး'

သခင်ဘခွေးကြီးသည် တဟားဟား ရယ်မောရင်းမှ ကိုလူမောင်အား ပြန်အော်ပြောသွားလေသည်။

*

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



နေ့လယ်ခင်း နေကျက်ကျက်ပူနေသော အချိန်ဖြစ်၏။

ကိုလှမောင်မှာ နံနက်ထမင်းစားပြီးအချိန်မှစကာ ဆေးလိပ်ဝါးလိပ်များ သောက်ပြီးနောက် အိမ်ခေါင်းရင်း တစ်နေရာတွင် ထမင်းလုံးစီရာမှ တရှူးရှူး အိပ်ပျော်နေသည်။

ငြိမ်းမယ်နှင့် မိခေါင်းတို့သားအမိနှစ်ဦးမှာ နံနက်ခင်းအချိန်က ကိုလှ မောင်နှင့်အတူ ကွမ်းခြံမှ ခူးလာသော ကွမ်းများကို စနစ်တကျ စီကာ ပုတ်များ အတွင်းသို့ ထည့်နေ၏။ အဆင်သင့်လျှင် ကွမ်းရွဲထံမှ ကွမ်းယူမည့်သူ ရောက်ရှိ လာပါက အဆင်သင့်ချိန်ကာ ပေးလိုက်ရန်ပင် ဖြစ်သည်။ ခုတလောတွင် ယခင်က ထုံးစံအတိုင်းပင် မြို့ပေါ် ကွမ်းရွဲထံမှ ကွမ်းများကို မှန်မှန်လာသိမ်း နေပြန်သည်။

ထိုအခိုက် ရွာလမ်းမဆီမှ လူသံတွေ ဆူဆူညံညံ ကြားလိုက်ရသည်။ ခွေးဟောင်သံများကိုလည်း ကြားရ၏။ ကိုလှမောင်ပင် အိပ်ပျော်နေရာမှ ငုတ်ခနဲ ထထိုင်လိုက်သည်။

နောက်တော့ ခွေးသံတွေကော လူသံတွေပါ သူကြီးအိမ်လောက်တွင် ပျောက်သွားလေသည်။

'ဘာသံတွေလဲဟ ငြိမ်းမယ်၊ ဆူဆူ ဆူဆူနဲ့'

ကိုလှမောင်က သူကြီးအိမ်ဆီသို့ လှမ်းမျှော်ကြည့်ရင်း ငြိမ်းမယ်ကို မေးလေသည်။

'ကျုပ်လဲ ဘယ်သိပါ့မလဲတော့၊ ကြားတော့ ကြားလိုက်တာပဲ၊ ထများ ကြည့်လိုက်ပါလားတော်၊ တော့မလဲ ဖင်ဗြစ်ဆွဲနဲ့'

ငြိမ်းမယ်က သူ့ကို မျက်စောင်းထိုးရင်း ပြောလေသည်။

ကိုလှမောင်သည် တွန့်ရင်း လိမ်ရင်းမှ ထိုင်ရာက ထလိုက်၏။ ထို အခိုက် သူ့သားခွေးညိုသည် နေပူထဲမှ အပြေးအလွှား ဝင်ရောက်လာသည်။ အိမ်ပေါ်သို့ မရောက်မီ ဘူးစင်အောက်မှ နေကာ ခွေးညိုသည် အထိတ်တလန့် အော်ဟစ်လိုက်၏။

'အဘ အဘ သူကြီးအိမ်မှာ ဂျပန်ကြီးတွေ ရောက်နေပြီဗျ'

'ဟေ မင်းတွေ့ခဲ့တာလား'

ကိုလှမောင်က မျက်လုံးအပြူးသားနှင့် မေးလိုက်သည်။ ဘာကြောင့် မှန်းမသိပေ။ သူသည် ဂျပန်ဆိုသော အသံကို ကြားလိုက်ရလျှင် ကြောက်သလို ရွံ့သလို ဖြစ်မိသည်။ ခွေးညိုမှာ ထိုအခိုက် အိမ်ပေါ်ဆင့်သို့ ရောက်လာသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တွေ့ခဲ့တယ်ဗျ'

'ဂျပန်တွေဆိုရင်တော့ သေသေချာချာ သွားကြည့်ရရင် ကောင်းမယ် ဟေ့၊ ဈေးထဲမှာတုန်းက လူတွေများလို့ သေသေချာချာ မကြည့်ခဲ့ရဘူး'

သူ့သားခွေးညိုရဲ့ စကားအဆုံးတွင် ငြိမ်းမယ်က ကွမ်းကို ရေနှစ်နေရာမှ ပြောလိုက်သည်။

'အဘ သွားကြည့်ပါလားဗျ၊ ကျွန်တော်လဲ လိုက်ခဲ့မယ်'

'သွားပါလား အဘရဲ့' မိဒေါင်းက ဆိုလေသည်။

'ဟယ် ငါမသွားချင်ပါဘူး'

'တော့်နယ်တော်၊ ယောက်ျားမဟုတ်သလိုဘဲ၊ နေပလေ့စေ၊ ကျုပ်ဟာ ကျုပ် သွားကြည့်မယ်'

သူတို့မိသားစုတွေ အချီအချ စကားများနေကြခိုက် တစ်ဖက်အိမ်မှ ဖိုးနီခွေးသည် ခပ်တုန်တုန် ခြေလှမ်းများဖြင့် ကိုလူမောင်တို့ အိမ်ပေါက်သို့ ဝင်ရောက်လာ၏။ ဖိုးနီခွေးသည် တဖျစ်ဖျစ်မြည်နေသော သူ့ဆေးတံကို ပါးစပ်မှ ချွတ်လိုက်ကာ နဘေးသို့ တစ်ချက်လှည့်၍ တံတွေးကို ဖွီခနဲ ထွေးလိုက်၏။ နောက်တော့ အိမ်တွင်းသို့ ခေါင်းငုံ့ကြည့်လိုက်သည်။

'လာလေ အဘိုး'

ငြိမ်းမယ်က အိမ်တွင်းမှ ဆီးခေါ်လိုက်သည်။ အဘိုးကြီးသည် အိမ်ပေါ်သို့ တုန်တုန်ချိချိ တက်လာသည်။ အိမ်ပေါ်သို့ ရောက် သည့်အခါ အိမ်ဦးခန်းတွင် မှုန်ကုပ်ကုပ်ထိုင်နေသော ကိုလူမောင်ကို လှမ်းကြည့် လိုက်၏။ အဘိုးကြီးက တစ်စုံတစ်ရာကို မေးမည်ပြုပြီးမှ ရုတ်တရက် မမေးသေး ဘဲ ရှိလေသည်။

'သူကြီးအိမ်မယ် ဂျပန်တွေ ရောက်နေသတဲ့ အဘိုးရဲ့' ငြိမ်းမယ်က စကားစ၍ ပြောလေသည်။

'အဲဒါ သိရအောင်လို့ ငါ ဒီဘက် ကူးလာတာ၊ ဘာတဲ့လဲဟဲ့'

'ဘာကိစ္စရယ်လို့ သိရသေးပါဘူး အဘိုးရယ်၊ ကိစ္စရှိလဲ သူကြီးအိမ်က ဆင့်လိမ့်မပေါ့၊ ဒါထက် ကိုကုလားကြီး ဒီနေ့ ကိုင်းထဲ မဆင်းဘူးလား အဘိုး'

'ခုနကတင် မြို့က ပြန်လာတယ်၊ စိမ်းစားဖိုး ပိုက်ဆံရစရာ သွားရှင်းပြီး ပြန်လာစရှိသေးတယ်'

ကိုကုလားကြီးမှာ ဖိုးနီခွေး၏ သားအကြီးဆုံး ဖြစ်သည်။ ဖိုးနီခွေးမှာ

*Facebook@ Nyisay Myanmar Ebook Creator*
*http://www.nyisay.com*



သားသမီး ငါးယောက်ရှိလေရာ အကြီးဆုံးသားမှာ ကိုကုလားကြီးဖြစ်၍ ကျန်လေးယောက်မှာ မိန်းမသုံးယောက် ယောကျ်ားတစ်ယောက်ဖြစ်လေရာ ယောကျ်ားမှာ ပဥ္စင်းဝတ်နှင့် မန္တလေးသို့ ရောက်ရှိကာ ခင်မကန်တိုက်တွင် ပရိယတ္တိစာပေများ သင်ကြားနေသည်။ သမီးသုံးယောက်မှာ သုံးယောက်စလုံး အိမ်ထောင်သည်များဖြစ်လေရာ အဘိုးကြီးနှင့် အတူနေနှစ်ယောက်ဖြစ်၍ တစ်ယောက်မှာ တဇင်ရေကျော်ရွာတွင် သွားရောက်နေထိုင်လေသည်။

ဤအတွင်း ကိုမြတ်ကျော်နှင့် ချစ်မွေးတို့နှစ်ယောက် တစ်အိမ်ဝင် တစ်အိမ်ထွက်နှင့် သူတို့အိမ်ဆီသို့ လာနေသည်ကို ကိုလူမောင် မြင်လိုက်ရသည်။ ဤသူတွေ လာလျှင် သူကြီးအိမ်က ကိစ္စပင် ဖြစ်လေရဲ့ဟု ကိုလူမောင် တွေးမိသည်။ ကိုမြတ်ကျော်နှင့် ကိုချစ်မွေးဆိုသည်က သူကြီး၏ လက်တိုလက်ရှည်လူတွေဖြစ်သည်။ ကိုမြတ်ကျော်နှင့် ကိုချစ်မွေးတို့ နှစ်ဦးသားသည် မကြာမီပင် ကိုလူမောင်၏ အိမ်ရှေ့သို့ ရောက်လာကြ၏။

'လူမောင်ရေ ဟေ့လူမောင်၊ နင့်ယောကျ်ား ရှိသလားဟ ငြိမ်းမယ်' ကိုမြတ်ကျော်က အိမ်ပေါက်မှ လှမ်းအော်လေသည်။ သူတို့သည် အိမ်ထဲသို့ကား ဝင်မလာကြချေ။

'ရှိတယ် ကိုရင်မြတ်ကျော်ရေ'

'ဗျို၊ ရှိတယ်ဗျ၊ ရှိတယ်'

ငြိမ်းမယ်ကကော ကိုလူမောင်ကပါ ရှေ့ဆင့်နောက်ဆင့် အသံပြုလိုက်သည်။ ကိုလူမောင်မှာ ခပ်ငိုင်ငိုင်ထိုင်နေရာမှ အိမ်ပေါက်သို့ ထသွားလေသည်။

'တစ်အိမ်တစ်ယောက် သူကြီးအိမ်ကို လာရမယ်ဟေ့'

ကိုမြတ်ကျော်သည် ကိုလူမောင်အား ထိုကဲ့သို့ ပြောလိုက်ရာမှ ဖိုးနီဒွေးကိုပါ လှမ်းမြင်လိုက်သဖြင့် 'ဘကြီးနီဒွေး၊ ဘကြီးဒွေးတို့အိမ်ကလဲ တစ်ယောက်လာပါဗျ'ဟု တစ်ခါတည်း ပြောလိုက်၏။

'ဘယ်တော့လာရမလဲ ကိုမြတ်ကျော် ခုလား'

'ဟုတ်တယ်ဟေ့ ခုပဲသွားကြ၊ တချို့အိမ်က လူတွေ သွားတောင်ကုန်ကြပြီ'

ကိုမြတ်ကျော်သည် အများကြားလောက်အောင် အော်ပြောလေသည်။ ထို့နောက်၌မူ သူတို့နှစ်ယောက်သည် အခြားအိမ်များသို့ လိုက်ပြောရန်အတွက်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုလူမောင်၏ အိမ်ရှေ့မှ ထွက်သွားလေ၏။

ကိုလူမောင်သည် အိမ်ထရံတစ်နေရာတွင် ချိတ်ထားသော ဆီချေးများ တက်နေသည့် မျက်နှာသုတ်တဘက် တစ်ထည်ကို ထယူကာ သူ့ခေါင်းတွင် ပတ်လိုက်၏။ ဘိုးနီဒွေးမှာ သူ့သားကို သူကြီးအိမ်လွှတ်ရန်အတွက် ပြောကြားရန် ထသွားလေသည်။

'အဘ ကျွန်တော်လဲ လိုက်မယ်ဗျာ' ခွေးညိုက ပြောလေသည်။

'လိုက်ချင်လဲ လိုက်ခဲ့ဟာ'

ကိုလူမောင်သည် ဆေးလိပ်တစ်တိုကို ဆွဲယူမီးညှိလိုက်ပြီး အိမ်ထက်မှ ဆင်းသက်ခဲ့သည်။ သူ့သားခွေးညိုမှာ သူ့နောက်မှ ကပ်ကာ လိုက်ပါသွားလေသည်။

*

ဤတစ်ခေါက် သူကြီး ဦးသီဟအိမ်သို့ ကိုလူမောင် ရောက်ခဲ့သည့်အခါ ယခင်အခေါက်များနှင့် မတူပေ။ အမြင်တစ်မျိုး၊ အတွေ့တစ်မျိုး ဆန်းနေသည်။

သူကြီးအိမ်ပေါ်၌ ရွာသားတွေ အတော်များများရောက်နေပေပြီ။ ကိုမြတ်ကျော်တို့၊ ကိုပန်းမွှေးတို့ကို မတွေ့ရသေးသည့်တိုင် လွန်းတင်၊ ကောင်းဖဲ၊ သံချောင်းနှင့် ဒေါ်ကလေးမ၊ မတဆုပ် စသည့်သူများနှင့် ရွာမြောက်ပိုင်းသား ထွန်းအံ့တို့ လူအုပ်ကိုပါ တွေ့မြင်ရလေသည်။

အိမ်ခေါင်းရင်းဘက်၌မူ စားပွဲတစ်လုံးနှင့် ကုလားထိုင် သုံးလုံးပေါ်၌ ထိုင်ကာ ဖရဲသီးများကို စားနေသည့် ဂျပန်တွေကို တွေ့ရ၏။ ၎င်းတို့နှင့်အတူ ခွေးခြေတစ်လုံးပေါ်၌ ထိုင်နေသူ မြန်မာလူငယ်တစ်ယောက်ကိုပါ တွေ့ရသည်။ ထိုသူငယ်၏ ညာလက်မောင်းတွင် ပိတ်ဖြူပေါ်၌ ဂျပန်စာလုံးအနက်များ ရေးထိုးထားသည့် လက်ပတ်တစ်ခု ပတ်ထားသည်ကို တွေ့ရ၏။

ပင်နီအင်္ကျီဝတ် တို့ဗမာသခင် သုံးယောက်တို့မှာ တန်းလျားတစ်လုံးပေါ်တွင် သုံးယောက်ယှဉ်ထိုင်နေကြသည်။ ဂျပန်များ ထိုင်နေသည့် ရှေ့ရှိလေးထောင့်စားပွဲပေါ်၌ ငှက်ပျောသီးမှည့်များ၊ ဖရဲသီးစိပ်များ အခွံနွှာ၍ ပန်းကန်ပြားတစ်ချပ်ထဲသို့ ထည့်ထားသော စိမ်းစားဥများကို တွေ့ရလေသည်။ ဂျပန် သုံးယောက်နှင့် လူငယ်မှာ သူတို့တစ်တွေကို လုံးဝ ဂရုစိုက်ဟန် မတူပေ။ ဖရဲသီးစိပ်များကိုသာ ပလုတ်ပလောင်းနှင့် အားပါးတရ စားသောက်နေကြလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဂျပန်တွေ နည်းတူပင် တို့ဗမာ သခင်သုံးယောက်တို့မှာ နေပူကျဲကျဲတွင် လာခဲ့ရသောကြောင့်လားမသိ၊ နီနီရဲရဲ ဖရဲသီးစိပ်များကို အားပါးတရ ခွစားနေကြသည်။ သူတို့ကလည်း တစ်ဝိုင်းပင်။

သူကြီး ဦးသီဟနှင့် သူကြီးကတော် ဒေါ်ရွှေခင်မှာ ဂျပန်သုံးယောက်နှင့် တို့ဗမာသခင်များအား ဧည့်ဝတ်ကျေပွန်စွာ ပြုစုနေရသည်။ သူတို့အိမ်က စာရင်းငှားများမှာ မအားရပေ။

သောက်ရေချိုင့်များ၊ ဖန်ခွက်များ၊ လက်သုတ်ပဝါဖြူဖြူသန့်သန့်ကလေးများကို ချထားပေးရလေသည်။ သူကြီး ဦးသီဟနေအိမ်တွင် ဤလိုမြို့ဆန်ဆန် သုံးစွဲသော ပစ္စည်းပစ္စယကလေးများ ရှိပေသည်။ ယခင်ကပင်မြို့ပေါ်မှာ ဌာနအုပ်၊ ရာဇဝတ်အုပ် စသည့်သူများမှာ ဦးသီဟနေအိမ်တွင် မကြာခဏ စတည်းချတတ်သောကြောင့် ဦးသီဟမှာ ဤပစ္စည်း ပစ္စယကလေးတွေကို ဝယ်ယူထားရလေသည်။

ကိုလှမောင်သည် လှအုပ်တွင်းမှနေကာ ဂျပန်သုံးယောက်ကို လည်းကောင်း၊ တို့ဗမာသခင်ဆိုသူများကို လည်းကောင်း၊ ဂျပန်တို့အနီးတွင် အသင့်ချထားသော သေနတ်ကြီးများကို လည်းကောင်း မကြာခဏ မျက်စေ့ရောက်ကြည့်မိ၏။ သို့ရာတွင် ဤလူများနှင့် ဤအရာဝတ္ထုများကို ကိုလှမောင်ခမျာ စူးစူးစိုက်စိုက်နှင့် တာရှည်စွာ အချိန်ဆွဲ မကြည့်ရှုဝံ့ရှာပါ။ သူ့တွင် ထိုမျှလောက်သတ္တိမရှိပါချေ။ တစ်ခါတစ်ခါ သူက အကြည့်လိုက်နှင့် ဂျပန်က အကြည့်လိုက်မျက်စိချင်း မတော်တဆ ဆုံမိကြလျှင် ရင်ထဲတွင် အေးခနဲ၊ ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားလျက် ခေါင်းနဘန်းကြီးသွားတတ်သည်။

ကွမ်းတစ်ယာညက်ခန့် အချိန်ကြာအောင်ပင် ဂျပန်တို့ကား စားကြသောက်ကြသည်။ ဂျပန်တစ်ယောက်မှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများနှင့်ဖြစ်လေရာ ဖရဲသီးမှ အရည်များသည် ထိုဂျပန်၏ မုတ်ဆိတ်မွေးများအတွင်းသို့စီးဝင်၍ ကျလေသည်။

ဂျပန်သုံးယောက်စလုံးပင် ဗိုက်ပြဲဗိုက်လန် စားသောက်ပြီးသွားကြသည့်အခါ တစ်ယောက်သော ဂျပန်က သူတို့နှင့်အတူ ထိုင်နေသော လူငယ်အားတစ်စုံတစ်ရာကို ဂျပန်စကားဖြင့် ပြောလိုက်သည်။ နောက်တော့ ထိုလူငယ်ကောဂျပန်ပါ မတ်တတ်ထလိုက်သည်။ ထိုအခိုက်၌ပင် တို့ဗမာသခင်တစ်ယောက်မှာထိုင်နေရာမှထကာ သူတို့နှင့်အတူ လာရပ်လေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'မာစတာက ခင်ဗျားတို့အားလုံးကို မိန့်ခွန်းစကား ပြောပါလိမ့်မယ်' လူငယ်က အော်လိုက်သည်။

နောက်တော့ ဂျပန်က သူ့ဘာသာစကားနှင့် ပြောလိုက် ဗမာလူငယ်က ဗမာလို ပြန်ပြောလိုက်နှင့် တစ်ပိုဒ်ချင်း တစ်ပိုဒ်ချင်း စကားပြောလေသည်။ ထိုအခါမှ ကိုလှမောင်သည် လူငယ်အား ဂျပန်စကားပြန်ဆိုသည်မှန်း သဘောပေါက်ရိပ်မိသည်။ ထိုလူငယ်မှာ သူ့သားခွေးညိုထက် အနည်းငယ်သာ ကြီးပုံရလေသည်။

ကိုလှမောင်တို့ ရွာသားတွေမှာ အချိန်အတော်ကြာအောင် ဂျပန်၏ပြောကြားမှုများကို နားထောင်ရလေသည်။ ဂျပန်ပြောသော စကားများကို သူတို့နားလည်သဘောပေါက်သည်လည်း ရှိ၏။ အဓိပ္ပာယ်ရှာမတွေ့ဘဲ မျက်စိလည်သွားသည်များလည်း ပါသည်။

အာရှတိုက်သားတွေ သာတူညီမျှ ကောင်းစားရေး ဆိုသည့်အဓိပ္ပာယ်စကားမျိုးနှင့် ဗြိတိသျှနယ်ချဲ့သမားကို မြန်မာ့မြေပေါ် အာရှတိုက်မြေပေါ်မှ အပြီးအပိုင် မောင်းနှင်ထုတ်ရမည်ဟူသော စကားမျိုးကို အဓိပ္ပာယ်ရှင်း၍ သဘောပေါက်ခြင်းကား မရှိပါချေ။

နောက်တော့ ရပ်ရွာ ကာကွယ်ရေးကင်းများကို သတိထားစောင့်ကြရမည်၊ အထူးသတိချပ် ဂရုပြုရမည်။ အင်္ဂလိပ်စစ်သားများ၊ ရန်သူတို့၏ သူလျှိုများကို တွေ့လျှင် ချက်ချင်း ဖမ်းဆီး၍ သူကြီးအိမ်သို့ ပို့ပေးရမည်။ သူကြီးက ဂျပန်စစ်ရုံး သို့မဟုတ် ပုလိပ်ဌာနသို့ အမြန်ဆုံး ပို့ရန်နှင့် ထိုကဲ့သို့ ရန်သူစစ်သားများ၊ သူလျှိုများကို ဖမ်းဆီးပေးပါက ဆုငွေပေးလိမ့်မည်ဖြစ်ကြောင်း နိပ္ပွန်တပ်မတော်သားများကိုမူ အချိန်မရွေး အကူအညီပေးကြရမည်ဖြစ်ကြောင်း ပါရှိလေသည်။

နောက်တစ်ခုမှာ ရပ်ရွာတွင် လူဆိုးများရှိပါက အချိန်မရွေး ပြောကြားခြင်း ပြုရန်နှင့် ထိုသူများကို ဂျပန်တပ်မတော်မှ ပြင်းပြင်းထန်ထန် အရေးယူမည်ဖြစ်ကြောင်း နိဂုံးချုပ် ပြောသွားလေသည်။

ထိုဂျပန်ပြောပြီးနောက် ဒုတိယပြောဟောသူမှာ တို့ဗမာသခင် သုံးယောက်အနက် တစ်ယောက်ဖြစ်လေသည်။ ထိုသူမှာ ဟိုအကြောင်း ဒီအကြောင်း စကားမပြောမီ သူသည် နယ်တာဝန်ခံ တို့ဗမာအစည်းအရုံးမှ သခင်လှမောင်ဆိုသူ ဖြစ်ကြောင်း၊ ဤပေတောကုန်း ရွာငယ်မှာလည်း သူတာဝန်ယူထားသော

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



နယ်ဖြစ်ကြောင်း။ ဤရွာမှ သခင်ဘခွေးကြီးမှာ သူတို့နှင့်အတူ ရွာကို လိုက်လာရန် ဖြစ်သော်လည်း အခြားကိစ္စတစ်ခုကြောင့် မလိုက်လာနိုင်ကြောင်း အစချီကာ စစ်အနိုင်တိုက်နိုင်ရေးအတွက် ဂျပန်တပ်မတော်ကို လည်းကောင်း၊ ဘီအိုင်အေ တပ်မတော်ကို လည်းကောင်း ကူညီအားပေးကြရန်နှင့် နိုင်ငံရေး တရားများကို အတော်ရှည်လျားစွာ ဟောပြောနေခြင်း ပြုလေသည်။

ဤသည်မှစကာ ကိုလူမောင်တို့၏ ပေတောကုန်း ရွာငယ်သို့ မကြာခဏဆိုသလို ဂျပန်များသည် ဝင်ထွက်စ ရောက်ရှိစ ပြုလာတော့လေသည်။ ဘောင်းဘီပြဲနှင့် ဂျပန်များ၊ အင်္ကျီပြဲနှင့်ဂျပန်များ လူရှေ့သူရှေ့မရှောင် မတ်တတ်မှ သေးပေါက်တတ်သော ဂျပန်မှစကာ ကြက်ဥတောင်း၊ ဘဲဥတောင်း၊ ခရမ်းသီးတောင်း၊ ဘူးသီးတောင်း၊ ဂျပန်များအထိ အမျိုးပေါင်းစုံလှတော့ဘိသည်။

ထိုအခါမှပင် ကိုလူမောင်သည် ငြိမ်းမယ်အား အဓိပ္ပာယ် ဖွင့်ဆိုချက်တစ်ခုကို ပြောလိုက်လေသည်။

'အင်း တိမ်ကြားမင်းခေါင်၊ တိမ်ကြားမင်းခေါင်နဲ့ ထွက်လာတော့လဲ ငှက်ပျောတောထဲက ပါကလားကွ'

❑

[၆]

## ပဋ္ဌမမြောက် ကင်းလှည့်

ယနေ့ညမှာ ကိုလူမောင်၏ ညကင်းအလှည့်တာဝန်ကျသောနေ့ပင် ဖြစ်လေသည်။ ဂျပန်များ ရွာသို့ ရောက်ရှိခဲ့ပြီးနောက် ကိုလူမောင် ကင်းစောင့်ခဲ့ရသည့် အကြိမ်ပေါင်းမှာ ဤတစ်ကြိမ်ပါဆိုက ၅ ကြိမ်တိတိ ရှိလေပြီ။

ဂျပန်တွေသည် သူတို့ရွာကလေးတွင် ညအိပ်ညနေ နေကြခြင်း မဟုတ်သော်လည်း နေ့စဉ်နေ့တိုင်း ရောက်၍ရောက်၍ လာတတ်ကြလေသည်။ နောက်၌ကား တစ်နေကုန် တစ်နေခန်း ရွာတွင် နေတတ်ကြသည်။ စားရသည်မှန်သမျှသော သစ်သီးများကိုလည်း ပိုင်ရှင်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ခူးယူတတ်သည်။ ထိုနောက်မှ ဂျပန်စက္ကူ ငါးဆင့်၊ ဆယ်ဆင့် စသည်များကို ပေးလိုသလောက် ပေးကြသည်။ မြို့ပေါ်၌သော်လည်းကောင်း၊ ရွာ၌သော်လည်းကောင်း၊ အင်္ဂလိပ်ပိုက်ဆံကြေးငွေများသည် ကြက်ပျောက်ငှက်ပျောက် ပျောက်ကာ ဂျပန်စက္ကူများ အစားထိုးဝင်ရောက်လာလေသည်။

ဂျပန်တွေ ညနေ ရွာက ပြန်သည့်အခါ သူကြီးဦးသီဟနေအိမ်မှ လှည်းနှင့် အမြဲတန်း လိုက်ပို့ရသည်။ အစသော် သူကြီးအိမ်မှ လှည်းသာ ဖြစ်သော်လည်း နောက်ရက် အတော်ကြာင်းလာသည့်အခါ၌ကား လှည်းနွားရှိသော ရွာသားများမှာ အလှည့်ကျ လိုက်ရတော့လေသည်။ တစ်ခါတစ်ခါများ၌ကား ဂျပန်တို့သည် ရွာမှ ဆန် အစရှိသည်များကို တောင်းရမ်းကာ ကြက်ဥ၊ ဘဲဥ စသည်များကိုသော်လည်းကောင်း၊ ကြက်ဘဲစသော ဟင်းလျာများကို ပေးချင်သလောက် ပေး၍သော် လည်းကောင်း ဝယ်ခြမ်းကာ ထမင်းဟင်းချက်ပြုတ် စားတတ်ကြသည်။

သို့နှင့် တစ်နေ့တွင် ဂျပန်ငါးယောက် သူတို့ရွာငယ်သို့ ရောက်လာကြလေသည်။ ဂျပန်တွေသည် သူကြီး ဦးသီဟအိမ်သို့ ဝင်ရောက်ပြီးနောက် သူကြီးအိမ်မှ စာရင်းငှား ကိုကြက်ရိုးကို ခေါ်ကာ ရွာကလေးအတွင်းသို့ လှည့်ပတ်သွားလာတော့သည်။ ဂျပန်များသည် ကိုမြတ်ကျော် အိမ်ရှေ့သို့ ရောက်သည့်အခါ ကိုမြတ်ကျော် အိမ်ရှေ့အုန်းပင်မှ အခိုင်လိုက် အတွဲလိုက် သီးနေသော အုန်းသီးများကို တွေ့ရသဖြင့် သူတို့ခေါ်လာသော ကိုကြက်ရိုးအား အုန်းပင်ကို လက်ညှိုးထိုးပြလျက် အုန်းသီး အတက်ခိုင်း၏။ ကိုမြတ်ကျော် ကိုယ်တိုင်မှာလည်း အိမ်အတွင်းမှ ထွက်လာကာ ကိုကြက်ရိုး၏ အုန်းပင်တက်ရေးကို ကူညီမှုပြုရလေသည်။

ဂျပန်တို့ကား အုန်းသီးဆယ်လုံးတိတိကို ရသည့်အခါတွင် ကိုကြက်ရိုးအား ထိုအုန်းသီးများကို ထမ်းပိုးစေကာ သူကြီးအိမ်သို့ ယူဆောင်သွားကြ၏။

ထို့နောက်၌ကား ဂျပန်တို့ မြို့သို့ ပြန်ကြသည့်အခါတွင် ကိုကြက်ရိုးအား စာတစ်စောင်ကို ရေးသား၍ ပေးသွား၏။ စာမှာ ဂျပန်စာဖြစ်လေရာ တစ်ရွာလုံးက စာ၏အဓိပ္ပာယ်ကို ဘာတစ်ခုမျှ နားမလည်ပေ။ သို့ရာတွင် ဂျပန်တို့က ပေးထားသော စာဖြစ်သဖြင့် အမြတ်တနိုး သိမ်းဆည်းထားလေသည်။ နောက်ထပ်၍ ဂျပန်တွေ ရွာသို့ လာသည့်အခါများ၌လည်း ကိုကြက်ရိုးမှာ ဂျပန်များ ရေးသားပေးသွားသော စာရွက်ငယ်ကို ထုတ်၍ ထုတ်၍ ပြလေသည်။ သူကြီး ဦးသီဟ၏ နေအိမ်သို့ ရောက်လာသော ဂျပန်များကလည်း ကိုကြက်ရိုး၏ စာရွက်ငယ်ကို ကြည့်ရှုကာ သဘောကျ နှစ်ခြိုက်ဟန်ဖြင့် ကျေသပ်ရင်သပ်ပြုလျက် ကိုကြက်ရိုးအား ရွာတွင်းသို့ ခေါ်ဆောင်သွားကာ အုန်းပင်များကို တက်ခိုင်းပြန်သည်။

ဤလိုနှင့်သာ သူကြီးအိမ်သို့ လာရောက်သမျှ ဂျပန်များမှာ ကိုကြက်ရိုး၏ စာရွက်ငယ်ကို ဖတ်ရှုလိုက်၊ အုန်းပင်အတက်ခိုင်းလိုက် ဖြစ်နေလေသည်။ ကြာသော် ရွာကလူတွေသည် ဂျပန်များ ရွာတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့လိုက်လျှင် ကိုကြက်ရိုးတစ်ယောက် အုန်းပင်တက်ရတော့ပေမည်ဟု အတတ်သိနေကြသည်။ ရွာရှိ အုန်းပင်များမှ အုန်းသီးများလည်း ကုန်လေပြီ။

ထိုအခါမှ ကိုကြက်ရိုးကလည်း ဂျပန်တွေ သူ့ကို ရေးပေးထားသော စာမှာ အုန်းပင်တက်ကောင်းကြောင်း ရေးပေးထားသော နာမည်ကောင်းလက်မှတ် ဖြစ်လိမ့်မည်ဟု ရိပ်မိရုံမျှ ရှိလေသည်။ ဤမျှသာမက ဗမာစကား တစ်လုံးစ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



နှစ်လုံးစ တတ်သော ဂျပန်တစ်ယောက်ကမူ ကိုကြက်ရိုးအား လူပုံအလယ်တွင် ချီးမွမ်းထောပနာ ပြုဖူးလေသည်။

'ဘိရမာ အားကြီးကောင်းတယ်၊ နွားလိုပဲ'ဟူ၍ ဖြစ်သတည်း။ ဤလို ချီးကျူးခံရပြီးသည့် နောက်ပိုင်း၌ကား ကိုကြက်ရိုးကလည်း သူ၏စာရွက်ကလေး ကို ဆုတ်ဖြဲ၍ ပစ်လိုက်လေသည်။ သို့ရာတွင် ဂျပန်၏ ဆိုလိုချက်မှာ အုန်းပင် တက်ကျွမ်းကျင်၍ အားခွန်ဗလ ကောင်းလှသော ကိုကြက်ရိုးကို နွားတစ်ကောင် ပမာအားရှိလှသည်ဟု ချီးကျူးခြင်းသာ ဖြစ်ဟန်တူသည်။

ဤအဖြစ် ဤအကြောင်းမျိုးများကို သိရှိထားသော ကိုလူမောင်မှာ ဂျပန်ဟေ့ဆိုလျှင် ခပ်ဝေးဝေးက ရှောင်ကွင်းတတ်သည်။ ဂျပန်တွေ လာသည် ကြားလျှင် သူသည် အိမ်တွင်းပုန်း၍သော် လည်းကောင်း နေတတ်၏။ သစ်တော ကြိုးဝိုင်းဘက်ကိုသော်လည်းကောင်း သွားရောက်ရှောင်တတ်၏။ အလုပ်မရှိ အလုပ်ရှာကာ နွားတင်းကုပ် အတွင်း၌သော် လည်းကောင်း တစ်နေကုန် တစ်နေ ခမ်း ဝင်ရောက်၍ နေတတ်လေသည်။

မြို့ပေါ်က သတင်းများနှင့် မြို့ပေါ်မှ ဖြစ်ရပ်များကို ကိုလူမောင်သည် မည်သို့မျှ ထူးထူးထွေထွေ မကြားမသိရသော်လည်း သူတို့တောနယ်များ၏ အခြေအနေမှာမူ သိပ်မကောင်းလှကြောင်း၊ ကိုလူမောင်တို့တစ်တွေ သိနေပေ သည်။ အနီးအနားရွာများတွင်လည်း ရပ်ရေးရွာရေး ကိစ္စများသည် ကောင်းလှ သည်တော့ မဟုတ်ပေ။ လူဆိုးဓားပြများ ဆူပူလုပ်ရှားကြောင်း၊ ခရီးကဇင်း သွားလာရခြင်းမှာလည်း စိတ်ချလက်ချ မရှိကြောင်း သိကြားရပေသည်။ ငြိမ်းမယ် တို့ သားအမိမှာ မြို့ပေါ်သို့ ရံဖန်ရံခါ သွားရောက်၍ ဈေးနှာ ဝယ်ခြမ်းခြင်း ပြုကြရပေရာ အရှေ့ ပေတောကုန်းမှ လှချော၏ လှည်းကြုံနှင့် လိုက်သွားတတ် ပေသည်။ လှချောကလည်း သူမြို့သို့ သွားမည့်အကြောင်းကို ငြိမ်းမယ်တို့ သားအမိအား ကြိုတင် ပြောကြားထားတတ်သည်။ တစ်ခါတစ်ခါ၌ ငြိမ်းမယ်တို့ သားအမိအား တစ်ရက်နှစ်ရက် အချိန်ငံ့၍ပင် စောင့်ခေါ်တတ်ပေသည်။ သို့ ကြောင့်လည်း ကိုလူမောင်က လှချောအား ကျေးဇူးတင်မိသလို ငြိမ်းမယ်က လည်း လှချောကို အားထားမိပေသည်။

လှချောနှင့် မိဒေါင်းတို့မှာမူ အပျိုဖော်ဝင်စနှင့် လူပျိုဖော်ဝင်စ မတိမ်း မယိမ်း အရွယ်များပင် ဖြစ်သည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မနေ့ညက နှင်းသိပ်မကျပေ။ မြောက်လေ တသုန်သုန် တိုက်ခတ်နေရာမှ မြောက်လေအတိုက်ရပ်သွားကာ တောင်လေတဖြူးဖြူး တိုက်ခတ်သုတ်ဖြူးလာသည့်အခါ နှင်းအကျရပ်သွားသည်။ ဤလိုနှင်းများ အကျရပ်သွားသည့်အခါ၌ ရွာကလေးမှာ တစ်မျိုးကြည့်၍ လှပနေသည်။ နှင်းများသီးထန်စွာ ကျသောအချိန်က စွတ်စွတ်စိုစို ဖြစ်နေသော လယ်ကွက်တွင်းရှိ ရိုးဖြတ်များနှင့် သစ်ပင်၊ မြက်ပင်တို့မှာ နှင်းအကျ ရပ်စဲသွားသည့်အခါ သွေ့သွေ့ခြောက်ခြောက် ဖြစ်လာသည်။ ရွာလယ်လမ်းကလေးမှာ အအေးဒဏ်နှင့် အပူဒဏ်ကို နှစ်ပိုင်းမျှခံလိုက်ရသည့်အခါ သွေ့သွေ့ထပ်ထပ် ဖြစ်လာလေသည်။

ကိုလူမောင်သည် နေအိမ်ပေါက်မှနေကာ လမ်းမပေါ်သို့ မျက်နှာမူကြည့်လိုက်သည်။ ဒီနေ့ညသည် သူ့အဖို့ ကင်းတာဝန် ကင်းလှည့်ကျသော နေ့တစ်နေ့ ဖြစ်၏။ သူသည် အိမ်ပေါက်ဝမှနေကာ ကင်းတဲဆီသို့ ငေးမျှော်ကြည့်လိုက်၏။ သူကြီးဦးသီဟနေအိမ်တောင်ဘက်တွင်ရှိသော ကင်းတဲမှာ သူ့အိမ်ကနေကြည့်လျှင် ခပ်ရေးရေးမျှသာ မြင်ရသည် ကင်းတဲနှင့် သူ့အိမ်သည် လည်းကောင်း၊ သူကြီးအိမ်နှင့် သူ့အိမ်သည် လည်းကောင်း အတော်တော့ အလှမ်းဝေးပါချေသည်။

အမှောင်ပျိုးလာစ အချိန်ရောက်လာ၏။ နေအိမ်ရှေ့ ပိတောက်ပင်ပေါ်မှ ငှက်ကလေးများ၏ မြည်ကြွေးသံကိုလည်း ကိုလူမောင် ကြားရသည်။ နွားလိုက်ရာမှ ပြန်လာဟန်တူသော သူ့သားချေးညို၏ လယ်ကွင်းစပ်ဆီမှ ပုလွေသံခပ်သဲ့သဲ့ကိုလည်း ကြားရတော့သည်။ တစ်ခါတစ်ခါ တောင်လေက ဝှေ့လိုက်သည့်အခါ ပိတောက်ပင်၏ အကိုင်းအခက်နှင့် အရွက်အလက်များသည် တရှဲရှဲမြည်သွားတတ်သည်။ ထိုကဲ့သို့ ပိတောက်ပင်မှ တရှဲရှဲ မြည်လိုက်သံကို ကြားလိုက်ရသည့်အခါ ကိုလူမောင်တွင် သူရဲတစ္ဆေ အခြောက်အလှန့်ခံရသူကဲ့သို့ ဖြစ်မိရှာသည်။

'နိပွန်တပ်မတော်အား ကူညီကြလော'ဟူသည့် စာရွက်ကြီးကို ကိုလူမောင် သတိရမိသည်။ တောင်လေတိုက်ခတ်သံ၊ ပိတောက်ပင်မှ တရှဲရှဲ မြည်သံတို့သည် ကိုလူမောင်အား အမြဲတန်း ဖမ်းစားနေလေသည်။

လေတိုက်သည့်အခါ ပိတောက်ပင်သည် တရှဲရှဲ အသံမြည်၏။ ထိုအသံကို ကြားလိုက်တိုင်း ပိတောက်ပင်ကြီးကို စိတ်ဝယ် ထင်မြင်လာသည်။ ဤလိုထင်မြင်ခြင်းနှင့်အတူ ပိတောက်ပင်တွင် ကပ်ထားသော စာရွက်ကြီးကို မြင်ယောင်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကာ အထိတ်တလန့် ဖြစ်မိ၏။ သူသည် ထိုစာရွက်ကြီးကို တစ်ညက အချိန်မတော်တွင် တက်ဖြုတ်ပစ်ရန် ကြံစည်စိတ်ကူးမိလေသည်။ သို့ရာတွင် တကယ်လက်တွေ့၌ကား သူ ဤကဲ့သို့ မလုပ်ဝံ့၊ မလုပ်ရဲပါချေ။

'မိုးချုပ်ပြီ ကိုလူမောင်၊ ရှင် ကင်းတဲ သွားရမယ် မဟုတ်လား'

ငြိမ်းမယ်က ပြောလိုက်သည်။ ထိုအခါမှပင် ကိုလူမောင်မှာ ငိုင်နေရာ တွေးနေရာမှ သတိများ ပြန်ဝင်လာသည်။ သူသည် အတွေးကို ရပ်လိုက်၏။ သူ့သားခွေးညိုပင် နွားများကို သွင်းပြီး၍ အိမ်ပေါ်သို့ တက်လာလေပြီ။

'အေး သွားမှာပေါ့ကွာ၊ ငါ့အတွက် ဆေးလိပ်ကလေး၊ လက်ဖက်ခြောက်ကလေးများ ပေးပါဦးကွာ'

ကိုလူမောင် အိမ်ထဲသို့ ပြန်လှည့်ဝင်လာလေသည်။ ငြိမ်းမယ်သည် နောက်ဖေး မီးဖိုတွင်းရှိ သမီးကို အော်ပြောလိုက်၏။

'မိဒေါင်းရေ၊ နင့်အဘ ကင်းတဲမှာ သောက်ဖို့ ဆေးလိပ်တို့ လက်ဖက်ခြောက်တို့ ယူပေးလိုက်စမ်း၊ ဟိုကောင်လေးလဲ ထမင်းစားပါစေတော့'

မိဒေါင်းက သူ့အဖေ ကိုလူမောင်အတွက် ဆေးလိပ်နှင့် လက်ဖက်ခြောက် သုံးလေးအိုးခပ်စာလောက်ကို ယူ၍ပေးလိုက်သည့်အခါ ကိုလူမောင်သည် တဘက်တစ်ထည်ကို ဦးခေါင်းတွင် ရစ်ပတ်လျက် ဝါးချွန်တစ်ချောင်းကို ကိုင်ကာ အိမ်ထက်မှ ဆင်းသက်ခဲ့သည်။

'စောင်ယူသွားဦးလေ' ငြိမ်းမယ်က ဆိုလေသည်။

'နေပါစေကွာ၊ ဒီည သိပ်မအေးလှပါဘူး၊ သိပ်အေးလာရင်လဲ ပြန်ယူရပါတယ်'

အိမ်ရှေ့လမ်းမပေါ်သို့ သူရောက်သည့်အခါ လေတိုးဝှေ့လိုက်သဖြင့် ပိတောက်ပင်သည် တရှဲရှဲ မြည်သွားလေသည်။ ကိုလူမောင်၏ စိတ်ထဲတွင် ထောင်းခနဲ ဒေါသထွက်သွားမိလေသည်။ ပိတောက်ပင်ကြီးကို တအားပင်ပြေး၍ ကန်လိုက်ချင်သလိုလို၊ ဝါးချွန်နှင့်ပင် ပြေးထိုးချင်သလိုလို ဖြစ်မိလေသည်။ နောက်တော့ သူသည် ထွီခနဲ တံတွေးတစ်ချက်ထွေးကာ ရွာ၏ တောင်ပိုင်းဘက်သို့ ခပ်သွက်သွက် လျှောက်ခဲ့လေသည်။

ကိုလူမောင် ကင်းတဲသို့ ရောက်သည့်အချိန်တွင် သူ့အဖော်များဖြစ်ကြသော ကောင်းဇံနှင့် လွန်းတင်တို့ သူ့ထက်စောစွာ ရောက်ရှိနေကြပြီဖြစ်၏။ ကောင်းဇံမှာ ထင်းတုံးကြီး တစ်တုံးကို မီးစွဲလောင်ရန် မီးပျိုးနေ၏။ လွန်းတင်မှာ ကဲ့ကော်ပင်ပေါ်မှ ဖျင်းများ ဆူဆူညံညံနှင့် တဂစ်ဂစ် ဖြစ်နေသည်ဆိုကာ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



တုတ်တစ်ချောင်းဖြင့် ပစ်ခတ်လျက်ရှိလေသည်။ မကြာသေးမီ အချိန်ကပင် ဖျိုင်းငှက်များသည် ဤကုံကော်ပင်ပေါ်၌ အသိုက်လာလုပ်ကြသဖြင့် ကင်းတဲခေါင်မိုး တစ်ခုလုံးမှာလည်း ဖျိုင်းချေးများဖြင့် ဖွေးဖွေးဖြူနေ၏။

'မလုပ်ပါနဲ့ လွန်းတင်ရာ၊ သူ့ဟာသူ အိပ်ကြတာ အိပ်ကြပါစေကွာ'

ကိုလှမောင်သည် သူ့လက်တွင် ပါသော ဝါးချွန်ကို ကင်းတဲပေါ်သို့ ပစ်တင်ရင်းမှ လွန်းမောင်ကို ပြောလိုက်လေသည်။

'တဂစ်ဂစ်နဲ့ သိပ်နားပူတာပဲကွ'

လွန်းတင်သည် နောက်ထပ်မပြောတော့ပေ။ ကိုလှမောင်နှင့် ကောင်းဇံတို့ရှိနေရာ ကင်းတဲပေါ်သို့ လှည့်လာလေသည်။

'ရေနွေးအိုးတော့ တည်ဦးမှပဲ'

လွန်းတင်က ပြောပြောဆိုဆိုပင် မြေလက်ဖက်ရည်အိုးကို ဆွဲယူကာ ကင်းတဲအနီးရှိ ကိုမြတ်ကျော်အိမ်တွင် သွားရောက်၍ ရေထည့်လေသည်။ သူ ကင်းတဲသို့ ပြန်လာသောအခါတွင် ထင်းတစ်ပွေ့ပါလာလျက် ကိုမြတ်ကျော်သည်ပင် သူနှင့်အတူ လိုက်ပါလာလေသည်။

ထိုည ညဦးပိုင်းအချိန်၌ ကိုလှမောင်တို့၏ ကင်းတဲကလေးတွင် လူအတော်စုံလင်လှလေသည်။ လဆန်းရက်ဖြစ်ခြင်းကြောင့် လရောင်ကလေးမှာ ခပ်မှုန်ဝါးဝါးသာနေသည်။ ယခင်ရက်များကလို မဟုတ်တော့ဘဲ ရွာကလေးမှာ ညဘက်များတွင် စိုစိုပြည်ပြည် ရှိနေပြန်သည်။ ပုလွေသံကလေးများကိုလည်း ကြားရ၏။ အိမ်ပေါက်စေ့မှ မီးရောင်ကလေးများ တလက်လက်ကိုလည်း မြင်တွေ့ရသည်။

ကင်းတဲပေါ်တွင် ရေနွေးကြမ်းကို တစ်အိုးပြီးတစ်အိုး သောက်ရင်းမှ ကိုလှမောင်တို့တစ်တွေ စကားဝိုင်းဖွဲ့ကြလေသည်။ ရွာဆော် ကိုမြတ်ကျော်၊ ဆယ်အိမ်ခေါင်း ကိုပန်မွေး၊ ကဇင်းငူမှ ပြန်လာသော ရွှေလှကြီးနှင့် သံချောင်းတို့ပါ ကင်းတဲသို့ လာရောက်စကားပြောနေကြလေသည်။ သူတို့အားလုံးသည် ဂျပန်များအကြောင်းကိုသော်လည်းကောင်း၊ အင်္ဂလိပ်များအကြောင်းကိုသော်လည်းကောင်း၊ တို့ဗမာသခင်များအကြောင်းကိုသော် လည်းကောင်း ရောက်တတ်ရာရာကို တစ်ယောက်တစ်မျိုး ပြောဆိုနေကြခြင်း ဖြစ်လေသည်။

ဤအထဲက သူတို့သည် ရွှေလှကြီးထံမှ သတင်းဆန်း သတင်းထူးတစ်ခုကို ကြားသိကြရလေသည်။ ရွှေလှကြီးမှာ ထိုနေ့ညနေတွင်မှ ကဇင်းငူက ပြန်လာသူတစ်ယောက်ဖြစ်လေရာ ကဇင်းငူရွာတွင် ဂျပန်များက ဓားပြနှစ်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ယောက်ကို ဖမ်းဆီး၍ သူကြီးနေအိမ်တွင် ချုပ်နှောင်ထားသည်ဟူသော သတင်း ဆန်း တစ်ခုပင် ဖြစ်လေသည်။ ဖမ်းမိသော ဓားပြနှစ်ယောက်မှာ ချက်ကြီးအမည် ရှိသော ဓားပြခေါင်းဆောင် တစ်ဦးနှင့် သူ၏နောက်လိုက် ပစ်တိုင်းထောင် အမည်ရှိသူတို့ပင် ဖြစ်လေသည်။

ချက်ကြီးနှင့် ပစ်တိုင်းထောင်ဟုဆိုလျှင် ဤအနီးအပါး ရွာများဖြစ် သော ပေတောကုန်း၊ ကဇင်ငူ၊ ညောင်ပင်ကွင်း၊ မြတ်လုချောင်း စသော ရွာ များက သိရှိကြသည်။ ချက်ကြီး ခေါင်းဆောင်သော ဓားပြဂိုဏ်းသည် ဤနေရာ တစ်ဝိုက်တွင် အထူးပင် နာမည်ကြီးနေသော ဓားပြဂိုဏ်းဖြစ်၍ အဖွဲ့ဝင်ပေါင်း နှစ်ဆယ်ကျော်၊ အစိတ်ခန့်ရှိသည်ဟု ဆိုလေသည်။ သို့ရာတွင် ဤဓားပြဆိုသူ များသည် ဤရွာငယ်များတွင် တိုက်ခိုက်ကြသည် မဟုတ်ဘဲ မြစ်ကြောင်းတွင် သွားလာနေသော လှေသမ္ဗာန်များအား မြစ်ကျိုးကွေ့မှနေ၍ တိုက်ခိုက်လုယက် ကြခြင်း ဖြစ်သည်ဟု ကိုလူမောင် ကြားဖူးလေသည်။

ကိုလူမောင်မှာ ရွှေလုကြီးထံမှ ဤသတင်းစကားကို ကြားသိရသော် လည်း ထူးထူးခြားခြား စိတ်မလှုပ်ရှားမိပေ။ အဘယ့်ကြောင့်ဆိုရပါမူ ဓားပြများ ကို ဖမ်းဆီးမိသည်ဆိုပါက ဂတ်ပို့၊ ရုံးတင်၊ တရားစွဲ၊ ထောင်ချ၊ ဤမျှသာ ဖြစ်၍ ဤလိုအဖြစ်မျိုးမှာ သမားရိုးကျသာဟု ကိုလူမောင် တွေးမိသောကြောင့် ဖြစ်လေသည်။

ကိုမြတ်ကျော်တို့ ရွှေလုကြီးတို့ လူစုမှာ ညဥ့်နက်လာသည့်အခါ၌ အသီးသီး ကိုယ့်အိမ်ကိုယ် ပြန်သွားကြတော့၏။

ထိုအခါ၌မူ ကိုလူမောင်၊ ကောင်းဖဲနှင့် လွန်းတင် ဤကင်းသမားသုံး ယောက်သာလျှင် ကျန်ခဲ့တော့လေသည်။ ညဥ့်နက်လာသည့်အခါ၌ကား အအေး ဓာတ်သည် အတန်ငယ် လွှမ်းခြုံစ ပြုလာသည်။

ကိုလူမောင်သည် အိမ်ဘက်သို့ ခေတ္တမျှ ပြန်လှည့်ခဲ့ပြီး ငှိမ်းမယ်ထံမှ စောင်တစ်ထည်ကို တောင်းကာ ကင်းတဲသို့ ပြန်လာခဲ့၏။ သူတို့ကား ထုံးစံ အတိုင်းပင် ဖြစ်လေသည်။ ညဥ့်အတော်နက်လာ၍ သန်းခေါင်ကြက်များ တွန် ကျူးခဲ့ပြီး တစ်ရွာလုံး အိပ်မောကျ ငြိမ်သက်သွားသောအခါ၌ပင် စကားပြော တစ်စတစ်စ လေးလာကြရမှ တဖြည်းဖြည်း အိပ်ပျော်သွားကြလေသည်။

*

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



အာရုံကြက်များ နေရာအနှံ့အပြားမှ တွန်ကျူးခဲ့ပေပြီ။

ကိုလူမောင်တို့ ကင်းသမား သုံးယောက်ကား တုတ်တုတ်မျှ မလှုပ် ကင်းတဲပေါ်တွင် အကွေးသား အိပ်ကောင်းနေကြခိုက်ပင်။

ဤအချိန်အတောအတွင်း ပေတောကုန်းရွာကလေးဆီသို့ ရှေ့ရှုကာ လာနေကြသော မဲမဲသဏ္ဍာန် လူအုပ်စု သုံးစုကိုမူ ကိုလူမောင်တို့ ကင်းသမားများ က မသိရှိကြသည့်နည်းတူ ပေတောကုန်း ရွာသူရွာသားများမှာလည်း လုံးဝပင် မသိရှိကြပေ။ သူတို့သည် အလွန့်အလွန် ကြောက်မက်ဖွယ်ကောင်းလှသော စစ်မက်၏ အန္တရာယ်ကိုလည်း ကိုယ်တိုင်ကိုယ်ကျ နဖူးတွေ့ ဒူးတွေ့ ခံစားရဖူး သူများ မဟုတ်သေးချေ။ အင်္ဂလိပ်များပြေးရ၍ ဂျပန်များ တစ်စတစ်စ ဝင်ရောက် လာသည်ဆိုခြင်းကိုလည်း သာမန်မျှသော အသိဖြင့် သိနေကြခြင်းသာ ဖြစ်လေ သည်။ အင်္ဂလိပ်သည် ဤပုံဆိုး၏၊ ဂျပန်က ဤမျှ ရက်စက်လေသည်။ စစ်ဆို သည်မှာကား ဤရွေ့ ဤမျှ ပျက်စီးပြုန်းတီးတတ်ပါကလားဟူ၍လည်း နက်နက် နဲနဲ မတွေးမိ၊ သာမန်မျှဖြစ်သော မင်းပြောင်းမင်းလွဲ အသိလောက်ဖြင့်သာ ခပ်အေးအေး ခပ်ပေါ့ပေါ့ နေခဲ့ကြခြင်းသာ ဖြစ်၏။

အကယ်၍များ ပေတောကုန်း ရွာသူရွာသားများနှင့် ကိုလူမောင်တို့ ကင်းသမား သုံးဦးသည် ညဉ့် ၂ ချက်တီးကျော် အချိန်လောက်က ကဇင်းငူ ရွာကြီးတွင် ဖြစ်ပွားသော အရေးအခင်းတစ်ရပ်နှင့် ညနေခင်း မိုးချုပ်စက မြို့ ပေါ်တွင် ဖြစ်လိုက်သော စစ်ရေးစစ်ရာ အကြောင်းတစ်ရပ်ကို ကြိုတင်သိရှိထား ကြမည်ဆိုလျှင်ကား ပေတောကုန်း တစ်ရွာလုံးသည် ထိုည တစ်ညလုံးအဖို့ စိတ်ချလက်ချ အိပ်စက်နိုင်လိမ့်မည် မဟုတ်သည်သာမက အကြောက်ကြီး အစိုးရိမ်ကြီးတတ်သော ကိုလူမောင်တစ်ယောက်မှာ ကင်းတဲပေါ်တွင် ယခုကဲ့သို့ တရှူးရှူးနှင့် အိပ်မောကျနေနိုင်ခြင်း ရှိလိမ့်မည်တော့ မဟုတ်ပါချေ။

မြို့ပေါ်မှ ဂျပန်စစ်တပ်သည် အင်္ဂလိပ်စစ်သားသုံးယောက်နှင့် ပန်ချာပီ စစ်သားနှစ်ယောက်၊ ကရင်စစ်သားတစ်ယောက် ပေါင်း စစ်သားခြောက်ယောက် တို့အား သုံ့ပန်းအဖြစ် ဖမ်းမိထားပေသည်။ ထိုသုံ့ပန်း ခြောက်ဦးတို့အား သက်ဆိုင်ရာ သုံ့ပန်းစခန်းသို့ ပို့ရန်ဖြစ်သော်လည်း လမ်ပန်းအဆက်အသွယ် စိတ်မချရသေးသောကြောင့် မြို့ဂတ်အချုပ်တွင် ချုပ်နှောင်ထားလေသည်။ ထိုကဲ့ သို့ ချုပ်နှောင်ထားရာမှ မနေ့ညဦးပိုင်းအချိန်တွင် အချုပ်မှ သံတိုင်ကိုဖြတ်ကာ အင်္ဂလိပ်စစ်သား ၂ ယောက်နှင့် ကရင်စစ်သား တစ်ယောက်တို့မှာ ထွက်ပြေး လွတ်မြောက်သွားလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဤတွင် အစောင့်တာဝန်ကျက သိရှိ၍ နာရီသံချောင်းမွေကာ တစ်မြို့လုံး ပိုက်စိပ်တိုက်၍ လိုက်လံရှာဖွေခြင်း ပြုကြသည်။ သို့ရာတွင် ထွက်ပြေးသွားသော သုံ့ပန်းသုံးဦးကိုကား အရိပ်အယောင် အစအနပင် မတွေ့ရပေ။ ဂျပန်စစ်တပ်နှင့် မြို့ပေါ်ရှိ ဂျပန်စစ်ရုံး တစ်ခုလုံးမှာလည်း ဒေါင်းတောက်နေလေသည်။ ဂျပန်တို့သည် မြို့တစ်မြို့လုံးကိုသော် လည်းကောင်း၊ မြစ်ကြောင်းသွားလာရေး တစ်ခုလုံးကိုသော် လည်းကောင်း ခြေရာချင်း ထပ်မျှ ပိတ်ဆို့၍ ရှာကြသည်။ သို့ရာတွင် အစအနမျှ မတွေ့ရဘဲရှိ၏။

ဤလိုဖြစ်နေရာမှ ည ၁၂ နာရီအချိန်ခန့်တွင် ဂျပန်စစ်ရုံးမှ သတင်းတစ်ခု ရရှိသည်။ အချုပ်စခန်းမှ ထွက်ပြေးလွတ်မြောက်သွားသော စစ်သားသုံးဦးသည် ကဇင်းငှရွာကြီးဘက်သို့ ထွက်ခွာသွားကြသည်ဟူသော သတင်းပင် ဖြစ်၏။ ကဇင်းငှရွာမှာ စာပြုကရင်များ နေထိုင်ရာ ရွာကြီးတစ်ရွာ ဖြစ်သည် သာမက ခရစ်ယာန် သာသနာပြုကျောင်းတစ်ကျောင်းပင် တည်ထောင်ဖွင့်လှစ်ခဲ့ဖူးပေသည်။ ဤကျောင်းမှာ ရွာရှိ ကလေးသူငယ်များအား စာပေသင်ကြားပေးလျက် သာသနာပြု လုပ်ငန်းကိုလည်း တစ်ဖက်တစ်လမ်း လုပ်ဆောင်ပေသည်။ အရှေ့ပေတောကုန်းမှ လူချောပင် ထိုစာပြုကျောင်း၌ ၄-၅ နှစ်သွားရောက်နေဖူးခဲ့၏။ နောင်မှ သူ့အဖေ ကိုဖိုးကျော့က ခရစ်ယာန်သာသနာထဲသို့ သူ့သားလူချော ရောက်ရှိသွားမည်ကို စိုးရိမ်ကာ ကျောင်းဆက်မထားခဲ့ခြင်း ဖြစ်သည်။

ဂျပန်စစ်တပ်သည် ထိုသတင်းကို ရလျှင်ရခြင်း ကဇင်းငှရွာဘက်သို့ ဒလကြမ်း လိုက်လေသည်။ ၎င်းတို့တပ်နှင့်အတူ လမ်းပြရန်နှင့် နယ်ဒေသကျွမ်းကျင်သော တို့ဗမာသခင်များနှင့် ဘီအိုင်အေတပ်သား အနည်းငယ်လည်း ပါရှိလာသည်။ ဂျပန်တပ်သည် ကဇင်းငှရွာသို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် တစ်ရွာလုံးကို ဝိုင်းဝန်းကာ အနံ့အပြား ရှာဖွေတော့သည်။ သို့ရာတွင် စစ်သုံ့ပန်းသုံးယောက်ကိုကား အစအန အရိပ်အယောင်မျှ မတွေ့ရပေ။

သို့တိုင် ဂျပန်တို့ကား အားမလျှော့ပေ။ ကဇင်းငှရွာတွင် တပ်သားအချို့ ဝိုင်းထားမြဲထားလျက် အချို့သော တပ်သားများသည် စစ်ဗိုလ်၏ အမိန့်အရ ကိုလူမောင်တို့ ပေတောကုန်းရွာကလေးသို့ ချီတက်ခဲ့ကြသည်။ ဂျပန်တို့၏ အယူအဆမှာ စစ်ပြေးသုံးယောက်သည် ကဇင်းငှရွာတွင် မရှိခဲ့သော် အနီးအနားဖြစ်သော ပေတောကုန်းရွာကလေး၌ သွားရောက် ခိုအောင်းနေကောင်း နေပေလိမ့်မည်ဟူသော အတွေးပင် ဖြစ်၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မဲမဲသဏ္ဍာန်များသည် ရွာကလေးအဝင်စပ်သို့ ရောက်သည်နှင့် ခေတ္တရပ်တန့်ပြီးနောက် ရွာတွင်းသို့ ဝင်ရောက်ရေးကို စီစဉ်ကာ ထပ်မံချီတက်ကြပြန်သည်။ ဂျပန်စစ်သား ၆ ယောက်နှင့် တို့ဗမာသခင်တစ်ယောက် စကားပြန်တစ်ယောက် ပါရှိသော လူ ၈ ယောက်သည် ရွာလယ်လမ်းကလေးအတိုင်း ဝင်ရောက်ကြမည်ဖြစ်၍ ကျန် ၆ ယောက်စု နှစ်စုသည် ဘယ်တောင် ညာတောင် ဖြန့်ကာ ရွာအပြင်မှ နှစ်ဖက်ညှပ်၍ ဝင်ရောက်ရန် ဖြစ်သည်။

ရွာလယ်လမ်းမှဝင်သော ဂျပန်များသည် သူကြီး ဦးသီဟအိမ်ဆီသို့ ဦးတည်ကာ သွားနေကြသည်။ စစ်သားများဖြစ်သော်လည်း စစ်ချီတက်ပုံ ချီတက်နည်းအတိုင်း လျှောက်ကြခြင်း မဟုတ်ဘဲ ရန်သူအား ချောင်းမြောင်းရှာဖွေသော နည်းမျိုးဖြင့်သာ ချီတက်နေခြင်း ဖြစ်သောကြောင့် ၎င်းတို့ဝင်ရောက်လာကြောင်းကိုကား မည်သူမျှ မသိရှိကြသေးပေ။

ဂျပန်စစ်သား ၆ ယောက်တို့သည် လုံ့စွပ်တပ်ထားသော ၎င်းတို့၏ သေနတ်များကို အသင့် ပြင်ဆင်ထားကြလေသည်။ ထိုဂျပန်များအား ရှေ့ဆောင်လာသူမှာ သခင်ဘခွေးကြီးပင် ဖြစ်သည်။ သခင်ဘခွေးကြီးသည် ဂျပန်များ၏ ရှေ့နှစ်ကိုက် သုံးကိုက် အကွာမှနေကာ စကားပြန် လူငယ်နှင့်အတူ သူကြီး ဦးသီဟ နေအိမ်သို့ ခပ်သွက်သွက် လျှောက်နေ၏။ သူတို့ ခြေလှမ်းများသည် ကိုလူမောင်တို့၏ ကင်းတဲကလေးနှင့် တဖြည်းဖြည်း နီးကပ်လာသည်။

ကင်းသမားသုံးယောက်မှာမူ အိပ်ကောင်းတုန်း အိပ်ကောင်းဆဲ ရှိလေသည်။

မကြာမီ အချိန်အတွင်း၌ပင် သခင်ဘခွေးကြီးနှင့် စကားပြန်လုပ်သူသည် ကင်းတဲရှေ့တွင် ရပ်မိကြသည်။ ကိုလူမောင်တို့ ကင်းသမားသုံးယောက်မှာ တရှူးရှူး အိပ်နေဆဲရှိ၏။ သခင်ဘခွေးကြီးတွင် ဤအဖြစ်ကို မြင်လိုက် တွေ့လိုက်ရသောအခါ ဒိတ်ခနဲ ဖြစ်သွားမိ၏။ ကင်းသမားများ အိပ်နေကြောင်း ဂျပန်များတွေ့လျှင် ဒုက္ခဖြစ်ရချေရဲ့ဟု ပူပန်မိသည်။ ကင်းသမားသုံးဦးမှာ ဘယ်သူ ဘယ်ဝါတွေ ဖြစ်သည်ဆိုခြင်းကိုလည်း သခင်ဘခွေးကြီး မသိပေ။

သခင်ဘခွေးကြီးသည် ကင်းတဲပေါ်သို့ လျင်မြန်စွာ တက်လိုက်၏။ 'ဟေ့ကောင်တွေ ဟေ့ကောင်တွေ'ဟူ၍လည်း အိပ်နေသူများကို နှိုးလိုက်သည်။ သို့ရာတွင် ကိုလူမောင်တို့ သုံးယောက် မထနိုင်မီ အခိုက်အတန့်ကလေးအတွင်း၌ပင် ဂျပန်ခြောက်ယောက်စလုံး ကင်းတဲရှေ့ ရောက်လာကြပေပြီ။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဂျပန်တစ်ယောက်သည် ကင်းတဲမှ ကင်းသမားများကို လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သည်။ စကားပြန်ကိုလည်း ဂျပန်စကားဖြင့် မေးမြန်းလိုက်သည်။ စကားပြန်က ကင်းသမားများဖြစ်ကြောင်း ပြန်ပြောလိုက်သောအခါ၌ကား ဂျပန်သည် 'ခူးတကား ခူးတကား' ဟူ၍ တွင်တွင်ကြီး ဆဲဆိုကာ တဲပေါ်တက်၍ သုံးယောက်စလုံးကို ခြေဖြင့် ကန်တော့၏။

ထိုအခါကျမှပင် လူသံသူသံ ဆူညံညံများကြောင့် အနီးရှိ အိမ်များမှ ခွေးများသည် တဝုတ်ဝုတ် ထိုးဟောင်ကြ၏။ ကိုလူမောင်တို့ ကင်းသမား သုံးယောက်မှာလည်း ကယောင်ကတမ်းဖြင့် ထထိုင်ကြလေသည်။ ကိုလူမောင်မှာ သေနတ်ကိုယ်စီဖြင့် ရပ်နေသော ဂျပန်များကို တွေ့မြင်လိုက်ရသည်ဆိုလျှင်ပင် လိပ်ပြာများ လွင့်စင်မသွားအောင် မနည်းပင် သတိထားရ၏။ သူသည် ကြောက်ရွံ့ခြင်း ပြင်းလှစွာဖြင့် တဆတ်ဆတ်တုန်နေလေသည်။

၆ ယောက်ထဲမှ တပ်စိတ်မှူးဖြစ်သော ဂျပန်ကား အချိန်သိပ်မဆွဲပေ။ ကိုလူမောင်တို့ သုံးယောက်အား ကင်းတဲရှေ့သို့ ဆင်း၍ ရပ်စေကာ ပါးများကို ဘယ်ပြန် ညာပြန် တဖျန်းဖျန်း ရိုက်လေသည်။ ကိုလူမောင်တို့ နားမလည်သော စကားဖြင့်လည်း ဒလစပ်ဆဲရေးလေသည်။ နောက်တော့ ဂျပန်ခြောက်ယောက် စလုံးက တစ်ယောက်တစ်ချက် ဘောပိတ်ကန်ပြန်သည်။

ကိုလူမောင်သည် ပုံရက်သားလဲနေရာမှ သခင်ဘခွေးကြီးအား ကယ်ပါဦးဗျာဟူသော အားကိုးအားထားမှုဖြင့် မော့ကြည့်လိုက်မိ၏။ သခင် ဘခွေးကြီးမှာ သူတို့ သုံးယောက်အတွက် မျက်စိမျက်နှာမကောင်းဖြစ်နေသည်မှ လွဲ၍ ဘာတစ်ခွန်းမှ ဝင်ရောက် မပြောဝံ့ပေ။ သူက ဂျပန်တွေနှင့် အနေကြာလာ၍ ဂျပန် အကြောင်း အတော်အတန် သိနေသူ ဖြစ်လေသည်။

ဂျပန်စစ်သားခြောက်ယောက်သည် ကင်းသမားသုံးယောက်ကို အားရအောင် ရိုက်နှက်ပြီးမှ သူကြီးအိမ်သို့ ခေါ်ဆောင်ခဲ့လေ၏။ အရှေ့ဆီမှ ရောင်နီကလည်း ထွက်ပြူစပြုပြီ၊ ပေတောကုန်းတစ်ရွာလုံးသည် ခွေးသံများ၊ ဂျပန်သံများဖြင့် စီစီညံ ရှိနေလေသည်။

❑

[၇]

## အရှေ့ဆီမှ လူသတ်ပွဲများ

အရဏ်ဦး၏ ရောင်နီကလေးများ ထွက်ပြူစဖြစ်သော အချိန်တွင် ကိုလူမောင်တို့၏ ပေတောကုန်း ရွာငယ်ကလေး၌ ဤလို လူသံများ၊ ခွေးဟောင်သံများ၊ ဂျပန်စစ်သားများနှင့် ရုတ်ရုတ်သဲသဲ ဖြစ်နေကြခိုက် တိုင်းရင်းသား စာဖြူကရင် (ပိုးကရင်)များ နေထိုင်ကြရာဖြစ်သော ကဇင်းငူရွာကြီးတွင်လည်း ဂျပန်စစ်သားများသည် တစ်ရွာလုံးကို ပတ်ပတ်လည် ဝိုင်းထားတော့ကာ ရွာတွင်း၌လည်း ဂျပန်စစ်သားများနှင့် စစ်ဗိုလ်များသည် ရွာသူကြီး စောခွေလိပ်၏ နေအိမ်မှစ၍ တစ်ရွာလုံး၏ နေအိမ်များ၊ ကျွဲတင်းကုပ်၊ နွားတင်းကုပ်များ၊ အိမ်နောက်ကောက်ရိုးပုံများအထိ ထပ်တလဲလဲ လိုက်လံရှာဖွေနေလေသည်။

ဂျပန်စစ်ဘက်ဆိုင်ရာ အကြီးအကဲ ဖြစ်သူ၏ စိတ်ထဲ၌ကား အချုပ်ခန်းမှ လွတ်ထွက်ပြေးသော စစ်သုံ့ပန်းသုံးဦးသည် ကဇင်းငူရွာကြီး၌ပင် ဝင်ရောက်ခိုလှုံနေလိမ့်မည်ဟု တစ်ထစ်ချ ယူဆထားလေသည်။ ကဇင်းငူမှာ ပေတောကုန်း၊ ညောင်ပင်ကွင်း၊ မြတ်လှချောင်းစသော ရွာများထက် ကြီးမား၍ လူနေအိမ်ခြေကလည်း များလှ၏။ နောက်တစ်ကြောင်းအားဖြင့် ဤရွာမှာ ခရစ်ယာန်အယူဝါဒရှိသော ကရင်အမျိုးသားများချည်း စုရုံးနေထိုင်သည့် ရွာကြီးတစ်ရွာဖြစ်လေရာ အင်္ဂလိပ်အယူအဆနှင့် အင်္ဂလိပ်အယူဝါဒကို သက်ဝင်ယုံကြည်နေသော ထိုရွာကြီးတွင် သုံ့ပန်း သုံးယောက် ပြေးဝင် ခိုအောင်းနေလိမ့်မည်။ ထိုရွာက လူများအနေဖြင့် အကူအညီပေးလိမ့်မည်ဟု ယူဆလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဤထက်ပို၍ ဆိုးရွားသော အကြောင်းအချက်များလည်း ရှိနေပြန်သည်။ ထိုအကြောင်းအချက်မှာကား အခြားမဟုတ်ပေ။ ထွက်ပြေးလွတ်မြောက်သွားသော စစ်သားသုံးယောက်အနက် တစ်ယောက်မှာ ကရင်အမျိုးသားဖြစ်နေရုံမျှမက သူကြီးစောခွေလိပ်၏ နေအိမ်ပေါ်သို့ တက်ရောက်ရှာဖွေသည့် အခါတွင် အင်္ဂလိပ်စစ်သားများ ဝတ်ဆင်သော စစ်သွေးစစ်ရောင်ရှိသည့် ဘောင်းဘီအရှည်နှစ်ထည်၊ စစ်သားဝတ်ဆွယ်တာ အင်္ကျီ တစ်ထည်တို့ကို တွေ့ရှိရခြင်းနှင့် 'မိုးသောက်ကြယ်' အမည်ရှိသော 'စကောကရင်' သတင်းစာဟောင်း ၄-၅ စောင်တို့ကို တွေ့နေရသော ကိစ္စပင် ဖြစ်သည်။

'မိုးသောက်ကြယ်'ဟူသော သတင်းစာမှာ ဒေါက်တာ မေဆင်အမည်ရှိသော အမေရိကန်သာသနာပြုဆရာက ထားဝယ်မြို့မှနေကာ ထုတ်ဝေသည့် 'စကော' ကရင် သတင်းစာပင် ဖြစ်၏။

ပေတောကုန်းတွင် ကိုလှမောင်တို့တစ်တွေ ပြဿနာပေါ်နေသလို ကဇင်းငူရွာတွင် သူကြီး စောခွေလိပ်နှင့် ရွာသူရွာသား ကရင်အမျိုးသားများမှာလည်း အိမ်ပေါ်က အိမ်အောက်မဆင်းရဲဘဲ ဂျပန်စစ်တပ်၏ အဝိုင်းအရံကို ခံရကာ သူကြီး စောခွေလိပ်ကိုလည်း ဂျပန်စစ်သားများသည် သေနတ်တကားကား ချိန်ရွယ်လျက် ဂျပန်စစ်ဗိုလ်က စကားပြန်မှတစ်ဆင့် မေးမြန်းစစ်ဆေးခြင်းကိုခံနေရ၏။

စောခွေလိပ်၏ အိမ်ပေါ်တွင် ဂျပန်စစ်ဗိုလ်နှင့်အတူ မြို့ပေါ် တို့ဗမာအစည်းအရုံးမှ သခင်လှမောင်လည်း ပါရှိလာသည်။ သခင်လှမောင်မှာ ထိုနယ်မြေ ဒေသများအတွက် တာဝန်ခံဖြစ်နေပေရာ သူကိုယ်တိုင်မှာလည်း ကာကီဘောင်းဘီရှည် ကာကီရောင်အင်္ကျီနှင့် ခြောက်လုံးပြူးခါးထိုးကာ ဘီအိုင်အေလက်ပတ်ကို လက်မောင်းတွင် ပတ်ထားကာ ဂျပန်စစ်ဗိုလ်ကဲ့သို့ပင် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက် စောခွေလိပ်အား ဂျပန်က စစ်မေးနေသည်များကို နားထောင်လျက်ရှိ၏။

သခင်လှမောင်မှာ သခင်ဘခွေးကြီး အဆင့်အတန်းထဲက မဟုတ်ချေ။ မြို့ပေါ်မှ နိုင်ငံရေးသမားတစ်ဦး ဖြစ်သည်က တစ်ကြောင်း၊ ဗြိတိသျှအစိုးရလက်ထက်ကပင် ဗြိတိသျှတို့အား အကြည်အညိုကင်းမဲ့စေအောင် တရားဟောပြောမှုဖြင့် လည်းကောင်း၊ ထောင် ၃-၄ ကြိမ်ကျဖူးခဲ့သူ ဖြစ်လေရာ လူသိသူသိများပြားလှ၍ နာမည်ရှိသော နိုင်ငံရေးသမားတစ်ယောက် ခေတ်ပညာတတ်တစ်ယောက်ဖြစ်လေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သခင်လှမောင်သည် ဂျပန်ကျူးဝါး စီးကရက်တစ်လိပ်ကို မီးညှိသောက် ရင်းမှ ဂျပန်စစ်ဗိုလ်က စကားပြန်မှ တစ်ဆင့် စောခွေလိပ်အား စစ်မေးနေသည် များကို နားထောင် အကဲခတ်လျက် ရှိသည်။ သူသည် အမြော်အမြင်ရှိသော နိုင်ငံရေးသမားတစ်ယောက်ဖြစ်၏။ အကယ်၍ စောခွေလိပ်အပေါ်၌ ဂျပန်တို့ က မလိုတမာ အပြစ်ရှာ အပြစ်ပြုမည်ဆိုပါက သူ့အနေဖြင့် အဘယ်နည်း အဘယ်ပုံ ကာကွယ်ကူညီရမည်ဆိုခြင်းကိုပါ တွေးတော အကြံထုတ်နေရလေ သည်။

စောခွေလိပ်သည် သူ့ထံ၌ တွေ့ရှိသော ဘောင်းဘီနှင့် ဆွတ်တာအင်္ကျီ မှာ စစ်သားဝတ် ဘောင်းဘီ အင်္ကျီများပင် ဖြစ်ကြောင်း မငြင်းမကွယ် ဖြေကြား ခြင်းပြုသည်။ သို့ရာတွင် ထိုဘောင်းဘီ အင်္ကျီများနှင့် သတင်းစာ ၄-၅ စောင် မှာ သူ၏ ပစ္စည်းများ မဟုတ်ကြောင်း သူ့ညီ စောသာရင်၏ ပစ္စည်းများဖြစ် ကြောင်း၊ သူ့ညီစောသာရင်မှာ မေမြို့ ဘားမားရိုင်ဖယ် စစ်တပ်မှ စစ်သား တစ်ယောက်ဖြစ်ကြောင်း၊ ယခု မည်သည့်အရပ်ဒေသသို့ ရောက်နေသည်ဟု မသိရကြောင်း၊ ဤကိစ္စများကို သခင်လှမောင် ကိုယ်တိုင် သိပါကြောင်း၊ သခင်လှမောင်ကိုယ်တိုင်ပင် မိမိ၏ အကျင့်သိက္ခာနှင့် မိမိနေထိုင်စားသောက်မှု လုပ်ခင်းကိုင်တာ စသည်များကိုပါ သိရှိသူတစ်ယောက်ဖြစ်ကြောင်း ပြောဆို အစစ်ခံသည်။

စောခွေလိပ်က ဤကဲ့သို့ အစစ်ခံလိုက်သောအခါ၌ ဂျပန်စစ်ဗိုလ် သည် သခင်လှမောင်ဘက်သို့ လှည့်ကာ အင်္ဂလိပ်ဘာသာစကားဖြင့် စောခွေလိပ် ၏ ပြောစကားများ ဟုတ်မဟုတ် မှန်မမှန် မေးမြန်းခြင်း ပြုလိုက်၏။ သခင် လှမောင်ကလည်း မျက်နှာတစ်ချက်မပျက်ဘဲ စောခွေလိပ်ပြောစကားများမှန်ကန် ကြောင်း စောခွေလိပ်မှာ ရိုးသား တည်ကြည်သူတစ်ယောက်ဖြစ်ကြောင်း ဖြေ ကြားလိုက်သည်။

ဂျပန်စစ်ဗိုလ်၏ မျက်နှာမှာ ရဲခနဲ နီမြန်းသွား၏။ သူသည် စောခွေ လိပ်အတွက် သခင်လှမောင်၏ ဖြေကြားချက်ကို မနှစ်မြို့ပေ။

'ဒါဖြင့် သူ့အတွက် ခင်ဗျားတာဝန်ယူမလား' ဂျပန်ဗိုလ်က အင်္ဂလိပ် စကားဖြင့် မေးလိုက်သည်။

'သူဟာ လူကောင်းတစ်ယောက်ပဲ၊ လူကောင်းတစ်ယောက်ဖြစ်တယ် ဆိုတာ ကျုပ် တာဝန်ယူတယ်'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သခင်လှမောင်သည် တိုသွားပြီဖြစ်သော သူ့စီးကရက်ကို ကြမ်းပေါ်သို့ ပစ်ချလိုက်ပြီး ဖိနပ်နှင့် နင်းချေကာ မီးသတ်လိုက်သည်။

'သူဟာ ခရစ်ယာန်အယူရှိတဲ့ ကရင်တစ်ယောက်ဗျ၊ အင်္ဂလိပ်အယူရှိတဲ့ လူတစ်ယောက်ဟာ အင်္ဂလိပ်ကို ထောက်ခံမှာပဲ'

ဂျပန်ဗိုလ်က မကျေမနပ်ပြောပြန်သည်။ သူက စောခွေလိပ်ကိုကော သခင်လှမောင်ကိုပါ ကျေနပ်ခြင်း ရှိဟန်မတူချေ။ ဂျပန်စစ်သား ၄-၅ ယောက်မှာလည်း သေနတ်တပြင်ပြင် ဝိုင်းထားသည်။ သို့ရာတွင် သခင်လှမောင်က အလျှော့မပေးချေ။

'ဒီလို မဟုတ်ပါဘူးခင်ဗျာ၊ သူဟာ ခရစ်ယာန်အယူဝါဒရှိပေမဲ့ ကျုပ်တို့ရဲ့ မြန်မာတိုင်းရင်းသား တစ်ယောက်ပါ၊ ကျုပ်တို့ မြန်မာပြည်ရဲ့ ရန်သူဆိုရင် သူ့ရန်သူပဲ၊ ကျုပ်တို့မိတ်ဆွေဆိုရင်လဲ သူ့မိတ်ဆွေပေါ့၊ နောက်တစ်ခုလဲ ရှိသေးတယ်၊ ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ အင်္ဂလိပ်ပညာတတ်တယ်၊ အင်္ဂလိပ်စကားတတ်တယ်၊ အဲဒီလို သူတို့ပညာ သူတို့စကားတတ်ရုံနဲ့ သူတို့နောက်လိုက်မဖြစ်နိုင်ပါဘူး၊ ဒါက နိုင်ငံရေးပါ'

ဂျပန်စစ်ဗိုလ်မှာ ရှေးကထက်ပို၍ မျက်နှာပျက်လာသည်။

'ဒီလိုဆိုရင် ဟိုသစ်ပင်မှာ ကြိုးတုတ်ထားတဲ့ လူနှစ်ယောက်အတွက်ကော ခင်ဗျား တာဝန်ယူဦးမှာပဲလား'

ဂျပန်စစ်ဗိုလ်သည် သူကြီးစောခွေလိပ်အိမ်ရှေ့ သစ်ပင်တွင် လက်ပြန်ကြိုးချည်ထားသော ဓားပြချက်ကြီးနှင့် ပစ်တိုင်းထောင်တို့အား လက်ညှိုးထိုးပြရင်း မေးလိုက်၏။

သခင်လှမောင်မှာ မျက်စိမျက်နှာပျက်သွားလေသည်။ သူသည် အတော်တော့ ဒေါသထွက်မိ၏။ သို့ရာတွင် သူ၏ ဒေါသစိတ်များကို ကြိတ်မှိတ်ကာ မျိုသိပ်ထားရဟန် တူသည်။

'ဟိုဟာက ဓားပြပဲဗျာ'

'ဟား ဟား ဟား' ဂျပန်စစ်ဗိုလ်က တဟားဟား ရယ်လိုက်၏။

'ခင်ဗျားတို့ ဗမာတွေ နိုင်ငံရေးပါးမဝသေးပါဘူး'

ဂျပန်စစ်ဗိုလ်၏ ထိုစကားအဆုံးတွင် သခင်လှမောင်သည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်၏။ သူ့အသားများသည် ဒေါသရှိန်ကြောင့် တဆတ်ဆတ်တုန်နေ၏။ သူတို့အနီးတွင် ရှိနေသော စောခွေလိပ်၏ ဇနီး မနန်းဖော့နှင့်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



စောခွေလိပ်၏ အိမ်သူ အိမ်သားများမှာလည်း မျက်လုံးဝိုင်းနေတော့၏။ သခင်လှမောင်သည် တစ်စုံတစ်ရာကို တွေးတောကာ သူ၏ ဒေါသကို ချုပ်တည်းရပြန်လေသည်။ သခင်လှမောင် စိတ်ဆိုးသွားကြောင်း သိသည့်အခါ ဂျပန်ဗိုလ်သည် သူ့မျက်နှာကို ပြင်၍ အချိုသွေးလိုက်သည်။

သို့ရာတွင် သခင်လှမောင်နှင့် ဂျပန်စစ်ဗိုလ်တို့၏ ကိစ္စသည် ရှေ့မဆက်နိုင်ကြတော့ပေ။ သူတို့ မမျှော်လင့်သော အကြောင်းတစ်ချက်သည် သူတို့၏ ပြဿနာကို ဖြန်ဖြေခြင်းပြုလိုက်သောကြောင့်ဖြစ်လေသည်။

ရွာအနောက်ဘက် ကောက်ရိုးပုံများထားရာ နေရာနှင့် သရက်ပင် ပိန္နဲပင်များရှိသော ခြံကြီးဆီမှ အဆက်မပြတ် ပစ်ခတ်လိုက်သော ရိုင်ဖယ်သေနတ်သံနှင့်အတူ ဘရင်းဆွဲသံကိုပါ အဆက်မပြတ် ကြားလိုက်ရသည်။ ထိုအသံများနှင့်အတူ ဂျပန်စစ်သားတစ်ယောက်၏ အော်သံကိုပါ ကြားလိုက်ရ၏။

သခင်လှမောင်ကော ဂျပန်စစ်ဗိုလ်ပါ ခါးမှ သေနတ်များကို အသီးသီး ဆွဲထုတ်လျက် စောခွေလိပ်အိမ်အောက်ထပ်သို့ အလျင်တဆော ပြေးဆင်းခဲ့ကြလေသည်။ ဂျပန်စစ်သားများမှာမူ စစ်ဗိုလ်၏ အမိန့်အရ စောခွေလိပ်အား သေနတ်များဖြင့် ချိန်ရွယ်ထားလျက် အိမ်ပေါ်တွင် ကျန်ရစ်ခဲ့ကြသည်။

ဂျပန်စစ်ဗိုလ်နှင့် သခင်လှမောင်သည် အိမ်အောက်ထပ်တွင် စောင့်နေသော ဂျပန်စစ်သားများအား အကျိုးအကြောင်း မေးမြန်းလေသည်။ သို့ရာတွင် သူတို့ကိုယ်တိုင်ကလည်း သေနတ်သံ ကြားသည်မှလွဲ၍ မည်သည့်အကြောင်းဟူသည်ကို မသိကြသေးချေ။ ထိုအချိန်၌မူ သေနတ်သံမှာ ဆက်လက် မကြားရတော့ပေ။

မကြာမီ ဂျပန်ဗိုလ်နှင့် သခင်လှမောင်ရှိရာသို့ ဂျပန်စစ်သားတစ်ယောက်နှင့် ဘီအိုင်အေ စစ်သားတစ်ဦး တဘုန်းဘုန်း ပြေးလာပြီးနောက် အချုပ်မှ ထွက်ပြေးသွားသော သုံ့ပန်းသုံးယောက် ရွာအနောက်ဘက်ရှိ ကောက်ရိုးပုံတွင် ပုန်းအောင်းနေကြရာမှ သရက်တောအတွင်းသို့ ဝင်ပြေးသည်ကို မြင်လိုက်သဖြင့် လှမ်းပစ်ကြောင်း သတင်းပို့လေသည်။

ဂျပန်စစ်ဗိုလ်နှင့် သခင်လှမောင်သည် စောခွေလိပ်၏ အိမ်ပေါ်မှ ဂျပန်စစ်သားများနှင့် အိမ်အောက်ရှိ ဂျပန်စစ်သားများကို ထိုနေရာ၌ ချထားမြဲ ချထားခဲ့ကာ ရွာလယ်လမ်းမပေါ်တွင်ရှိနေသော ဂျပန်စစ်သားများကို စုရုံးခေါ်ငင်လျက် ရွာအပြင် သရက်တောဘက်သို့ လိုက်ကြလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



အရုဏ်ဦး၏ ရောင်နီမှ ကျော်လွန်ကာ လင်းရောင်များပင် ခပ်မှုန်မှုန် ထွက်ပြူစ ပြုလာသောအချိန် ဖြစ်လေပြီ။ မကြာမီ သူတို့သည် ရွာအပြင်သို့ ရောက်ရှိခဲ့ကြပြီးနောက် စစ်သား နှစ်ဆယ်ကျော် အစိတ်ခန့်ဖြင့် သရက်တော နှင့် ပိန္နဲခြံအတွင်းသို့ အပြင်းချီတက်လိုက်ကြသည်။

ထိုနေရာတွင် သရက်ပင်အုပ်များ၊ ပိန္နဲပင်၊ မရန်းပင်အုပ်များနှင့် ဝါးရုံ ပင်အုပ်များ ရှိလေရာ တောကောင်းလှသော နေရာတစ်ခုဖြစ်၏။ ထိုသစ်ပင်ကြီး များ၏ အောက်ခြေမှာ ရှင်းလင်းခြင်း မရှိပေ။ နာနတ်ပင်နှင့် နာနတ်တော၊ နာနတ်ခြံများ ဖြစ်လေရာ ထိုနာနတ်တောနှင့် ဝါးရုံပင်များအကြားမှ တိုးကာ ဂျပန်စစ်သားများသည် ဂျပန်စစ်ဗိုလ်၏ အမိန့်အရ သုံးစုခွဲ၍ လိုက်ကြရလေ သည်။

လင်းရောင်ခြည် ထွက်ပြူလာပြီဖြစ်သော်လည်း သစ်ပင်ကြီးများ ဖုံး အုပ်နေသော ထိုနေရာတွင် သဲသဲကွဲကွဲ မမြင်ရပေ။ ခပ်မှုန်မှုန် ခပ်ဝါးဝါးဖြစ် နေ၏။ သို့နှင့် အချိန်အတန်ငယ် ကြာလတ်သော ဂျပန်စစ်သား သုံးစုစလုံးပင် တောအုပ်တစ်ဘက်သို့ ရောက်ရှိစုရုံးမိကြသည်။ သို့ရာတွင် တွေ့လိုက်သည်ဆို သော သုံ့ပန်းစစ်သား သုံးဦးစလုံးကိုမူ အရိပ်အရောင်မျှ မတွေ့ရတော့ပေ။

တောအုပ် ဆုံးသွားသည့်အခါ တစ်ဖက်တွင် ဆက်လက်လိုက်ရန် အကြောင်း မရှိတော့ပေ။ ကျယ်ပြန့်သော လယ်ကွင်းများကသာ တမျှော်တခေါ် ကြီး ဖြစ်နေတော့လျက် ထိုနေရာမှ လွန်ခဲ့သော် သစ်တောကြိုးဝိုင်း ခပ်မဲမဲ ခပ်ညို့ညို့ကိုသာ လှမ်းမြင်နေရသည်။ သို့ရာတွင် ထိုခရီးက မနီးလှပေ။ အနည်း ဆုံး အကွာအဝေးသည် ၄ မိုင်ကျော် ၅ မိုင် ဖြစ်ပေမည်။

ဂျပန်စစ်ဗိုလ်နှင့် သခင်လှမောင်မှာ သရက်ပင်တစ်ပင်အောက်တွင် ဖြစ်၏။ ဂျပန်စစ်ဗိုလ်သည် ပထမဦးစွာ သုံ့ပန်းများထွက်ပြေးသွားသည်ကို မြင်တွေ့ရ၍ သေနတ်ဖြင့် လှမ်းပစ်လိုက်သည်ဆိုသော စစ်သားအား ခေါ်ယူ စစ်မေး၏။ နောက်တော့ စစ်သားများကို တစ်ဖန် သုံးစုခွဲစေကာ သရက်တော ထဲတွင် ထပ်မံရှာဖွေပြန်သည်။ သို့ရာတွင် ဘာမျှ မတွေ့ပေ။ အချည်းနှီးမျှသာ ဖြစ်လေသည်။

မိုးစင်စင်လင်းသွားပေပြီ။ ဘာမျှ အကြောင်းမထူးချေ။ ဂျပန်ဗိုလ်သည် သူ့တပ်သားများကို သရက်တောမှ ပြန်လည်ရုတ်သိမ်းကာ ရွာတွင်းသို့ ပြန်ခဲ့ လေသည်။ နာနတ်တောများမှာလည်း ဖွတ်ဖွတ်ညက်ညက်ကြေကျန်ရစ်သည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဂျပန်စစ်ဗိုလ်သည် ရွာတွင် ဝိုင်းထားသော စစ်သားများကို ပြန်လည် စုရုံးစေပြီး နောက် အစီအစဉ်သစ်တစ်ရပ်ကို ပြုလုပ်ပြန်လေသည်။ သူပြုလုပ်သော အစီအစဉ်မှာ ၎င်းတို့ စစ်တပ်သည် ထိုနေ့ တစ်နေ့လုံး ကဇင်းငူရွာတွင် စခန်းချရပ်နားပြီး ညနေပိုင်းမြို့ပေါ်သို့ မပြန်မီ ဖမ်းဆီးမိထားသော ဓားပြချက်ကြီးနှင့် ပစ်တိုင်းထောင်တို့အား ရွာအပြင် ကွင်းပြင်တွင်ထုတ်၍ လှံစွပ်ထိုးသတ်မည်။ ထိုသို့ သတ်သည့်အခါ ကဇင်းငူ တစ်ရွာလုံးနှင့် ပေတောကုန်းရွာရှိ ယောကျ်ားမှန်သမျှ လာရောက် ကြည့်ကြရမည်။ ရန်သူ သုံ့ပန်းပန်းများကိုသော် လည်းကောင်း၊ အခြားသော ရန်သူများကိုသော် လည်းကောင်း ရွာအတွင်း ရောက်ရှိလာလျှင် အသေမိမိ၊ အရှင်မိမိ ဖမ်းဆီး၍ ဂျပန်တို့ စစ်ရုံးသို့ အကြောင်းကြား ပို့အပ်ရန်နှင့် ဓားပြလူဆိုးများကိုလည်း ဖမ်းဆီး၍သော် လည်းကောင်း၊ သတင်းပို့၍သော်လည်းကောင်း ဂျပန်တပ်မတော်အား ကူညီကြရမည်။ ထိုအမိန့်ကို မလိုက်နာပါက တစ်ရွာလုံးကို 'မီးရှို့ပစ်မည်'ဟူသော အစီအစဉ်နှင့် အမိန့်ကို ရွာလုံးကျွတ် ခေါ်ငင်ကာ ပြောကြားလေ၏။

ထို့နောက်၌ကား ကဇင်းငူသူကြီး စောခွေလိပ်အား ယခုတစ်ကြိမ်တွင် သခင်လှမောင်က တာဝန်ယူ၍ အသက်ချမ်းသာပေးကြောင်းနှင့် ညီဖြစ်သူ စောသာရင် အကယ်၍ ပြန်လာခဲ့သော ဂျပန်စစ်တပ်သို့ ဖမ်းဆီးခေါ်ဆောင်ခဲ့ရန် ထိုသို့မှ မပြုလုပ်ပါက စောခွေလိပ်နှင့် အိမ်သားတစ်စုတို့အား အရှင်လတ်လတ် မြေမြှုပ်သတ်ရမည် ဖြစ်ကြောင်း ပြင်းပြင်းထန်ထန် ပြောကြားလေသည်။

ဤအစီအစဉ်ပြီးသည့်နောက် ရွာသူကြီး စောခွေလိပ်မှာ ဂျပန်များအတွက် ဝက်သုံးကောင်၊ ကြက် ၁၅ ကောင်၊ ဘဲ ၁၀ ကောင်နှင့် ကောက်ညှင်းဆန်များအပြင် ငှက်ပျောသီး၊ အုန်းသီးမှအစ လိုလေသေးမရှိ နံနက်စာအတွက် ထောက်ပံ့ရတော့သည်။ ဂျပန်စစ်တပ်မှာမူ သုံးစုခွဲလျက် အရိပ်အာဝါသကောင်းလှသော ရွာအပြင် သစ်ပင်များအောက်တွင် စခန်းချကာ ချက်ပြုတ်မှု တာဝန်ကျသော စစ်သားများသည် ဝက်များ၊ ကြက်များ၊ ဘဲများကို သတ်ဖြတ်လျက် တဝါးဝါး တဟားဟား ဖြစ်နေကြ၏။

ပေတောကုန်းဘက်သို့ တက်သွားသော စစ်သားများအတွက်ကိုမူ ဂျပန်စစ်ဗိုလ်သည် နောက်ထပ်မံ၍ စစ်သား သုံးယောက်ကို ဆက်သားအဖြစ် စေလွှတ်လိုက်လေသည်။

*

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကဇင်းငူတွင် ဤလို ဂျပန် ကပ်သင့်နေသည်နှင့်အမျှ ပေတောကုန်း၌လည်း တစ်မျိုးတစ်ဖုံ ကပ်ဆိုက်နေ၏။

ကိုလူမောင်၏ ဇနီး ငြိမ်းမယ်၊ လွန်းတင်၏ ဇနီးဖွားရှင်တို့မှာ မျက်ရည်တရွဲရွဲဖြင့် တရှုံ့ရှုံ့ငိုရင်းမှ သခင်ဘခွေးကြီးနှင့် စကားပြန် သူငယ်အား ခြေသလုံးဖက် ရှိခိုးမတတ် တောင်းပန်နေရတော့၏။

သို့ရာတွင် သခင်ဘခွေးကြီးနှင့်စကားပြန် သူငယ်တို့ကလည်း မည်သို့မျှ မတတ်နိုင်ဘဲ ရှိသည်။ သူကြီး ဦးသီဟ ဇနီးမောင်နံ့မှာလည်း ကိုလူမောင်၊ ကောင်းဖဲနှင့် လွန်းတင်တို့ သုံးယောက်အတွက် ဝမ်းတွင်းကျိတ် စိတ်မချမ်းမသာ ဖြစ်မိသော်လည်း ဂျပန် တပ်စိတ်ဗိုလ်၏ ကြမ်းတမ်း ခက်ထန်မှုကို အကဲခတ်မိကာ ရုတ်တရက် မည်သို့မျှ မကြံတတ်ဘဲ ရှိနေကြရှာသည်။

ဂျပန်တွေမှာ သူကြီး ဦးသီဟ အိမ်ထက်တွင် တစ်စုတဝေးကြီး ထိုင်ကာ ဦးသီဟ ဇနီးမောင်နံ့ ကျွေးမွေးသော ကောက်ညှင်းပေါင်းနှင့် ကြံသကာတို့ကို အားပါးတရ စားရင်းမှ ကိုလူမောင်တို့ သုံးယောက်ကိုကြည့်လျက် တပြုံးပြုံးနှင့် သဘောကျနေလေသည်။

အချိန်မှာ နံနက် ဆွမ်းခံဝင်ချိန်ဖြစ်၏။ ကိုလူမောင်တို့ ကင်းသမားသုံးယောက်အား သူကြီး ဦးသီဟနေအိမ်ရှေ့တွင် ဝါးနက်တိုင် သုံးတိုင်စိုက်ကာ လက်ပြန်ကြိုးတည်းလျက် နေခြောက်လှန်းထားသည်။

အင်္ကျီမပါ ပုဆိုးတိုတိုဝတ်စေလျက် နေဘက်သို့ မျက်နှာလှည့်စေကာ ကြိုးတုတ်ချည်နှောင်ထားပေရာ နဖူးမှ စီးကျလာသော ချွေးပေါက်များသည် မျက်လုံးအိမ်အတွင်း စီးဝင်သဖြင့် ကိုလူမောင်မှာ စပ်ဖျင်းဖျင်းနှင့် အခံရခက်လှလေသည်။ သူ့အာခေါင်တွင်းမှလည်း ရေဆာ ရေငတ်လှသဖြင့် ခြောက်ကပ်ခံပြင်းလှ၏။ နေ၏အပူဒဏ်မှာ အခါတိုင်းနှင့်မတူ၊ ဤနေ့တွင် ပိုမို၍ ပူပြင်းလှသည်ဟု ကိုလူမောင်ထင်မိသည်။

သူ့သားလေးခွေးညိုမှာ ပုလွေတိုကို မမှတ်နိုင်တော့ပေ။ သူ့အဘဖြစ်သူနှင့် သူ့အမေအဖြစ်ကို ကြည့်ရင်းမှ မျက်နှာကလေး ရှုံ့မဲ့မဲ့နှင့် တရှုံ့ရှုံ့ငိုနေတော့၏။ မိဒေါင်းမှာ မိန်းမပျိုကလေးတစ်ယောက်ဖြစ်သောကြောင့် ဂျပန်တွေရှိရာသို့ မလာဝံ့ရှာဘဲ နေအိမ်တွင် အားရပါးရ ငိုပွဲကြီးဆင်နေလေသည်။

အရှေ့ပေတောကုန်းမှ လုချောတစ်ယောက်ပင် ထိုသတင်းကို ကြားရသဖြင့် ကိုလူမောင့်အိမ်သို့ ရောက်ရှိနေရာ သူ့မှာလည်း ကိုလူမောင့်အတွက်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



စိတ်မကောင်းခြင်း ဖြစ်မိရာမှ မိဒေါင်းငိုသည်ကိုလည်း မကြည့်ရက်နိုင်၍ ချော့မော့ရပြန်သည်။

ဂျပန်ဗိုလ်၏ အမိန့်အရ ကင်းသမားများ နောင် မအိပ်ဝံ့အောင်ဟုဆိုကာ တစ်အိမ်တစ်ယောက် လာရောက်ကြည့်ရမည်ဆိုသဖြင့် အားလုံးပင်လာရောက်ကြည့်ရသည်။ ဂျပန်တို့ကို အတော် အထင်ကြီးနေသော ရွာဆော်ကိုမြတ်ကျော်ကိုယ်တိုင် ဖွင့်ဟ၍ မပြောဝံ့သည့်တိုင် နေပူလှန်းခံနေရသောကိုလူမောင်တို့ သုံးယောက်ကို မြင်တွေ့ရသည့်အခါ စိတ်နှလုံး မချမ်းမမြေ့ဖြစ်မိ၏။

'တောက် မင်းဂျပန်တွေဟာ လူတွေမှ ဟုတ်ရဲ့လားကွ၊ လူရင့်မကြီးနေခြောက်လှန်းရတယ်လို့ပဲ၊ ငါးခြောက်မှ မဟုတ်တာကွာ'ဘကြီးနီဒွေးက မတိုးမကျယ် ပြောလိုက်သည်။ သို့ရာတွင် သူ့စကားကို ဘယ်သူကမှ မထောက်ခံဝံ့ပါချေ။

'လုပ်ပါဦး သခင်ဘခွေးကြီးရယ်၊ တော်ပြောရင် ရပါတယ်တော်၊ ကျုပ်ယောကျ်ား နေပူတာနဲ့ သေရချေရဲ့'

ငြိမ်းမယ်က တရှုံ့ရှုံ့ ငိုယိုရင်း ဂျပန်များ ကွယ်ရာထောက်ရာတွင် သခင်ဘခွေးကြီးအား ပြောနေ၏။ လွန်းတင်မိန်းမ ဖွားရှင်မှာလည်း တရှိုက်ရှိုက်တငင်ငင်ပင်၊ ကောင်းဖဲ တစ်ယောက်မှာသာ သားမယားမရှိ၍ အပူတမီး သက်သာလေသည်။ သို့ရာတွင် သူ့အမေ အရီးဂေါက်မှာ သူ့သားအဖြစ်ကို မကြည့်ရက်၍ မလာသည့်တိုင် အပူမီး တောက်လောင်နေရှာသည်။

'ခက်တယ်ဟ ငြိမ်းမယ်ရ၊ ငါပြောပါတယ်ဟာ ဒီတစ်ခါ ခွင့်လွှတ်ပါလို့။ ငါတောင် အော်ငေါက်လွှတ်တာဟ၊ ဒီဂျပန်က သိပ်ဆိုးတာ။ နေစမ်းပါဦးဟာ ဦးသိဟနဲ့ တိုင်ပင်ပါရစေဦး၊ နင်တို့ကြားတယ်မဟုတ်လားဟ၊ ကဇင်းရှူမှာလဲ ဓားပြနှစ်ယောက် သတ်ပစ်မယ်ဆိုတာ၊ အဲဒါ ဒီရွာက ယောကျ်ားတွေတောင် သွားကြည့်ရမယ်၊ ဒီဂျပန်ဗိုလ်က စိတ်မထင်ရင် ဒီလိုပဲဟ'

သခင်ဘခွေးကြီးမှာ အစွမ်းအစ သိပ်ရှိသူလဲမဟုတ်၊ အဆင့်အတန်းမြင့်သူလဲ မဟုတ်သဖြင့် သူပင်လျှင် ဂျပန်များကို ခပ်လန့်လန့် ခပ်ကြောက်ကြောက် ဖြစ်နေသူ တစ်ယောက် ဖြစ်သည်။

'အဲဒီလိုများသတ်ရင် ဒုက္ခပါပဲတော်'

လွန်းတင်မိန်းမ ဖွားရှင်က ပြောရင်းဆိုရင်း ငိုပြန်တော့၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သူကြီးအိမ်ရှေ့ နေပူအောက်တွင် ကိုလူမောင်တို့ သုံးယောက်မှာ ခေါင်းငိုက်စိုက် ဖြစ်နေသည်။ သူတို့၏ ကျောကုန်းကြီးများသည် နေကျဲကျဲ အောက်တွင် တောက်ပြောင်နေသည်။

အချိန်မှာ နေမွန်းတိမ်းခဲ့ပြီ။ ရွာဘုန်းကြီးကျောင်းမှ ကျောက်စည်ထိုး သံနှင့် ခွေးအူသံများကို ကြားရသည်။ တစ်ရွာလုံးသည် ဤနေ့အဖို့ မည်သူမည် ဝါ လုပ်ငန်းခွင်သို့မသွားရောက်နိုင်ကြတော့ပေ။ ဂျပန် ၆ ယောက်တို့မှာ ကိုမြတ် ကျော်နှင့် ဆယ်အိမ်ခေါင်း ကိုချစ်မွေးကိုခေါင်ကာ တစ်ရွာလုံးကို လှည့်ပတ် ကြည့်ရှုနေကြလေသည်။

သူကြီး ဦးသီဟအိမ်ထက်တွင် ရှိနေသော ဂျပန် ၁၂ ယောက်အနက် နောက်ထပ်၍ ဂျပန်ခြောက်ယောက် ဆင်းသွားပြန်သည်။ ထိုခြောက်ယောက်မှာ လည်း ရွာအတွင်းရွာအပြင် နေရာအနှံ့ လျှောက်သွားနေကြတော့ရုံမျှမက အရှေ့ပေတောကုန်း ရွာဘက်သို့ပါ ကူးသွားကြ၏။ ကဇင်းငူရှိ စစ်တပ်မှ လာရောက် သကင်းပိုသွားပြီး ဖြစ်သောကြောင့် သူတို့သည် ထွက်ပြေးသွားသော သုံ့ပန်းသုံးဦးအား တွေ့လိုတွေ့ငြား လိုက်လံရှာဖွေနေကြခြင်း ဖြစ်သည်။

အိမ်ပေါ်တွင် ဂျပန်များ အတော်နည်းပါးသွားသည့်အခါ၌ သူကြီး ကတော် ဒေါ်ရွှေခင်သည် ထန်းလျက်ခဲများနှင့် ကဇွန်းဥပြုတ်များကို ပန်းကန် များထဲသို့ ထည့်ယူခဲ့ကာ ထိုင်နေသော ဂျပန်များဆီသို့ လာရောက် ချထားပေး လေသည်။ သူကြီး ဦးသီဟနှင့် သခင်ဘခွေးကြီးတို့မှာ မနီးမဝေးမှ ရပ်ကြည့် နေသည်။

ဒေါ်ရွှေခင်သည် ကဇွန်းဥပြုတ်ပန်းကန်ကို ဂျပန်တပ်စိတ်ဗိုလ်၏ ရှေ့ တွင် ချပေးပြီးနောက် စကားပြန် သူငယ်မှတစ်ဆင့် ကိုလူမောင်တို့ ကင်းသမား သုံးယောက်အား ဤတစ်ကြိမ်တွင် ဤမျှဖြင့် အပြစ်ချမ်းသာပေးပါမည့်အကြောင်း တိုးလျှိုးတောင်းပန်ခြင်း ပြုလေသည်။ ဂျပန်ဗိုလ်သည် အကြိမ်အတော်များများ ငြင်းဆန်ခြင်းပြုပြီး နောက်ဆုံးမှ သူကြီးကတော်၏ တောင်းပန်မှုအရ ဤတစ် ကြိမ်တွင် ဤမျှဖြင့် အခွင့်ပေးလိုက်မည်။ နောင်အခါများတွင် ဤလို ကင်းစောင့် ရာ၌ အိပ်နေမည်ဆိုပါက ဤထက် ကြီးလေးသော အပြစ်ကို ပေးရလိမ့်မည် ဟု ပြောဆိုကာ ကိုလူမောင်တို့ သုံးဦးအား ကြိုးဖြည်၍ လွှတ်လိုက်လေသည်။

*

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ညနေ သုံးနာရီခန့် ဖြစ်၏။ နေလုံးသည် အနောက်ဘက်သို့ တရွေ့ ရွေ့ ကျဆင်းစပြုလေပြီ။ ဤအချိန်တွင် ကဇင်းငူရွာကြီး၏ အပြင်ဘက်ရှိ ကွင်းစပ် တစ်ခုတွင် ပေတောကုန်း ရွာသားများနှင့် ကဇင်းငူရွာသားများ စုရုံး ရောက်ရှိနေကြပေပြီ။

ထိုသူများ ရောက်ရှိနေသော ကွင်းလယ်တွင် သရက်ပင်ကြီး နှစ်ပင်မှာ တစ်ပင်နှင့်တစ်ပင် တစ်လံကွာကျော်တွင် ပေါက်လျက်ရှိပေရာ ထိုသရက်ပင်တွင် ဓားပြချက်ကြီးနှင့် ပစ်တိုင်းထောင်တို့ နှစ်ဦးအား တစ်ပင်လျှင် တစ်ယောက် ကြိုးများဖြင့် ချည်နှောင်ထား၏။ ဂျပန်စစ်သားများသည် ထိုနေရာတစ်ဝိုက်တွင် ပတ်ပတ်ဝိုင်း၍ သေနတ်များကို အသင့်ပြင်ဆင်ထားလေသည်။ ဂျပန်ဗိုလ်နှင့် ဂျပန်စစ်သား ၆ ယောက်တို့မှာ ဓားပြနှစ်ဦးအား ချည်နှောင်ထားသော သရက်ပင်များနှင့် ၁၀ ကိုက်ခန့်အကွာတွင် ရပ်ကာ ဂျပန်စစ်သား ၆ ယောက်မှာ လှံစွပ်တပ်ထားသော သေနတ်များကို ဓားပြနှစ်ဦး၏ ရင်ညွှန့်တည့်တည့်သို့ ချိန်ရွယ်ထားရင်း ဂျပန်စစ်ဗိုလ်၏ အမိန့်ကို စောင့်မျှော်နာခံလျက် ရှိ၏။

ပေတောကုန်းနှင့် ကဇင်းငူရွာသားများသည် ကွင်းစပ်မှနေကာ အားလုံးပင် မတ်တတ်ရပ်ကြည့်ရသည်။ ထိုလူအုပ်များအတွင်းတွင် အပါအဝင်ဖြစ်သော ကိုလူမောင်မှာ ထိုကဲ့သို့ရပ်နေရာမှ ရင်ထဲတွင် တဒိတ်ဒိတ် တဆတ်ဆတ် ခုန်နေ၏။ 'ဘုရား ဘုရား ကယ်တော်မူပါ အရှင်ဘုရား'ဟူ၍လည်း သူ၏ စိတ်ထဲမှ တမိ၏။ ဂျပန်စစ်တပ်၏ အမိန့်အရ မနေသာ၍ လိုက်လာရသည့်တိုင် ဤ လူသတ်ပွဲကိုကား ကိုလူမောင် မကြည့်ဝံ့ရှိး အမှန်ပင် ဖြစ်ပါသည်။

'ဘုရား ဘုရား လှံစွပ်ကြီးနဲ့ တအား ပြေးထိုးလိုက်ရင် သွေးတွေက တော့ ပန်းထွက်လာမှာပဲ၊ အော်လိုက်မယ်ဆိုတာလဲ သိမ့်သိမ့်ကို တုန်ဟည်း သွားမှာပဲ ထင်ပါရဲ့' ကိုလူမောင်၏ စိတ်ထဲတွင် ရောက်တတ်ရာရာတွေးမိလေ သည်။

သိပ်အချိန်မကြာလှပေ။ ဂျပန်စစ်ဗိုလ်သည် စူးစူးဝါးဝါးအသံဖြင့် ကြောက်မက်ဖွယ် အော်ဟစ်လိုက်သည်။ ဂျပန်စစ်သား ၆ ဦးတို့သည် စစ်ဗိုလ်၏ အမိန့်အရ လှံစွပ်တပ် သေနတ်များကို သရက်ပင်ဆီသို့ တည့်မတ်စွာ ချိန်ရွယ်လိုက်၏။ အသင့်ပြင်သဘောဖြင့် ခြေလှမ်းရန် ပြင်ဆင်လိုက်ကြသည်။

နဘေးမှ ကြည့်နေသူများအားလုံး အသက်ရှုသံကိုပင် မကြားရလောက်အောင် ငြိမ်သက်သွားကြသည်။ ကိုလူမောင်၏ နှလုံးသားများသည် အရှိန်ပြင်း

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



စွာ ခုန်နေတော့၏။ သူ့ဝမ်းထဲတွင် သံဗုဒ္ဓေဂါထာကို အလွဲလွဲ အမှားမှား ရွတ်ဆိုနေမိ၏။

ဂျပန်စစ်ဗိုလ်သည် နောက်တစ်ကြိမ် အော်ဟစ်လိုက်၏။

'ရား' ခနဲ အော်ဟစ်ကာ ဂျပန်စစ်သားနှစ်ယောက်တို့သည် သရက်ပင်တစ်ပင်တွင် တစ်ယောက်ကျ ချည်နှောင်ထားသည့် ဓားပြနှစ်ဦး၏ ရင်ညွန့်စီသို့ တအားပြေးကာ လှံစွပ်နှင့် ထိုးစိုက်လိုက်လေသည်။

'ဒုတ်' ကနဲ အသံမြည်ကာ လှံစွပ်ဖျားသည် လူသားနှစ်ဦး၏ နလုံးသားများမှ ကျော်လွန်ကာ သရက်ပင်တွင် ထိုးစိုက်နေ၏။ ဂျပန်စစ်သားနှစ်ဦး စလုံးပင် ဓားပြနှစ်ဦး၏ ရင်ဝသို့ ညာခြေဖြင့် ကန်ကာ လှံစွပ်ကို ဆွဲနှုတ်လိုက်သည်။ ထိုစစ်သားနှစ်ယောက်အပြီးတွင် ဂျပန်စစ်ဗိုလ်၏ အမိန့်သံ ထပ်မံထွက်လာပြီးနောက် နှစ်ယောက်ကတက်ထိုးပြန်သည်။

ထို ၂ ယောက်ပြီး၊ နောက် ၂ ယောက်က ထိုးပြန်သည်။

ဓားပြနှစ်ဦး၏ ကိုယ်မှ သွေးများသည် သယောက်မှ ရေသွန်သည့်နှယ် ဒလဟော ပန်းထွက်လာသည်။ ကိုလူမောင်သည် သူ၏မျက်လုံးများကို ပိတ်ထားလိုက်မိသည်။ သူရှေ့ဆက်၍ မကြည့်ရက် မကြည့်ဝံ့တော့ချေ။

သူ့နားထဲ၌ကား ဂျပန်စစ်သား၏ ပြေးတက်သံ၊ တဒုတ်ဒုတ် တဖောက်ဖောက် မြည်သွားသော လှံစွပ်ထိုးသံ၊ လူတွေ၏ သက်မချသံများကို ကြားနေရလေသည်။ ဓားပြနှစ်ယောက်စလုံး၏ အော်သံကိုကား မကြားရပေ။ အတော် သတ္တိကောင်းသော သူ နှစ်ယောက်ဟု ကိုလူမောင် ထင်မိသည်။

ကွမ်းတစ်ယာညက်ခန့် ကြာသွားသည့်အခါ လူတွေ တိုးကြ ခွေ့ကြ၍ သူ့မျက်လုံးများကို ဖွင့်ကြည့်လိုက်မိသည်။ ကိစ္စကား ချောသွားပေပြီ။ ဓားပြနှစ်ယောက်အနက် တစ်ယောက်မှာ ခွေကျသွားလျက် တစ်ယောက်မှာ ခိုင်မြဲစွာ ချည်နှောင်ထားသော ကြိုးကြောင့် ဦးခေါင်းငိုက်စိုက်နှင့် လျှာထွက်နေလေပြီ။ တစ်ကိုယ်လုံးရှိ လှံစွပ်ဒဏ်ရာများမှာ သွေးများသည် ခပ်စောစောကလို ပန်းမထွက်တော့ပေ။ အနှံ့အပြား ယိုစီးနေ၏။

ဂျပန်စစ်တပ်မှာလည်း မြို့ဘက်သို့ ချီတက်စပြုလေပြီ။ ဂျပန်စစ်ဗိုလ်သည် စကားပြန်မှတစ်ဆင့် သူကြီး စောခွေလိပ်အား ဤအလောင်းနှစ်လောင်းကို ဤနေရာတွင် သုံးရက်ခန့်ထားပြီးမှ မြေတွင် မြှုပ်ရန် အမိန့်ပေးနေလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုလူမောင်၏ စိတ်များမှာ ချောက်ချားနေသည်။ အသက်မဲ့နေပြီ ဖြစ်သော စားပြဲအလောင်းနှစ်ခုကို တွေတွေကြီး ငေးကြည့်နေမိ၏။ သူ့စိတ်ထဲတွင် ကြောက်ခြင်းထက် စိတ်မကောင်းသလို သနားသလို ဖြစ်မိခြင်းက ပိုကဲလှဘိသည်။

သူ အဘယ်မျှ အချိန်ကြာအောင် ငိုင်နေမိလိမ့်ဦးမည် မသိ။

'လာလေ ကိုလူမောင် ဘာငိုင်နေတာလဲဗျ၊ သူများတွေတောင် အတော်လှမ်းသွားပြီ'

လှချောတစ်ယောက်က သူ့အား ပြောပြောဆိုဆိုနှင့် လက်ကို ဆွဲခေါ်လိုက်မှ သတိများဝင်လာကာ ပေတောကုန်းရွာလေးဆီသို့ ခြေလှမ်းစပြုလိုက်မိသည်။

'ဩော် သူတကာတွေတောင် အတော်လှမ်းသွားပါပကော'

❑

[၈]

## လွတ်မြောက်ခဲ့သော အကျဉ်းသား

စစ်ရေးစစ်ရာနှင့် မပတ်သက်သော အရှေ့ဆီမှ လူသတ်ပွဲများသည် ကိုလူမောင်တို့၏ မျက်စိအောက်တွင် ဤပုံဤနှယ် စတင်ခဲ့လေသည်။

အိမ်ပြန်ရောက်သည့်အခါ ကိုလူမောင်မှာ စကားတစ်ခွန်းမျှ မပြောနိုင်တော့ပေ။ ဦးခေါင်းငိုက်စိုက်နှင့် ကြက်ဖကြီး ခေါင်းရိုက်ထားသလို ဖြစ်နေတော့၏။ သူ့တွင် နေ့ဝက်တာအချိန်ခန့် နေပူလှန်းခံရခြင်း ဒဏ်ထက် ယခု ညနေပိုင်းတွင် မြင်ခဲ့ တွေ့ခဲ့ရသော အနိဋ္ဌာရုံ စိတ်ချောက်ချားမှုဒဏ်က ပိုမိုကာ ဆိုးရွားနေသည်။ သူ့တစ်သက်နှင့်တစ်ကိုယ် ဤအချိန် ဤအခါထိ လူအရှင်လတ်လတ် နှစ်ဦးအား ဝက်သတ်သလို ကြိုးများဖြင့် တုပ်နှောင်ကာ လုံ့စွပ်နှင့် တစွပ်စွပ်ထိုးသတ်ခြင်းမျိုးကိုမူ ဤအကြိမ် ဤအခါမှလွဲ၍ အဘယ်သော အခါကမျှ မတွေ့ မမြင်ခဲ့ မကြုံ မကြားခဲ့ဘူးပါချေ။ ဂျပန်တို့ကား သူမတူအောင် ရက်စက်လှချေသည်။ ရှေ့ဆက်၍ အဘယ်မျှ ဆိုးဝါးရက်စက်လေဦးမည်နည်း။ ကိုလူမောင်ခမျာ အတွေးရေယာဉ်ကြောတွင် နစ်မြောနေမိသည်။ လှချောက ငြိမ်းမယ်တို့ မိဒေါင်းတို့နှင့် စကားပြောပြီး၍ ပြန်တော့မည်ဟု သူ့ကိုနှုတ်ဆက်သည့်အခါ၌ပင် ဦးခေါင်းညိတ်ပြရုံသာ ပြုလိုက်မိလေသည်။

'ကိုလူမောင် ထမင်းမစားသေးဘူးလားဟင်' ငြိမ်းမယ်က ငုတ်တုတ်ငိုင်ငိုင်ကြီး ဖြစ်နေသော သူ့ကို မေးလိုက်၏။

'အင်း' သူက သည်လိုပင် တစ်ခွန်းတည်းသော စကားဖြင့် ပြန်လည်ဖြေကြားခြင်းပြုသည်။ သူ့အင်းသည် ဘာအင်းမှန်းမသိပေ။ စားမယ်ဟု ပြောသလား၊ မစားဘူးဟု ပြောခြင်းလား မသဲကွဲချေ။

'အဘ ရေချိုးပစ်လိုက်ပါလား အဘရဲ့' မိခင်အတွက် ပြောင်းဖက်ဆေးလိပ်များကို ဆေးစပ်နေသော မိဒေါင်းက ပြောလိုက်သည်။ မိန်းကလေးသည် သူ့အဘကို ကြည့်ရမြင်ရသည်မှာ စိတ်မကောင်းစရာ ဖြစ်နေသည်။ သူသည်လဲ ဒီနေ့ တစ်နေ့လုံး သူ့အဘအတွက် ချုံးပွဲချ ငိုကြွေးထားရသဖြင့် ရင်ထဲက တစ်မျိုးကြီး ဖြစ်နေသည်။ လှချောသော လာရောက် မချော့မော့ပါက သူသည် ငိုရင်းကများ ရင်ပွင့်လေမလား မဆိုနိုင်ပေ။

'မချိုးချင်ပါဘူး သမီးရယ်'

ကိုလူမောင်သည် သည်တစ်ခါ သူ့သမီးကို စကားပြောသည်မှာ အခါတိုင်းနှင့် မတူချေ။ သူ့အသံမှာ အေးအေးညှင်းညှင်း ရှိလှသည်။ သူ့ရင်ထဲတွင် အတွေးအတောပေါင်း အသချေ အနန္တ ဝင်နေ၏။ ငါ့ကိုများ ဂျပန်တွေက သတ်ပစ်လိုက်ရင် ဒီသား ဒီသမီးနှင့် ငြိမ်းမယ်ခမျာ ခက်ရချေရဲ့ဟု အတွေးရောက်နေပြန်သည်။ ဂျပန်စစ်သားတွေဟာ ဘယ်လို အစားထဲကများပါလိမ့်။ သူတို့ သူတို့၏ ရည်မှန်းချက်တွေက ဘာတွေများပါလိမ့်။ သူတို့မြန်မာပြည်မှာပဲ အမြဲနေသွားကြတော့မှာလား။ နောက်ထပ် ဂျပန်မတွေ ဂျပန်ထီးတွေ လာကြဦးမှာလား။ သူ့ဦးခေါင်း တစ်ခုလုံးမှာ ဤအတွေးများဖြင့် နောက်ကျိနေတော့၏။

'နင်တို့သားအမိတွေ ထမင်းဆာရင် စားကြနှော်၊ ငါတော့ မစားတော့ဘူး'

ကိုလူမောင်သည် ဘုရားစင်ရှေ့တွင် တုံးလုံးလှဲချလိုက်သည်။ နောက်တော့ တွေးချင်ရာတွေကို သူလျှောက်တွေးနေပြန်၏။ သူ့သားလေး ခွေးညိုမှာ ထိုညအဖို့ ပုလွေမမှုတ်နိုင်တော့ပေ။ ခွေးမ မိနီပင် အိမ်အောက်ဆင့် တစ်နေရာတွင် ခွေခွေလေး ငြိမ်သက်နေတော့သည်။ မိုးချုပ်လာပြီဖြစ်၍ တစ်ရွာလုံး မီးရောင်ကလေးများ တလက်လက်ရှိနေသော်လည်း ရွာကလေးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်ရွာလုံး စိတ်ပန်း ကိုယ်နွမ်း ဖြစ်သွားကြဟန်တူသည်။ ထက်ဝဠာမှ ငွေစန္ဒာသည် တိမ်လွှာဖုံး၍ မှုန်မွှားမွှား ရှိလေသည်။

ထိုနေ့ညစာကို ခွေးညိုမှ လွဲ၍ မည်သူမျှ မစားနိုင်ကြပေ။ စားလိုစိတ်ကလည်း သူတို့ သားအမိသားအဖ သုံးဦးစလုံးတွင် မရှိကြချေ။ သူတို့ မျက်လုံးအိမ်များအတွင်း စိတ်မချမ်းမြေ့စရာ အာရုံများက ဝင်ရောက်နေကြ၏။ ဂျပန်များက ဓားပြ ၂ ယောက်အား လုံ့စွပ်နှင့် ထိုးသတ်ခြင်းကို ကိုလူမောင်၏ မျက်စေ့ထဲမှ ဖျောက်ဖျက်မရသလို ငြိမ်းမယ်၏ မျက်လုံးအိမ်များ အတွင်း၌ကား

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သူကြီးအိမ်ရှေ့ ကိုလူမောင် နေခြောက်လှန်းခံနေရခြင်းကို ထင်ယောင် မြင်ယောင်နေမိသည်။

အတော်ပင် မှောင်လာသည့်အခါ ဦးစန္ဒိမာ ကျောင်းဆီမှ ဘုရားဝတ်တက် ကျောက်စည်ထိုးသံကို ကြားရသည်။ ခွေးများက တစ်ရွာလုံးအူလေသည်။ မိနီသည် အိမ်ရှေ့ လမ်းမပေါ်သို့ ပြေးထွက်သွားကာ အိမ်ပေါက်ဝတည့်တည့်မှ သံရှည်ဆွဲ၍ အူနေ၏။

'မိဒေါင်း နင့်အဘကို ခေါင်းအုံး တစ်လုံး ယူပေးလိုက်၊ ငါသူကြီးအိမ် ခဏသွားလိုက်ဦးမယ်၊ မနက်ကတည်းက သူကြီးကတော်နဲ့ စကားပြောမလို့ဟာ ဒီဂျပန်ကောင်တွေ ဇယားရှုပ်နေတာနဲ့ ဘာတစ်ခွန်းမှ မပြောခဲ့ရဘူး၊ သူဝင်ပြောရှာပေလို့ နင်တို့အဘ သက်သာမှုရတာ'

ငြိမ်းမယ်သည် ဆေးပေါ့လိပ်ကို မီးရဲနေအောင် ဖွာရင်းမှ လမ်းမပေါ်သို့ ထွက်လေသည်။ မီးဖိုထဲမှ ထမင်းစားပြီးသွားသော ခွေးညိုသည် အမေ ကျွန်တော်လဲ လိုက်ခဲ့မယ်ဗျ'ဟု အော်ပြောရင်း အိမ်ပေါ်မှ ပြေးဆင်းသွားလေ၏။

မိဒေါင်းသည် သူ့အဖေကိုလူမောင်အား ခေါင်းအုံးတစ်လုံး သွားရောက်ပေး၏။ ကိုလူမောင်သည် ခေါင်းအုံးကို လှမ်းယူကာ သူ့ခေါင်းအောက်သို့ ခေါက်ချိုးထိုးသွင်းလိုက်သည်။

'ကွမ်းခြံလဲ ဒီနေ့ ရေသွားမလောင်းရဘူးနော်'

'ညနေဘက်က သွားလောင်းတယ်အဘရဲ့'

'ဘယ်သူသွားလောင်းလဲ သမီး'

'ကျွန်မနဲ့ ကိုလှချောပေါ့'

'ဟေ လှချော ငါနဲ့အတူ ကဇင်ငူက ပြန်လာကြတာပဲဟ'

'ကွမ်းခြံ ရေလောင်းပြီးမှ အဘတို့နောက်ကို သူလိုက်သွားတာ'

ကိုလူမောင်သည် နောက်ထပ်၍ ဘာမျှ မပြောပေ။ လှချောနှင့် သူ့သမီး မိဒေါင်းတို့မှာ အပျိုလူပျိုကလေးများဖြစ်ကြ၍ အကယ်တိရည်ငံနေကြသည် ဆိုပါကလည်း အကြောင်းမဟုတ်ချေ။ လှချောမှာ လူကောင်းကလေး တစ်ယောက်ဖြစ်သလို သူ့အဖေ ကိုဖိုးကျော့မှာ သူနှင့် ခင်မင်ရင်းနှီးသော လူကောင်းတစ်ယောက် ဖြစ်သည်။ လှချော၏ ဖခင်က သူတို့ထက် အတန်အသင့် ချောင်ချိသော်လည်း အဆင့်အတန်း သိပ်အကွာကြီး မဟုတ်ကြပေ။ လှချော၏ မိခင်ဖခင်သည် လှချောတစ်ယောက်သာ ရှိသည်။ လှချောတွင် ကြက်တိုက်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဝါသနာရှိသည့်တိုင် ဤသည်မှာလည်း ပြောပလောက်အောင် ရမ်းရမ်းကားကား မဟုတ်ချေ။ ကောင်ကလေးက အလိမ္မာတရားရှိလေသည်။

ကိုလူမောင်သည် ရောက်တတ်ရာရာ တွေးပြန်သည်။ တုံးလုံးလှဲနေပေမယ့် သူ မအိပ်နိုင်ပါချေ။

ရွာမြောက်ပိုင်းဆီမှ ခွေးအူသံများ ခွေးဟောင်သံများ ကြားရပြန်သည်။ သူ ဇက်ခနဲ ထထိုင်မိ၏။ သူ့မျက်လုံးများသည် လမ်းပေါ်သို့ လှမ်းကြည့်လိုက်သည့် မိနီသည် အိပ်နေရာမှ ခေါင်းထောင်ထကာ ဆွဲဆွဲငင်ငင် အူလေသည်။

'ဟဲ့ မိနီ ဘာလို့ အူရတာလဲဟင်' မိဒေါင်းက မိနီကို ငေါက်လိုက်၏။ ထိုအခါမှ မိနီအအူ ရပ်သွားသည်။ သို့ရာတွင် ရွာတောင်ပိုင်းမှ ခွေးအူသံနှင့် ရွာဦးဆီမှ ခွေးအူသံကို ဆက်ကြားရပြန်သည်။

အိမ်ရှေ့မှ ပိတောက်ပင်သည် လေတိုးသဖြင့် တရှဲရှဲမြည်ကာ လှုပ်ရှားနေသည်။ ကိုလူမောင်၏ ကျောထဲမှ စိမ့်ခနဲ ဖြစ်မိ၏။ ကဇင်းငူဘက်မှ ဓားပြသူရဲ နှစ်ကောင် ရွာထဲများ ဝင်လာလေသလားဟု ထင်မှတ်မိသည်။ နောက်တော့ ကင်းတဲရှေ့မှ ဂျပန်စစ်သားများ သူတို့သုံးယောက်ကို သူကြီးအိမ်အရောက် ဒရွတ် ဒရွတ် ဆွဲခေါ်လာသည်ကို အမှတ်ထင်မိပြန်သည်။ သူတို့ကို နှိပ်စက်သော ဂျပန်များထဲမှ အကြီးအကဲ ဂျပန်၏ မျက်နှာကို သူမှတ်မိသည်။ မျက်မှောင်ကို အမြဲတမ်း ကုပ်ထား၏။ ပါးစပ်ကလည်း တရူးရူး ဆဲရေး၏။ သူ့ပါးစပ်မှ တံတွေးများကိုလည်း တဖွီးဖွီး ထွေးသည်။ ထိုဂျပန်ကို ကြည့်ရမြင်ရသည်မှာ လူသတ်ချင်စိတ် ပေါက်နေဟန်ရှိသည်ဟု ကိုလူမောင် ယူဆမိ၏။

ကိုလူမောင်သည် ထိုအကြောင်းများကို ဆက်လက်မတွေးမိစေရန် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ထသောက်လေသည်။ သို့ရာတွင် ထိုအာရုံသည် ပျောက်ဖျက်မရပေ။ အိမ်ရှေ့မှ ပိတောက်ပင်က ခပ်စောစောကထက် ပိုကာ တဖျတ်ဖျတ် တဟဲဟဲမြည်နေပြန်သည်။

'ဒုက္ခပါပဲ'

'ဘာလဲအဘ၊ ဘာပြောတာလဲ'

ပါးစပ်မှ အသံထွက်သွားသဖြင့် သူ့သမီး မိဒေါင်းက မေးလိုက်သည်။

'အော် နင့်အမေ ခုထိ မလာသေးဘူး အဘလိုက်သွားဦးမှ'

သူထိုင်နေရာမှ အထလိုက်၌ပင် ငြိမ်းမယ်တို့ သားအမိ အိမ်ပေါ်သို့ သုပ်သီးသုပ်ပျာ တက်လာသည်။ ရေနံဆီမီးခွက်မှ မီးရောင်တွင် တွေ့လိုက်ရသော

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ငြိမ်းမယ်၏ မျက်နှာမှာ ချောက်ချား တုန်လှုပ်နေဟန်ရှိသည်။ သူ့ပါးစပ်မှလည်း တစ်စုံတစ်ရာကို ပြောလိုဟန်တူ၏။

'ဘာလဲ ငြိမ်းမယ်၊ ဘာဖြစ်လာလဲ'

'တိုးတိုးတော့ တိုတိုး၊ ကျုပ်ပြောပါ့မယ်၊ အိမ်တံခါးတွေ ပိတ်ကြစို့'

ငြိမ်းမယ်က ပြောပြောဆိုဆို နေအိမ်ကဲလားတံခါးများနှင့် တံခါးပေါက်အားလုံးကို ရေးကြီးသုတ်ပျာ လိုက်ပိတ်နေသဖြင့် ကိုလှမောင်နှင့် မိဒေါင်းတို့ပါ ကူညီကာပိတ်ကြရသည်။ ထိုကိစ္စများပြီးမှ သားအမိသားအဖတစ်တွေ ရေနံဆီမီးတိုင်ရှေ့တွင် စုထိုင်လိုက်ကြသည်။ ငြိမ်းမယ်မှာ မောဟိုက်နေ၏။

'ဂျပန်တွေ ထပ်ရောက်နေတယ်တော့၊ ကျုပ်ပြန်ခါနီးပဲ ဂျပန်ကောင်တွေ သူကြီးအိမ်ပေါ် တက်လာပါရော၊ ကျုပ်ဖြင့် ကြောက်လိုက်တာတော် မပြောပါနဲ့တော့'

ငြိမ်းမယ်က တီးတိုးလေသံဖြင့် အမောတကော ပြောလိုက်၏။ ကိုလှမောင်မှာ ပါးစပ်အဟောင်းသား နားထောင်နေသည်။ မိဒေါင်းကလည်း ကြောက်ရွံ့စိတ်များ ပေါ်လာသည်။

'ရွာမှာ ကင်းပုန်းဆိုလား ချထားမလို့တဲ့တော့၊ ရွာသားတွေ အပြင်မထွက်ရဘူးတဲ့၊ ထွက်ရင်လဲ မီးအုပ်နဲ့ ထွက်ရမတဲ့၊ အဲဒါ သူကြီးအိမ်က ခုပဲ အိမ်တိုင်းစေ့ လိုက်ပြောလိမ့်မယ်၊ ကိုမြတ်ကျော်နဲ့ ဆယ်အိမ်ခေါင်း ကိုပန်းမွှေးသွားခေါ်နေတယ်'

ထိုအခိုက်၌ပင် အပြင်မှ လူသံများ ကြားရပြီးနောက် ကိုမြတ်ကျော်တို့ ကိုပန်းမွှေးတို့အသံကို ကြားလိုက်ရ၏။ သူတို့အိမ်၏ အနောက်ဘက်မှ ကိုပြားကြီးအား ငြိမ်းမယ်ပြောသည့်အတိုင်း လမ်းပေါ်မှနေကာ ကိုမြတ်ကျော်က ပြောနေသည်ကို ကြားလိုက်၏၏။ နောက်တော့ ကိုပန်းမွှေး သူတို့အိမ်ရှေ့ ရောက်လာသည်။

'ဟေ့ လှမောင်၊ လှမောင်ရေ'

'ဗျို့' ကိုလှမောင်သည် မီးတိုင်ရှေ့မှ လျင်မြန်စွာ ထကာ တံခါးကို ဖွင့်လိုက်ပြီး ဘူးစင်အောက်ဆင်းခဲ့သည်။

'ညရေးညတာ သတိထားဟေ့၊ အကြောင်းထူးမရှိဘဲ အပြင်ကိုမထွက်နဲ့၊ ကိစ္စရှိလို့ ထွက်ရင်လဲ မီးခွက် မီးတိုင် မီးအုပ်နဲ့ ထွက်၊ ကင်းသမားက မေးရင်လဲ ခပ်ကျယ်ကျယ် ပြန်ပြော၊ ဒီည ကင်းလှည့်လိမ့်မယ် ကြားလား'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ဟုတ်ကဲ့ဗျာ ဟုတ်ကဲ့'

ကိုမြတ်ကျော်နှင့် ကိုပန်းမွှေးတို့သာမက ဂျပန်ငါးယောက် ကင်းသမား သုံးယောက်ကိုပါ တွေ့ရသည်။ ဂျပန်စစ်သားတစ်ယောက်မှာ သူ၏ ရိုင်ဖယ်သေနတ်ကို ဒရွတ်ဆွဲသွားလေရာ လမ်းပေါ်တွင် တဂျစ်ဂျစ်မြည်နေ၏။ သူတို့အားလုံးသည် ရှိသမျှ အိမ်များကို လူအုပ်နှစ်စုခွဲကာ လိုက်လံပြောဆိုနေခြင်း ဖြစ်သည်။

ကိုလှမောင်သည် အိမ်အတွင်းသို့ အလျင်အမြန် ပြန်ဝင်လိုက်၏။ တံခါးကိုလည်း ချက်ချင်း ပိတ်ပစ်လိုက်သည်။ မီးတိုင်ရှေ့တွင် သူပြန်ထိုင်သည့်အခါ ငြိမ်းမယ်က ကျုပ်မပြောလားဟူသော အကြည့်မျိုးနှင့် သူ့ကို ကြည့်လိုက်၏။

'နောက်ပြီးတော့ တစ်ခုရှိသေးတယ်တော့'

'ဆိုစမ်းပါဦး၊ ဘာများလဲ'

ငြိမ်းမယ်သည် ရှေ့သို့တိုး၍ လူချင်းကပ်မတတ် နေရာ ပြင်လိုက်သည်။ သူက အသံကို နှိမ့်နိုင်သမျှ နှိမ့်ပြောလေသည်။

'ဒီနေ့လဲ မြို့ပေါ်မှာရှိတဲ့ စစ်တပ်က လူနှစ်ယောက်ကို ဈေးဝက ဓာတ်မီးတိုင်မှာ လှံစွပ်နဲ့ ထိုးသတ်ပြသတဲ့'

'ဒါတကယ်ပဲလား'

'သြော် တော့်နယ်တော် တကယ်ပေါ့၊ သူကြီးကတော်ရဲ့မောင် မိုးချုပ်စကပဲ မြို့ကရောက်လာတယ်'

'ဘယ်လိုလူတွေလဲ ဓားပြလား၊ သူခိုးလား'

'ဓားပြတဲ့တော့်၊ ငစိန်ကြီးနဲ့ ငညာကြီးတဲ့၊ နာမည်က။ နောက်လဲ သတ်မဲ့ဟာတွေ ရှိသေးသတဲ့၊ သူလျှိုဆိုလား စပင်ဆိုလား ကျုပ်လဲ မပြောတတ်ပါဘူး'

'ဟင်း စိတ်မချမ်းသာစရာကြီးပါလား'

ကိုလှမောင်မှာ ညည်းတွားကာ ဟင်းချလိုက်သည်။ ငြိမ်းမယ်နှင့် မိဒေါင်းတို့သားအမိနှစ်ယောက်သည် နေအိမ်တံခါးများကို ထပ်မံကာ လုံခြုံအောင် ပိတ်ကြသည်။ တံခါးများကို အတွင်းမှ ကန့်လန့်ထိုးပိတ်ကြသည်မျှမက တံခါးရွက်များဘေးမှ သံပုံးများ သစ်သားချောင်းများ တောင်းပလုံးစသည်များကိုပါ အကာအကွယ်အဖြစ် ခံထား ဆို့ထားကြ၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုလူမောင်မှာ သူ ကင်းစောင့်သည့်အခါတွင် အသုံးပြုသော ဝါးချွန်ကို သူ့အိပ်ရာနဘေးတွင် အဆင်သင့် ဖြစ်စေရန် ယူထား၏။

'ကဲ ဒီညတော့ သတိဝီရိယနဲ့ အိပ်ကြမှပဲ ငြိမ်းမယ်၊ မီးခြစ်တို့၊ မီးတိုင်တို့လဲ လိုရင် ရအောင် အဆင်သင့်ထားဟေ့'

သားအမိ သားအဖတစ်တွေသည် အခါတိုင်း ညများကလို မဟုတ်ဘဲ အခန်းတစ်ခုထဲ' တစ်နေရာထဲတွင် စုစုဝေးဝေး အိပ်ကြရန် စီစဉ်ကြသည်။ တစ်ရွာလုံးမှာ တိတ်ဆိတ်နေသယောင် ထင်မှတ်ရ၏။ သို့ရာတွင် အမှန်အားဖြင့်ကား တိတ်ဆိတ်ငြိမ်သက်နေသည်တော့ မဟုတ်၊ အခါတိုင်း ညများနှင့် မတူဘဲ ထိုညအဖို့ ကင်းသမားများသည် ရွာဆုံးရွာဖျား ကင်းလှည့်ရ လျှောက်ရ၏။ သူတို့နှင့်အတူ ရွာဆော်ကိုမြတ်ကျော်နှင့် ကိုပန်းမွှေးတို့ကလည်း ဓားလှံများ စွဲကိုင်ကာ လိုက်ကြရသည်။ ဂျပန်စစ်သားများမှာ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲနှင့် အမှောင်ရိပ်ကွယ်များ သစ်ပင်များအောက်တွင် ကင်းပုန်းစောင့်လျက်ရှိ၏။ ကိုလူမောင်မှာ ထိုညတစ်ညလုံးအဖို့ စိတ်ချလက်ချ အိပ်မပျော်နိုင်တော့ပေ။ ချိုးချိုးချွတ်ချွတ်သံ ကြားရတိုင်း စိတ်နှလုံးများ ချောက်ချားကာ မျက်လုံးများ ကျယ်လျက် ရှိနေတော့သည်။

သန်းခေါင်ကြက်များပင် တွန်ကျူးခဲ့သည်မှာ အချိန်အတန်ကြာလေပြီ။ ခုနစ်စင်ကြယ်ပြောင်လည်း အမြီးထောင်ခဲ့၏။ ကိုလူမောင်မှာ တစ်ရေးကမှ အိပ်၍ မရသေးပေ။ သူ့အလေ့အကျင့် ထုံးစံအတိုင်းပင် တချွတ်ချွတ်နှင့် ညင်ညင်သာသာ လှုပ်ရှားရင်း ဘယ်ပြောင်းညာလှည့် ဖြစ်နေ၏။ စောင်းအိပ်လို့လဲမရ၊ ပက်လက်အိပ်လို့ကလဲ မရ၊ မှောက်အိပ်လို့ကလဲ မပျော်ပေ။ သူ့အနီးရှိ ဇနီးသည် ငြိမ်းမယ်နှင့် ခွေးညို မိဒေါင်းတို့ သားအမိ သုံးဦးကား တရှူးရှူး အိပ်မောကျနေကြပေပြီ။ သူတို့ကား အပူအပင် ကင်းမဲ့လေစွဟု ကိုလူမောင်ထင်မိ၏။

မျက်လုံးများကို ဇွတ်အဓမ္မ မှိတ်၍ အိပ်ပျော်ရန် ကြိုးစားသော်လည်း မရနိုင်ပေ။ ညနေက တွေ့လာရသော လူသတ်ပွဲမှာ မျက်လုံးထဲတွင် တရစ်ဝဲဝဲ မြင်ယောင်နေသည်။ ဇာတ်ပွဲ ရုပ်သေးပွဲများထဲတွင် တွေ့ဖူးသော လူသတ်ပွဲမျိုးလဲမဟုတ်၊ ဟိုက သဏ္ဍာန်လုပ်၍ သရုပ်ဆောင်ခြင်းမျှ ဖြစ်၏။ ယခုတွေ့ခဲ့ရသော အဖြစ်မှာမူ သဏ္ဍာန်လုပ်၍ သရုပ်ဆောင်ခြင်းမျိုး မဟုတ်ဘဲ တကယ်ပင် မသေမချင်း လှံစွပ်နှင့် ထိုးသတ်နေခြင်းသာ ဖြစ်၏။ ညနေပိုင်းအချိန်က ဆိုပါလျှင် သူသည် အသက်မသေဘဲ အရှင်လတ်လတ် ငရဲကြီးရှစ်ထပ်သို့ တစ်ခေါက်တစ်ခါ ရောက်ခဲ့ရခြင်းနှင့် တူလှ၏ဟု ယူဆမိသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ထိုအခိုက်၌ပင် အိမ်နောက်ဘက် နွားတင်းကုပ်နှင့် ငှက်ပျောပင်များ ဝါးရုံတောများရှိရာဆီသို့ မိနီ တဝုတ်ဝုတ် ထိုးဟောင်လိုက်သံကို ကြားရ၏။ ကိုလူမောင်သည် ခေါင်နဘန်းကြီးသွားမိသည်။ ဂျပန်တွေများ ရောက်နေသလား၊ ဒါမှမဟုတ် မိနီ ဘာကိုများ တွေ့လို့ မြင်လို့ပါလိမ့်။ သူသည် အိပ်ရာနံဘေးရှိ ဝါးချွန်ကို စမ်းသပ်မိ၏။ အမှောင်နှင့် မဲမဲတွင် သားအမိ သုံးယောက်၏ အသက်ရှူသံမှာ တရှူးရှူး ထွက်ပေါ်နေသည်။

မိနီသည် အဟောင်ရပ်သွားပြန်၏။ မိနီ ဟောင်နေသည်မှာ နွားတင်းကုပ်နှင့် မလှမ်းမကမ်း အိမ်အနောက်နားမှ ကပ်၍ ဟောင်နေခြင်း ဖြစ်၏။

အချိန် အနည်းငယ်အတွင်း၌ မိနီသည် ထပ်ဟောင်ပြန်၏။ သည်တစ်ကြိမ်တော့ သဲသဲမဲမဲ ဟောင်သည်။ မရပ်တော့ပေ။

'ဒီခွေးမ ဘာဟောင်နေရတာလဲ၊ တစ်ခုခုကြောင့် ဟောင်တာပဲ၊ ထကြည့်ဦးမှဖြစ်မယ်၊ တော်တော်ကြာ ဂျပန်တွေ လာပြီး အိမ်ရှေ့ကနေ နှိုးဟယ်၊ အော်ဟယ်နဲ့ အိမ်ထဲဝင်လာရင် ခက်မယ်' သူ၏ စိတ်များတွင် ဤလို အတွေးပေါက်ကာ အိပ်နေရာမှ ထလိုက်ပြီး ငြိမ်းမယ်၏ ခေါင်းအုံးအောက်သို့ လက်ထိုးသွင်းကာ မီးခြစ်ကို ရှာလေသည်။ အိမ်နောက်မှ ဟောင်နေသော မိနီသည် ထိုအချိန်ထိ ထိုးထိုးဟောင်နေတုန်း ဖြစ်၏။

ကိုလူမောင်သည် မီးခြစ်ကို ရွဲခနဲ ခြစ်လိုက်၏။ ခြေရင်းဘက် ထရံအနီးရှိ မီးတိုင်ကို ထွန်းညှိလိုက်သည်။ မီးရောင်နီကြင့်ကြင့် လင်းသွားသော အခါ၌ပင် ငြိမ်းမယ်သည် အိပ်ပျော်နေရာမှ နိုးလာတော့၏။

'ဘာလဲဟင်၊ ဘာလဲကိုလူမောင်၊ မိနီ ဟောင်လှချေလား'

ငြိမ်းမယ်က အိပ်ယာမှ လူးလဲထရင်း မေးလိုက်သည်။

'အေးကွ၊ မိနီသိပ်ဟောင်နေတယ်၊ အဲဒါကို ငါသွားကြည့်မလို့ဘဲ၊ ဒီခွေးမ သဲသဲမဲမဲ စားတော့ ဝါးတော့မလောက် ဟောင်နေတယ်'

ကိုလူမောင်သည် ပြောပြောဆိုဆို လက်တစ်ဖက်မှ ဝါးချွန်၊ လက်တစ်ဖက်မှ ရေနံမီးတိုင်ကို ကိုင်ကာ နေရာမှထလိုက်သည်။

'နေဦးတော့၊ ကျုပ်လဲ လိုက်ခဲ့မယ်၊ မီးတိုင် ကျုပ်ကိုပေး'

လင်မယားနှစ်ယောက်သား တစ်ယောက်က ရေနံမီးတိုင်ကိုင်၍ တစ်ယောက်က ဝါးချွန်ကို ကိုင်ကာ အိပ်ခန်းထဲမှ မီးဖိုဆောင်ဘက်သို့ ထွက်ခဲ့ကြ၏။ အိမ်နောက်ဘက်သို့ ဆင်းသက်ရာတွင် မီးဖိုဆောင်သို့ ကူးပြီးမှ အိမ်

နောက်တံခါးကို ဖွင့်ကာ မြေပေါ်သို့ ဆင်းသက်နိုင်ကြမည် ဖြစ်၏။ အိမ်နောက်ဖေးမှ မိနီမှာမူ သူ့သခင်များ၏ အသံကို ကြား၍ မီးရောင်ကို မြင်သည့်အခါ ရှေးကထက် ပိုဟောင်လေသည်။

လင်မယားနှစ်ယောက် မီးဖိုတံခါးကို ဖွင့်ကာ အိမ်နောက်သို့ ထွက်ခဲ့၏။ ခွေးမ မိနီမှာ တဝုတ်ဝုတ် တရှူးရှူး ဖြစ်ကာ ဝါးရုံပင်နှင့် ငှက်ပျောတောများအတွင်းသို့ သဲကြီးမဲကြီး ထိုးဟောင်သည်။ ကိုလူမောင်နှင့် ငြိမ်းမယ်ကို တွေ့သည့်အခါ ဝါးရုံတောအနီးသို့ ပြေးသွားလျက် နှစ်ကိုက်သုံးကိုက် အကွာမှနေ၍ ရပ်ဟောင်ပြန်သည်။

'မိနီ တစ်ခုခုတော့ တွေ့နေပြီကွ၊ တောကြောင်လား ဘာလားပဲ'

ကိုလူမောင်က ထိုကဲ့သို့ ပြောရင်း ရှေ့တိုးသွားသည့်အခါ ငြိမ်းမယ်သည် နောက်ပါးမှ မီးတိုင်ကို မြှောက်ပြလျက် ကပ်လိုက်လာသည်။ ဝါးရုံတောနှင့် ငှက်ပျောပင်များအနီးသို့ ရောက်သည့်အခါ သူတို့နှစ်ယောက်စလုံး၏ နားများထဲသို့ တဟီးဟီး ညည်းနေသော အသံတစ်ခု ဝင်ရောက်လာသည်။ လင်မယားနှစ်ယောက်စလုံး ရှေ့ဆက်မတိုးဝံ့ကြပေ။ မိနီပင် ရှေ့မတိုးရဲဘဲ ကြောက်ကန်ကြောက်ကန် ဟောင်နေ၏။

'မင့် မီးတိုင် ရှေ့တိုးပြစမ်းကွာ'

ကိုလူမောင်သည် သူ့လက်မှ ဝါးချွန်ကို ထိုးတော့မည့်ဟန်မျိုးဖြင့် မြှောက်ချိန်ကာ ကိုယ်အထက်ပိုင်းနှင့် လည်ပင်းကို အရှေ့သို့ ဆန့်ရင်း ခြေဖျားထောက်ကြည့်လိုက်၏။

'အရမ်းမလုပ်နဲ့နော်' ငြိမ်းမယ်က နောက်မှ သတိပေးသည်။ ကိုလူမောင်၏ ဝါးချွန်မြှောက်ထားသော လက်များမှာ တဆတ်ဆတ်တုန်နေ၏။ သူ့မျက်စေ့ထဲတွင် မြင်တွေ့လိုက်ရသော အရာမှာ စစ်သား အဝတ်အစားများနှင့် ဖြစ်ဟန်တူသော လူတစ်ယောက် ငှက်ပျောပင်ရင်းတွင် အခွေသား လဲနေခြင်း ဖြစ်လေသည်။

လဲနေသော သဏ္ဌာန်မှာ တဟီးဟီး ညည်းတွားနေ၏။ အသံကတော့ မတိုးမကျယ်ဖြစ်သည်။ ထိုသူမှာ သူတို့ဘက်သို့ ကျောခိုင်းကာ လဲကျနေခြင်းဖြစ်သောကြောင့်တစ်ကြောင်း၊ မီးတိုင်၏ အလင်းရောင်က အားနည်းလှသောကြောင့် တစ်ကြောင်း ဘယ်သူဘယ်ဝါဖြစ်သည်ကို သူတို့ မသိနိုင်ပေ။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဝါးချွန်နဲ့ တအားပစ်ထိုးလိုက်ရ ကောင်းမလား၊ သူ့စိတ်ထဲက တွေးလိုက်မိ၏။ သို့ရာတွင် လူတစ်ယောက်အား ဤလို ထိုးဝံ့သော စိတ်ထား၊ ထိုးရက်သော စေတနာဆိုးသည် သူ့တွင် မရှိပါချေ။

'လူတစ်ယောက် လဲနေတယ်ကွ' ကိုလူမောင်သည် ငြိမ်းမယ်အား လှည့်၍ ပြောလိုက်၏။ ခွေးမ မိနီမှာ ထိုအချိန်၌ မဟောင်တော့ပေ။ အမြီးတရမ်းရမ်းနှင့် တအီအီ အော်လေသည်။

'ဟင် အဲဒါ ဘယ့်နယ်လုပ်မလဲ' ငြိမ်းမယ်က အာမေဋိတ်ပြုကာ မေးလိုက်၏။ သူသည်လည်း ဘာပြန်ပြောရမည်မှန်းမသိပေ။ လဲနေသော လူသည် ထိုအခိုက်၌ပင် တဟီးဟီး ညည်းတွားရာမှ သူတို့နှစ်ဦးဘက်သို့ လှည့်စောင်းလာသည်။ ညည်းတွားနေရာမှလည်း သူတို့ကို မျက်လုံးလှန်ကြည့်လိုက်သည်။ နီကြင့်ကြင့် မီးရောင်အောက်တွင် ထိုသူ၏ မျက်လုံးများသည် တောက်ပ၍ နေလေသည်။

ကိုလူမောင်သည် ငြိမ်းမယ်၏လက်တွင်းမှ ရေနံမီးတိုင်ကို လှမ်းယူကာ မီးတိုင်ကို မြှောက်၍ ခြေဖျားထောက်ကြည့်ပြန်သည်။ လဲနေသူမှာ ဒဏ်ရာ အနာတရ ဖြစ်နေ၍သော် လည်းကောင်း၊ နာမကျန်းဖြစ်၍သော် လည်းကောင်း၊ အစာရေဆာ ပြတ်၍သော်လည်းကောင်း လဲနေခြင်းဖြစ်ပေရာ သူ့အား မည်သည့်နည်းနှင့်မျှ အန္တရာယ်ပြုရန် မစွမ်းနိုင်ဟု ကိုလူမောင် တွေးမိသည်။ ထို့ကြောင့် သူသည် ရှေ့သို့ ခြေနှစ်လှမ်း သုံးလှမ်း တိုးဝင်သွားကာ မီးတိုင်ကို မြှောက်၍ ထိုသူကို အသေအချာ ကြည့်လေသည်။

တဟီးဟီး ညည်းတွားနေသောသူသည် ကိုလူမောင်အား သူ့အနီးသို့ လာရောက်စေလိုဟန်ဖြင့် လက်တစ်ဖက်ကို အသာအရာမြှောက်၍ ခေါ်၏။ ထိုသူ၏ အမူအရာကို ကိုလူမောင့်နောက်မှ ငြိမ်းမယ်သည် ကိုလူမောင်၏ ပခုံးကို ကျော်ကြည့်ရာမှ မြင်လိုက်သည်။

'ဟင် ဦးခွေလိပ်ညီ စောသာရင်ပဲ' ငြိမ်းမယ်က နောက်မှနေကာ ကိုလူမောင်ကို ပြောလိုက်၏။ ကဇင်းငူရွာ သူကြီး စောခွေလိပ်နှင့် သူတို့ကား ခင်မင်ရင်းနှီးသူများ ဖြစ်ကြသည်။ ကရင်တွေ ဗမာတွေဆိုသော်လည်း ရွာအနီးအနားချင်း ဖြစ်ကြရုံမျှသာမက တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် ကျေးဇူးမကင်းရာ မကင်းကြောင်းလည်း ဖြစ်၏။ တစ်ရွာနှင့် တစ်ရွာသည် ကရင်ဗမာဟူသော လူမျိုးရေးစိတ်ထား မရှိကြပေ။ ကရင်နဲ့ ဗမာဟူသော

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



စိတ် သဘောထား ကွဲပြားမှုလည်း သူတို့တွင် မရှိကြ။ ရွာနီးချင်းများဖြစ်ကြသော ကြောင့် အိမ်နီးပတ်ဝန်းကျင်ကဲ့သို့ သဘောထားစိတ်ထား ထားရှိကြပေသည်။ မြစ်ကျိုးကွေ့တွင် ကိုလူမောင် ကွမ်းခြံကလေး လုပ်နိုင်သည်ကပင် စောခွေလိပ်၏ ကျေးဇူးဖြစ်သည်။ ကွမ်းခြံလုပ်ငန်းကို ဗမာများထက် ကဇင်ငှ(စကော) ကရင်အမျိုးသားများက အများအပြား လုပ်ကြပေရာ ယခုနှစ်မှစလုပ်သော သူတို့၏ 'ကွမ်းမျိုး' ကိုပင် စောခွေလိပ်ထံမှ ငွေလက်ငင်းတချို့ အကြွေးတချို့ ဝယ်ယူခဲ့ရသည်။ စောခွေလိပ်၏ ကွမ်းမျိုးဖိုး အကြွေးမှာ ယခုထိ သူတို့တွင် မကြေသေးဘဲ ရှိနေသည်။

ငြိမ်းမယ်၏ လေသံကြောင့် ကိုလူမောင်သည် လဲနေသူကို အသေအချာ ကြည့်လိုက်မိသည်။ ငြိမ်းမယ်ပြောသည်မှာ မှန်ပေသည်။ စောသာရင်မှ စောသာရင်ပါကလား။

ကိုလူမောင်မှာ သူ့လက်တစ်ဖက်မှ ဝါးချွန်ကို မြေပေါ်သို့ ပစ်ချလိုက်သည်။ လူမှာလည်း အငေးသား အကြောင်သား ဖြစ်သွား၏။ သူ့စိတ်ထဲတွင် ကြောက်စိတ်ဖြင့် မွန်တက်ကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

အချုပ်ကို ဖောက်ပြေးသည်ဆိုသော စစ်သားသုံးယောက်အနက် ကရင်စစ်သားတစ်ယောက်ဆိုသည်မှာ စောသာရင်ပါကလား၊ သူ့ကိုယ်ပေါ်၌လည်း ဒဏ်ရာဒဏ်ချက်များနှင့် သွေးအလိမ်းလိမ်းပေကျံနေသည်။

ခုနေသာ ဂျပန်တွေက သူ့ကိုများ မိသွားလျှင် ကိုလူမောင်သည် ရှေ့ဆက်မတွေးဝံ့ချေ။ သူ့မျက်စိထဲတွင် ဓားပြနှစ်ယောက်အား လုံ့စွပ်နှင့် ထိုးသတ်နေခြင်းကို မြင်ယောင်နေပြန်သည်။

'ကျုပ်ကို ကယ်ပါဦး ကိုလူမောင်ရယ်' လဲနေသော စောသာရင်သည် လေသံသဲ့သဲ့ဖြင့် ပြောရှာသည်။ အတော်လဲ မောဟိုက်ကာ နွမ်းနေပုံရ၏။ အသက်ပင် နှာခေါင်းပေါက်က မရှူဘဲ ပါးစပ်ဟရှူနေသည်။ ငါးတွေများ ကုန်းပေါ်တွင် အသက်ရှူကြပ်နေပုံနှင့် တူလှ၏။

ကိုလူမောင်သည် သူ့နောက်ပါးမှငြိမ်းမယ်ကို လှည့်ကြည့်၏ သူကိုယ်တိုင်မှာ ဘာလုပ်ရမှန်းမသိပေ။ ကြောက်စိတ်များကသာ သူ၏ ငယ်ထိပ်အထိ ထိုးတက်နေသည်။ ငြိမ်းမယ်ကလည်း ဘာအကြံပေး၍ ဘာလုပ်ရမည်မှန်း မဆုံးဖြတ်နိုင်ပေ။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ရေ ရေ ရေနည်းနည်းပေးပါဗျာ'လဲနေသော စောသာရင်က ရေ တောင်းနေ၏။

'အဲဒါ ဘယ်လိုလုပ်မလဲ'ကိုလူမောင်က အချိန်မဆွဲတော့ဘဲ ငြိမ်းမယ် ထံ အကြံတောင်းသည်။ ထိုအခိုက်၌ပင် ကိုပြားကြီး၏အိမ်ဆီမှ ခွေးဟောင်သံ ကို ကြားလိုက်ရ၏။ ဂျပန်တွေများ လာလေပြီလား။ လင်မယားနှစ်ယောက်စလုံး ထူပူသွားလေသည်။

ကိုလူမောင်သည် သူ့လက်တွင်းမှ ရေနံမီးတိုင်ကို ဟူးခနဲမှုတ်ပစ်လိုက် ၏။ လဲနေသော လူမှာလည်း သူ၏ ညည်းညူခြင်းကို ချုပ်တည်းကာ ထားရ လေသည်။

လမ်းမပေါ်သို့ လင်မယားနှစ်ယောက် နားစွင့်မိသည်။ ဂျပန်စစ်သား တို့၏ ဖိနပ်သံနှင့်ကင်းသမား၏ အသံကို ကြားရ၏။ ခြေသံသည် ရှေ့ဆက် လျှောက်သွားသံ မကြားရ၊ သူတို့အိမ်ရှေ့တွင် ပျောက်နေလေသည်။

'လာ လာ ငြိမ်းမယ်'

သူသည် ဇနီးဖြစ်သူကို လေသံဖြင့် လက်တို့ခေါ်ငင်ကာ အိမ်အောက် သို့ ခပ်သွက်သွက် ပြန်လှည့်ခဲ့၏။ ခွေးမမိနီမှာ အိမ်ရှေ့ဘူးစင်ရှိရာသို့ ပြေးထွက် သွားကာ ဘူးစင်အောက်မှနေ၍ ဂျပန်စစ်သားများနှင့် ကင်းသမားများကို တဝုတ် ဝုတ်ထိုးဟောင်လေသည်။

'လူမောင် ဟေ့ လူမောင်'

အိမ်ရှေ့ လမ်းမပေါ်မှ အော်ခေါ်သံကြားရ၏။ ကိုလူမောင်၏ ရင်သည် တဒိတ်ဒိတ်ခုန်နေ၏။ သူ့နဖူးမှ ချွေးများ ပြန်ထွက်လာတော့သည်။

'ငြိမ်းမယ်၊ ဟဲ့ငြိမ်းမယ်၊ လူမောင်ရေ လူမောင်'

ကိုမြတ်ကျော်၏ အသံနှင့် မိနီ၏ ဟောင်သံမှာ ထွေးလား လုံးလား ဖြစ်နေသည်။ ကိုလူမောင်သည် ငြိမ်းမယ်အား 'အသာနေ'ဟု ပြောကြားကာ သူကိုယ်တိုင်မှာ တံခါးဆီသို့ လျှောက်သွားလေသည်။

'ဟေ လူမောင် လူမောင်ရ တယ်အိပ်တဲ့ ကောင်ပဲ'

'ဗျို'

'ဟ တံခါးဖွင့်စမ်းပါဦးဟ'

သူ၏ တစ်ကိုယ်လုံးသည် နတ်ကျသလို နတ်ဝင်သလို တုန်နေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ဒုက္ခတွေ့ကြပြီ ထင်ပါရဲ့' ဟူ၍လည်း တွေးလိုက်မိ၏။ မတတ်နိုင် တော့ပေ။ တံခါးကို ဖွင့်ပြီးနောက် အိမ်ပေါ်မှ ဆင်းခဲ့ရလေသည်။

'ခပ်စောစောက ခွေးဟောင်သံကြားတယ်၊ မင့်အိမ်နောက်ဖေးဆီကပဲ၊ သတိဝီရိယနဲ့ အိပ်မှပေါ့ကွ၊ နောက်ဖေးလဲ ဆင်းကြည့်လိုက်ဦး'

သူ အိမ်ရှေ့ရောက်လျှင် ကိုမြတ်ကျော်က ပြောလိုက်၏။ ထိုအခါမှ သူ့တွင် စိတ်သက်သာမှု ရသွားပေသည်။

'ဟုတ်ကဲ့ဗျာ၊ အိပ်မောကျနေလို့ပါ ထွက်ကြည့်လိုက်ပါ့မယ်'

'အေးအေး ကြည့်လိုက်ပါဦးကွ'

ဂျပန်တွေနှင့် ကိုမြတ်ကျော်တို့လူစု ရွာအရှေ့ပိုင်းဘက်သို့ ထွက်သွား ကြ၏။ ထိုအခါမှ သူသည် ဟင်းခနဲ သက်မချကာ အိမ်ပေါ်သို့ ပြန်တက်ခဲ့လေ သည်။

❑

[၉]

## အသက်တစ်ချောင်း မသေစကောင်း

ထိုနောက် သူတို့လင်မယား နှစ်ယောက် အိမ်တံခါးများကို ညဦးကထက် လုံခြုံအောင် ပိတ်ကြ၏။ နောက်တော့ အမှောင်ထဲတွင်ထိုင်ကာ နှစ်ဦးသား တီးတိုး တီးတိုးနှင့် တိုင်ပင်ခြင်း ပြုကြသည်။ အိမ်ခန်းထဲမှ မိဒေါင်းနှင့် ခွေးညိုမှာ တရှူးရှူး အိပ်ပျော်နေကြလျက်ပင် ရှိ၏။

ရွာကလေး တစ်ရွာလုံးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်ခါတစ်ခါ၌သာ သစ်ပင်များ ဝါးရုံပင်များကို လေတိုးလိုက်သဖြင့် တဖျတ်ဖျတ် တရှဲရှဲ မြည်သံကြားရ၏။ ရွက်ခြောက်နှင့် လေပြင်းသည် လိုက်တမ်းပြေးတမ်း ကစားနေဟန် တူလှသည်။

သို့နှင့်သာ အရုဏ်ကြက်များ တွန်ကျူးစပြုခဲ့လေပြီ။

သူတို့သည် မီးတိုင်ကို ပြန်လည်ထွန်းညှိပြီးနောက် အိမ်နောက်ဘက် အခန်းတွင် ပြန်လည် လှုပ်ရှားနေကြပြန်သည်။ အချိန်အတန်ကြာသည့်အခါ သူတို့အိမ်ကလေးမှာ မှောင်အတိကျသွားပြန်သည်။ ဘာတွေလုပ်၍ ဘာတွေကိုင်ကြသည်ကား မသိ၊ လင်မယားနှစ်ယောက်စလုံးပင် အိမ်နောက်တံခါးကိုဖွင့်ကာ နွားတင်းကုပ်နှင့် ငှက်ပျောတောဘက်သို့ ပြန်ဆင်းကြပြန်သည်။

သည်တစ်ကြိမ်၌ကား အရုဏ်ကြက်များသည် နေရာအနှံ့အပြားမှ တွန်ကျူးတော့၏။ တစ်ရွာလုံးပင် ကြက်တွန်သံဖြင့် လွှမ်းခြုံသွားသည်။ ဘုန်းတော်ကြီး ဦးစန္ဒိမာကျောင်းမှ တုံးခေါက်သံကိုလည်း ကြားရ၏။ လင်းရောင် မလာမီပင် ခပ်လှမ်းလှမ်း တောစပ်ဆီမှ ဥသြငှက်ငယ်၏ နွေဦးကြိုတေးသံကိုပါ

ကြားလိုက်ရသည်။ လွမ်းဆွတ်ဖွယ်ကောင်းလှသော အရဏ်ဦး၏ ဥသြသံကို ကြားနေရခိုက်၌ပင် ကိုလူမောင်ခမျာ အလုပ်များကာ စိတ်မောနေရရှာသည်။ သို့ရာတွင် သူ့အဖို့ မွန်မြတ်သော လုပ်ငန်းတစ်ရပ်ကို စွန့်စွန့်စားစား လုပ်ကိုင်ရခြင်းပင် ဖြစ်လေသည်။ အတော်ပင်အချိန်ကြာသွားမှ ကိုလူမောင်သည် ဆေးလိပ်တစ်လိပ်ကို မီးညှိလျက် အိမ်တိုင်ကို မှီရင်း အားပါးတရ သောက်နေသည်။ ငြိမ်းမယ်မှာ မီးဖိုထဲတွင် ရေနွေးတည်နေရာမှ ရေနွေးအိုးကျလျှင် ကောက်ညှင်းပေါင်းရန်အတွက် အဆင်သင့် ဖြစ်စေရန် ကောက်ညှင်းဆန်ကို ဆေးကြောနေသည်။ ထိုအခိုက်၌ မိဒေါင်းသည် အိပ်ရာမှ နိုးလာ၏။ ကလေးမသည် သူ၏ ကိစ္စတာဝန်များကို ပြုလုပ်ပြီးနောက် မျက်နှာသစ်ကာ ငြိမ်းမယ်ရှိရာ မီးဖိုအနီး ကပ်လာလေသည်။

ငြိမ်းမယ်သည်ဆူနေသော ရေနွေးအိုးကို လက်ဖက်ခြောက်ခပ်ပြီး ခွင်ပေါ်မှ ချလိုက်သည်။ နောက်အသင့်ပြင်ထားသော ပေါင်းချောင်နှင့် အောက်ခံရေနွေးအိုးကို ခွင်ပေါ်သို့ နှစ်လုံးဆင့် မတင်လိုက်၏။

'ကျွန်မ တည်မယ်လေအမေ'

'နေပေ့စေ၊ နင့်အဘကိုသာ ရေနွေးအိုး သွားပေးလိုက်ပြီးတော့ ဒီပြန်လာခဲ့ဦး'

မိဒေါင်းသည် ရေနွေးအိုးကို သူ့အဖေထံ သွားပို့လေသည်။ ခုမှ လင်းရောင်ကလေးများ ပြူရုံပြူစရှိသေး၏။ ကိုလူမောင်သည် သမီးထံမှ ရေနွေးအိုးကို လှမ်းယူလိုက်သည်။ မိဒေါင်းသည် ရေနွေးအိုးပေးခဲ့ပြီးနောက် သူ့အမေရှိရာ မီးဖိုတွင်းသို့ ပြန်ဝင်သွားလေသည်။

အပြင်တွင် ကျန်ရစ်ခဲ့သော ကိုလူမောင်မှာ ရေနွေးပန်းကန်ထဲသို့ ရေနွေးကြမ်းကို ငှဲ့ထည့်ရင်းမှ မြန်မြန်ကြီး မိုးလင်းပါစေဟု ဆုတောင်းနေမိ၏။ လင်းရောင်ကလေးက ခုမှပြူစထွက်စဖြစ်ရာ ဖွင့်ထားသော တံခါးမှ လမ်းပေါ်သို့ သူမျှော်ကြည့်မိသည်။ လူတစ်စုံတစ်ယောက်မျှ လျှောက်သွားသည်ကို မတွေ့ရချေ။ အချိန်က အလွန်ပင် စောနေလေသည်။

လက်ဖက်ရည်ကြမ်းကို တရှူးရှူး မှုတ်သောက်နေရသည့်တိုင် သူ့စိတ်များက မဖြောင့်တန်းနိုင်ပေ။ အိမ်နောက်ဘက် မီးဖိုတွင်းသို့ မကြာခဏ လှမ်းလှမ်းကြည့်မိသည်။ သူ့နားများမှာလည်း တစွင့်စွင့်ဖြစ်နေသည်။ သို့ရာတွင် အကြောင်းကား မည်သို့မျှ မထူးခြားချေ။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သူသည် ရေနွေးကြမ်းကို ၃-၄ ခွက် သောက်ပြီးနောက် ထိုင်ရာမှထလေသည်။ မီးဖိုဆောင်ရှိ ငြိမ်းမယ်တို့ သားအမိထံလျှောက်ခဲ့၏။ ငြိမ်းမယ်နှင့် မိဒေါင်းတို့မှာ မီးဖိုအနီးတွင် ငုတ်တုတ်ထိုင်လျက် တီးတိုးစကားပြောနေကြလေသည်။ ငြိမ်းမယ် ဘာတွေ ပြောနေလိမ့်မည်ကို သူသိပြီးဖြစ်၏။ သူသည် အိမ်ရှေ့သို့ ထွက်ခဲ့ပြန်သည်။ လက်ဖက်ရည်ကြမ်း ခရားအနီးတွင် ပြန်ထိုင်ကာ လက်ဖက်ရည်ကြမ်းကို တစ်ခွက်ပြီးတစ်ခွက် သောက်ပြန်၏။ သို့ရာတင် သူ့စိတ်များမှာ ဂဏာမငြိမ်နိုင်ပေ။ လက်ဖက်ရည်ကြမ်းကို ဆက်မသောက်နိုင်ဘဲ ဟိုဟိုသည်သည် ထလျှောက်ပြန်သည်။

တစ်ညလုံး မအိပ်ရသည့်အတွက် သူ့မျက်လုံးများသည် ကျိန်းစပ်နေ၏။ ဒါပေမယ့် မတတ်နိုင်ပေ။ မိုးစင်စင်လင်းပါစေဟုသာ ဆုတောင်းရ၏။ မိုးလင်းလျှင် ဂျပန်များ အရိပ်အကဲကို ကြည့်၍ အရှေ့ပေတောကုန်းရှိ လှချောထံ သွားရန် အရေးက ရှိလေသည်။ သူနောက်ထပ် လက်ဖက်ရည်ကြမ်း ၄-၅ ခွက်သောက်ပြီးသောအခါ၌ အလင်းရောင်သည် အတော်အတန် ပွင့်လာပေပြီ။ သူသည် ထိုင်ရာမှ ထပြီးနေက် အိပ်ခန်းတွင်းသို့ ဝင်ရောက်ကာ သားငယ်ကို နှိုးတော့၏။ အရှေ့ပေတောကုန်းသွားလျှင် ခွေးညိုကိုပါ အဖော်ခေါ်သွားရမည်ဟု စိတ်ကူးထား၍ ဖြစ်သည်။

သားငယ်သို့ နှိုးပြီး၍ အပြင်သို့ ပြန်ထွက်လာသည့်တိုင် သူ့စိတ်များသည် လှုပ်ရှားနေဆဲ ဖြစ်၏။ တစ်ညလုံး၏ အဖြစ်အပျက်များသည် အိပ်မက်ပမာရှိလေသည်။ မနေ့ညဦးပိုင်းတွင် စဉ်းစားထားသော ကွမ်းခြံကို သွားရန်ကိစ္စမှာ ထိုအိပ်မက်ပမာ ကိစ္စဝိစ္စနှင့်အတူ ပျက်ပြား၍ သွားတော့ပြီ။ နောက်မှ ပေါ်လာသော ကိစ္စကား ရှေ့ဘယ်အထိ ဆက်ရဦးမည် မသိ။ ဂျပန်၏ အန္တရာယ်ကိုလည်း တွေးတော၍ သူကြောက်သည်။ ဤလိုအန္တရာယ်ကို ကြောက်သဖြင့် သွေးသားလို ဖြစ်နေသူတစ်ယောက်အား သူသည် ဥပေက္ခာမပြုရက်နိုင်ပေ။ သူ့တွင် မမြင်ရ၊ မတွေ့ရသေးသည် အန္တရာယ်ထက် မြင်နေတွေ့နေရသော စောသာရင်၏ ဒုက္ခကို မရှုစိမ့်နိုင်ခြင်း ကရုဏာက ပိုမို၍ ကြီးမားနေသည်။ နောက်တော့ ဒီလူတွေက သွေးလိုသားလိုလူတွေ၊ ညီလိုအစ်ကိုလို လူတွေဖြစ်နေပြန်သည်။

လင်းရောင်ခြည် ဖြည်းညှင်းစွာ ဖြန့်ကျက်လာသည်။ ကျီးငှက်တို့သည် တအားအား အော်ဟစ်ကြပေပြီ။ အနီးအနားအိမ်များမှ အသံဗလံများကိုလည်း ကြားရစပြုပေပြီ။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ငြိမ်းမယ်သည် လက်ထဲတွင် အငွေ့တထောင်းထောင်းထွက်နေသော ကောက်ညှင်းပေါင်းဇလုံကို သူထိုင်နေရာရှေ့သို့ ချထားပေးရင်းမှ သတိပေးသလို ပြောလိုက်၏။ ငြိမ်းမယ်ပြောသည့်အတိုင်းပင် အလွန်စောနေသော အချိန်မျိုး၌ လည်း သွားဖို့ရန် မသင့်သေးချေ။ ဂျပန်တွေ၏ အရိပ်အခြေကို နည်းနည်းတော့ စောင့်ကြည့်ရပေဦးမည်။

မနေ့ညက ညစာ ထမင်းမစားပေမယ့် ဆာလောင်မွတ်သိပ်မှုကားမရှိ။ စားချင်စိတ်လည်း ခုထိ မရှိ ရှေ့ဆက်လုပ်ရမည် အရေးကိစ္စကိုသာ အတော မသတ် အစမသတ် တွေးပြီးရင်း တွေးနေမိ၏။ ငြိမ်းမယ်မှာ သူ့အနီးတွင် မထိုင်ဘဲ နေအိမ်တံခါးများအားလုံးကို လိုက်လံဖွင့်လေသည်။ နေအိမ် တံခါး ပေါက်အားလုံးကို ဖွင့်လိုက်သည့်အခါမှ ထွက်ပြူစနေရောင်ခြည်သည် အိမ်အတွင်း သို့ ကျဆင်းဝင်ရောက်လာသည် သူ့သားလေး ခွေးညိုမှာ မီးဖိုဆောင်တွင်းမှ ထွက်မလာပေ။ မီးဖိုတွင်း၌ပင် ကောက်ညှင်းပေါင်း စားနေလေသည်။

ငြိမ်းမယ်သည် အိမ်ပေါက်ဝမှ ထွက်ရပ်ကာ သူကြီးအိမ်ဆီသို့ မျှော် ကြည့်လိုက်၏။ လမ်းပေါ်တွင် ရွာသားနှစ်ယောက် လျှောက်သွားသည်ကို တွေ့ ရ၏။ အလှမ်းဝေး၍ ဘယ်သူတွေမှန်း မသိရ။ အဘိုးဦးနီဒွေးအိမ်မှ သူ့သား ချွေးမများပင် တုရွှင်းနေ်ပြားကိုယ်စီနှင့် မြေပဲကိုင်းရှိရာသို့ ထွက်သွားသည်ကို တွေ့ရလေသည်။

'ကျုပ် သူကြီးအိမ်ဘက် ခဏလျှောက်သွားဦးမယ်တော်'

'အေး ကောင်းသားပဲ ကလေးမကိုကော ဟိုဟာပြောပြီးပလား'

'ပြောပြီးပါပြီတော်

လင်မယားနှစ်ယောက်စလုံး သူတို့စကားကို သူတို့နားလည်သဘော ပေါက်ကြလေသည်။ ငြိမ်းမယ် သူကြီးအိမ်ဘက်သို့ ဘာကိစ္စသွားမည်ဆိုခြင်း ကို သူသဘောပေါက်သလို ကလေးမကို ဟိုဟာပြောပြီးပလားဆိုသော သူ့စကား အဓိပ္ပာယ်ကို ငြိမ်းမယ်က သိပြီးဖြစ်သည်။ ငြိမ်းမယ် သူကြီးအိမ်သို့ ထွက်သွား သောအခါတွင် သူသည် ကောက်ညှင်းတစ်ဆုပ်စ နှစ်ဆုပ်စ စားလေသည်။ အရှေ့ပေတောကုန်းကို သွားရဦးမည်ဖြစ်၍ အစာအနည်းငယ်ကို ဗိုက်ထဲသွင်း ထားရပေသည်။

သည်တစ်ကြိမ် ငြိမ်းမယ် သူကြီးအိမ်သွားသည်မှာ သိပ်မကြာလှပေ။ မကြာမီ အချိန်အတွင်း၌ပင် ပြန်ရောက်လာ၏။ ဂျပန်တွေ မရှိတော့ပြီဖြစ်ကြောင်း

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



နှင့် မြို့သို့ပြန်သွားကြပြီဖြစ်ကြောင်း သိရသည်။ သူ့စိတ်များမှာ ထိုအခါတွင် အတော်အတန် သက်သာမှုရရှိသွား၏။ လုံးလုံးလျားလျား စိတ်မအေးရပေမယ့် နေသာထိုင်သာ ရှိသွားလေသည်။

'ကဲ တို့သွားမယ်၊ မင်းတော့ ဂရိုက်နေပါကွာ၊ ကလေးမလဲ သတိပေးထား အိမ်က ဘယ်မှလဲ သွားမနေနဲ့ ငါ ခပ်မြန်မြန် ပြန်လာခဲ့မယ်' သူသည် ဇနီးသည်ကို ထိုကဲ့သို့ ပြောပြီးနောက် တစ်ဖန် မီးဖိုဆီသို့ လှည့်ကာ သားငယ်ကို လှမ်းခေါ်လိုက်၏။

'လူလေး လာဟေ့ သွားကြမယ်'

ခွေးညိုသည် လက်တွင်းမှ ကောက်ညှင်းတစ်ဆုပ်ကို စားရင်းက သူ့အဖေ ခေါ်သံကြောင့် ထွက်လာသေည်။ ကိုလူမောင်သည် တဘက်တစ်ထည်ကို ဦးခေါင်းတွင် ပေါင်းလိုက်ပြီး လိုရမယ်ရဟူသော သဘောဖြင့် ဝါးခုတ်ဓားတစ်ချောင်းကို ဆွဲယူကာ သားအဖနှစ်ဦးသား အိမ်ပေါ်မှ ဆင်းသက်ခဲ့ကြလေသည်။

*

ကိုလူမောင်တို့ သားအဖ အရှေ့ပေတောကုန်းသို့ သွားကြသည့်အခါတွင် အိမ်တွင် ကျန်ရစ်နေသော ငြိမ်းမယ်တို့ သားအမိနှစ်ဦးမှာ ချက်ရေးပြုတ် ရေးကိစ္စများနှင့် အိမ်မှုကိစ္စ ဗာဟိယများကို လုပ်ဆောင်နေရသည့်တိုင် စိတ်မဖြောင့် စိတ်မအေးနိုင်ရှာပေ။ အိမ်နောက်တင်းကုပ်တွင်းရှိ နွားများကို မိဒေါင်းက နွားစားကျက်ရှိရာနေရာသို့ မောင်းလွှတ်လိုက်၏။ အိမ်နောက်ဘက် လယ်ကွင်း လယ်ကွက်များကို ကျော်လွန်ပြီးသည့်နောက် တောင်ဘက်စူးစူးသို့သွားလျှင် တောအုပ်ခပ်ပါးပါးတစ်ခုရှိ၍ ထိုနေရာတွင် နွားစားကျက်ကွင်းပြင်ရှိလေသည်။ နွားများသည် တင်းကုပ်မှ လွှတ်လိုက်သည်ဆိုလျှင်ပင် စားကျက်ရှိရာ တောစပ်သို့ တန်းတန်းမတ်မတ် သွားကြသည်သာဖြစ်၏။

ငြိမ်းမယ်က အိမ်ရှေ့တွင်ထွက်၍ လူသူလေးပါး အရိပ်အခြေကို အကဲခတ်၏။ တစ်ရွာလုံးသည် ကိုယ့်အလုပ် ကိုယ့်အကိုင်များနှင့် မြစ်ကျိုးကွေ့ဘက်သွားသူသွား၍ ကိုင်းထဲဆင်းသူဆင်းကြသည်။ ရွာထဲ၌ကား မည်သို့မျှ ထူးခြားမှုမရှိပေ။ တချို့မှာ အရောင်းအဝယ်ကိစ္စဖြင့် မြို့ပေါ်မြို့ဈေးသို့ သွားရောက်ကြ၏။ ဤအချိန်မှာ ရွာအနီးအနား ပတ်ဝန်းကျင်၌သော် လည်းကောင်း၊ သူတို့ မြစ်ဝ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကျွန်းပေါ်ဒေသ တစ်ခုလုံး၌သော် လည်းကောင်း လယ်လုပ်ခွင် အားလုံးပြီးစီး နေကြပြီ ဖြစ်၏။ တပေါင်းလပင် ကုန်လုနီးပေပြီ။

တစ်ဘက်အိမ်မှ အဘိုးနီဒွေးတစ်ယောက် တုန်ချိတုန်ချိနှင့် သူတို့အိမ်ဘက်သို့ ကူးလာသည်။ အဘိုးသည် ဝါးတောင်ဝှေးတစ်ချောင်းကို မြေပေါ်တွင် တဒေါက်ဒေါက် ထောက်ရင်းမှ အားပြုလျှောက်လာ၏။ အခါတိုင်းကလိုပင် သူ့ဝါးဆေးတံကို ပါးစပ်တွင် ခဲလာသည်။ အဘိုး သူတို့အိမ်ဘက်သို့ ကူးလာမှန်းသိလျှင်ပင် ငြိမ်းမယ်သည် ကိုလူမောင်သောက်လက်စကျန်နေသော လက်ဖက်ရည်ကြမ်းခရားနှင့် ပန်းကန်နှစ်လုံးကို ဆွဲယူကာ အိမ်ရှေ့ ဘူးစင်အောက် ကွပ်ပျစ်သို့ အလျင်တဆော ဆင်းလာခဲ့၏။ အဘိုးနီဒွေး အိမ်ပေါ်တက်လာမည်ကို သူ စိုးရိမ်မိလေသည်။

'လာ ထိုင်အဘိုး ရေနွေးကြမ်းလဲရှိတယ်' သူက ဆီးကြိုခေါ်ငင်ရင်းမှ ကွပ်ပျစ်ပေါ်တွင် နေရာပေးလေသည်။

'လူမောင်တစ်ယောက် မမြင်ပါကလား၊ နင်လဲ ဒီနေ့ ကွမ်းခူး မသွားဘူးလား'

'ကိုလူမောင်တို့သားအဖ အရှေ့ပေတောကုန်းသွားကြတယ် အဘိုး၊ ဒီနေ့ ကွမ်းခူးအလှည့် မဟုတ်သေးဘူး သဘက်ခါမှ ခူးရမယ်'

အဘိုးကြီးသည် ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်လိုက်သည်။ ငြိမ်းမယ်က အဘိုးနှင့် မနီးမဝေးတွင် ထိုင်သည်။ နောက်တော့ ဘိုးနီဒွေးက ဂျပန်များအကြောင်းနှင့် မနေ့က ကိုလူမောင့်အကြောင်း ကဇင်ငူမှ အကြောင်းများကို ရောက်တတ်ရာရာ လျှောက်မေးနေလေသည်။

အချိန်အတန်ကြာသည်အထိ ဘိုးနီဒွေးသည် ငြိမ်းမယ်နှင့်ထိုင်ကာ စကားစမြည် ပြောနေလေသည်။ သူပြောသော စကားများထဲတွင် ဂျပန်တို့၏အကြောင်းကိစ္စများ ပါဝင်ပေရာ သူ့အယူအဆ သူ့သဘောအားဖြင့်ကား ဂျပန်တို့သည် လူကောင်းသူကောင်းများ ဖြစ်ကြလိမ့်မည်ဟု သူ မထင်ကြောင်း ပြောလေသည်။

ငြိမ်းမယ်သည် ဘိုးနီဒွေး၏ စကားကို နားထောင်နေရသော်လည်း အိမ်တွင်း မီးဖိုဆီသို့ မကြာခဏလှည့်ကြည့်ကာ နားတစွင့်စွင့် ဖြစ်နေ၏။ အိမ်နောက်မီးဖိုခန်းနှင့်ဆက်လျက် မိဒေါင်း၏ အိပ်ခန်းဖြစ်လေရာ မနေ့ညကမှ ထိုအခန်းတွင်းသို့ စောသာရင်ကို ခေါ်သွင်းထားရ၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



စောသာရင်မှာ ထိုအခန်းထဲသို့ ရောက်နေလျက်ရှိပေရာ ကိုလှမောင်သည် စောသာရင်၏ လွတ်မြောက်ရေးအတွက် သူကြီးစောခွေလိပ်ထံသို့ လှချောမှတစ်ဆင့် အကြောင်းကြားရန် လှချောကို သွားရောက်ခေါ်ငင်ရခြင်းဖြစ်၏။ ဤလို ကိစ္စမျိုးတွင် လှချောမှာ လူငယ်လူရွယ်တစ်ယောက်ဖြစ်သော်လည်း သတ္တိရှိရှိနှင့် ပိပိပြားပြား လုပ်ကိုင်ဆောင်ရွက်နိုင်မည့်အပြင် စောသာရင်နှင့်လည်း ကျောင်းနေဘက် သူငယ်ချင်းဖြစ်ကြကာ စောခွေလိပ်၏ နေအိမ်မှာ တစ်ချိန်က လှချော၏ စားအိမ် သောက်အိမ်ဖြစ်ခဲ့သည့်အကြောင်း ရှိလေသည်။

ထို့ကြောင့်လည်း စောသာရင်နှင့် သူတို့တိုင်ပင်ကြကာ လှချောကို သွားရောက် ခေါ်ငင်ရပေသည်။

ဘိုးနီဒွေး ပြန်သွားပြီးနောက် နေထန်းတစ်ဖျားလောက်အမြင့်တွင် ကိုလှမောင်တို့ သားအဖနှင့်အတူ လှချောပါ ရောက်လာ၏။ လှချောမှာ တောရွာသား လူငယ်တစ်ယောက်ပင် ဖြစ်သော်လည်း ကိုလှမောင်တို့ကဲ့သို့ ဆံပင်ရှည်သျှောင်သမား တစ်ယောက် မဟုတ်ချေ။ ခေတ်မီသော မြို့သားတို့ကဲ့သို့ အင်္ကလိပ်ဆံတောက်နှင့် လူငယ်တစ်ယောက်ဖြစ်၏။ သူသည် အသားအတန်ငယ်ညိုသော်လည်း မျက်ခုံးကောင်း မျက်လုံးကောင်းနှင့် သနရုပ်ပရှိသော သန်မာတောင့်တင်းသည့် လူငယ်တစ်ယောက်ဖြစ်၏။ သူ့ကိုကြည့်ရ အကဲခတ်ရသည်မှာ အတော်လေး သတ္တိကောင်းပုံ ဖျတ်လတ်လျင်မြန်ပုံရှိသော အင်္ဂါရုပ်ဖြစ်လေသည်။ လှချောသည်အိမ်ပေါ်သို့ လှမ်းတက်လိုက်သည်ဆိုလျှင်ပင် မီးဖိုဆောင်ရှိရာသို့ မျက်လုံးကစားကြည့်လိုက်သည်။ စောသာရင်နှင့် ပတ်သက်သော ကိစ္စများအားလုံးကို ကိုလှမောင်က လမ်းတွင် သူ့အား ပြောကြားပြီး ဖြစ်၏။

'ဘာအကြောင်းထူးသေးသလဲ ငြိမ်းမယ်'

အိမ်ပေါ်သို့ ရောက်မဆိုက် ကိုလှမောင်က မေးလိုက်၏။ ခွေးညိုမှာ သူတို့အနီးတွင် မရှိတော့ချေ။ ရွာလမ်းမဆီသို့ ပြေးထွက်သွားလေသည်။

'ဟင့်အင်း ဘာမှ မထူးပါဘူး'

'မီးဖိုထဲက အခန်းထဲမှာ ရှိတယ်ကွ၊ မင်းသွားကြည့်ပါဦး၊ အိပ်ပျော်နေပြီထင်တယ်' ကိုလှမောင်သည် လှချောအနီးသို့ ကပ်၍ တီးတိုးပြောလိုက်၏။ နောက်မှ ငြိမ်းမယ်ဘက်လှည့်လိုက်ပြန်သည်။

'လုံမလေးကော'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'လာပါလိမ့်မယ်၊ မြစ်ကျိုးကွေ့မှာ ဟင်းစားလေးများ ရမလားလို့ လွှတ်လိုက်တယ်၊ အဖော်တွေနဲ့ပါ ခုလာမှာပဲ'

လှချောသည် သူတို့စကားကို ဆက်နားမထောင်တော့ချေ။ မီးဖိုဆောင်ရှိရာသို့ ဝင်ရောက်ခဲ့ပြီးနောက် ထိုမှတစ်ဖန် စောသာရင်အား ဝှက်ထားသော အခန်းတွင်းသို့ ဝင်ရောက်သွားလေသည်။

အခန်းမှာ ၁၀ ပေပတ်လည်ခန့်ရှိသော အခန်းငယ်တစ်ခု ဖြစ်၏။ အခန်းထဲတွင် သင်ဖြူးလိပ်များ၊ ထန်းခေါက်တောင်းများနှင့် တစ်နေရာတွင် ပြောင်းစေ့များကို ယိုင်ပတ်နှင့် ပတ်၍ စုပုံထားသည်။ စပါးချင်သော တင်းတောင်းနှစ်လုံးမှာ ထိုပြောင်စေ့ပုံပေါ်တွင် တင်ထားလေသည်။

အခန်း၏ဘေး ပြတင်းပေါက်တံခါးမှ တံခါးရွက်မှာ မင်းတုံးများမ တင်ထားသော်လည်း တံခါးရွက်ကို မဖွင့်ဘဲ ခပ်စေ့စေ့ လုပ်ထား၏။ ထိုတံခါးရွက်မှကျော်၍ နောက်ဘက်သို့ ခုန်ဆင်းလိုက်လျှင် ဝမ်းစာစပါးထားသော ပုပ်နှစ်လုံးပေါ်သို့ အလွယ်တကူ ရောက်ရှိနိုင်ပေရာ ထိုပုပ်နှစ်လုံးမှာ တစ်ဖန်ကျော်ဆင်းပါက နွားတင်းကုပ်နှင့် ၄က်ပျောတော ဝါးရုံတောများရှိရာသို့ လွယ်လင့်တကူ ရောက်နိုင်ပေသည်။ ကိုလူမောင်နှင့် ငြိမ်းမယ်တို့သည် အရေးရယ် အကြောင်းရယ်ဖြစ်ပါက ဆယ်ရေးတရေး ဆိုသလို စောသာရင်အား လွယ်ကူစွာ လွတ်မြောက်နိုင်စေရန် ပြောဆို ညွှန်ပြထားပြီးဖြစ်လေသည်။

လှချောသည် အခန်းတွင်းသို့ ရုတ်တရက်ကြည့်ကာ စောသာရင်ရှိမည့်နေရာကို သူ့မျက်လုံးများက ရှာဖွေလေသည်။ အလင်းမှ ရုတ်ရက် ဝင်လာသူမို့ စောသာရင်အား သူ မတွေ့သော်လည်း ပြောင်းစေ့များ စုပုံထားသော ယိုင်ပတ်၏ နောက်ကွယ်မှ သင်ဖျာတစ်ချပ်ပေါ်တွင် စောင်တစ်ထည်ကိုခြုံကာ ခွေခွေကလေး လှဲနေသော စောသာရင်မှာ လှချောဝင်လာသည့် ခြေသံကို ကြားလိုက်စဉ်ကပင် မျက်လုံးများ ဖွင့်ကြည့်၍ မြင်လိုက်ပြီး ဖြစ်လေသည်။

အချိန်အတန်ကြာမျှ နားနားနေနေ ဖြစ်နေသော စောသာရင်၏ ဒဏ်ရာမှာ သက်သာသယောင်ယောင်ရှိလေသည်။ နံနက်စောစောကလည်း အစားအစာကလေးများ ရေနွေးကြမ်းကလေးများ သောက်ထားရသဖြင့် အတန်ငယ်တောင့်တောင့်တင်းတင်း ရှိနေ၏။ သို့ရာတွင် သူ့ပေါင်၌ ထိမှန်ထားသော သေနတ်ဒဏ်ရာတစ်ချက်နှင့် ပခုံးနှစ်ဖက်တွင် ရှပ်မှန်ထားသော ဒဏ်ရာမှ တကယ်တမ်း မသက်သာလှပါချေ။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



လှချောသည် အခန်းတစ်ခန်းလုံးကို ၃-၄ ကြိမ် မျက်လုံးလှည့်ပတ်ကြည့်ပြီးမှ ပြောင်းစေ့ပုံနောက်ကွယ်ရှိ စောသာရင်အား သွားရောက်မြင်လိုက်သည်။ သူသည် စောသာရင် ရှိနေရာသို့ ခြေဖျားထောက် သွားတော့၏။ စောသာရင်က လှချောမှန်း သိလေသည်။

'ဘယ့်နှယ်လဲ သူငယ်ချင်း'

လှချောသည် စောသာရင်၏ အနီးသို့ဝင်ထိုင်လိုက်ရင်းမှ တီးတိုးလေသံနှင့် မေးလိုက်သည်။

'ဒဏ်ရာတွေကနာတာပေါ့ကွာ၊ ငါ့ဒဏ်ရာကို တတ်နိုင်ရင် ရေနွေးနဲ့ဆေးပြီးမှ ဆေးထည့်ချင်တယ်ကွာ'

စောသာရင်သည် ခွေနေရာမှထထိုင်ကြည့်၏။ 'ကျွတ်... ကျွတ်.. ကျွတ်.. ဟီး' သို့ရာတွင် သူကောင်းစွာ မထိုင်နိုင်ချေ။ လှချောက ဖေးကူ၍ ထိုင်ပေးရ၏။

'မင်းခဏ အဲဒီလိုထိုင်နေဦးနော်'

စောသာရင်က ပြောင်းစေ့များထည့်ထားသော ယိုင်ပတ်ကို ဘေးတစ်ဖက်နှင့် အသာအယာ မှီထိုင်နေနိုင်သော အခါတွင် လှချောသည် အပြင်သို့ ထွက်လာခဲ့၏။ အပြင်တွင် ရှိနေသော ကိုလူမောင်နှင့် ငြိမ်းမယ်သည် လှချော၏ မျက်နှာကို ပြိုင်တူလို ကြည့်လိုက်မိကြသည်။ ဘယ်လိုလဲ ဘာလဲဟူသော အမေးသဘောမျိုးပင် ဖြစ်၏။

လှချောသည် ရေနွေးတည်ပြီး အဆင်သင့်ရှိမရှိ မေးလိုက်၏။ ရေနွေးမှာ အရံသင့်တည်ပြီး ဆူပြီးရှိပေရာ ဆေးဝါးဟူ၍ကား ဤအိမ်တွင် ထူးထူးထွေထွေ မရှိပေ။ ငြိမ်းမယ်သောက်သော သွေးဆေးနှင့် ပရုပ်ဆီ စသည်လောက်သာ ရှိပေသည်။ မတတ်နိုင်တော့။ လှချောသည် ရရာရကြောင်း ရှိရာရှိကြောင်း ဆေးဝါးမျှလောက်နှင့် စောသာရင်၏ ဒဏ်ရာကို ပြုစုပေးရလေသည်။

အချိန်အတော်ကြာအောင် ဒဏ်ရာကို ရေနွေးနှင့် ဆေးခြင်း၊ ဆေးဝါးထည့်ပေးခြင်းများ ပြုရာမှ လှချောနှင့် စောသာရင်တို့ သူငယ်ချင်း နှစ်ယောက်သည် စောသာရင်၏ ရှေ့ရေးကိစ္စအတွက် တိုင်ပင်ရသည်။ ဤအိမ်ပေါ်၌ကား စောသာရင် တာရှည်နေ၍ မဖြစ်နိုင်ပေ။ ဂျပန်အန္တရာယ် နီးကပ်လှသည်။ နောက်တော့ ဒဏ်ရာကို ကုသရေးကလည်း လိုသေးသည်။ ဤအချက်ကို နှစ်ဦးစလုံး သဘောပေါက် နားလည်ကြပေသည်။ စောသာရင်ကလည်း ကဇင်းငှ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ရှိ သူ့အစ်ကို စောခွေလိပ်ထံ သွားလိုပေသည်။ သူ့အတွက် ရှေ့ရေးကို ကဇင်းငူ ရောက်မှ အစ်ကိုဖြစ်သူနှင့် တိုင်ပင်ကာ စီစဉ်လိုစိတ်ရှိပေသည်။ သူ၏ လုံခြုံရေး မှာလည်း ပေတောကုန်းထက် ကဇင်းငူကသော် လည်းကောင်း၊ အခြား တစ်နေ ရာရာကသော် လည်းကောင်း ပိုမိုစိတ်ချရမည်ဟု စောသာရင်က ပြောလေသည်။

'မင်းသဘောအတိုင်းပေါ့ကွာ၊ မင်းက ဒီဘက်က ငါ့ထက် နားလည် ပါတယ်။ အေး ဒါပေမဲ့ မင်းကို ဒီနေရာကနေ တခြားရွှေ့ဖို့ကတော့ သိုသိုသိပ် သိပ် ဖြစ်အောင် ငါကြံပါ့မယ်ကွာ'

လှချောက နှစ်ယောက်တိုင်ပင်ကြကာ အစီအစဉ်ပေါ်တွင် မူတည်၍ ထိုစကားကို ပြောလေသည်။ စောသာရင်မှာ သူ့ထက် အသက် ၃-၄ နှစ်ခန့် ကြီးသူဖြစ်၏။ သူတို့စစ်ရေးစစ်ရာအတွက် စစ်သားတစ်ယောက်၏ လုံခြုံရေးကိစ္စ လွတ်မြောက်ရေးကိစ္စ ဆိုသည်ကိုမူ လှချောက အဘယ်ပုံ အဘယ်နည်းဟူ၍ နားလည်ခြင်း မရှိပါချေ။ အကယ်၍ စောသာရင်အား ဤအိမ်ပေါ်နှင့် ဤရွာ မှ အခြားတစ်နေရာရာသို့ ပြောင်းရွှေ့ပေးရမည့် ကိစ္စကိုမူ သူ စဉ်းစား စိတ် ကူးပြီး ဖြစ်လေသည်။

'ဒီကနေ့ပဲ ရွှေ့ကြရင် ကောင်းမယ်ထင်တယ် သူငယ်ချင်း၊ တို့လို သုံ့ပန်းအဖြစ်က ထွက်ပြေးလာတဲ့ စစ်သားဟာ တစ်နေရာမှာ တာရှည်နေလို့ မဖြစ်ဘူးကွာ'

'ဩ ဒီကနေ့ညနေပဲ လုပ်ရမှာ ဟုတ်လား'

'ဒါပဲ ကောင်းပါတယ်ကွာ'

'ဒီလိုဆိုရင် ငါကဇင်းငူကို ခုပဲ သွားလိုက်မယ်၊ ဖထီးကို အကုန်ပြန် ပြောခဲ့မယ်၊ မင်းရဲ့အဖော်နှစ်ယောက်တော့ လွတ်သွားကြကောင်းပါရဲ့'

လှချောသည် ကဇင်းငူ သာသနာပြုကျောင်းတွင် နေစဉ်ကပင် စောခွေ လိပ်အား ဖထီးဟူ၍ ခေါ်ငင်ခဲ့သူ တစ်ယောက်ဖြစ်လေရာ နောင်တွင်လည်း ဤအသုံးအနှုန်းမှာ နှုတ်ကျိုးနေလေသည်။

'သူတို့ သစ်တော ကြိုးဝိုင်းဘက်ပြေးတယ်၊ ငါသာ ဒဏ်ရာရလို့ သဖြူပင်ပေါ် အတင်းတက်နေရတာ၊ သွေးပူနေတုန်း ဆိုတော့ နာမှန်းမသိဘူး၊ နောက်တော့သာ မဟန်နိုင်အောင် ဖြစ်တာပဲ၊ ငါရှေ့ဆက်ပြီး တစ်နာရီလောက် လျှောက်နိုင်ရင် မင်းတို့အိမ်ကို ရောက်နိုင်တာပေါ့၊ ဆက်မလျှောက်နိုင်တဲ့အဆုံး ကျတော့ ကိုလူမောင်ကြီးကို သတိရပြီး သူ့အိမ်နောက်ကို ဝင်ခိုရတာ၊ ဒါပေ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မဲ့ ငါလုံးလုံးလျှောက်မရတော့ဘူး၊ တစ်ကိုယ်လုံး နာကျင်ပြီး ရင်ထဲကလဲ ပူလာတယ်၊ မျက်လုံးတွေလဲ ပြာလာတယ်'

လှချောမှာ စောသာရင်၏ စကားများကို နားထောင်ရာမှ စိတ်မကောင်းဖြစ်မိသည်။ 'ဂျပန်တွေသာ မိသွားရင် ခုလောက်ရှိသေပြီ'ဟူ၍လည်း သူ့စိတ်က တွေးမိသည်။

'ကဲ မင်းအိပ်လိုက်ဦး၊ ငါ ကဇင်းငူ သွားဦးမယ်၊ အချိန်ရှိတုန်း စီစဉ်မှ၊ မင်း လိုချင်တာရှိရင် ကိုလူမောင့်ဆီပြောပေါ့၊ သိပ်အားမငယ်ပါနဲ့ကွာ၊ ငါတစ်ယောက်လုံးလဲ အရှိသားပဲ'

'ငါ့ကို လက်ဖက်ရည်အဖန် တစ်ခွက်လောက် ပေးခဲ့ပါ၊ ရေနွေးပူပူလေး သောက်ရတော့ ဒဏ်ရာက သက်သာသလိုလိုပဲ'

လှချောသည်အပြင်သို့ ထွက်သွားလေသည်။ မကြာမီ လက်ဖက်ရည်ကြမ်း တစ်အိုးနှင့် ပန်းကန်တစ်လုံးကို ယူလာသည်။

'မင်း နောက်လိုချင်တာရှိလဲ အပြင်က လူစိမ်းသံကို နားထောင်ပြီး မဒေါင်းဆီတောင်းပေါ့၊ မဒေါင်း ဒီနားမှာပဲ ရှိတယ်'

လှချောက ရေနွေးကြမ်းအိုးကို စောသာရင်အနီး၌ ချပေးလိုက်၏။ စောသာရင်က ခေါင်းဆတ်ပြလိုက်လေသည်။

'ကဲ ငါသွားမယ်'

စောသာရင်က ထပ်မံခေါင်းဆတ်ပြပြန်သည်။ လှချောသည် စောသာရင်၏ အခန်းတွင်းမှ ပြန်ထွက်ခဲ့ကာ ကိုလူမောင်နှင့် စကားအတန်ငယ် ပြောကြားပြီး ကဇင်းငူရွာဘက်သို့ ထွက်သွားလေသည်။

❑

# [၁၀]

## သူတို့ကြက်ဝိုင်း

နှင်းတွေ ရက်တွေသည် တစ်စစ ကုန်ဆုံးခဲ့သည်။ နွေဦးပေါက်မှ ကျော်လွန်ကာ မိုးလယ်ရာသီသို့ ရောက်ခဲ့၏။ လေပြင်းသည် မကြာခဏ တိုက်ခတ်၍ လှည်းလမ်းများမှာ ဖုံတထောင်းထောင်း ထနေတတ်ပေသည်။

ကိုလူမောင်သည် အိမ်ရှေ့ဘူးစင်အောက်တွင် ထိုင်ကာ နီးဖျာလျက်ရှိ၏။ ခွေးညိုမှာ နေအိမ်နောက်တွင် မိနီနှင့် လိုက်တန်းပြေးတန်း ကစားနေသည်။ ငြိမ်းမယ်နှင့် မိဒေါင်းတို့ကား နေအိမ်တွင် မရှိ၊ မြစ်ကျိုးကွေ့ ကွမ်းခြံတွင် ကွမ်းခူးရန် ထွက်သွားကြလေသည်။

နီးဖျာနေသော ကိုလူမောင်သည် ရွာလမ်းမဆီသို့ မကြာခဏ လှမ်းကြည့်မိ၏။ ဒီကနေ့ လှချောတစ်ယောက် လာမည်ဟု သူသိနေသည်။ ဂျပန်စစ်သားတွေမှာ ဘယ်အရပ် ဘယ်ဒေသသို့ ရောက်နေကြသည်မဆိုနိုင်။ သူတို့ပေတောကုန်းသို့ မလာသည်မှာ အချိန်အတော်ကြီး ကြာသွားပေပြီ။ ၂ လကျော်သုံးလနီးပါး ရှိအံ့ထင်သည်။

ဂျပန်တွေ ရွာသို့ မလာကြသည့်အခါ ကိုလူမောင်တို့တစ်တွေ စိတ်အေးချမ်းမှု ရှိရပြန်သည်။ ရွာကလေးမှာ ယခင်အထက်ကျော် အချိန်ကကဲ့သို့ ထပ်မံကာ သာသာယာယာ ရှိလာ၏။ အားလုံးပင် နေရသွားရသည်မှာ လွတ်လပ်ပျော်ရွှင်သယောင်ရှိ၏။ ဂျပန်တွေမှာ ဤလို သူတို့ရွာငယ်ကလေးသို့ မလာရောက်ပေမယ့် မြို့ပေါ်၌ကား ဂျပန်စစ်သားတွေ စစ်တပ်တွေ ရှိနေကြပေသည်။

တစ်လောကတော့ ကိုလူမောင်သည် ကဇင်းငူသို့ တစ်ခေါက်ရောက်ခဲ့၏။ သူသွားသည်မှာ သူကြီး စောခွေလိပ်ထံသို့ သွားခြင်း ဖြစ်၏။ သူ့အပေါ်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



တွင် ကျန်ရှိနေသော ကွမ်းမျိုးဖိုး အကြွေးငွေကလေးများကို သွားရောက်ပေးဆပ်ခြင်းဖြစ်၏။ သူသွားသည့်အခါ စောခွေလိပ်က ဝမ်းသာအယ်လဲ ခေါ်ငင်လေသည်။ အကြွေးကျန် ငွေကြေးကလေးများကိုပင် လွယ်မှပေးပါဟု ဆိုလေသည်။

စောသာရင်ကိုကား သူမတွေ့ခဲ့ရပါချေ။ စောသာရင်အကြောင်းနှင့် ပတ်သက်၍လည်း သူက သိပ်မမေးမမြန်းခဲ့ပေ။ သူ့စိတ် သူ့အယူအဆသည် စောသာရင်နှင့် ပတ်သက်သော ကိစ္စရပ်များမှာ အသစ်အဆန်းလုပ်၍ ပြောနေမေးနေရမည့် ကိစ္စမဟုတ်။ လျို့ဝှက်သိပ်သည်းစွာဖြင့် မေ့ပျောက်အမှတ်မထင်သယောင် ပြုထားရမည့် ကိစ္စတစ်ရပ်ဟူ၍သာ ဆုံးဖြတ်ထားပေသည်။

သူကြီး စောခွေလိပ်က သူ့ညီ စောသာရင်အတွက် ယခုလို ကူညီသည်ကို များစွာ ကျေးဇူးတင် ဝမ်းမြောက်ကြောင်း၊ စောသာရင်မှာ ယခုရွာတွင် မရှိတော့ကြောင်းနှင့် လှချောကို ဤအကြောင်းပြောကြားလိုက်ပါဟု မှာကြားခြင်း ပြုလိုက်သည်။ ကိုလူမောင်မှာ စောသာရင် တစ်ယောက် ယခုကဲ့သို့ အသက်ချမ်းသာရာ ရရှိသွားခြင်းအတွက် လှချော၏ စွန့်စားမှုနှင့် လှချော၏ သက်စွန့်ကြိုးပမ်း လုပ်ကိုင်မှုကို အသည်းတထိတ်ထိတ် ရင်တဖိုဖိုကြည့်ရင်းမှ အံ့သြမကုန် ဖြစ်ခဲ့ရလေသည်။

ထိုနေ့ညနေက လှချောသည် သူ့အိမ်မှ လှည်းကို ပြင်ဆင်စေကာ စောသာရင်အား လှည်းပေါ်သို့ တင်ပြီးနောက် ကိုယ်ပေါ်မှ ကောက်ရိုးများကို ခံကာ စပါးများကို ယိုင်ပတ်လျက် တင်လေသည်။ စပါးတွေ အတော်မောက်လောက်အောင် တင်ပြီးမှ ရွာအထွက်အထိ ကိုလူမောင်အား လှည်းကို မောင်းနှင်စေကာ ရွာပေါက်ဝ ညောင်ပင်အောက်မှ လှချောက စောင့်နေ၏။

ညောင်ပင်အောက်သို့ လှည်းရောက်သည့်အခါ လှချောနှင့် သူ လူချင်းလွဲပြောင်းကြသည်။ လှချော၏ အစီအစဉ်မှာ ကဇင်းငူသို့ သွားသည့်အခါကို လူမောင် လိုက်ရန်မလိုဘဲ သူ့ချည်းသာ တစ်ဦးတည်း သွားရောက်မည်ဖြစ်၍ ကိုလူမောင်က ညောင်ပင်အောက်မှ ထိုင်စောင့်ရန်သာ ဖြစ်သည်။ ဤအစီအစဉ်အတိုင်း စောသာရင်အား ကောက်ရိုးများ စပါးများဖြင့် ဖိ၍ ဖုံးကွယ်တင်ဆောင်လာသော လှည်းကို ရွာအပြင် ညောင်ပင်အောက်သို့ ရောက်သည့်အခါ လူချင်းလဲလိုက်ကြသည်။ နောက်တော့ လှချောက လှည်းကို ကဇင်းငူဘက် လှည်းလမ်းအတိုင်း ဣန္ဒြေရစွာ မောင်းနှင်သွားလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



နေလုံးသည် အနောက်ဘက်တောတန်းသို့ ကျဆင်းစပြုနေပေပြီ။ ကိုလူမောင်သည် ညောင်ပင်အောက်မှရပ်ကာ လှချော၏ လှည်းကို လှမ်းမျှော်ကြည့်နေမိသည်။ အတန်ငယ်အလှမ်းကွာပြီးနောက် လယ်ကွက်တစ်ခုဆုံးလုနီး သရက်ပင်အုပ်များအတွင်းသို့ လှည်းဝင်တော့မည့်ဆဲဆဲ၌ ကိုလူမောင်၏ ပါးစပ်ဖျားမှ ဟယ်ခနဲဖြစ်လောက်အောင် အံ့အားသင့်စေသော ထိတ်လန့်ဖွယ် အဖြစ်တစ်ခုကို တွေ့လိုက်မြင်လိုက်ရပေသည်။

တို့ဗမာသခင်တစ်ယောက်နှင့် ဂျပန်စစ်သား ၄–၅ ယောက်သည် သရက်တောအုပ်အတွင်းမှ ထွက်လာကာ လှချော၏ လှည်းနှင့် ရင်ဆိုင်လျှောက်လာသည်ကို မြင်လိုက်ရသည့်အတွက် ဖြစ်၏။ ကိုလူမောင်မှာ လက်နှစ်ဖက်ကို နဖူးပေါ်သို့ ယှက်တင်ကာ 'အရှင်ရက္ခစိုးမင်း မတော်မူပါ၊ ဘေးမသီရန်မခပါစေနှင့်'ဟု ဆုတောင်း ပတ္ထနာပြုမိသည်။ ပါးစပ်ဖျားမှလည်း ဘုရား ဘုရားဟူ၍ ရွတ်ဆိုနေမိ၏။

ဂျပန်စစ်သားများမှာ သူတို့ကိစ္စနှင့်သူတို့ ပေတောကုန်းသို့ လာနေဟန်တူသည်။ လှချော၏ လှည်းနှင့် သူတို့တွေ ဘေးချင်းယှဉ်မိသည့်အခါ တစေ့တစောင်း လှမ်းကြည့်ရုံသာ ကြည့်လေသည်။ လှည်းပေါ်တင်ထားသော စပါးများမှာ ယိုင်ပတ်အပြည့်ဖြစ်သောကြောင့် ဂျပန်များ၏ အမြင်တွင် စပါးသယ်လှည်းရိုးရိုးဟူသော အမြင်သာ ဖြစ်ဟန်တူသည်။ လှချောမှာ ဣန္ဒြေရရပင် သရက်ပင်တောအုပ်အောက်ရှိ လှည်းလမ်းအတိုင်း မောင်းနှင်သွားလေသည်။

ထိုအခါမှ ကိုလူမောင်မှာ ဂျပန်တွေ သူ့ကို မမြင်စေရန် ညောင်ပင်နောက်ကွယ်သို့ ဝင်ရောက် ပုန်းကွယ်နေလိုက်ရလေသည်။

ကိုလူမောင်သည် ဤအကြောင်းများကို တွေးရင်းမှ နီးဝါးလောင်းများကို တစ်ချောင်းပြီးတစ်ချောင်း ခွဲစိပ်ကာ နီးများကို ဖျာလျက်ရှိ၏။ ရွာကလေးတစ်ရွာလုံးသည် တိတ်ဆိတ်လျက် ရှိသည်။ တစ်ခါတစ်ခါ တောအုပ်တောတန်းများဆီမှ ချိုးငှက်တို့၏ ကူသံသည် ရွာဆီသို့ ပျံ့လွင့်လာသည်။

'အဘရေ အစ်ကိုလှချောလာပြီဗျ၊ ကြက်ကြီးလဲ ပါလာတယ်'

ခွေးညိုသည် အိမ်နောက်ဘက်မှ အော်ပြောရင်း ဘူးစင်အောက်သို့ ပြေးထွက်လာသည်။ ကိုလူမောင်က ရွာလမ်းဆီသို့ လှမ်းကြည့်လိုက်၏။ အနောက်ဘက်မှ တိုက်ကြက်တစ်ကောင်ကို ပိုက်၍ လာနေသော လှချောကို တွေ့လိုက်ရသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'တယ် ဒီကောင်လေး ကြက်ဝါသနာ ကြီးလှတယ်' ကိုလူမောင်၏ နှုတ်ဖျားမှ မတိုးမကျယ် အသံထွက်သွားသည်။ လှချောမှာ ကြက်တိုက်ကြက်မွေး ဝါသနာထုံလှသော လူငယ်တစ်ယောက်ဖြစ်၏။ မကြာခဏဆိုသလို ကိုလူမောင် တို့ ပေတောကုန်းသို့ လာရောက်ကာ သူ့တိုက်ကြက်များကို ခွပ်လှည့်ကြည့် တတ်သည်။ ယခင်တစ်လောတုန်းကမူ ရွာတွင် ဂျပန်တွေ ရတ်ရတ်ရက်ရက် ရောက်လာတတ်သဖြင့် သူ၏ ကြက်များကို ခွပ်လှည့်မချဘဲ ထားရာမှ ဂျပန်တွေ ယခုလို ၂ လကျော် ၃ လနီး မလာရောက်သည့်အခါတွင် ကြက်ဝါသနာ ပါ သူများမှာ သူတို့၏ ကြက်များကို ခွပ်လှည့်ကြည့်ရန် ချိန်းဆိုကြပြန်သည်။

မကြာမီ လှချောသည် ကိုလူမောင် နီးဖျာနေရာ ဘူးစင်အောက် ကွပ်ပျစ်သို့ ရောက်လာသည်။ သူ့ရင်တွင် ပိုက်လာသော တိုက်ကြက်ဖသည် တကွပ်ကွပ် အသံမြည်နေသည်။

'လာဟေ့ ထိုင်၊ မင်းမလဲ ကြက်ကြီးတပိုက်ပိုက်နဲ့ကိုး'

ကိုလူမောင်က လှချောကို ခပ်ပြုံးပြုံးကြည့်ရင်းမှ ပြောလိုက်၏။ လှချော က အိမ်ပေါ်သို့ လှမ်းကြည့်လိုက်သည်။ နောက်မှ ကွပ်ပျစ်ပေါ်သို့ ထိုင်ချလိုက် ၏။ ခွေးညိုမှာ လှချောထိုင်လိုက်သည်ဆိုလျှင်ပင် လှချောလက်တွင်းမှ တိုက်ကြက် ကို ကျောပွတ်ခေါင်းပွတ်လုပ်တော့သည်။

'ဒွေးလေး ငြိမ်းမယ်တို့ ဘယ်သွားကြလဲ'လှချောက မေးလေသည်။ သူက ငြိမ်းမယ်ကို မတွေ့၍ မေးခြင်းထက် မိဒေါင်းကို မမြင်သဖြင့် သွယ် ဝိုက်မေးဟန်တူသည်။

'မြစ်ကျိုးသွားကြတယ်ကွဲ့၊ မကြာပါဘူး ပြန်ရောက်လုနီးပါပြီ၊ မင်း နေအေးမှပြန်ပေါ့၊ ညစာ ဒီမှာပဲ စားသွား'

လှချောက မည်သို့မျှ စကားမဆက်ရသေးမီ တစ်ဖက်အိမ်မှ ကိုပြား ကြီး ပေါက်လာသည်။ သူ့လက်တွင် တိုက်ကြက်တစ်ကောင်ပါလာသည်။ ကိုပြားကြီး ဝင်လာပြီး မကြာမီပင် ကိုမြတ်ကျော်နှင့်ရွာသား ၄-၅ ယောက်ပေါက် လာသည်။ နောက်တော့ ကောင်းဖဲတို့ ရွှေလှကြီးတို့ လူသိုက်ပါ ထပ်ရောက် လာပြန်သည်။ ကောင်းဖဲထံ၌ ကြက်တစ်ကောင်ပါလာ ရွှေလှကြီးထံ၌ ကြက် တစ်ကောင်ပါလာသည်။ သူတို့အားလုံး ကြက်ဝါသနာအိုးတွေချည်း ဖြစ်ကြကုန် ၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကြက်သမားတွေ စုမိကြသောအခါ ကြက်အကြောင်းပြောကြသည်။ အမြီး၊ အမောက်၊ အတောင်၊ အလက်၊ အသွေးအရောင်နှင့် မျိုးရိုးဗီဇကိုပါ ထုတ်ဖော်၍ ကိုယ့်ကြက်ကို ကိုယ် ချီးကျူးကြသည်။ ကိုလူမောင် နှီးဖျာ၍ မဖြစ်တော့ချေ။ သူတို့ သူတို့တွေ၏ ကြက်ဋီကာထဲတွင် ဦးနှောက် ချာချာလည်သွားတော့သည်။

ငွေတန်းကြေးတန်း မဟုတ်ပေမဲ့ ခြေစလက်စ ကြည့်ကြရအောင် ခွပ်လှည့်ချရန် သဘောတူကြသည်။ ပထမဆုံး ခွပ်လှည့်ကြည့်မည့် ကြက်နှစ်ကောင်မှာ လှချောကြက်နှင့် ကိုပြားကြီး ကြက်ပင်ဖြစ်သည်။

'ညီလေးသွားကွာ၊ နောက်ဖေးက ဝါးရုံပင်အောက်မှာ တံမြက်စည်းလှည်းပေ့'လှချောက ခွေးညိုကို ပြောလိုက်သည်။ အလိုလို နဂိုက ကြက်ပွဲကြည့်ချင်နေသော ခွေးညိုမှာ 'အေးဗျ၊ ခုသွားလှည်းလိုက်မယ်'ဟု ဆိုကာ ကွပ်ပျစ်အောက်မှ အုန်းတံမြက်စည်းကို ဆွဲယူပြီး နောက်ဖေး နွားတင်းကုပ်အနီး ဝါးရုံပင်အောက်သို့ အပြေးအလွှား ထွက်သွားလေသည်။

အတန်ကြာသည့်အခါ အားလုံးပင် ကိုလူမောင့်အိမ်နောက် နွားတင်းကုပ်ရှိရာသို့ ဝင်လိုက်သွားကြ၏။ ဝါးရုံပင်အရိပ်အောက်တွင် ခွေးညိုတံမြက်စည်းလှည်းထားသဖြင့် အမှိုက်တစ်ပင်မျှ မတွေ့ရ ပြောင်သလင်းဖြစ်နေသည်။

သို့နှင့်သာ သူတို့အားလုံး ကြက်ပွဲကို စတင်ကြ၏။ ဘာရယ်လို့တော့ မဟုတ် အတန်ကြာတော့ ကိုလူမောင်ပင် ဝါးရုံပင်အောက် ကြက်ဝိုင်းရှိရာသို့ ရောက်လာသည်။ သူ့လက်တွင်း၌ နှီးဖျာသော ဓားမောက်ကလေးပါ ပါလာသည်။ ကြက်နှစ်ကောင်မှာ မြေပေါ်သို့ချ၍ လွှတ်ပေးလိုက်သည်ဆိုလျှင် တဖျတ်ဖျတ် ခုန်၍ ခွပ်ကြသည်။ ကြက်များ၏ လည်ဆံမွေးများသည် ဒေါသမာန်အရှိန်ကြောင့် ဖွာထနေ၏။ ကြက်ဝိုင်းဘေးတွင် လူတွေက ပတ်ပတ်လည် ဝိုင်းထားသည်။

'လှချောကြက်က အဝင်တယ်သွက်တဲ့ကောင်ပဲကွ၊ ဒီအတိုင်းဆိုရင် လှချောအကောင်က ခြေသာလှသကွာ'

ကိုမြတ်ကျော်က ကြက်နှစ်ကောင်၏ ခွပ်ခြေ၊ ခွပ်လှည့်ကို ကြည့်ရင်းမှ ပြောသည်။ သို့ရာတွင် ကိုပြားကြီး၏ ကြက်ကလည်း မခေလှပေ။ တစ်ခါတစ်ခါ လှချော၏ကြက်ကို အမောက်မှနေ၍ ဆိတ်ကာ ဘယ်ခြေ ညာခြေနှင့် အားကုန်ဆွဲ၍ ခွပ်တတ်သည်။ ထိုအခါများ၌ လှချော၏ ကြက်မှာ နောက်သို့ ဖင်ထိုင်လဲကျသွားမတတ် ရှိသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ပြားကြီးကြက်က ကိုယ်လုံးကောင်း ဗလကောင်းဗျ၊ လှချောကြက် ပြေးလိမ့်ထင်တယ်'

ရွှေလှကြီးက ပြောလိုက်သည်။ သူလဲ ကြက်ပွဲတိုင်း နွှဲလာသူဖြစ်၍ အကဲခတ်မခေလှပေ။ ကြက်နှစ်ကောင်တွင် လှချော၏ ကြက်ထက် ကိုပြားကြီး၏ ကြက်က အလုံးအထည်ကောင်း ဗလကောင်းဖြစ်နေသည်။

'မင်း ကြည့်ပါဦးကွာ၊ မင်းကောင်က ဗလာခြေတွေများနေတာ၊ ဟိုက တစ်ချက်ဆို ဆိုသလောက် အသားပါတယ်ကွ၊ မလွတ်တန်း ခွပ်သွားတာ၊ ဟော ကြည့် ကြည့် အဲ ထိသကွ'

တစ်ချီ၌မူ လှချောကြက်က ကိုပြားကြီးကြက်ကို ချက်ကောင်းခွပ်လိုက်သဖြင့် ကိုပြားကြီးကြက် ကွပ်ကွပ် ကွပ်ကွပ် အသံမြည်လျက် ချာလည် ချာလည် လည်ကာ နောက်ဆုတ်သွားသည်။ ထိုအခါတွင် ကိုယ့်ကြက်ကို ပြန်ဖမ်းကြကာ လက်ပူတိုက်ပေးခြင်း၊ မှုတ်ပေးခြင်း၊ ရေဆွတ်ပေးခြင်း ပြုကြပြန်သည်။

အတန်ငယ် အပန်းဖြေပြီးနောက် ကြက်နှစ်ကောင်ကို ပြန်လွှတ်ကြပြန်သည်။ ဤတစ်ကြိမ် ဤတစ်ချီတွင် ကိုယ်အားသန်ရာ အားသန်ရာဘက်ကို အားပေးအားမြှောက်ပြုကြသည်။

'သာယာဝတီ ကြက်ကွ၊ တစ်ချက်မှ အလစ်မပေးဘူး' ရွှေလှကြီးက အော်လိုက်သည်။

'ရွှေဘိုကြက်ကွ၊ အမွေးတစ်ပင် အကျွတ်မခံဘူးဟေ့' ကိုမြတ်ကျော်က အားကျမခံ ဆိုလေသည်။

'ညောင်ကန်ကြက်ကွ၊ ဆီခုနစ်ဆယ့်ငါးကျပ်သားထက် မနည်းရဘူးဟေ့' ကောင်းဇံက ခပ်မြူးမြူး ခပ်ရွှင်ရွှင်ဆိုသည်။

ပထမအချီထက် ဒုတိယအချီတွင် သူတို့တစ်တွေ လှုပ်လှုပ်ရွရွ ဖြစ်ကြသည်။ အတန်ကြာသော် ကြက်နှစ်ကောင် အတော်မောသွားသဖြင့် ခေတ္တမျှ ရပ်နားကြပြန်သည်။

ဤအချိန်တွင် ကွမ်းရူးသွားသော ငြိမ်းမယ်တို့ သားအမိနှစ်ယောက် ကွမ်းတောင်းကိုယ်စီရွက်ကာ ပြန်ရောက်လာသည်။ ကွမ်းတောင်းကို ခေါင်းပေါ်မှချရန် ကိုလှမောင်နှင့် ခွေးညိုကို မတွေ့ရသည့်အခါ ငြိမ်းမယ်သည် အိမ်ရှေ့မှနေ၍ အော်ခေါ်လိုက်၏။

ကိုလူမောင်သည် ဇနီးသည်၏ ခေါ်သံကြောင့် အိမ်ဘက်သို့ ပြန်လှည့်ထွက်လာသည်။ နောက်တော့ ဇနီးနှင့် သမီး ခေါင်းပေါ်မှ ကွမ်းတောင်းများကို ချပေးလေသည်။

'ကောင်လေး ရောက်နေလား' ငြိမ်းမယ်က မေးလိုက်သည်။

'အေး ဝါးရုံပင်အောက်မှာ ကြက်တိုက်နေကြလေရဲ့'

ငြိမ်းမယ်မည်သို့မျှ ဆက်မပြောတော့ချေ။ မိဒေါင်းသည် အိမ်ရှေ့တွင် ကွမ်းတောင်းချပြီး အိမ်နောက်ဘက်သို့ လျှောက်လာကာ အိမ်နောက် မီးဖိုတံခါးပေါက်မှနေ၍ ဝါးရုံပင်အောက် လူအုပ်ဆီသို့ ခေါင်းပြူကြည့်လိုက်၏။

လှချောသည် ကြက်ဝိုင်းမှနေ၍ အိမ်ဆီသို့ လှမ်းကြည့်လိုက်သည့်အခါ ပြတင်းတံခါးပေါက်မှ ခေါင်းပြူကြည့်နေသော မိဒေါင်းကို မြင်လိုက်၏။ မိဒေါင်းက နှုတ်ခမ်းစူ၍ မဲ့ပြလိုက်သည်။ ကြက်တိုက်သည်ကို သဘောမကျဟူသော တောဆန်ဆန်ရိုးရိုးပြုလိုက်သည့် အမူအရာပင် ဖြစ်သည်။ နောက်တော့ မကြာခင် မိဒေါင်းပြန်ဝင်သွား၏။ ကိုလူမောင်မှာ ကြက်ဝိုင်းဆီသို့ပြန်ရောက်လာပြန်သည်။

ဤတစ်ကြိမ် ကြက်များကို ပြန်လွှတ်ပေးကြပြန်သည်။ ၃ ချီ၊ ၃ လှည့်တိုက်၍မှ တစ်ကောင့်တစ်ကောင် မနိုင်ပါက သရေပွဲနှင့် အဆုံးသတ်၍ ရွှေလှကြီးနှင့် ကောင်းဇံ၏ ကြက် ၂ ကောင် ခွပ်လှည့်ဖြစ်လေသည်။

ကြက် ၂ ကောင်မှာ ဒုတိယအချီကလို ခြေမသွက် အခွပ်မသန် မဖျတ်လတ်တော့ပေ။ အတန်ငယ်လေး၍ အနည်းငယ် ဆိုင်းတွလာသည်။ သို့ရာတွင် လှချော၏ ကြက်က ကိုပြားကြီး၏ ကြက်ထက် သက်လုံကောင်းဟန်ရှိ၏။ ကိုပြားကြီး ကြက်မှာ တစ်ခါတစ်ခါ ခေါင်းအောက်စိုက်သွားပေမယ့် လှချော၏ ကြက်ဖမှာ မောနေသည့်တိုင် ခေါင်းအောက်မစိုက်ချေ။ ချက်ကောင်းကို ရွေးလျက် တစ်ချက်ခြင်း မှန်မှန်ခွပ်သည်။

ဤတစ်ချီသည် အရှုံးအနိုင် သို့မဟုတ် သရေပွဲအဖြစ် ဆုံးဖြတ်ကြရမည့် အချီအမောင်း ဖြစ်လေရာ အားလုံးပင် ဘေးပတ်ဝန်းကျင်ကို သတိမထား သတိမပြုမိဘဲ ကြက် ၂ ကောင်ကိုသာ သဲသဲမဲမဲ အာရုံစိုက်နေကြသည်။ ထိုအခိုက်မှာပင် မိနီ၏ တဝုတ်ဝုတ် ထိုးဟောင်သံကို ကြားလိုက်ရပြီး

'ဘိဓမာ ကောင်းတယ်ကား၊ အားကြီးကောင်းတကား' ဟူသော အသံနှင့်အတူ ဂျပန်စစ်သား ၅ ယောက် သေနတ်ကိုယ်စီဖြင့် ကြက်ဝိုင်းကို ရောက်ရှိလာကြသည်ကို သူတို့တစ်တွေ တွေ့လိုက်ရပေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



အားလုံးပင် ဒိတ်ခနဲ ရင်ဖိုသွားကြလျက် ဘာလုပ်ရမှန်း မသိ၊ ဘာပြောရမှန်းမသိ ဖြစ်သွားကြ၏။ ရွာကို ဂျပန်တွေ မလာရောက်ရှိသည်မှာ သုံးလနီးပါး ကြာမြင့်နေရာမှ ယခုနေ့ ယခုရက်မှ ကြက်ဝိုင်းသို့ ရောက်ရှိလာခြင်းအတွက် အားလုံးတအံ့တသြ ဖြစ်ကုန်ကြသည်။ သူတို့တွင် ကြောက်စိတ်၊ စိုးရိမ်စိတ်များဖြင့် ချောက်ချားတုန်လှုပ်နေကြသည်။

သို့ရာတွင် ဂျပန် ၅ ယောက်စလုံးမှာ ကြက်နှစ်ကောင် ခွပ်နေသည်ကို ကြည့်ရင်း သဘောအကျကြီးကျလျက် တဝါးဝါး တဟားဟား ဖြစ်နေကြ၏။

မိနီမှာ ဂျပန်များကို သဲသဲမဲမဲ ဟောင်နေသဖြင့် ငြိမ်းမယ်က မိနီကို ချော့ခေါ်ကာ အိမ်ပေါ်တွင် ကြိုးချည်ထားလိုက်၏။ နောက်တော့ ခွေးညိုကိုပါ ဟစ်ခေါ်လျက် အိမ်နောက်ဘက် တံခါးကို ပိတ်ထားလိုက်သည်။

ဂျပန် ၅ ယောက်မှာ ကြက်ပွဲကို သဘောကျမှန်းမသိ သဘောကျကာ သူတို့အချင်းချင်း ဘာတွေပြောမှန်းမသိ ပြောရင်းမှ ဂျပန်စစ်သားတစ်ယောက်သည် ကောင်းဇ၏ လက်တွင်းမှ ကြက်နှင့် ရွှေလှကြီးလက်မှ ကြက်ကို မြင်သွားပြန်သည်။

'ဘိဓမာ မကောင်းဘူးကား၊ ဘိဓမာ မကောင်းဘူးကား'

ဂျပန်စစ်သားသည် သူ့လက်မှ ကိုင်ထားသော ရိုင်ဖယ်ကို ပေါင်နှစ်လုံးကြားတွင် ညှပ်ထားလိုက်ပြီး လက်နှစ်ဖက်ကို တတောင်ဆစ်ကွေးပြုလျက် ကြက်များ အတောင်ခတ်သလို နံဘေးသို့ တဖတ်ဖတ်ရိုက်ပြသည်။

ဂျပန်စစ်သား ဘာဆိုလိုမှန်း သူတို့သဘော မပေါက်ချေ။ ဂျပန်စစ်သားမှာ နံဘေးကို တဖတ်ဖတ်ရိုက်ရင်းမှ 'မကောင်းဘူးကား မကောင်းဘူးကား' နှင့် ဆက်ပြောနေသည်။

နောက်ဆုံး သူပြောသည့် အဓိပ္ပာယ်ကို မည်သူကမျှ နားလည်ဟန်မရှိကြောင်း သိသည့်အခါတွင်မှ ရွှေလှကြီးကြက်နှင့် ကောင်းဇ၏ကြက်ကို သူကိုယ်တိုင် ဝိုင်းလည်သို့ ယူချလိုက်လေသည်။ ထိုအခါ ကြက် ၂ ကောင်မှာ တဖျန်းဖျန်း ခွပ်ကြလေသည်။

'ကောင်းတကား၊ အားကြီးကောင်းတကား'

ဤတွင်မှ သူတို့အားလုံး ကြက် ၂ ကောင်ကို အခွပ်ခိုင်းကြောင်း သဘောပေါက်ကြသည်။ နောက်ထပ်ချပေးလိုက်သော ကြက် ၂ ကောင်မှာ တဖျန်းဖျန်းနှင့် အရှိန်ပြင်းစွာ ခွပ်နေကြပေမယ့် ခပ်စောစောက ကြက်နှစ်ကောင်သည် ကောင်းစွာ မခွပ်နိုင်ကြတော့ပေ။ ပါးစပ်ကိုဖြဲကာ အမောတကော အသက်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ရှုရာမှ တစ်ကောင်၏ အတောင်ကြားကို တစ်ကောင်က ဦးခေါင်းထိုးလျက် ပြေးပေါက်ကိုရှာနေကြသည်။

အချိန် အတော်ကြာလာလေသည်။ ကြက်ဝိုင်းထဲ၌လည်း ကြက် ၄ ကောင်ဖြစ်နေ၏။ လှချော၏ ကြက်နှင့် ကိုပြားကြီး၏ ကြက် ၂ ကောင်မှာ လုံးဝ မခွပ်နိုင်ကြတော့ပေ။ တစ်ကောင့်အတောင်ကြား တစ်ကောင်ဝင်ကာ အသက်ကို မနည်းရှုနေရသည်။ နောက်ထပ် ချပေးလိုက်သော ကောင်းဖဲကြက်နှင့် ရွှေလှကြီး၏ ကြက်တို့မှာ ခြေယိုင်စ ပြုနေတော့၏။ ကြက်လေးကောင်စလုံး ဦးခေါင်းနှင့် ကိုယ်များပေါ်တွင် သွေးတရဲရဲ ဖြစ်နေသည်။

သူတို့အားလုံး ကိုယ့်ကြက်ကိုမှ ကိုယ်မကိုင်ရဲ မယူရဲကြပေ။ ဂျပန်တွေ စိတ်ဆိုးမည်ကို ကြောက်ရွံ့လေသည်။ နောက်ထပ်၍ အတော်ကြီး အချိန်ကြန့်ကြာသွားသည့်အခါ ကြက်လေးကောင်စလုံး မလှုပ်မရှားနိုင်ကြတော့။ ကိုပြားကြီး၏ ကြက်မှာ ဝိုင်းအလယ်တွင် လဲတော့၏။

'မကောင်းဘူး၊ အားကြီးမကောင်းဘူးကား'

ဂျပန်စစ်သားတစ်ဦးမှာ ပြောပြောဆိုဆိုနှင့် ဝိုင်းအလယ်တွင် လဲနေသော ကိုပြားကြီး၏ ကြက်ကို သွားရောက်ယူငင်သော ခြေနှစ်ချောင်းမှ ကိုင်၍ မြေကြီးတွင် တအားလွှဲရိုက်လိုက်သည်။ ကိုပြားကြီး၏ တိုက်ကြက်မှာ မြေပေါ်တွင် ဆန့်ငင်ဆန့်ငင်နှင့် တဖျတ်ဖျတ် လှုပ်ရှားလူးလွန့်ပြီး ငြိမ်သက်၍ သွားလေပြီ။

ဂျပန်စစ်သား၏အပြုအမူကို မည်သူမျှ ဆန့်ကျင်မပြောဝံ့ပေ။ စိတ်မကောင်းဖြစ်ရင်းမှသာ ငြိမ်ကြည့်နေကြရသည်။ ဂျပန်စစ်သားသည် သေသွားသော ကိုပြားကြီး၏ ကြက်ကို ခြေ ၂ ချောင်းမှကိုင်ကာ မြှောက်ပြရင်းမှ ကိုမြတ်ကျော်ကို မေးလေသည်။

'ဘိမာ ကောင်းတကား'

'ကောင်းတယ် မာစတာ၊ အားကြီးကောင်းတယ်' ကိုမြတ်ကျော်မှာ မချိပြုံး ပြုံးရင်းမှ တတ်သရွေ့ မှတ်သရွေ့ အလိုက်အထိုက် ဖြေရသည်။ ဝိုင်းအလယ်မှ ကြက်များမှာ တစ်ကောင့်တစ်ကောင်ကို မခွပ်နိုင်ကြတော့ပေ။ ငိုင်တိုင်ကြီး ရပ်နေကြ၏။ ထိုအခိုက်၌ပင် နောက်ထပ် ဂျပန်စစ်သားနှစ်ယောက်သည် ဝိုင်းအလယ်တွင် ရှိနေသော ကြက်သုံးကောင်စလုံးကို ဝင်ရောက်ဖမ်းယူလိုက်သည်။

ဂျပန်စစ်သား ၅ ယောက်သည် နောက်ထပ်၍ မည်သို့မျှ မပြုကြဘဲ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



လှချောတို့လှသိုက်၏ တိုက်ကြက် ၄ ကောင်စလုံးကို ယှဉ်လျက် ထိုနေရာမှ ထွက်ခွာသွားကြတော့လေသည်။

*

'ကောင်းတယ်၊ နောက်ကို ကြက်တိုက်ချင်ဦး'

လှချောက စိတ်ပျက်စွာဖြင့် အိမ်ပေါက်ဝတွင် ထိုင်ငိုင်နေခိုက် နောက်မှနေကာ မိဒေါင်းက ပြောလိုက်သည်။ လှချောသည် ထိုင်နေရာမှ လှည့်ကြည့်ရင်း မျက်စောင်းထိုးလေသည်။

'နင်က ဝမ်းသာမှာပေါ့၊ ကဲ ငါပြန်တော့မယ်'

လှချောသည် ထိုင်ရာမှထလေသည်။ ငြိမ်းမယ်မှာ နောက်ဖေးမီးဖိုထဲတွင် ညစာအတွက် ချက်ပြုတ်နေသည်။ ကိုလှမောင်နှင့် ခွေးညိုတို့သားအဖမှာ အိမ်နောက် နွားတင်းကုပ်ထဲတွင် နွားများကို သွင်းနေခိုက်ဖြစ်၏။

'အောင်မယ်၊ ဘာရမလဲ ထမင်းစားပြီးမှပြန်ရမယ်၊ တမင် မြစ်ကျိုးက ငါးသလောက်ဝယ်လာပြီး အပင်ပန်းခံ ချက်ထားရတာ'

ထိုအခိုက် ငြိမ်းမယ်က မီးဖိုတွင်းမှနေ၍ အော်ပြောလိုက်ပြန်သည်။

'သူငယ်လေး ထမင်းစားပြီးမှပြန်နော်၊ ဒီမှာ အားလုံးကျက်ကုန်ပြီကွဲ့'

'ဟော ဒီမယ်အမေရေ၊ ကြက်တိုက်တာ ပြောရမလားလို့ စိတ်ကောက်ပြီး ပြန်တော့မလို့တဲ့'

ငြိမ်းမယ်သည် မီးဖိုထဲမှ ထွက်လာသည်။ ထိုအခါတွင် လှချောသည် မူလနေရာ၌ ပြန်ထိုင်လိုက်၏။

'ကဲ သမီးသွားစမ်း၊ ပန်းကန်ဆေး ထမင်းပွဲပြင်ချေ၊ ညည်းအဘလဲ တစ်ခါတည်း စားလိမ့်မယ်'

မိဒေါင်းသည် လှချောကို တစ်ချက်ပြောင်ပြကာ မီးဖိုခန်းထဲသို့ ခပ်သွက်သွက် ဝင်ရောက်သွားလေသည်။

'ဂျပန်တွေ ရွာကို ထပ်လာကြပြန်ပြီကွဲ့'

'ဒီကောင်တွေ ဘယ်ကဘယ်လို ပေါက်လာတယ် မသိပါဘူး ဒွေးလေး ငြိမ်းမယ်ရယ်'

'အေးလေ၊ ဒင်းတို့လာတာ ရွာမှာ နိမိတ်မကောင်းဘူးဟဲ့၊ ရွာနာတယ်၊ သူတို့ကြည့်ရတာကလဲ ရက်စက်ပုံပဲ၊ ဒင်းတို့နဲ့များ မပတ်သက်အောင်နေပါ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သူငယ်ရယ်'

ငြိမ်းမယ်သည် လှချောအတွက် စိတ်ပူစွာ သတိပေးနေသည်။ လှချော တစ်ယောက်မှာ သူတို့နှင့် သွေးလိုသားလို ရင်းနှီးခင်မင်နေသောကြောင့် လှချောအား မပြတ်မလတ် ဆိုဆုံးမမှုပြုတတ်၏။ လှချောဖခင် ကိုဖိုးကျော့ကိုယ်တိုင်ပင် သူ့သားကို ငြိမ်းမယ်တို့ ကိုလူမောင်တို့နှင့်ဆိုလျှင် ဘယ်နေရာမျိုးမဆို စိတ်ချယုံကြည်သည်။

မကြာမီ ကိုလူမောင်တို့သားအဖ အိမ်နောက်ဘက် နွားတင်းကုပ်မှ တက်လာသောအခါ လှချော ခွေးညိုနှင့် ကိုလူမောင် ညစာထမင်းစားကြသည်။ လှချောမှာ ထမင်းဝိုင်းရောက်ခဲ့သည့် အချိန်၌ပင် စကားသွက်သွက် မပြောနိုင်ပေ။ သူတိုက်ကြက်ကို ဂျပန်တွေ ယူသွားသည့်အတွက် စိတ်မကောင်းဖြစ်နေသည်။

'အိမ်ရောက်အောင်လဲ တည့်တည့်မတ်မတ်ပြန်နော်၊ လမ်းမှာ ဟိုဝင်သည်ဝင်လဲ လုပ်မနေနဲ့ဦး'

ထမင်းပွဲမှ ထလာသော လှချောအား ဆေးလိပ်တစ်လိပ်ကို မီးညှိပေးရင်း မိဒေါင်းက ခပ်တိုးတိုးပြောလိုက်သည်။

'ဘယ်မှ မဝင်ပါဘူးဟယ်၊ အိမ်ပြန်မှာပါပဲ၊ ဘယ်ဝင်စရာရှိတာလိုက်လို့'

'ဟင်း ဒီက စိတ်မချလို့ ပြောတာ'

မိဒေါင်းသည် မျက်စောင်းကလေးချီကာ ပြောလေသည်။

'အေးပါဟယ် မဝင်ပါဘူး'

'လသာတဲ့ညတော့ လာဦးနော်'

လှချောက ဘာမျှပြန်မပြော၊ ခေါင်းကိုသာ ဆတ်ခနဲ ညိတ်လေသည်။ မကြာမီ ကိုလူမောင် ထမင်းစားပြီးစီး၍ အပြင်သို့ ထွက်လာသဖြင့် လှချောသည် ကိုလူမောင်နှင့် ငြိမ်းမယ်တို့အား နှုတ်ဆက်ကာ အရှေ့ပေတောကုန်းဘက်သို့ ပြန်ခဲ့လေသည်။

❑

## [၁၁]

## အသည်းကွဲသည့် အန္တရာယ်

လသာသည့်ရက်များဖြစ်၏။ ညဘက်များတွင် လရောင်မှာ ထိန်လင်းစွာ သာယာလှသည်။ ထိန်လင်းသော လရောင်အောက်တွင် ပေတောကုန်း ရွာငယ်ကလေး နှစ်ရွာမှာ သာယာစိုပြည်ခြင်းတော့ မရှိပေ။ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စိတ်ပျက်အားငယ်စွာ လဲလျောင်းနေဟန်ရှိသည်။

ဂျပန်စစ်သားများ မကြာခဏ ရွာကလေးသို့ရောက်ကာ ရောက်ကာ လာတတ်သဖြင့် တစ်ရွာလုံး စိတ်ချလက်ချ စိတ်အေးလက်အေး မရှိကြရပေ။ စိုးရိမ်ကြောင့်ကြခြင်းများကသာ ရွာသူရွာသားများအား ဖမ်းစားထားပြန်သည်။

ဂျပန်စစ်သားတွေသည် ယခင်အခါကထက် အပြုအမူအဆက်အဆံ ရိုင်းပျကြမ်းတမ်းလာသည်။ စိတ်မထင်လျှင် ပါးရိုက်၊ ခြေထောက်နှင့်ကန် လုပ်တတ်လျက် 'ခူးတကား ခူးတကား' ဟူ၍လည်း ရေရွတ်ကြ ဆဲဆိုကြသည်။ ကြက်၊ ကြက်ဥ၊ ဘဲ၊ ဘဲဥ၊ ငှက်ပျောသီး၊ အုန်းသီးများကို တတောင်းထဲ တောင်းကြရုံမျှမက လှည်းကိုချောဆွဲခြင်း၊ လူကိုချောဆွဲခြင်း၊ ရွာတွင် မွေးထားသော ဝက်များကို လူရှေ့သူရှေ့၌ပင် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်း၊ သူကြီးအိမ်ကိုလည်း မကြာခဏ ဒုက္ခပေးကာ ချက်ပြုတ်စားသောက်ခြင်းစသည့် အပြုအမူများကို မဆင်မခြင် တရားမဲ့ ပြုမူလာကြသည်။

လှည်းများကို ချောဆွဲသည့်အခါ၌ တစ်နေကုန် တစ်နေခန်း ပြန်မလွှတ်ဘဲ မောင်းချင်ရာ မောင်းခိုင်း၏။ လူများကို ချောဆွဲသည့်အခါ၌ အုန်းပင်အတက်ခိုင်း၊ ရေအခပ်ခိုင်း၊ အဝတ်လျှော်ခိုင်း ပြုတတ်ကြလေရာ ဂျပန်စစ်သားတွေ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ရွာတွင်း ဝင်လာသည်ဆိုလျှင် သူကြီးကတော်ကအစ ရွာသူမိန်းမသားများထိ အိမ်ထဲမှ အိမ်ပြင် မထွက်ဝံ့ဘဲ နေကြရလေသည်။

ကိုလူမောင်တို့လို ယောကျ်ားတွေသည် ဂျပန်များလာသည်ဟု ကြားလျှင် ရောင်ကြရှားကြ ပုန်းလျှိုးကြကုန်သည်။ ကြာသော် ရွာတွင် ဂျပန်စစ်သားတွေ လာသည်ကြားက သူရဲမင်းရဲ ဝင်ရောက်သည့်နှယ် ရှိတော့၏။ ရွာသားတွေ တစ်အုပ်ကြီးတမကြီး ထွက်ပြေး ပုန်းရှောင်တတ်သည်။ အသက်အရွယ်ကြီးရင့်သူများနှင့် ကလေးသူငယ်များ မိန်းမသားများသာ ရွာတွင် ကျန်ရစ်နေတတ်သည်။ ပေတောကုန်း နှစ်ရွာလုံးသည် ဂျပန်ဂြိုဟ်ဆိုးမွှေကာ ဆူလည် အူလည်လိုက်နေသည်။

လသာသော ညများတွင် မိဒေါင်းမှာ လှချောကို မျှော်ယောင်မိသည်။ သူ့စိတ်ထဲ၌ ယခင်အချိန်က ညမျိုးတွေလို ဖြစ်စေချင်သည်။ ယခင်အချိန် ယခင်အခါများ၌ကား ဤလိုညဘက် ငွေလရောင်အိမ်ပေါ်ထိုးသည့်အခါ သူ့ချစ်သူ လှချောသည် သူတို့အိမ်ရောက်လာတတ်၏။ အလည်အပတ်ဆိုပေမယ့် လှချောသည် ဟိုအိမ်သည်အိမ် ရောက်သည်တော့ မဟုတ်၊ သူတို့တစ်အိမ်နှင့်ပင် အချိန်ကုန်၍ ပြန်တတ်လေသည်။

ဤအခါများတွင် လူကြီးတွေရှေ့မှောက်တွင် စကားဝိုင်းဆိုကြရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေရသည်ကိုပင် ကျေနပ်နှစ်သိမ့်မိကြသည်။ လှချောမှာ သူ့ခေါင်းက ဘိုကေလေးကို ကျော့နေအောင် ဖြီး၍ လာတတ်သလို မိဒေါင်းသည် သနပ်ခါးရည်ကျဲ ကရမက်ကလေး ခပ်ပါးပါးလိမ်းကျံကာ ချစ်သူကို ကြိုဆိုတတ်သည်။

မိန်းမကြိုက်တော့ အမျှော်စိုက်ရ၍ ယောကျ်ားက ကြိုက်တော့ ဆိုက်ဆိုက်ပင် လာရသည်။ လူပျိုအပျိုကလေးတို့၏ စိတ်နေစိတ်သဘာဝအတိုင်း မျှော်ရသည်ကို တစ်ယောက်က သုခထင်၍ တွေးလို့ ဆွေးလို့ အရသာရှိသည်။ တစ်ယောက်ကလဲ ဆိုက်ဆိုက်လာရသည်ကို နှစ်ခြိုက်မိ သဘောကျမိသည်။ ဒါပေမယ့် ယခုလို ဂျပန်စစ်သားတွေ မကြာခဏ ရွာကို လာနေသောအခါ၌ကား လှချောမှာ ဟိုတုန်းအခါကလို မလာမရောက်နိုင်ချေ။ အသွားအလာကို ဆင်ခြင်မှု ပြုရပြန်သည်။

အမျှော်စိုက်ရသူ မိဒေါင်းက မျှော်တော်ဇောနှင့် မောနေရရှာပေမယ့် ယခုရက် ယခုညများတွင် လှချောကို မလာစေချင်ပေ။ ဂျပန်တွေသည် ယခင်ကလို နေ့ည မရွေးတော့ဘဲလာချင်က ပေါက်လာတတ်သည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ညဦးလကလေးက ထိန်ထိန်သာနေသည်။ အချိန်စောသေးသဖြင့် ကိုလှမောင်တို့ တစ်အိမ်လုံး ဘယ်သူမျှ မအိပ်ကြသေး။ ရေနံမီးတိုင်၏ အလင်းရောင်တွင် ထိုင်ကာ ငြိမ်းမယ်နှင့် ကိုလှမောင်ကွမ်းခြံအကြောင်း စကားဆိုနေခိုက် ဖြစ်သည်။

ထိုအခိုက်၌ပင် သူ့အိမ်ရှေ့ပေါက်မှာ လူသုံးယောက်သဏ္ဍာန် ဝင်ရောက်လာသည်ကိုတွေ့လိုက်ရသည်။ 'ဘယ်သူတွေများပါလိမ့်' ငြိမ်းမယ်သည် ထိုင်ရာမှ ထကာ မီးတိုင်ကို ဆွဲမြှောက်ရင်း 'ဘယ်သူတွေတုန်းတော့'ဟု မေးလိုက်သည်။

'ဟဲ့ ဟဲ့ မီးတိုင်မပြနဲ့၊ တို့ပါ'

သူကြီးဦးသီဟအသံပင်ဖြစ်၏။ နောက်တော့ သုံးယောက်စလုံး အိမ်ပေါက်ဝမှ အလျင်အမြန် တက်လာလျက် အိမ်ဦးခန်း တစ်နေရာတွင် သွားထိုင်ကြသည်။

'ဟင် သခင်ဘချေးကြီး'

ကိုလှမောင်သည် သူကြီး ဦးသီဟနှင့်အတူ ပါလာသူ နှစ်ယောက်မှာ သခင်ဘချေးကြီးနှင့် သခင်လှမောင်ဆိုသူများ ဖြစ်ကြောင်း တွေ့လိုက်ရသည်။

သခင်ဘချေးကြီးမှာ ပင်နီအင်္ကျီ ချည်လုံချည်နှင့်ဖြစ်ပေမယ့် သခင်လှမောင်မှာ ဘောင်းဘီဝတ် ခြောက်လုံးပူးခါးထိုးထားလေသည်။ သူကြီး ဦးသီဟ၏ မျက်နှာကို ကြည့်ရသည်မှာ အတော်ပင် စိတ်နှလုံး ထိခိုက်နေပုံရလျက် သခင်နှစ်ယောက်တို့မှာ မျက်စိမျက်နှာ သိပ်မရွှင်လှဟု ကိုလှမောင်ကော ငြိမ်းမယ်ပါအတွေးပေါက်မိသည်။ ဘာကိစ္စ ဘာအကြောင်းများပါလိမ့်' ကိုလှမောင်၏ ရင်ထဲတွင် အထိတ်ထိတ်အလန့်လန့် ဖြစ်ရပြန်သည်။

'အေး တို့ပဲဟော့ မင်းကို ပြောစရာရှိလို့ လာတာ' သခင်ဘချေးကြီးသည် ကိုလှမောင်၏ မျက်နှာကို ကြင်နာသော အမူအရာနှင့် ကြည့်ရင်းမှ သူ့စကားကို ခပ်အုပ်အုပ်ပြောလိုက်၏။

သူကြီး ဦးသီဟကား စကားမဆိုချေ။ နှုတ်ဆိတ်ငြိမ်သက်နေသည်။ ကိုလှမောင်နှင့် ငြိမ်းမယ်အဖို့ သူတို့သုံးယောက်ကို ကြည့်ရသည်မှာ တစ်မျိုးပင် ဖြစ်နေသည်။ ဘာများပါလိမ့်ဟု တွေးမိခြင်းနှင့်အတူ နှလုံးခုန် ရင်တုန်ကာ တလှပ်လှပ် ရှိလေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ကဲ သခင်ဘခွေးကြီး သိပ်အချိန်ကုန်ခံနေလို့ မဖြစ်ဘူး၊ ပြောစရာရှိတာ မြန်မြန်ထက်ထက် ပြောကြမှဖြစ်မယ်၊ ကျုပ်တို့နောက်ကြောင်းလဲ ကျုပ်တို့ကြည့်ရမယ်လေ'

သခင်လှမောင်က ထိုကဲ့သို့ ပြောလိုက်၏။ သခင်လှမောင်မှာ မျက်စိမျက်နှာမကောင်းချေ။ နောက်ကြောင်းကိစ္စ တစ်ခုအတွက် စိတ်မအေး စိတ်မချဖြစ်နေဟန်တူသည်။

'သူ့ကိုကော ကိုလူမောင် သိတယ် မဟုတ်လား သခင်လှမောင်လေ၊ ဒီနယ်မြေ တာဝန်ခံတစ်ယောက်ပဲ'

'သိပါတယ် သခင်ဘခွေးကြီး၊ ဟိုအရင်တစ်ခါ သူကြီးအိမ်မှာ တရားလာဟောတာပဲ သိပါတယ်'

'ကဲ ကိစ္စတော့ သခင်လှမောင် ပြောပြလိမ့်မယ်'

သခင်ဘခွေးကြီး စကားဆုံးသည်ဆိုလျှင် သခင်လှမောင် စကားစတော့သည်။

'ပြောဆိုဗျာ၊ ဒီလိုလုပ်ပါ၊ ဟိုကလေးနှစ်ယောက်တော်ရာ သင့်ရာသွားနေပါစေ၊ အိမ်နောက်ဘက် ဖြစ်ဖြစ်ပေါ့၊ ဒီကိစ္စ ဒီစကားဟာ ကျုပ်တို့လူကြီးတွေလောက် သိရမဲ့ ကိစ္စပဲ'

'ဟဲ့ ကလေးမ နှင့်မောင်လေးခေါ်သွား၊ နောက်ဖေးခန်းသွားနေကြစမ်း'

ကိုလူမောင်က ထိုကဲ့သို့ ပြောလိုက်သည့်အခါ မိဒေါင်းသည် ခွေးညိုကို ခေါ်ငင်လျက် နောက်ဖေးခန်းတွင်းသို့ ဝင်ရောက်သွား၏။ သူ့ခမျာမှာလည်း စဉ်းစားတွေးတောတတ်သည့်အချိန် အရွယ်ကို ရောက်နေသူကလေးဖြစ်၍ စိတ်ပူစိတ်မောမိသည်။

'ကဲ ကိုလူမောင် ခင်ဗျားကိုတော့ ကျုပ်တို့ စကားတစ်ခွန်းပြောရလိမ့်မယ်၊ ဒီစကားက သိပ်အရေးကြီးတယ်၊ ဟုတ်တယ် မဟုတ်ဘူး၊ မှန်တယ် မမှန်ဘူးဆိုတာကိုတော့ ကျုပ်တို့ဘာမှ မပြောလိုဘူး၊ ခင်ဗျားကိစ္စ ခင်ဗျားအသိဆုံး ဖြစ်မှာပဲ'

သခင်လှမောင်သည် သူ့အသံကို နှိမ့်နိုင်သမျှ နှိမ့်လျက် လေးနက်စွာပြော၍ ပလ္လင်ခံလိုက်သည်။

'ဟုတ်ကဲ့ ပြောပါခင်ဗျာ'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ပြောဆို သိပ်လဲ မကြောက်နဲ့ပေါ့ဗျာ၊ ယောကျ်ားပဲဟာ၊ ကိုယ့်လွတ်မဲ့နည်းလမ်းကိုပဲ ကိုယ်ကြံဖန်စဉ်းစားပေါ့၊ ကျုပ်လဲ တတ်နိုင်စွမ်းသလောက်တော့ ကူညီပါ့မယ်လေ၊ ကိစ္စကတော့ တခြားမဟုတ်ဘူး၊ မနက်ဖြန်မနက်ဆိုရင် ဂျပန်စစ်ဗိုလ်ကူမိုယာမာနဲ့ ဂျပန်စစ်သားတွေ ဒီရွာမှာ ခင်ဗျားကို လာဖမ်းကြလိမ့်မယ်'

'ဗျာ'

ကိုလူမောင်မှာ ဗျာ ဟူသည့် အာခြောက်သံကြီးတစ်ခွန်းကိုသာ ဆိုလိုက်နိုင်သည်။ သူ့ခေါင်းတွင် မိုးကြိုးရှစ်စိတ်ခွဲ၍ သူ့ကိုယ်ခန္ဓာကြီးတစ်ခုလုံး စကြဝဠာတံတိုင်းအပြင်အပသို့ ရောက်ရှိသွားသည်ဟု ထင်မိသည်။ သူ့တစ်ကိုယ်လုံးကား နတ်ဝင်သလို ယိမ်းယိုင်သွား၏။ သူ့ကိုယ်မှ သွေးကြောများသည် ရပ်တန့်၍ သွားသည်ဟု ထင်မိ၏။

'ကိစ္စကတော့ တခြားမဟုတ်ဘူး၊ ဟိုလွန်ခဲ့တဲ့ သုံးလေးလလောက်က ကရင်စစ်သား သုံ့ပန်းတစ်ယောက်ကို ခင်ဗျားက ကယ်လိုက်တယ်၊ နောက်တော့ ဒီသုံ့ပန်းကို ခင်ဗျားကပဲ လွတ်သွားအောင် အကူအညီပေးလိုက်တယ်လို့ ဂျပန်တွေ သတင်းရတယ်၊ ဟုတ် မဟုတ်တော့ ကျုပ်လဲ မသိဘူးပေါ့ဗျာ၊ ဒီကိစ္စကို ကျုပ်က ဒီနယ်မြေမှာ တာဝန်ခံဆိုတော့ ဂျပန်စစ်ဗိုလ်က ကျုပ်ကို ခေါ်မေးတယ်၊ ကျုပ်ကလဲ ခင်ဗျားအကြောင်း သိတဲ့လူ မဟုတ်တော့ ခင်ဗျားတို့ ရွာသားသခင်ဘချွေးကို မေးရတာပဲ၊ သခင်ဘချွေးကြီးက ခင်ဗျားဟာ လူရိုးလူကောင်းတစ်ယောက်ဖြစ်တယ်ဆိုတဲ့အကြောင်း ပြောရှာပါတယ်။ ကျုပ်ကလဲ ဒီစကားအရ ဟုတ်မယ် မထင်ပါဘူးလို့ စစ်ဗိုလ်ကို ပြန်ပြောတော့ စစ်ဗိုလ်က တယ်မကျေနပ်ဘူး၊ ခင်ဗျားကို စစ်ရုံးခေါ်စစ်ဆေးချင်တယ်'

သခင်လှမောင်၏ စကားများသည် ကိုလူမောင်နှင့် ငြိမ်းမယ်တို့ နားများထဲတွင် ထပ်တလဲလဲ မိုးကြိုးပစ်သံပမာ ရှိကြသည်။ လင်မယားနှစ်ယောက်စလုံး ဘာကိုမျှ မပြောနိုင်ငဲပ။ ပါးစပ်အဟောင်းသားနှင့် ကျောက်ရုပ်တွေပမာ ငြိမ်သက်နေသည်။

'အဲဒီတော့ ကျုပ်အကြံပေးချင်တယ်ဗျာ၊ ခင်ဗျားကိုစစ်ရုံးခေါ်စစ်တယ်ဆိုရင်တော့ ဘယ်နည်းနဲ့မှ ခင်ဗျား သက်သာမယ်တော့ မဟုတ်ဘူး၊ ခုဆိုရင် မြို့ပေါ်က ဂျပန်ကင်ပေတိုင်ရုံးမှာ သက်ာယနမကင်းလို့ ခေါ်ပြီး အစစ်အဆေး အမေးအမြန်း ခံရတဲ့လူတွေဟာ အရှင်လတ်လတ်က ငရဲပြည်ရောက်နေကြတာပဲ၊ လက်သည်းခွံကိုခွာ၊ မျက်နှာပေါ် အဝတ်ပါးအုပ်ပြီး ရေလောင်းချ၊ ဗိုက်ထဲရေ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



တွေဝင်လို့ဖောင်းနေရင် အပေါ်က စစ်ဖိနပ်နဲ့တက်ခုန်၊ ထုတ်တန်းမှာ ဇောက်ထိုး ဆွဲပြီး ကျင်စက်နဲ့ တို့နဲ့၊ အိုဗျာ ပြောတာတောင် မကောင်းပါဘူး၊ အော်ကြ ဟစ်ကြဖြစ်နေတာဟာ ငရဲပြည်တမျှပဲဗျာ'

သခင်လှမောင်မှာ မျိုးချစ်စိတ်ပြင်းထန်သော အမြော်အမြင်ရှိသည့် နိုင်ငံရေးသမားတစ်ဦးဖြစ်သောကြောင့် ဤစကားများကို ပြောဆိုနေရသည့်တိုင် သူ့ကိုယ်သူ့အတွက်လည်း အန္တရာယ်ရှိလာလေမည်ကို တွေးတော၍ ပူလိုက်မိ သည်။ ကြွေရုပ်ကလေးနှင့် သဏ္ဍာန်တူသော ဂျပန်သည် တစ်နှစ်ကျော်မျှသော အချိန်ကာလအတွင်း အစွယ်ပြူးပြူးနှင့် ဖက်ဆစ်ဘီလူး ဖြစ်လာလေပြီ။

'အဲဒီတော့ ကျုပ်နောက်ဆုံး အနေနဲ့ အကြံပေးချင်တာက ခင်ဗျား အနည်းဆုံး တစ်လ နှစ်လလောက် ဒီရွာမှာ မနေဘဲ တစ်နေရာရာ သွားရှောင် နေပေါ့ဗျာ။ ဒီစစ်တပ် နေရာပြောင်းသွားလို့ အခြေအနေကောင်းတယ်ဆိုရင် ကျုပ် သူကြီး ဦးသီဟကို အကြောင်းကြားလိုက်မယ်၊ အဲဒါပဲဗျာ၊ ကျုပ်တို့လဲ ခုချက်ချင်း မြို့ပြန်ရမယ်၊ အတော်ကြာ ဂျပန်တွေ သိသွားရင် ကျုပ်ပါ ဒုက္ခ ရောက်မယ် ဒီကိစ္စကတော့ မှန်သလား ကိုလှမောင် ဟုတ်ကော ဟုတ်ရဲ့လား'

သခင်လှမောင်၏ မေးခွန်းကို လင်မယားနှစ်ဦးစလုံးအဖြေမပေးနိုင်ကြ တော့ပေ။ ငြိမ်းမယ်မှာ မျက်ရည်များ တွေတွေကျလျက် ခေါင်းအောက်စိုက်ကျ နေတော့သည်။

''တို့ကိုတော့ ယုံယုံကြည်ကြည်နဲ့ ဟုတ်တဲ့အတိုင်း ပြောစေချင်တယ်'

'ဒါမှလဲတို့က ကြံနိုင်ဖန်နိုင်မှာ' သခင်ဘခွေးကြီးက ဝင်၍ပြောလိုက် ၏။

ကိုလှမောင်အဖို့ လိမ်နေညာနေ၍ကား အကျိုးမထူးတော့ဟုတွက်ဆမိ သည်။ ကိုယ့်အမျိုးသားအချင်းချင်း ကိုယ့်လူမျိုးအချင်းချင်း ဟုတ်တိုင်း မှန်ရာ ဖွင့်ထုတ် ဝန်ခံလိုက်သည်ကမှ သက်သာရာ သက်သာကြောင်း ဖြစ်လိမ့်မည်ဟု ယူဆမိ၏။ နောက်တော့ သူကြီး ဦးသီဟနှင့် သခင်ဘခွေးကြီးတို့၏ စေတနာ စိတ်ထားကို သူယုံကြည်ပြီးဖြစ်သည်။ သခင်လှမောင်ကို ကြည့်ရပြန်တော့ သူတစ်ဦးတစ်ယောက်အား ဒုက္ခပေးမည့် လူစားမဟုတ်ဟု ယူဆမိ၏။

သူသည် ငြိမ်းမယ်ကို ကြည့်လိုက်မိ၏။ ငြိမ်းမယ်ခမျာ ခေါင်းမဖော် နိုင်ရှာ တရှုံ့ရှုံ့ငိုကြွေးနေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုလှမောင်သည် ဟုတ်တိုင်းမှန်ရာ ဖွင့်ဟပြောကြားလိုက်သည်။ သို့ရာတွင် သူ့စကားများထဲ၌ မပါဝင်သော အကြောင်းနှစ်ချက်ကား ရှိပေသည်။ ထိုအကြောင်း ၂ ချက်မှာ အခြားမဟုတ် လှချောပါကြောင်းနှင့် စောသာရင် ဖြစ်ကြောင်းပင် ဖြစ်သည်။ ဤသူနှစ်ဦးကိုကား ကိုလှမောင် လုံးဝ မထည့်ဘဲ ချွန်းချန်ဇာတ်မြှုပ်ထားလိုက်သည်။ ဖြစ်စားဖြစ်၍ ပြေးချင်ပြေးရလျှင် သူတစ်ယောက်သာ အဖြစ်ခံ၍ သူတစ်ဦးတည်း ဒဏ်ခံသွားလိုသည်။ နောက်တော့ သခင်လှမောင်၏ ပြောစကားများထဲ၌ ထိုသူနှစ်ယောက်အကြောင်း မပါရှိပေ။

ဖြစ်လာတော့မှ အကြောင်းမထူးတော့ပြီ။ သူသာလျှင် လည်စင်းခံလိုပေသည်။ အကယ်တိ ဂျပန့်လက်မှ ပြေးမလွတ်ဘဲ အသတ်ခံရလျှင် သူတစ်ယောက်သာ အသတ်ခံလိုသည်။ ကြောက်သည်တော့ မှန်ပါ၏။ သူကြောက်၍ နောက်တစ်ယောက်ဆွဲထည့်လျှင် သူ့အဖို့ လွတ်မြောက်လိမ့်မည်လော။

'ဒဏ်ရာတွေနဲ့ ဒုက္ခဖြစ်လာတာ တွေ့ရလို့ ကျုပ်လဲ ရေတစ်ပေါက်တိုက်ပြီး လွတ်ရာ ပြေးဖို့ လမ်းညွှန်ပြလိုက်တာပါပဲဗျာ၊ ဒီကိစ္စ ကျုပ်မိန်းမနဲ့ ကျုပ်သားသမီးလေးတွေတောင် မသိကြရှာပါဘူး'

'တောက် ဖြစ်ရလေ ကိုလှမောင်ရယ်၊ ဒီကောင်တွေက သိပ်စပိုင်ကောင်းတယ်ဗျာ၊ မဟုတ်မှလွဲရော။ ကျွန်တော့်အထင်တော့ ဒီရွာမှာ သူတို့ သတင်းပေးရှိတယ်နဲ့ တူတယ်' ကိုလှမောင်၏ စကားဆုံးသွားလျှင် သခင်လှမောင်က တောက်တစ်ချက်ခေါက်ကာ သူကြီး ဦးသီဟအား ပြောလိုက်သည်။

'အဲဒါကိုတော့ မပြောတတ်သလောက်ပါပဲဗျာ'

သူကြီး ဦးသီဟသည် စိတ်လက်မချမ်းသာဟန်ဖြင့် စကားကို လေးလေးကြီး ပြောလိုက်သည်။ သူသည်လည်း ကိုလှမောင်နှင့် ငြိမ်းမယ်တို့၏ ဖြစ်ပုံကို မြင်တွေ့လိုက်ရသည့်အခါ တုန်လှုပ် ချောက်ချားသွားလေသည်။ သူသည် သူ့ရွာသူရွာသားများအပေါ်ဝယ် ရပ်ရွာသူကြီးကောင်း တစ်ဦးတစ်ယောက် ပီသစွာ သားလို သမီးလို ဆွေလို မျိုးလို သဘောထားသူ တစ်ယောက်ဖြစ်သည်။

'ခုလို ကျုပ်ထွက်ပြောတာနဲ့ ပြီးပါ့မလားဗျာ၊ နောက်ပိုင်းမှ ကျန်ရစ်တဲ့ သားမယား သားသမီးတွေကိုများ'

မထူးတော့သည့်အကြောင်း၊ မထူးတော့သည့် ဘဝမျိုး၌ ကိုလှမောင်ခမျာ ကျန်သည့် သူ့သံယောဇဉ်များအတွက် အရဲစွန့် မေးမြန်းရရှာသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'အင်း ဒါလဲ မေးစရာပဲဗျာ၊ ဒါပေမဲ့ တစ်ခုရှိတာက သူတို့ သတင်း ရတဲ့ လူဟာ ခင်ဗျားပဲဆိုတော့ ခင်ဗျားကိုပဲ အဓိကထား ဖမ်းမှာပဲ။ ဒိပြင်လူ တွေအနေနဲ့ကလဲ ဘာမှ မသိဘူးပြောပေါ့ဗျာ၊ ကျုပ်လဲ အဲဒီအခါ ပါလာမှာပါပဲ၊ ဒိပြင် လူတွေအနေနဲ့တဲ့ ခုလောလောဆယ်က ခင်ဗျားတစ်ယောက်ကိုပဲ သူတို့ မေးလား၊ စစ်လား လုပ်မှာ။ ဒါမှာလဲ စစ်တယ်ဆိုတာက တော်ရုံတန်ရုံစစ်လား မေးလားဆိုရင်တော့ ကိစ္စမရှိဘူးပေါ့၊ ခု သူတို့ စစ်တာဆေးတာက ငရဲပြည် ရောက်တဲ့ ဘဝမျိုးမို့ ပြောနေရတာ'

'သူ့အပြင် ဒိပြင်လူတွေများ ပါသေးသလားဗျာ'

သူကြီး ဦးသိဟမှာ ထိုအခါမှ သတိရလျက် မေးမြန်းရလေသည်။ သူကိုယ်တိုင် မကြုံဘူးသည့် စစ်အတွင်း ကိစ္စဖြစ်၍ ထူပူနေသည်။

'ခု ရထားတဲ့ သတင်းအတိုင်းဆိုရင်တော့ သူတစ်ယောက်ပဲဗျာ၊ သတင်းပေးတဲ့လူက ဘာကို အကြောင်းပြုပေးလဲတော့ မဆိုနိုင်ဘူး၊ နို့နေစမ်းပါ ဦး၊ ဒီကိစ္စ ခင်ဗျား သားသမီးလေးတွေကော သိသလား ကိုလူမောင်'

'မသိပါဘူးခင်ဗျာ၊ ကျွန်တော့် မိန်းမတောင် အရိပ်အငွေ့လောက် သိတာပါ'

ကိုလူမောင် မှသားဆိုရသည်။ ဤကိစ္စတွင် သားငယ် ခွေးညိုမှလွဲ ၍ အားလုံးပင် သိကြသည်။ သို့ရာတွင် မိဒေါင်းနှင့် လှချောတို့ကား သိပင်သိ ပေမယ့် မည်သူ့ကိုမျှ မည်သည့်နည်းနှင့်မျှ ပြောကြားခြင်း ပြုကြလိမ့်မည်မဟုတ်။ ဤမည်သော ရာဇဝတ်ဘေးကြီးကို သူတို့နှစ်ယောက်မှာ ဆင်ခြင်စဉ်းစားနိုင် သည့် အရွယ်တွေ ဖြစ်လေသည်။

'ကဲ ကြာကြာနေလို့ မဖြစ်ဘူး၊ အချိန်ရှိတုန်း စီစဉ်ပေတော့ ကိုလူမောင်၊ မနက်လင်းထိအောင်တော့ ခင်ဗျား မနေလေနဲ့၊ မိတ်ဆွေသင်္ဂဟကောင်းရှိတဲ့ တစ်နေရာရာမှာ လူယောင်ဖျောက်နေပေါ့ဗျာ၊ ကဲ ကျုပ်တို့ သွားကြမှ ဖြစ်မယ်၊ ကိုယ့်အရေးနဲ့ ကိုယ့်ဘေးလဲ ကြည့်ရသေးတယ်ဗျာ' သခင်လှမောင်သည် စကား ဆုံးလျှင်ပင် နေရာမှထလိုက်သည်။

'မင်းရဲ့ ကျန်ရစ်သူတွေအတွက် ငါတတ်နိုင်သလောက် စောင့်ရှောက် ပါမယ်ကွာ၊ မင်းအသက်ကို မင်းလွတ်အောင် ရှောင်ပေတိမ်းပေတော့ လူမောင်' သူကြီး ဦးသိဟ၏ အသံသည် နင့်ဆို့ဆို့ ရှိ၏။

'ကျေးဇူးပါပဲဗျာ'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုလှမောင်၏ အသံမှာ လုံးလုံးပင် ငိုသံပါနေသော အသံအက်ကွဲကွဲကြီးဖြစ်လေသည်။

*

မိုးစင်စင်လင်းခဲ့ပေပြီ။ ငြိမ့်းမယ်နှင့် မိဒေါင်းတို့ကား မျက်လုံးများ ကျိန်းစပ်၍ ရင်ထဲမှာ အနာကြီး နာသည်အထိ တစ်ညလုံး ငိုပွဲဆင်ခဲ့ရ၏။ ကိုလှမောင် တစ်ယောက်ကား သူ၏မွေးရာဖွားရာ နေထိုင်ရာဖြစ်သော ပေတောကုန်းရွာ ငယ်မှ ပျောက်ခြင်းကြီးမလှ ပျောက်ကွယ်သွားခဲ့လေပြီ။

ကိုလှမောင် ညဦးအချိန်က လူမသိ သူမသိ ပေတောကုန်း ရွာငယ်မှ ထွက်ပြေးသွားလေပြီဆိုသည်ကိုကား သူကြီး ဦးသီဟ၊ သူကြီးကတော် ဒေါ်ရွှေခင်၊ ငြိမ်းမယ်နှင့် မိဒေါင်းတို့ကသာ သိရှိသော ကိစ္စ ဖြစ်လေသည်။

သူကြီး ဦးသီဟသည် နံနက် အရုဏ်အချိန်တွင် ငြိမ်းမယ်တို့သားအမိ ထံ လာရောက်ကာ အကယ်၍ ဂျပန်များ မေးမြန်းပါက ကိုလှမောင် အရောင်း အဝယ်ကိစ္စတစ်ခုဖြင့် ရန်ကုန်သို့ သွားနေသည်။ သီတင်းနှစ်ပတ်ခန့် ကြာလိမ့် မည်ဖြစ်ကြောင်း စကားထည့် မှာကြားထားပြီး ဖြစ်လေသည်။

မိုးစင်စင်လင်းလာသောအချိန်၌ ငြိမ်းမယ်နှင့် မိဒေါင်းတို့ သားအမိ သည် ငိုပွဲကို ရုပ်သိမ်းလျက် မပူရုပ်ဆောင်ရ၏။ ဤလို မပူရုပ်ဆောင်ရသည့်တိုင် တကယ်တမ်း ကြုံတွေ့နေရသော ပရိဒေဝ မီးလျှံနှင့် နောက်ထပ် ရင်ဆိုင်ရဦး မည်ကိစ္စအတွက် အသည်းတဖိုဖို ရှိရသည်။ သားအမိနှစ်ဦးစလုံး ဟန်လုပ်၍ နေကြရပေမယ့် ခပ်ငိုင်ငိုင် ခပ်ငေးငေးဖြင့် အဆွေးရုပ်ပေါ်နေသည်။

ဘာမျှ မသိသော ခွေးညိုမှာ ညဦးပိုင်းကပင် အိပ်ပျော်နေရှာပြီဖြစ်၍ သူ့အဘ ထွက်ခွာသွားသည်ကို သူမသိလိုက်ချေ။ ကိုလှမောင်ခမျာ သွားခါနီး ဆဲဆဲတွင် ခွေခွေကလေး အိပ်နေသော သားငယ်၏ နဖူးကလေး ပါးကလေး များကို ကုန်း၍ပင် နမ်းရှုံ့မိသည်။ တကယ်ဆိုတော့ သူ့သားလေး ခွေးညိုကို သူ အတော်ပင်ချစ်ရှာသည်။ သူတို့ဇနီးမောင်နှံမှာ ဒီသမီးနှင့် ဒီသားငယ်နှစ်ဦး တည်းသာ ချစ်ရမည့်သူ ဖြစ်လေသည်။ သမီးမိန်းကလေးထက်လဲ သားယောက်ျား ကလေးအား ကိုလှမောင် တွယ်တာမိ၏။ ခွေးညိုမှာ အငယ်အနှောင်းလဲ ဖြစ် သည်။

သူသည် အိပ်မောကျနေပြီဖြစ်သော သားငယ်ကို ကြင်နာသော မျက် လုံး၊ မချိသော စိတ်နှလုံးဖြင့် အငေးသား ကြည့်နေမိ၏။ သူ့နှုတ်ခမ်းများသည်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



တဆတ်ဆတ် လှုပ်လျက် မျက်လုံးအိမ်များမှ မျက်ရည်ပေါက်အသွယ်သွယ် ကျမိသည်။ အနီးတွင် ရှိနေသော ဇနီးနှင့် သမီးကိုပင် မရှက်နိုင်ပါချေ။ အံကို ကျိတ်ကာ ရှိုက်ကြီးငင်ကြီး ငိုယိုခြင်းပြုမိလေသည်။

ကောင်လေးကလည်း မနက်လင်းအိပ်ရာမှ ထလျှင်ပင် သူ့အဖေကို မတွေ့မြင်၍ မေးလိုက်သည်။

'အမေ အဘ ဘယ်သွားလဲဗျ ဟင်၊ အစ်ကိုလှချောတို့ရွာ သွားလား'

သားငယ်၏ အမေကို ငြိမ်းမယ် အဖြေမပေးနိုင်ပေ။ ဤကလေးငယ်၏ မေးခွန်းသည် ငြိမ်းမယ်အဖို့ လွယ်သယောင်နှင့် ခက်လှသည်။ တစ်ဖက်သို့ လှည့်ရင်းက မျက်ရည်အသွယ်သွယ် ကျမိသည်။

'ဟဲ့ ဟိုဘက်ရွာ ခဏသွားတယ်၊ နင် မျက်နှာသွားသစ်ဦး' မိဒေါင်းက ခပ်ဆတ်ဆတ် မာန်သလို ပြောလိုက်၏။

'အစ်ကိုလှချောတို့ရွာကိုလားဗျ၊ ဟုတ်လားအစ်မ'

မိဒေါင်းလည်း ထိုအမေးကို မဖြေနိုင်ပေ။ အတန်ကြာ ငိုင်နေပြီးမှ 'အေး' ဟု ပြီးစလွယ် ပြောလိုက်၏။ ထိုအခါမှ ခွေးညိုမှာ မျက်နှာသစ်ရန် နောက်ဖေး မီးဖိုခန်းထဲ ဝင်သွားပြန်သည်။

'ကောင်လေးလဲ အကြောင်းကြားမှဦးမှပဲ' ငြိမ်းမယ်က ပြောလေသည်။

'ဘယ်လိုလုပ်အကြောင်းကြားမလဲ၊ ဒီပြင်လူလွတ် အခေါ်ခိုင်းလို့ ဖြစ်မလားအမေ'

'လူကြုံကို ငါတစ်နည်းနည်းနဲ့ ကြည့်မှာလိုက်မယ်၊ နင့်မောင်လေးနဲ့ ခဏနေကြဦး ငါသိပ်မကြာဘူး၊ မြောက်ပိုင်းခဏ သွားလိုက်ဦးမယ်'

မိဒေါင်းက မည်သို့မျှ စကားမပြန်နိုင်သေးမီ ငြိမ်းမယ်သည် အိမ်ပေါ်မှ လျှင်မြန်စွာ ဆင်းသက်သွားလေသည်။

ရွာမှ ရွာသူရွာသားများသည် ကိုလှမောင်နှင့် ကိုလှမောင်၏ အိမ်သားများ အကြောင်းကိစ္စကို ဘာတစ်ခုမျှ မသိကြ၊ မကြားကြသေးချေ။ ဤကိစ္စကို သိရှိသော သူကြီး ဦးသိဟ လင်မယားကလည်း မည်သူ့အားမျှ ထိုအကြောင်းကို ဖွင့်ထုတ်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် ဦးသိဟကား သခင်လှမောင် ပေးသွားသော အကြံဉာဏ်အတိုင်း ငြိမ်းမယ်ကို ပြောကြားထားပြီး ဖြစ်လေသည်။

ကိုလှမောင်တစ်ယောက်ရန်ကုန်လိုမြို့ကြီးသို့ အရောင်းအဝယ်ကိစ္စနှင့် ယမန်နေ့ကပင် လောလောဆယ် ထွက်သွားသည်ဟု ဆိုပါက ဂျပန်တွေက

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ယုံကြည်လျှင် တော်ပါ၏။ အယုံအကြည်မရှိ၍ အနီးအပါးအိမ်များမှ ရွာသူရွာသားများအား စစ်ကြောနေလျှင် တစ်ယောက်တစ်မျိုး ပြောနေပါက ဒုက္ခတွေ့ရမည်။ ထိုအခါတွင် ဤကိစ္စမှာ သူကြီးဖြစ်သူ သူ့အပေါ်၌ တစ်ဖန် ပတ်၍ လာဦးမည်ကို ဦးသီဟ စိုးရိမ်မိ၏။

ထို့ကြောင့် နံနက်လင်းလျှင် ယမန်နေ့ ညဦးပိုင်းကပင် ကိုလူမောင်တစ်ယောက် မမျှော်လင့်သော အရောင်းအဝယ်ကိစ္စဖြင့် ရန်ကုန်သို့သွားကြောင်းကို အိမ်နီးပတ်ဝန်းကျင်များအား ပြောကြားခြင်းပြုရန် ငြိမ်းမယ်အား စကားထည့်ပြီးဖြစ်၏။

နေရောင်ခြည် အတန်ငယ်ပွင့်လာသည်ဆိုလျှင် ရွာမှလူတွေသည် မိမိတို့နှင့် သက်ဆိုင်ရာဖြစ်သော လုပ်ခင်းဆောင်တာများရှိရာသို့ အသီးသီးဝင်ရောက်သွားလာနေကြ၏။ တစ်ညတာလုံး တိတ်ဆိတ်ငြိမ်သက်ခြင်းဖြင့် အိပ်မောကျနေသည့် ရွာကလေးမှ အသက်ဝင်လှုပ်ရှားလာသည်။ လူသံသူသံ၊ ခွေးဟောင်သံ၊ ကြက်ငှက်တိရစ္ဆာန်များ၏ အော်ဟစ်မြည်ကြွေးသံသည် ပေတောကုန်းရွာကလေးအား စိုပြည်သယောင်ထင်မှတ်ရသည်။

မကြာမီ အိမ်ပေါ်၌ ထိုင်နေသော မိဒေါင်းသည် သူ့အမေ ငြိမ်းမယ်၏အသံကို ကြားလိုက်ရသည်။ ကြားလိုက်ရသော အသံမှာ တစ်ဖက်အိမ်မှ ဘိုးနီဒွေးက မေးမြန်းလိုက်၍ ငြိမ်းမယ်က ပြန်လည်ပြောနေသော အသံဖြစ်၏။

'ကိုလူမောင်တစ်ယောက်တော့ မနေ့ညဦးပိုင်းကပဲ ရန်ကုန်ကို သမ္ဗာန်ကြုံနဲ့ လိုက်သွားတယ်၊ အရောင်းအဝယ်ကိစ္စပါပဲ အဘိုးရယ်၊ ကျွန်မကိုတောင် လုံးစေ့ပတ်စေ့ စကားမပြောအားဘူး၊ ရေအတက်နဲ့ သမ္ဗာန်ထွက်မယ်ဆိုလို့ ကမန်းကတန်း လိုက်သွားရတယ် အဘိုးရဲ့'

ငြိမ်းမယ်က အော်ကြီးဟစ်ကျယ် ပြောလေသည်။ သူအော်သည်မှာ အကြောင်းရှိ၏။ ထိုအကြောင်းမှာ အခြားမဟုတ်၊ အိမ်နီးနားချင်းတွေ ကြားပါစေ၊ သိပါစေဆိုသော အကြောင်းပင် ဖြစ်သည်။

'ဟေ ဟုတ်လားဟ၊ လူမောင်တစ်ယောက် ဘာများ စိတ်ကူးပေါက်သွားပါလိမ့်၊ ဒီကောင့်နှယ်ဗျာ ဒီအချိန်ဒီခေတ်ကြီးထဲမှာ ခရီးသွားရတယ်လို့ပဲ၊ ဟဲ့ မိဒေါင်း နင့်အဘက ဘာစိတ်ကူးများပေါက်သွားလဲဟဲ့'

တစ်ဖက်သောအိမ်မှ ကိုပြာ့ကြီးက အိမ်ပေါ်မှ မိဒေါင်းကို အော်မေးလိုက်သလို အိမ်ရှေ့အိမ်မှ မချွေသစ်က အိမ်တိုင်ရာရောက် မေးမြန်း၏။ အတော်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကြာတော့ ရွှေလှကြီးတို့၊ ကောင်းဇံတို့၊ ကိုပန်းမွှေးတို့၊ ကိုမြတ်ကျော်တို့နားသို့ပင် ထိုသတင်းသည် ပေါက်ကြားသွားသည်။ သည်လိုနှင့်သာ တိုတောင်းလှသော အချိန်အနည်းငယ်အတွင်း ကိုလှမောင် ရန်ကုန်သွားသည်ဆိုသော သတင်းမှာ တစ်ရွာလုံးလောက်နီးနီး သိရှိသွားကြသည်။

ငြိမ်းမယ်တို့သားအမိမှာ ရယ်ဟန်မောဟန်နှင့် မပူရုပ်ဆင်ကာ ထိုစကားကို ပြောနေရသည့်တိုင် နည်းနည်းကလေးမှ စိတ်မချမ်းသာ မချမ်းမြေ့လှပါချေ။ သူတို့နှစ်ဦး၏ အသည်းနှလုံးများသည် ပူလောင်ပြင်းပြသော စိတ်များကြောင့် ကြွေကျမလားဟူ၍ပင် ထင်မိသည်။ သည်ကြားထဲ ခွေးညိုက တစ်မျှော်ပင်။

'အစ်မ ရန်ကုန်ဆိုတာက ဘယ်နားမလဲဗျဟင်၊ အဘက ဘယ်တော့ပြန်လာမလဲ'

'တယ် ဒီကောင်လေး လူကြီးတွေထဲ ဝင်ပါပြန်ပြီ' မိဒေါင်းက စိတ်မရှည်ဟန်ဖြင့် ခပ်ဆတ်ဆတ် ပြောလိုက်၏။

'သိပ်အကြာကြီးနေမှာလားဗျ၊ ဟုတ်လား'

ခွေးညိုသည် ကလေးပီပီ အဖြေမပေးမချင်း ထပ်ဆင့်၍ မေးနေပြန်သည်။

'တယ် ဒီတိရစ္ဆာန်ကောင်လေး' မိဒေါင်းက စိတ်မရှည်နိုင်လှသည့်အဆုံး ခွေးညို၏ သျှောင်ပေစူးကလေးကို ဆွဲကာ ခပ်နာနာ ခေါက်လိုက်၏။ ခွေးညိုသည် မိဒေါင်းလက်မှ ရုန်းထွက်ကာ ဘူးစင်ကွပ်ပျစ်အောက်တွင် သွားထိုင်ရင်းမှ တအင်းအင်း တဟီးဟီးငိုတော့၏။ ထိုအခိုက်၌ပင် ငြိမ်းမယ်အိမ်ပြန်ရောက်လာလေသည်။

'တယ်ခက်ပါလား မိဒေါင်းရယ်၊ ဘာပြုမဲ့ ဒီကလေးကို သွားလုပ်ရပြန်တာလဲ၊ ဟဲ့ ကောင်လေး တိတ်စမ်း'

'အမေ့သားလေးက ဘာမှန်းလဲမသိဘူး၊ မေးချင်ရာတွေ လျှောက်မေး ပြောချင်ရာတွေ လျှောက်ပြောလုပ်နေတာ'

'ကဲပါကွယ် တိတ်စမ်းပါ'

ငြိမ်းမယ်သည် ခွေးညိုကို လက်ဝါးဖောင်းဖြင့် မျက်ရည်သုတ်ပေးပြီး အိမ်ပေါ်သို့ တက်လာသည်။

'လှည်းကြုံတွေ့တာနဲ့ သူငယ်ကို မှာလိုက်တယ်' ငြိမ်းမယ်က လှချောကို မှာလိုက်ပြီဖြစ်ကြောင်း သူ့သမီးအား ပြောလိုက်သည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ဘယ်လိုမှာလိုက်လဲအမေ'

'နင့်အဘ ရန်ကုန်သွားလို့ လာခဲ့ပါဦးလို့ မှာလိုက်တာပဲ'

သားအမိနှစ်ဦးသည် မည်သည့်စကားကိုမျှ ဆက်လက်၍ မပြောကြဘဲ ငြိမ်သက်နေကြပြန်သည်။

❑

## [၁၂]

## လာမဲ့ဘေးပြေးမလွတ်

နေလုံးသည် ထန်းတဖျားကျော်မျှ မြင့်လာသည်။

ဂျပန်စစ်သားများသည် ဤအချိန်ရောက်သည့်တိုင် ပေတောကုန်းရွာငယ်သို့ လာရောက်ခြင်း မရှိသေးချေ။ ငြိမ်းမယ်နှင့် မိဒေါင်းတို့သားအမိကား ဂျပန်စစ်သားများ ရောက်ရှိလာမည်ထက် လှချောတစ်ယောက် ရောက်လာမည့် အချိန်ကိုသာ မျှော်မှန်းမိ၏။

ဂျပန်တွေလာလိမ့်မည်ဟု အတတ်သိထားသဖြင့် စိတ်တထင့်ထင့် စိုးရိမ်ကြောင့်ကြနေရခြင်းထက် ဤအချိန်ထိ လှချောမရောက်သေးသည့်အခါ ပူပန်ကြောင့်ကြဖြစ်မိကြသည်။

လူ့စိတ် လူ့သဘာဝအတိုင်း ဝမ်းသာရမည့်အရေး ဝမ်းနည်း အားငယ်ရမည့်အရေး စသည်များကို ဖြုန်းခနဲ တွေ့ရ ကြုံရသည်ထက် ကြိုတင်ကာ သိရှိရသည်က ပိုမို၍ ဆိုးလှ အခံရခက်လှသည်။ ဂျပန်တွေ လာလိမ့်မည်ဟူသော သခင်လှမောင်ထံမှ ကြိုတင်သိထားရခြင်းသည် သူတို့သားအမိနှစ်ဦးအား ပိုမို၍ စိတ်ဆင်းရဲစေလေသည်။ တစ်နည်းတွေးရပြန်ပါမူ ဤလို သိထားနှင့်ရသော အပြစ်ကြောင့် ကိုလှမောင်အဖို့ ထွက်ပြေးတိမ်းရှောင် သွားနိုင်သည်မှန်ပေမယ့် တစ်နည်းအားဖြင့် ကြိုတင်သိထားရခြင်းကြောင့် စိတ်ဆင်းရဲ ပိုရလေသည်။ သို့ပေမယ့် မည်သို့မျှ မတတ်နိုင်ချေ။ ဖြစ်သမျှအကြောင်းသည် အကောင်းချည်းဟူ၍သာ ငြိမ်းမယ် ယူဆမိသည်။

'အမေရဲ့ ကိုလှချောတစ်ယောက်လဲ ခုထိမရောက်သေးဘူး'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'လာလိမ့်မပေါ့သမီးရယ်' ငြိမ်းမယ်သည် အရှေ့ပေတောကုန်းလမ်းမဆီသို့ မျှော်ကြည့်ရင်းမှ ပြောလိုက်သည်။

'အမေ အသေအချာ ပြောလိုက်ရဲ့လားအမေ'

'ပြောလိုက်ပါတယ်အေ၊ ပြောသမှ သေသေချာချာ ပြောလိုက်ပါတယ်'

သားအမိနှစ်ဦးသည် လှချောအတွက် စိတ်ပူမိသည်က တစ်မျိုး အားငယ်သည်ကတစ်ဖုံ ဖြစ်နေရတော့သည်။ သူတို့တွင် တိုင်ပင်ဖော် တိုင်ပင်ဘက်ဆို၍ မည်သူတစ်ဦးတစ်ယောက်မျှ လောက်လောက်လားလား ရှိကြသည်တော့မဟုတ်။ နောက်တစ်ခုကလည်း ဤအကြောင်း ဤကိစ္စကား မည်သူ့အားမျှတိုင်ပင်ရန် လမ်းမမြင်ပေ။

သားအမိနှစ်ဦးစလုံး အတွေးအတော ကိုယ်စီကိုယ်ငှဖြင့် တွေဝေငေးငိုင်နေမိပြန်သည်။ ငြိမ်းမယ်သည် ဦးခေါင်းတစ်ခုလုံး ချာချာလည်နေအောင် တွေးမိသည်နှင့်အမျှ သူ့ရင်ထဲ၌လည်း ပူပန်လောင်မြိုက်နေရှာသည်။ သူ၏ မှီခိုအားထားရာဖြစ်သော လင်ယောက်ျားသည် သူ့အနီး သူ့ပတ်ဝန်းကျင်တွင် မရှိတော့။ ဘယ်အချိန် ဘယ်ကာလရောက်ကာမှ ထိုအားထားရာ အားထားကြောင်းဖြစ်သော ချစ်လင်အား ပြန်လည်တွေ့ဆုံရမည်ကို မသိရလောက်အောင် ဖြစ်ပျက်ကြုံတွေ့နေရသော အဖြစ်မျိုးကို စေ့စေ့စပ်စပ် တွေးလိုက်မိသော တစ်ခဏ၌ပင်သူ၏ အသည်းအူများမှာ ကြောင်းဆန်သွားလေရောသလားဟု ထင်မှတ်ရအောင်စိတ်အားများ ငယ်မိသည်။

သူ၏ အားထားရာ၊ မှီခိုရာကမ္ဘာကြီးသည် ပျက်စီး ကြေပြုန်းပြီတော့ဖြစ်လေပြီ။ နေ့ရက်ကိုသော် လည်းကောင်း၊ နှစ်လ အချိန်ရာသီဟူ၍ လည်းကောင်း၊ ကန့်သတ်ခြင်း ပိုင်းခြားခြင်း မရှိဘဲ အသက်တစ်ချောင်း၏ ဘေးကင်းရာ ဘေးကင်းကြောင်းအတွက် ခြေသလုံးအိမ်တိုင်ပါ ပြေးနိုင်မှ လွတ်မြောက်ရမည့်လင်သည်ခမျာ အဘယ်မှာ အိပ်စက်၍ အဘယ်မှာ နားနေပါမည်နည်း။ ခြေဦးတည့်ရာသို့ သွားနေသော ရာဇဝတ်သား တရားခံတစ်ယောက်အား သူသည်အဘယ်နေရာတွင် ချိန်းဆို၍ အဘယ်နံရောအခါများတွင် သွားရောက်တွေ့ဆုံနိုင်ပါမည်နည်း။

ထောင်ထဲအကျဉ်းထဲတွင်ရှိနေသော ရာဇဝတ်သားတရားခံတစ်ဦးတစ်ယောက်အား သွားရောက်တွေ့ဆုံရန်မှာ မခဲယဉ်းလှသည့်တိုင် ဤလို ခြေသလုံးအိမ်တိုင် ပြေးနိုင်မှ လွတ်မည့်ဘဝသို့ ရောက်နေသည့် လင်ယောက်ျားအား

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



အဘယ်နည်း အဘယ်ပုံ ရှာကြံတွေ့ဆုံရပါမည်နည်း။ တစ်ဖန်ထွက်ပြေး တိမ်းရှောင်နေရရှာသူ လင်ယောကျ်ား၏ အဖြစ်ကလည်း မသက်သာလှပါချေ။ ဤပေတောကုန်းရွာငယ်လေးကို သူ၏ ကမ္ဘာကြီးဟူ၍ အထင်ရောက်နေသူ တစ်ယောက်အဖို့ ဘယ်မျှလောက် စိတ်အားငယ်လေမည်နည်း။ သူ့ချစ်လင်ကား ခြေလှမ်းကျယ်သူတစ်ယောက်မဟုတ်သလို အသိအကျွမ်းကလည်း နည်းပါးလှ၏။ တစ်ရပ်တစ်ကျေးသို့ သွားသည်ဟူ၍လည်း မရှိသလောက်ဖြစ်၏။ ဤလိုလူတစ်ယောက်သည် အဘယ်မျှ ရက်ပေါင်းကြာအောင် ခြေသလုံးအားကိုးပြေးနိုင်ပြီး အဘယ်သူ့အိမ်တွင် ဝင်ရောက်ကာ အိပ်စက်နားနေနိုင်မည်နည်း။

ငြိမ်းမယ်သည် တွေးရင်း တွေးရင်းမှ တအင်းအင်း တအီးအီး ငိုချလိုက်၏။ ကြိတ်မှိတ်၍ မျိုအောင့်ထားသော်လည်း မရနိုင်ပေ။ ငြိမ်းမယ်က ထိုကဲ့သို့ငိုသည့်အခါ မိဒေါင်းသည် ရောနှော၍ ငိုလေသည်။ လူမှုရေးရာကို ဘာတစ်ခုမျှ ကောင်းကောင်း မသိသေးသော ခွေးညိုတစ်ယောက်ကသာ မိနီတစ်ကောင်နှင့် အိမ်ရှေ့ပြေးလိုက် အိမ်နောက်ပြေးလိုက် ဆော့နေသည်။

'ဟော လာကုန်ပြီ အမေရေ'

မိဒေါင်း၏ အထိတ်တလန့် ပြောသံသည် ငြိမ်းမယ်တစ်ကိုယ်လုံးအား ထူပူသွားစေ၏။ ကမ္ဘာပျက်ကြောင်း ဗြဟ္မာမင်းကြီး၏ ကြွေးကြော်လိုက်သံနှင့် တူလှသည်။ ငြိမ်းမယ်သည် လမ်းမသို့ မျှော်ကြည့်လိုက်၏။

ဂျပန်စစ်ဗိုလ်၊ ဂျပန်စစ်သားများနှင့် သူကြီး၊ ဆယ်အိမ်ခေါင်း လူတစ်စုတဝေးကြီးပင် သူတို့အိမ်ကလေးဆီသို့ တည့်တည့်ကြီး လာနေသည်။ မရဏာသန္နမည်သော သေမင်းသည် စစ်သည်တော်အလုံးအရင်းနှင့် စစ်ချီတက်လာချေပြီတကား၊ ငြိမ်းမယ်၏ တစ်ကိုယ်လုံးသည် တတုန်တုန် တခိုက်ခိုက် ရှိလေသည်။

မကြာမီပင် ဂျပန်စစ်ဗိုလ်ခေါင်းဆောင်သော အုပ်စုသည် သူတို့အိမ်ကလေးနှင့် တဖြည်းဖြည်း နီးကပ်လာသည်။ ရှေ့ဆုံးမှ လူမှာ ကိုမြတ်ကျော်ပေတည်း။

ငြိမ်းမယ်ကော မိဒေါင်းပါ မျက်ရည်သုတ်လျက် ထိုင်ရာမှ ပြိုင်တူထလိုက်၏။ ဘာကြောင့် ဘာလုပ်မည်ဟူသော ရည်ရွယ်ချက်နှင့် ထလိုက်ကြခြင်းတော့ မဟုတ်ပေ။ ကြောက်ကြောက်လန့်လန့်နှင့် အယောင်ယောင်အမှားမှားထလိုက်ကြခြင်းသာ ဖြစ်သည်။ ထိုအခိုက်၌ ခွေးညို အသံစူးစူးလေးကို သူတို့သားအမိ ကြားလိုက်ရသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'အမေရေ ဂျပန်ကြီးတွေ လာနေတယ်ဗျ၊ ဂျပန်ကြီးတွေ'

'ဟဲ့ကောင်လေး တိတ်တိတ်နေ၊ လာခဲ့ လာ အိမ်ပေါ်တက်နေတာ မဟုတ်ဘူး'

ခွေးညိုက အိမ်ပေါ်တက်ပြေးလာသည်။ ဤအခိုက် ဂျပန်တွေနှင့် ရွာလူကြီးများပါ အိမ်ပေါက်ဝမှ ဝင်ရောက်လာလေသည်။

ထွေထွေထူးထူးတော့ ဖြစ်မနေပေ။ ဂျပန်စစ်ဗိုလ်၏ အမိန့်အရ ဂျပန်စစ်သားများသည် သေနတ်လုံ့စွပ်များကို အရံသင့် တပ်ဆင်ပြီး သေနတ်မောင်းများပေါ် လက်တင်ကာ အိမ်ကလေးတစ်အိမ်လုံးကို ပတ်ချာလည် ဝိုင်းလိုက်ကြသည်။ နောက်တော့ သူကြီးဆယ်အိမ်ခေါင်းနှင့် ဂျပန်စစ်ဗိုလ်၊ ဂျပန်စစ်သားနှစ်ဦး စကားပြန်စသော သူများပါ ဘီလူးသူရဲတွေလို အိမ်ပေါ်သို့ တက်လိုက်ကြ၏။

ဂျပန်စစ်ဗိုလ်သည် စကားပြန်မှတစ်ဆင့် ကိုလှမောင်ကို မေးသည်။ ငြိမ်းမယ်ကလည်း ထွေထွေထူးထူး စိတ်ကူးဉာဏ်ကူး ထုတ်မနေတော့ပါ။ ကိုလှမောင် အရောင်းအဝယ်ကိစ္စဖြင့် မနေ့ညကပင် ရန်ကုန်ကိုသွားကြောင်း ထစ်ထစ်ငေါ့ငေါ့ ကြောက်ကြောက်လန့်လန့် ပြောလေသည်။

စကားပြန်မှတစ်ဆင့် ဤအဖြေကို ကြားလိုက်ရသော ဂျပန်ဗိုလ်သည် မျက်နှာများ နီမြန်းသွားသည်။ သူနှင့်အတူ ပါရှိလာသော သူကြီး ဦးသိဟကိုလည်းကောင်း၊ သခင်လှမောင်ကို လည်းကောင်း စားတော့ ဝါးတော့မတတ် မျက်လုံးများဖြင့် ကြည့်၏။ သခင်လှမောင်သည် ဣန္ဒြေတစ်ချက်ကလေးမျှ မပျက်ပေ။ ခပ်အေးအေး ခပ်တည်တည်ရှိနေပေမယ့် သူကြီး ဦးသိဟမှာမူ ကျားနှင့် တွေ့ရသော သားကောင်ပမာ ဒူးတုန်လျက် ရှိရှာသည်။

ဂျပန်စစ်ဗိုလ်က စကားပြန်မှတစ်ဆင့် ဦးသိဟကို မေးလိုက်သည်။ ဦးသိဟကလည်း ကိုလှမောင် ခရီးထွက်သွားကြောင်း ယခုမှပင် သူသိရှိရသည်ဟု ဆိုသည်။

ရွာသားတစ်ယောက် ဤလို ခရီးသွားသည့်အခါ သူကြီးအား အဘယ့်ကြောင့် မတိုင်ကြားဘဲ သွားသနည်း။ ဤလို ပြုမူခဲ့သော် ရွာသားတွင် အပြစ်ရှိသည်ထက် သူကြီးတွင် ပို၍ အပြစ်ရှိသည်ဟု စစ်ဗိုလ်က ဆိုပြန်သည်။ ဦးသိဟကား ဆွမ်းခံရင်း ငှက်သင့်လေပြီ။ သို့ရာတွင် သူသည် ဆင်ခြေဆင်လက် သိပ်မတက်ဝံ့ရှာပေ။ သို့ကြောင့် သခင်လှမောင်ကိုသာ မျက်လုံးလှန်ကြည့်လိုက်၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဂျပန်စစ်ဗိုလ်သည် သူတို့အား မည်သည့်စကားကိုမျှ ထပ်မပြော၊ ထပ်မမေးတော့ပေ။ ဂျပန်စစ်သားနှစ်ယောက်ကို အမိန့်ပေးလျက် သူကိုယ်တိုင် ပါဝင်ကာ တစ်အိမ်လုံးကို အထဲဝင် အပြင်ထွက် ရှာဖွေ၏။ ကျပ်ခိုးစင်နှင့် စပါးပုပ်များပင် မကျန်အောင် ရှာလေသည်။

အချိန်အတော်ကြာသည့်အထိ မည်သို့သော ထူးခြားမှုကိုမျှ မတွေ့ရပေ။ ဂျပန်စစ်ဗိုလ်သည် အိမ်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း အကြံ ယူလေသည်။ နောက်မှ တစ်ဖန် စကားပြန်မှတစ်ဆင့် ငြိမ်းမယ်အား ကိုလှမောင် နှင့် မည်သို့တော်စပ်ကြောင်း မေးလိုက်၏။ နောက်တော့ မိဒေါင်းကို မေးပြန် သည်။ နောက်တစ်ဖန် ပုလွေလေးကို လက်တစ်ဖက်မှကိုင်ကာ အနီးတွင် ရပ်နေသော ခွေးညိုအား လက်ညှိုးထိုးပြရင်း မေးပြန်သည်။ ဤသုံးယောက်ကို ကျေနပ်အောင် မေးလိုက်ပြီးမှ အိမ်ပတ်ပတ်လည်တွင် ဝိုင်းရံထားသော စစ်သား များကို ပြန်လည်စုရုံးစေပြီးနောက် စကားပြန်မှတစ်ဆင့် စကားတစ်ခွန်းကို ပြောလိုက်၏။

စကားပြန်သည် ဂျပန်စစ်ဗိုလ်၏စကားကို သူကြီး ဦးသီဟနှင့် ငြိမ်းမယ် တို့ကို ပြောကြားလိုက်သည်။ စကားပြန်၏ စကားကို ကြားရသူအားလုံးပင် ဟယ်ခနဲ ဖြစ်သွားလေသည်။

ငြိမ်းမယ်ခမျာ ချုံးပွဲချ ငိုကြွေးလိုက်၏။ သူသည် ကြောက်ရမှန်း လန့်ရမှန်း မစဉ်းစားနိုင် မတွေးဆနိုင်ပေ။ မတ်တတ်မှ ထိုင်ချလိုက်၏။ ဂျပန် စစ်ဗိုလ်၏ ခြေနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဖက်၍ ငိုယိုကာ တောင်းပန်ရှာ သည်။ နောက်တော့ သခင်လှမောင်ကို လည်းကောင်း၊ ကိုမြတ်ကျော်နှင့် သူ ကြီး ဦးသီဟကို လည်းကောင်း ကူညီတောင်းပန်ပေးပါမည့်အကြောင်း တဖွဖွ အသနားခံလေသည်။

မိဒေါင်းသည် သူ့မောင်လေး ခွေးညိုကို တအားဖက်ထားသည်။ ကလေးမမှာ သူ့အမေနည်းတူ တဟီးဟီးငိုလေသည်။ ကောင်ကလေးမှာ မျက်လုံး ကလေးများ ဝိုင်းဝိုင်းလည်နေရှာသည်။

သခင်လှမောင်သည် စိတ်မချမ်းသာသလို တစ်ဖက်သို့ မျက်နှာလွှဲ လိုက်၏။ သူ့မျက်နှာ အမူအရာမှာ အကြံအိုက်နေပုံပေါ်လှသည်။ သူကြီး ဦး သီဟမှာလည်း ခေါင်းအောက်စိုက် ဖြစ်နေသည်။

ဂျပန်စစ်ဗိုလ်သည် အချိန်သိပ်မဆွဲချေ။ သူ့စစ်သားများကို ပြင်းပြင်း ထန်ထန် အော်ငေါက် အမိန့်ပေးပြီးသည့်နောက် ငြိမ်းမယ်နှင့် မိဒေါင်းတို့

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သားအမိအား ကန်ကြောက်တွန်းဖယ်ကာ ခွေးညိုကို သူကိုယ်တိုင် ဆောင့်ဆွဲခေါ်သည်။ ကောင်ကလေးမှာ ငယ်သံများပါအောင် ကြောက်အားလန့်အား အော်ဟစ်ရင်းမှ ဒရွတ်ဒရွတ် ပါသွားတော့၏။

ဂျပန်စစ်ဗိုလ်၏ သဘောကား 'ဝံပုလွေနှင့် သိုးငယ်၏ပုံဝတ္ထု' ဆန်လှသည်။ ဖအေမတွေ့၍ သားငယ်ကိုခေါ်သွားရမည်ဆိုသည်။ သူ့အဖေသာလျှင် သူ့သားကို တွေ့လိုက ဂျပန်စစ်ရုံးတွင် လာရောက်ခေါ်ပါ ဟူသော အပြုအမူ ဖြစ်လေသည်။

ခွေးညိုမှာ ပုလွေကလေးကို လက်မှဆုပ်ထားရင်း ဂျပန်စစ်ဗိုလ်ဆွဲရာ နောက်သို့ ဒရွတ်တိုက်ပါသွားသည်။ ကလေးငယ်၏ အော်ဟစ်ငိုယိုသံ၊ ငြိမ်းမယ်နှင့် မိဒေါင်းတို့၏ ငိုယိုတောင်းပန်သံသည် တစ်ရွာလုံး ပျက်တော့မလောက် ရှိလေသည်။

ဂျပန်စစ်ဗိုလ်သည် အနည်းငယ်မျှ ငဲ့စောင်းမကြည့်ပေ။ ကလေးငယ်၏ လက်တစ်ဖက်ကို လက်ကောက်ဝတ်မှကိုင်ကာ သူကြီးအိမ်ရှိရာသို့ တအားဆွဲလေသည်။ နောက်ပါးမှ ပြေးလိုက်လာသော မိဒေါင်းတို့သားအမိကို ဂျပန်စစ်သားများက ရိုက်နှက်ကန်ကြောက် ဟန့်တားခြင်းပြုသည်။ ရွာလမ်းမကလေး တစ်ခုလုံးမှာ ဖုံတထောင်းထောင်းထကာ ခွေးမမိနီ၏ ဟောင်သံနှင့် အခြားသော အိမ်များမှ ခွေးဟောင်သံများသည် စီစီညံနေသည်။

'အမယ်လေး လုပ်ပါဦး အမေရဲ့၊ အစ်မရေ ကျွန်တော် ကြောက်တယ်ဗျ၊ ကြောက်ပါပြီ။ ဂျပန်ဗိုလ်ကြီးရဲ့'

ခွေးညို၏ အသံမှာ ပွက်လောရိုက်နေသည်။ လက်တစ်ဖက်တွင် ဆုပ်ကိုင်ထားသော သူ့ဝါးပုလွေကလေးမှာ ရွာလမ်းပေါ်တွင် ကျကျန်ရစ်၏။ ကလေးငယ်မှာ အော်ရင်းဟစ်ရင်း ဒရွတ်တိုက်ပါသွားလေသည်။

တစ်နေရာသို့ အရောက်၌ ခွေးညိုသည် ဂျပန်စစ်ဗိုလ်၏ လက်ကို တအား ကုန်းကိုက်လေသည်။ ထိုအခါမှ ဂျပန်စစ်ဗိုလ်သည် ဆွဲထားသော လက်ကို လွှတ်လိုက်၏။ ဖုတ်အလိမ်းလိမ်း ဖြစ်နေသော ခွေးညိုသည် ဂျပန်လက်မှ လွတ်သည်ဆိုလျှင် အိမ်ဆီသို့ တန်းပြေးတော့၏။

သူအတန်ငယ်ပြေးမိ၍ ဝါးပုလွေကလေး လွှတ်ကျကျန်ခဲ့သော နေရာသို့ အရောက်၌ ဂျပန်စစ်ဗိုလ်၏ လက်တွင်းမှ ပစ္စတိုသေနတ်သည် ဒိုင်းကနဲ အသံမြည်ကာ သေနတ်ပြောင်းဝမှ မီးပွင့်ထွက်သွားသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'အစ်မရေ'

ခွေးညိုမှာ တစ်ချက်သာ စူးစူးရှရှ အော်နိုင်ပြီး ဟပ်ထိုးဟပ်ထိုးနှင့် ရွာလယ်လမ်းမပေါ်တွင် လဲကျသွား၏။ သူ့ဝါးပုလွေငယ်ကလေးမှာ သူ့ကိုယ်နှင့် ဖိမိရက်သား ဖြစ်နေသည်။

နောက်မှလိုက်လာသော ဦးသိဟ သခင်လှမောင်အစရှိသည့် သူများမှာ ပါးစပ်အဟောင်းသားနှင့် ခြေလှမ်းများ တန့်သွားကြသည်။ ငြိမ်းမယ်သည် သူ့သားငယ်လဲကျသွားရာဆီသို့ အမောတကော ပြေးကာ ပွေ့ပိုက်လိုက်သည်။ မမြင်ဝံ့ဝံ့နှင့် ကြည့်ရက်စရာ မရှိသော သွေးများသည် တရှိန်ထိုး စီးဆင်းလာလေသည်။

ဤအဖြစ်ကို မြင်တွေ့လိုက်ရသည့် သခင်လှမောင်မှာ သူ့ခါးပေါ်ရှိ သေနတ်ပေါ်သို့ လက်ရောက်သွားမိသည်။

'သည်းခံပါ သခင်လှမောင်၊ ကျုပ်တို့ ဒီလိုလုပ်လို့ မဖြစ်ဘူးနော်'

သခင်လှမောင်၏ အပြုအမူကို မြင်တွေ့လိုက်သော ကိုမြတ်ကျော်သည် သခင်လှမောင်ကို ဘေးချင်းဝင်ကပ်ကာ သတိပေးလိုက်သည်။

'တောက် သိပ်လူမဆန်တဲ့ အကောင်တွေဗျာ'

သခင်လှမောင်မှာ တောက်တစ်ချက်ခေါက်လိုက်ပြီး သေနတ်မောင်းပေါ်မှ သူ့လက်ကိုပြန်၍ ရုတ်သိမ်းလိုက်၏။ သူသည် ဦးခေါင်းငိုက်စိုက်ချကာ အံကြိတ်လိုက်မိလေသည်။

'အဘ အဘ'

ကလေးငယ်မှာ ဤနှစ်ခွန်းသာ အသံသဲ့သဲ့ ခေါ်နိုင်ပြီး တစ်ခဏချင်း ငြိမ်သက်သွားလေသည်။

ငြိမ်းမယ်၏ အော်ဟစ်ငိုကြွေးလိုက်သော အသံနှင့်အတူ တဟားဟား ရယ်မောလိုက်သော ဂျပန်စစ်ဗိုလ် 'ကူမိုယာမာ'၏ အသံသည် ပေတောကုန်း တစ်ရွာလုံး မကောင်းဆိုးဝါးများ ဝင်ရောက်လာခြင်းနှင့် မည်သို့မျှ မခြားနားလှပါချေကလား'

❑

# [၁၃]

## လောကငရဲနှင့် ခြေသလုံးအိမ်တိုင်

အချိန်ကာလတို့သည် တစ်စစ ကုန်ဆုံးလာသည့် ပြက္ခဒိန်၏ လများ သည် တစ်လမှတစ်လ တစ်နှစ်ပြီးတစ်နှစ် ကူးပြောင်းခဲ့၏။ ရော်ရွက်ကြွေသော နွေဥတု၊ နွေရာသီသည် လည်းကောင်း၊ ကွင်းပြင်နှင့် အင်းအိုင်ချောင်းမြောင်းတို့ ဝယ် ရေတဖွေးဖွေး ဖောင်းလံခဲ့သော မိုးဥတု မိုးရာသီသည် လည်းကောင်း၊ နှင်းစိုရွဲလျက် ခွာညိုတွေ ပေါက်လဲတွေ ပွင့်ဝေကာ ဥဩဖိုမ ကြွေးကြော် မြူး တူးကြသည့် ဆောင်းဥတု ဆောင်းရာသီသည် လည်းကောင်း ပေတောကုန်း ရွာကလေးကို အမျိုးမျိုး အဖုံဖုံ ခြယ်လှယ်ခဲ့လေသည်။

သည်လို သဘာဝလောက၏ အထိအတွေ့ဖြင့် ပူစေ၊ အေးစေ၊ ချမ်း စေသည်သာမက လောကဓံ ဒီလှိုင်းနှင့် စစ်မီး၏ လောင်မြိုက်ချက်ကြောင့် ရွာသူရွာသားတွေမှာလည်း ဆွေးစေ၊ လွမ်းစေ၊ ကြေကွဲပူဆွေးစေရလေသည်။

ရွှေလှကြီး၊ ကောင်းဖဲ၊ မြဒင်၊ သာလှ၊ ပြားကြီး၊ ညိုမောင်စသော ရွာသားကြီးများသည် ပေတောကုန်းရွာယယ်တွင် မရှိကြတော့ပေ။ ဂျပန်များ၏ ချွေးတပ်ဆွဲမှုကြောင့် ဘယ်သောင်ဆိုက်၍ ဘယ်ကမ်းရောက်မှန်းမသိ၊ သေသည် ရှင်သည်ဟူ၍လည်း သတင်းအစအနမျှ မသိရ မကြားရချေ။ ဂျပန်တို့၏ အန္တရာယ်ကြောင့် ရွာမှ ထွက်ပြေးတိမ်းရှောင်သွားသော ကိုလူမောင်ဆိုသည်မှာ လည်း လတွေကျူး၍ နှစ်တွေကူးခဲ့သည့်တိုင် ရွာဘက်သို့ ခြေဦးမှ မလှည့်ခဲ့ပါ ချေ။ သူတစ်ယောက်မှာလည်း သေလေသလား ရှင်လေသလားမသိ။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ငြိမ်းမယ်နှင့် မိဒေါင်းတို့ကား ကိုလှမောင်နှင့် ခွေးညိုအတွက် ငိုမဆုံး ယိုမဆုံးနိုင်တော့ပေ။ ငြိမ်းမယ်ခမျာ သူ့သားကလေး ခွေးညို ဂျပန်စစ်ဗိုလ်၏ သေနတ်လက်ချက်နှင့် သွေးပွက်ပွက်ကျဆင်းကာ အသက်သေဆုံးသွားရခြင်း အတွက် မရှုံးရုံတမယ် ဖြစ်ရသည်။ တစ်ဖက်က သားအတွက် ဤလိုဖြစ်နေရာမှ တစ်ဖက်ကလည်း လင်ယောက်ျားအတွက် သောကမီးတောက်လောင်ခဲ့ရ၏။

ရွာသားရွာသူတွေမှာ ငြိမ်းမယ်တို့သားအမိ၏ အပူမီးတောက်ကို ဝိုင်းဝန်း၍ မငြိမ်းသတ်နိုင်ပေ။ သူတို့တစ်တွေမှာ သူတို့ဒုက္ခ သူတို့သောကနှင့်ဖြစ်ရသည်။ ရွာသို့ဂျပန်လာသည်ကြားရလျှင် အူယားဖားယား ပြေးကြ လွှားကြ ပုန်းရှောင်ကြရ၏။ လယ်ကွက်တွေဆိုလျှင် လုပ်မည့် ကိုင်မည့် ထွန်ယက်မည့် သူမရှိပါချေ။ ကျွဲ၊ နွား၊ ဘဲ၊ ကြက် သတ္တဝါတွေမှာလည်း တစ်ရွာလုံး ပြောင်သလောက် ဖြစ်ရတော့ပေပြီ။

ဂျပန်တို့သည် ယခင်နှစ် ယခင်အချိန်များက သူတို့လိုချင်သော သစ်သီးဝလံ ဘဲ၊ ကြက်၊ နွား၊ ဆိတ်၊ ဝက်စသော စားကောင်းသောက်ကောင်းများနှင့် ပဲပြောင်းဆန်စသော ပစ္စည်းပစ္စယများကို လည်းကောင်း၊ ရွာသူရွာသား မိန်းမယောက်ျားတို့ကို စေခိုင်းသည့်အခါများ၌သော် လည်းကောင်း၊ တန်ဖိုးတန်ရာဟူ၍ တစ်ပြားတစ်ချပ်မပေးဘဲ အလဟဿ အချည်းနှီးစေခိုင်းခြင်း၊ ပစ္စည်းပစ္စယများကို ယူငင်ခြင်းစသဖြင့် ပြုလုပ်တတ်ကြသော်လည်း ယခုနောက်ပိုင်းတွင်မူ စေခိုင်းသည့်လုပ်ငန်း ယူငင်သည့် ပစ္စည်းစသည်များကို တန်ဖိုးတန်ရာပေး၍ ယူငင်ခြင်း ပြုကြပြန်သည်။ သို့ရာတွင် သူတို့၏ ဂျပန်စစ်သုံး ငွေစက္ကူများသည် တောင်ပံကဇင်းနှင့် ပလူပျံသလို ပျံနေသော်လည်း တန်ဖိုးမရှိ ခရီးမရောက်သော စက္ကူများသာ ဖြစ်နေသည်။ ပေတောကုန်းတစ်ရွာလုံးမှာလည်း ဂျပန်ငွေစက္ကူတွေ သောင်းချီ သိန်းချီ၍ ကိုင်တွယ် သုံးစွဲနိုင်သူတွေချည်း ဖြစ်နေ၏။ ကျော်မကောင်း ကြားမကောင်းသော ကုန်စျေးနှုန်းများမှာ ပေတောကုန်းရွာနှင့် မြို့ပေါ်စျေးနားများတွင် မကြားဘူး မကြုံဘူးအောင် ရှိနေသည်။

ဘဲတစ်ကောင်၏ တန်ဖိုးမှာ ငါးထောင် ခြောက်ထောင်ဖြစ်နေ၏။ ကြက်တစ်ကောင်၏ တန်ဖိုးမှာ ခုနစ်ထောင် ရှစ်ထောင်၊ ဆန်တစ်တင်းလျှင် သောင်းငါးထောင် နှစ်သောင်း၊ ဆီတစ်ပိသာလျှင် တစ်သောင်း သောင်းငါးထောင်၊ ရွှေတစ်ကျပ်သား တစ်သိန်း တစ်သိန်းငါးသောင်းဟူသော ကုန်စျေးနှုန်းများသည် ငြိမ်းမယ်တို့ မိဒေါင်းတို့ လှချောတို့ မကြားဘူးသေးသော စျေးနှုန်းများ ဖြစ်လေ၏။

ငြိမ်းမယ်နှင့် မိဒေါင်းတို့ သားအမိနှစ်ဦးမှာ လှချောနှင့် ကိုဖိုးကျော့တို့ ဇနီးမောင်နှံကိုသာ အားကိုးအားထားပြုနေရတော့သည်။ ကိုဖိုးကျော့မှာ လူရိုးလူကောင်း စိတ်သဘောထားကြီးသူတစ်ယောက်ဖြစ်သည့်အတိုင်း အစစအရာရာ၌ပင် ငြိမ်းမယ်တို့သားအမိအပေါ်၌ ထားအပ်သော စေတနာဖြင့် လှချော၏ အလိုကိုလိုက်၍ အကြိုက်သဘောကို ဖြစ်ရလေသည်။ သို့ကြောင့်ပင် လှချောမှာ သူ့ချစ်သူ မိဒေါင်းအပေါ်၌ ကူညီနိုင်သည်ကို ကူညီ၍ စောင့်ရှောက်တန်သည်ကို စောင့်ရှောက်လေသည်။ မိဒေါင်းတို့သားအမိမှာ နွားဟူ၍လည်း တစ်ကောင်တစ်မြီးမျှ မရှိတော့။ ဂျပန်ယူ၍ ကုန်လေပြီ။ ကွမ်းခြံကလေးကိုလည်း ကိုလှမောင် ရှိတုန်းကလို မလုပ်နိုင်။ လယ်ထဲကိုလည်း လုံးဝမဆင်းနိုင်ဘဲ ဈေးတောင်းခေါင်းတင်ကာ မြို့ဈေးနှင့် ပေတောကုန်းသို့ ကူးချည်သန်းချည် ရောင်းဝယ်အသက်မွေးရရှာသည်။

ထိုအတွင်းကမှ ငြိမ်းမယ်သည် သူ့ယောကျ်ားကိုလှမောင်ကို နေ့စဉ်နှင့်နေ့တိုင်း မျှော်ယောင်မိ၏၊ တမ်းတမိ၏။ ကိုလှမောင်အတွက် ညစဉ်ညတိုင်း ငိုပွဲဆင်မိသလို သားငယ်ခွေးညိုကို သတိရပြန်သောအခါ၌လည်း ရင်နာရင်ဆို့အောင် ငိုပွဲကြီးဆင်မိသည်။ သူ့ယောကျ်ား ကိုလှမောင် ဘယ်ဆီရောက်၍ ဘယ်ဆီပေါက်နေမှန်း မသိ၊ အသက်နဲ့ကိုယ် ရှိများမှ ရှိပါလေရဲ့လား၊ တစ်နေရာတစ်ရပ်ရပ်တွင် ဂျပန်တွေကများ သတ်ပစ်လိုက်လေပြီလား။ 'ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ။ ကိုလှမောင် ဘေးဘယာဝေးကွာ၍ သူ့ဆီသို့ မကြာမီ ပြန်ရောက်လာပါစေ'ဟု ဆုတောင်းပတ္တနာပြုရပေမယ် တကယ်တန်းသာ ကိုလှမောင်ပြန်ရောက်လာပါက သူ့အဖို့ ရင်နှင့်ရင်ပွင့်ပေဦးမည်ဟု တွေးလိုက်မိပြန်သည်။ ကိုလှမောင်သည် သူအတွယ်တာဆုံးဖြစ်သော သား၊ သူအမြတ်နိုးဆုံးသော ဤသားကလေးခွေးညိုအား မေးမြန်းမှုပြုခဲ့သော် ငြိမ်းမယ်အဘယ်ပုံ ဖြေကြားခြင်းပြုရပါမည်နည်း။ သူအဖြေပေးရမည့် စကားများသည် ခရီးရောက်မဆိုက် ဖြစ်သော သူ့လင်ကိုလှမောင်၏ ရင်ဝသို့ ဖနောင့်ဖြင့် ပေါက်လိုက်သော အဖြေစကားမျိုးသာ ဖြစ်လေမည်။ ဤစကားမှလွဲ၍လည်း တခြားတစ်နည်း ဖြေကြားခြင်းပြုရန် အကြောင်းမရှိနိုင်ပေ။

ညနေစောင်း နေဝင်ရီးရီအချိန်ဖြစ်လေရာ ထုံးစံအတိုင်း ငြိမ်းမယ်သည် အိမ်ပေါက်ဝမှထိုင်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ငိုပွဲဆင်နေတော့သည်။ သားအမိနှစ်ယောက်ထဲဖြစ်၍ မိဒေါင်းသည် အိမ်နောက်မီးဖိုဆောင်တွင် ညစာအတွက်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ချက်ပြုတ်နေခိုက်ဖြစ်၏။ သူငယ်မက လှချောကို မျှော်မိသည်။ လှချောသည် သူတို့အိမ်သို့ တစ်နေ့တစ်ကြိမ်ကျ မှန်မှန်လာရောက်တတ်လေရာ ယခုနေ့အဖို့ ကား ညမိုးချုပ်နေဝင်ချိန်အထိ လာရောက်ခြင်း မရှိသေးသဖြင့် မိဒေါင်းက မျှော်မိ၏။ ထိုအခိုက်၌ပင် အိမ်ရှေ့မှ လှချော၏ အသံကို ကြားလိုက်ရပြီးနောက် သူ့အမေက သူ့ကို လှမ်းခေါ်လိုက်သံ ကြားရသဖြင့် မီးဖိုမှထွက်ခဲ့သည်။

'မိဒေါင်းရေ ဟောဒီမှာ သူငယ်လာနေတယ်ဟဲ့'

မိဒေါင်းအပြင်သို့ ရောက်လာသောအခါတွင် အိမ်ပေါ်ဆင့်သို့ လှမ်းတက်လာသော လှချောနှင့်အတူ သူတစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး မမြင်ဘူးသော ယောက်ျားကြီးတစ်ယောက်ကိုပါ လှချောနှင့်အတူ တွေ့မြင်ရလေသည်။

သူတွေ့လိုက် မြင်လိုက်ရသော ယောက်ျားကြီးမှာ အသက်အရွယ် လေးဆယ်ကျော်ခန့်ဖြစ်၍ တစ်ကိုယ်လုံးမှာ စုတ်ပြတ်ပေကျံနေ၏။ သူ့အမေ ငြိမ်းမယ်မှာလည်း သူကဲ့သို့ပင် မမြင်ဘူး မတွေ့ဘူးသော ဧည့်သည်အာဂန္တု အတွက် အံ့ဩသလိုလို ရှိနေသည်။

'ထိုင်ပါဗျာ၊ အဲဒါ ကိုလူမောင်ရဲ့ မိန်းမ မငြိမ်းမယ်ဆိုတာနဲ့ သူ့သမီး မဒေါင်းဆိုတာပါပဲ။ ခွေးညိုဆိုတဲ့ သားကလေးကတော့ ဦးကြီးကို ကျွန်တော် လမ်းတုန်းက ပြောတဲ့အတိုင်း အဲ အဲ' လှချောသည် သူ့စကားကို ဆုံးအောင် မပြောနိုင်ချေ။ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ငြိမ်းမယ်နှင့် မိဒေါင်းတို့သည် လှချောနှင့် ထိုလူကြီးထိုင်နေသည့်ရှေ့ တွင် မျက်နှာချင်းဆိုင် ဝင်ရောက်ထိုင်လိုက်သည်။

'ကဲလေ ပြောစရာရှိတဲ့ ကိစ္စ ခပ်မြန်မြန်ပြောပြီး ကျုပ်သွားရမယ်၊ ကျုပ်က ကိုလူမောင်ကို ကတိပေးခဲ့တဲ့အတိုင်း ဒီရွာ ရောက်အောင်လာရတာ၊ ကျုပ်အနေနဲ့ကလဲ ဂျပန်တွေရန်ကို ကြောက်ရသေးသဗျ' ထိုလူကြီးက ငြိမ်းမယ် နှင့် မိဒေါင်းတို့ သားအမိကို အသေအချာကြည့်ရင်းမှ ပြောလိုက်၏။ ထိုလူကြီး ၏ စကားကို ကြားရသည့်အခါ ငြိမ်းမယ်၏ နှလုံးသားများသည် တဆတ်ဆတ် လှုပ်ရှားလာပြန်သည်။ အချိန်အတန်ငယ်စောစွာက အမောတကော ငိုပြီးခဲ့သည်။ ယခုတစ်ဖန် ထပ်မံ၍ ငိုရပေဦးမည်လော။

'အင်း ကျုပ် ကိုယ်ချင်းစာပါတယ်၊ ကျုပ်မလဲ သားနဲ့သမီးနဲ့ မယားနဲ့ ပဲပေါ့၊ ဒင်းတို့တွေ အသက်ရှင်လို့များမှ ရှိကြသေးရဲ့လားတော့ မဆိုနိုင်ဘူး၊ ကျုပ်နဲ့အတူ သံဖြူဇရပ်ပါလာတဲ့ ညီတစ်ယောက်ကတော့ ဟိုမှာပဲ အသက် ပျောက် ကျန်ရစ်ရှာပေါ့ တောက်'

ထိုလူကြီးက သူ့စကားကို ထပ်မံဆက်လေသည်။ သို့ပေမယ့် ထိုလူကြီး ပြောဆိုနေသော စကားအဓိပ္ပာယ်တွေကို ငြိမ်းမယ်နှင့် မိဒေါင်းတို့ ဘာကမှ သဘောမပေါက်သေး နားမလည်သေးပေ။ ပါးစပ်အဟောင်းသား မျက်လုံးအကြောင်သား အငေးသားဖြင့် နားထောင်နေရသည်။

'ကျုပ်က ဓနုဖြူနယ်ဘက်ကဗျ၊ ကျုပ်နာမည်က ဖိုးကွန်းတဲ့။ ခင်ဗျားတို့လိုပဲ လယ်အလုပ်နဲ့ အသက်မွေးတဲ့ လယ်သမား ကိုင်းသမားပါ။ ကျုပ်ကို ဂျပန်တွေက ချွေးတပ်ဆွဲသွားလို့ ယိုးဒယားနဲ့မြန်မာ မီးရထားလမ်းဖောက်တဲ့ ချွေးတပ်စခန်းကို ပါသွားတယ်၊ ခင်ဗျားတို့တွေ ကြားဖူးမပေါ့၊ သံဖြူဇရပ် ဆိုတာလေ။ အဲဒီသံဖြူဇရပ်နဲ့ မိုင် ၄၀ ကျော် ၅၀ ခန့်ဝေးတဲ့ ဘုရားသုံးဆူစခန်း ဆိုတဲ့နေရာအထိ ကျုပ်ဟာ ရောက်ခဲ့တယ်။ အဲဒီမှာပဲ ကိုလူမောင်နဲ့ တွေ့ခဲ့ရတာပေါ့။ ကျုပ်နဲ့ သူနဲ့ဟာ တစ်နယ်တည်းသားတွေ၊ မြစ်ဝကျွန်းပေါ်အရပ်က လူတွေဆိုတော့ ဟိုရောက်လို့ တွေ့ကြပြီး စကားစပ်မိကြတယ်ဆိုရင်ပဲ တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးသွားကြတာပါပဲ။

'ကျုပ် ခုပြန်လာတဲ့အချိန်ဟာ ချွေးတပ်စခန်းမှာ ၂ နှစ်ကျော်ကြာခဲ့တဲ့ အချိန်ပေါ့၊ အဲဒါတောင် မကျန်းမမာဖြစ်လို့ သံဖြူဇရပ်မှာရှိတဲ့ ဂျပန်တွေ ဆောက်ထားတဲ့ ဆေးရုံကို တက်ကုခွင့်ရတာကနေပြီး ထွက်ပြေးလာတာပါပဲ၊ မပြေးလဲ မတတ်နိုင်ဘူးလေ၊ ကျုပ်လိုပဲ အလုပ်ပင်ပန်းပြီး မကျန်းမမာဖြစ်လို့ ဆေးရုံတက်ရတဲ့လူတွေဟာ သေလိုက်သမှ ဒုနဲ့ဒေးပါပဲ။ ကျုပ်လို ကျန်းမာသွားတဲ့ လူတွေကြတော့လဲ ပြန်လွှတ်ဖို့ မရည်ရွယ်ပါဘူး၊ ချွေးတပ်စခန်းဆိုတဲ့ သေမင်းပါးစပ်ထဲကိုသာ ပြန်ပို့တာပါပဲ။ ကျုပ်ကိုလဲ ပြန်ပို့မလို့ပေါ့လေ။ နောက် ၃ ရက်အကြာမှာ ပြန်ပို့လိမ့်မယ်ဆိုတဲ့ သတင်းလဲကြားရော ကျုပ်လဲ ညတစ်ညမှာ ထွက်ပြေးခဲ့တယ်၊ ဒီလိုထွက်ပြေးရတာဟာလဲ မသက်သာဘူးဗျ၊ အသက်ကို စွန့်ပြီး ဂျပန်ရဲ့သေနတ်ကျည်ဆန်ကြားကနေ ပြေးခဲ့ရတာ။

'ကျုပ်ကို ဘုရားသုံးဆူစခန်းကနေ သံဖြူဇရပ်ဆေးရုံ ပို့ကတည်းက ကိုလူမောင်ကို ကျုပ်က ပြောလာခဲ့တယ်၊ သူငယ်ချင်း ငါတော့ အခွင့်အလမ်းသင့်ရင် စွန့်စားပြီး ထွက်ပြေးမယ်ဆိုတော့ သူက မှာလိုက်ရှာတယ်။ တကယ်လို့များ ပြေးဖြစ်လို့ လွတ်မယ်ဆိုရင် ပေတောကုန်းသွားပြီး သူ့သားမယား သူ့သမီးများကို ဒီအကြောင်းပြောပြလို့ မှာလိုက်ရှာတယ်။ အဲ သူမှာလိုက်တာကတော့ ဟောဒီသူငယ် မောင်လှချောနဲ့ သူ့အဖေ ကိုဖိုးကျော့အိမ်ကို ရောက်အောင်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သွားပါ၊ အဲဒီကမှ တစ်ဆင့် အခြေအနေစုံစမ်းပြီး သူ့အိမ်ကိုသွားသင့်မှသွားပါ၊ မသွားသင့်ရင် ဒီသူငယ်ကိုပဲ ပြောခဲ့ပါလို့ မှာလိုက်ရှာတယ်'

ထိုလူကြီးသည် သူ့စကားများကို ခေတ္တမျှရပ်နားလိုက်၏။ ငြိမ်းမယ်တို့သားအမိ ၂ ယောက်မှာ မျက်ရည်များ တွေတွေကျဆင်းနေသည်။ လှချောတစ်ယောက်လည်း စိတ်နှလုံး မချမ်းမသာ ဖြစ်ရပြန်သည်။ သူသည် ဘာစကားမျှ ဝင်ရောက်မပြောနိုင်ပါချေ။

ထိုသူက သူ့စကားကို ဆက်ပြန်သည်။ အိမ်တွင်း၌ အတော်ပင်မှောင်မိုက်လာသဖြင့် မိဒေါင်းသည် ရေနံမီးတိုင်ကို ထ၍ ထွန်းညှိ၏။ တစ်ရွာလုံးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဆရာတော် ဦးစန္ဒိမာ၏ ကျောင်းမှ ကျောက်စည်ကြေးမောင်းသံသည်ပင် ကြေကွဲဝမ်းနည်းသည့်အလား ခပ်သဲ့သဲ့သာ ပျံ့လွင့်လာသည်။

'ကျုပ်က သူ့ကိုပေးထားတဲ့ ကတိကဝတ်အတိုင်းပဲ ခင်ဗျားတို့ဆီကို ပထမဆုံး ဝင်ပြီးမှ ကျုပ်ရွာကို ပြန်မယ်လို့ ဟိုထဲက ဆုံးဖြတ်ထားတယ်လေ။ ဘာကြောင့်လဲဆိုတော့ ကိုလှမောင်ဟာ ကျုပ်ရဲ့ ကျေးဇူးရှင်တစ်ယောက်ပေါ့ဗျာ၊ သူ့ကျေးဇူးဟာ ကျုပ်မှာ ဘယ့်လောက်ကြီးမားလဲဆိုတာတော့ ပြောရဦးမယ်၊ ကျုပ်တို့ တစ်စုပါတဲ့ ချွေးတပ်သားတွေဟာ ဘုရားသုံးဆူစခန်းမရောက်မီ ကျောက်တစ်လုံးဆိုတဲ့ စခန်းမှာ နေရခိုက်မှာပေါ့။ အလုပ်ကပင်ပန်း၊ အစားအသောက်ကမကောင်း၊ ဆေးဝါးကမရှိနဲ့ ရာသီဥတုကလဲ ပြောင်းတဲ့အချိန်တစ်ခုမှာ ကျုပ်တို့နေတဲ့ ကျောက်တစ်လုံးစခန်းမှာ ကာလဝမ်းရောဂါ ကျရောက်တော့တာပါပဲ။

'ဖြစ်ရတာကတော့ ဥတုရာသီကြောင့်ချည်းပဲ မဟုတ်ပါဘူး။ အစားအသောက်အနေအထိုင်ကြောင့်လဲ ဖြစ်ရတာပါပဲ။ ကျုပ်တို့လို အရပ်ရပ်အနယ်နယ်က ရောက်လာတဲ့ ချွေးတပ်သားတွေဟာ ကျောက်တစ်လုံးစခန်းမှာ ထောင်နဲ့သောင်းနဲ့ချီပြီး ရှိကြတာပေါ့၊ ကျုပ်တို့နေထိုင်ရတာက ဝါးနဲ့ ဆောက်လုပ်ထားတဲ့ မြေစိုက်တဲကြီးပေါ်မှာ လူ ၅၀၀ တစ်တွဲ၊ ၆၀၀ တစ်တွဲက တစ်ထောင်တစ်သောင်းကျော်အထိ နေကြရတယ်ပေါ့။ မိုးရာသီလဲ ဖြစ်ပြန် မြေစိုက် တဲတန်းလျားရှည်ကြီးတွေကလဲ ဖြစ်ပြန်ဆိုတော့ ရွှံ့ဗွက်တွေ အလိမ်းလိမ်း ပေကျံနေရုံမကပါဘူး၊ ယင်တွေ ခြင်တွေ ဆိုတာဟာလဲ ဘယ်ကဘယ်လို ရောက်လာမှန်းမသိပါဘူး၊ တဝီဝီ ပျံသန်းပြီး တလောင်းလောင်း ထနေတာပါပဲလေ။ အဲဒီအချိန်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မှာ ကျုပ်တို့ အသွားတုန်းက ပါသွားကြတဲ့ အဝတ်အထည်ကလေးတွေလဲ စုတ်ပြတ်ပြီး သုံးလို့ မရအောင် ကုန်နေကြပြီပေါ့ဗျာ။ တချို့ဆိုရင်လဲ ကုလားများ ဝတ်သလို လန်ကွတ်တီလုပ်ပြီး ရှေ့နဲ့နောက်ပိုင်းမှသာ မပေါ်အောင် ဖုံးဝတ်ထားကြရတယ်၊ တချို့တော့လဲ ဂျပန်တွေက ခြင်ဖို့ ဆိုပြီး ဝေပေးထားတဲ့ ဂုံနီအိတ်အပါးစားကလေးတွေကို ပုဆိုးလုပ်ပြီး ဒူးပေါ် ပေါင်ပေါ် ဝတ်ကြရတယ်။ ကိုယ့်ရပ်ကိုယ့်ရွာက ပါသွားကြတဲ့ အဝတ်အထည်ရယ်လို့ ဘာတစ်စုတ်တစ်ဖဲ့မှ မရှိကြတော့ဘူးပေါ့။

'ကျုပ်တို့ စားရတဲ့ အစားအသောက်အကြောင်း ပြောရဦးမယ်၊ ကျုပ်တို့ကို ဂျပန်တွေက မနက်ထမင်းတစ်ကြိမ်၊ ညထမင်းတစ်ကြိမ် ကျွေးတယ်၊ ချက်တာပြုတ်တာကတော့ ချွေးတပ်သားတွေပါပဲ။ မိုးပြဲဒယ်ခေါ်တဲ့ သံပုရာပိုင်း ဒယ်အိုးကြီးတွေထဲမှာ ငစိန်ဆန်တွေကို ရေခမ်းထမင်းချက်ပြီး ပဲဟင်းနဲ့ ကျွေးသပေါ့ဗျာ၊ ပဲဟင်းဆိုလို့ ဆီတို့ ငံပြာရည်တို့နဲ့ အချိုးတကျ အစပ်အဟပ်တည့်အောင် ချက်ပြုတ်ထားတဲ့ ဟင်းမျိုးမဟုတ်ဘူး၊ ပဲကြီးတွေ ပဲကြားတွေကို အိတ်လိုက် စမ်းချောင်းထဲပစ်ချ အပေါ်က လူတက်နင်းတယ်ပေါ့၊ ခပ်ရှင်းရှင်း ပြောရရင်တော့ ပဲကို လက်နဲ့ပွတ်ပြီး ရေဆေးမနေနိုင်တော့ အိတ်လိုက်ခြေထောက်နဲ့ နင်းဆေးတာပေါ့ဗျာ၊ အဲဒီလိုဆေးပြီး ရေထည့်တည်ထားတဲ့ သံပုရာပိုင်း ဒယ်ကြီးထဲကို အိတ်ဖောက်သွန်ချတာပါပဲ။ နောက်တော့ ဆားအိတ်ထဲကဆားတွေကို အုန်းမှုတ်ခွက်နဲ့ ခပ်ထည့်၊ ရေဆူအောင်တည် အတော်အတန် ပဲပွလာတယ်ဆိုရင် ကျုပ်တို့တစ်တွေ အလုပ်စခန်းကျတဲ့ နေရာတွေမှာ ထမင်းတောင်းတွေ၊ ဒယ်အိုးတွေနဲ့ ထမ်းပိုးပြီး ထမင်းလိုက် ဝေတယ်ဗျ။ အဲဒီအခါမှာ သူတို့ဝေတဲ့ ထမင်းနဲ့ပဲဟင်းကို ကျုပ်တို့တစ်တွေ ကြံဖန်လုပ်ထားတဲ့ ဝါးခွက်တွေနဲ့ သွားခံယူရတယ်။ နောက်တော့မှ ကျုပ်တို့ဟာ အဲဒီမနူးမနပ်တဲ့ပဲနဲ့ ကောင်းကောင်း မကျက်တဲ့ ထမင်းကို ကိုယ့်လူအုပ် ကိုယ့်အဖွဲ့နဲ့ သစ်ပင်တွေအောက် တောင်ခြေရင်းဘေးစတဲ့ နေရာတွေမှာ သွားထိုင်စားသောက်ကြရပါတယ်။ နွေရာသီတို့ ဆောင်းရာသီတို့ဆိုရင်တော့ တော်ပေသေးသပေါ့ဗျာ၊ မိုးတွင်းမိုးရာသီများမှာ ဆိုရင်တော့ ကျုပ်တို့ဟာ မိုးတရွဲရွဲအောက်မှာ ငုတ်တုတ်မဲထဲ ထိုင်ရင်းက မသေထမင်း မသေဟင်းစားကြရတော့တာပဲ။

'အဲဒီလို အစားဆင်းရဲတဲ့အဖြစ် အနေဆင်းရဲတဲ့ ဘဝဟာ တစ်နေ့လဲ မဟုတ်၊ တစ်လလဲ မဟုတ် နေ့ပေါင်းရက်ပေါင်း လပေါင်းကြာညောင်းလာတော့

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကျုပ်တို့တစ်တွေဟာ ဝေါ်လွန်းလှလို့ တွေ့ကရာ ပေါက်ပန်းဈေး စားကြတော့တာပါပဲ။ ဝါးပိုးဝါးတွေကပေါတော့ ဝါးပိုးမှျစ်တွေ ချိုးစားတဲ့လူက စား၊ တွေ့ရာသစ်ရွက်စားတဲ့လူကစား၊ တောငှက်ပျောပင်တွေက ငှက်ပျောအူတွေ ငှက်ပျောဖတ်တွေ စားတဲ့လူကစား လုပ်ကြရင်းက နောင်တော့ ကြွက်တွေ့လဲစား၊ ဖားတွေ့လဲစား၊ မြွေတွေ့လဲစား စားကြပါတယ်။ ဒီအထဲကပဲ မော်လမြိုင်ဘက်က သစ်ဆွဲတဲ့ ဆင်တွေဟာ ချွေးတပ်စခန်းမှာ အလုပ်ပင်ပန်းလှလို့ တဘုံးဘုံးလဲသေပလားဆိုမှဖြင့် ကျုပ်တို့ ချွေးတပ်သားတွေဟာ ဆင်သေကြီးကိုပဲ ကြိုက်ရာအသားဖဲ့ပြီး ပြုတ်ကင်စားကြတာပါပဲ။

'ဂျပန်တွေဟာလဲ ဒီလိုကိစ္စနဲ့ ပတ်သက်ပြီး ပထမတော့ ကန့်ကွက်ပါသေးရဲ့ဗျာ။ နောက်တော့ သူတို့ကိုယ်တိုင်ဟာလဲ ဝေါ်လွန်းပြတ်လွန်းလို့ တွေ့ကရာ စားတော့ ကျုပ်တို့ကို ဘယ်မှာ ကန့်ကွက်နိုင်ပါ့မတုန်း၊ သူလဲ အတူတူကိုယ်လဲအနူနူ ဖြစ်ကုန်ကြတာပေါ့။ တစ်ခါတစ်ခါတော့လဲ ဂျပန်စစ်သားတွေအတွက် ဝက်တစ်ကောင်အစ၊ နှစ်ကောင်အစ ရလာတဲ့အခါမှာ ဂျပန်တွေ စွန့်ပစ်တဲ့ ဝက်ရိုးအစ၊ ဝက်အူအစဖြစ်တဲ့ အရိုးအရင်းတွေကို မြေတွင်းတူးမြှုပ်ပစ်တဲ့အခါ ကျုပ်တို့တစ်တွေက နေရာမှတ်ထားပြီး ညဘက်မှာ တူးဖော်ယူကြတယ်၊ နောက်တော့ ကင်စားပြုတ်စား မီးဖုတ်စားကြတယ်ဗျ။ တစ်ခါတစ်ခါတော့လဲ ဂျပန်တွေကိုယ်တိုင် အငတ်အပြတ် မခံနိုင်လို့ ကျောက်တောင်ခွဲတဲ့ ဒိုင်းနမိုင်းတွေကို မီးရှို့ပြီး စမ်းချောင်းထဲ ပစ်ချတယ်၊ ရေအောက်မှာ ဒိုင်းနမိုင်းက ပေါက်ကွဲပြီး ငါးတွေသားတွေဟာ အမြီးပြတ်၊ ခေါင်းပြတ်၊ ခါးလည်ကပြတ်နဲ့ ရေပေါ် ပေါ်တက်လာခိုက် ကျုပ်တို့ ချွေးတပ်သားတွေက ရေကူးဆယ်ပေးရတယ်၊ အဲဒီအခါမှာ ဂျပန်တွေက ငါးကလေးတစ်ကောင်အစ နှစ်ကောင်အစ ပေးခဲ့ရင် ကျုပ်တို့ဟာ မီးဖုတ်ပြီး ထမင်းဝိုင်းမှာ ကိုယ့်အစုနဲ့ကို ဝေမျှစားကြရတယ်။

'အဲဒါလောက် အနေဆင်းရဲ အစားဆင်းရဲပြီး အလုပ်ပင်ပန်းမှုဒဏ်ကလဲ ဆင်ကြီးများတောင် ဘုံးဘုံးပစ်လဲတော့ ကျုပ်တို့တစ်တွေဟာ ဖျားကြနာကြ ဖြစ်ကုန်တာပေါ့။ တချို့လဲ ကျောက်ထုရင်း၊ မြေကြီးပေါက်ရင်း၊ သစ်တောခုတ်ထွင်ရင်း ထိခိုက်ဒဏ်ရာရမှုတွေဟာ ဆေးဝါးဆိုလို့ လုံးဝမထည့်ရ၊ မသောက်ရတော့ အနာတွေဟာ တဖြည်းဖြည်း ကြီးမားလာရာက ဟောင်စပ်ပုပ်ပွပြီး

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



လောက်တဖွားဖွားကျတော့တာပါပဲ၊ အဲဒီကနေ အိပ်ရာထဲ လဲရာက သေကုန်ကြရရှာတယ်။

'ချွေးတပ်စခန်းမှာ ကျုပ်တို့နဲ့ အတူရောက်နေကြတဲ့ အင်္ဂလိပ်စစ်သားသုံ့ပန်းတွေဆိုတာဟာလဲ ရာနဲ့ထောင်နဲ့ချီပြီး သေကြသေကြတာပဲ၊ သူတို့လဲ မီးရထားသံလမ်းတွေချရ၊ တံတားတွေဆောက်ရတဲ့ ကျုပ်တို့လို အလုပ်ကြမ်းသမားတွေပေါ့။ ဒီလိုနဲ့ နေကြရင်းက ကျုပ်တို့ ကိုလှမောင်တို့ရဲ့ ကျောက်တစ်လုံးစခန်းမှာ တစ်နေ့တော့ ကာလဝမ်းရောဂါ ကျရောက်တော့တာပါပဲ။ ညညများဆိုရင် ညည်းလိုက်ကြ ညူလိုက်ကြတာဟာ အသူရကယ်ဘုံများ ရောက်နေလေရောလားလို့ ထင်ရပါတယ်။ ကိုယ်နဲ့တူတူ ယှဉ်အိပ်နေတဲ့ လူဟာလဲ ညနေဘက်တော့ အကောင်းသား မသေနိုင်သေးဘူး ထင်ရပေမယ့် မနက်မိုးလင်းလို့ အလုပ်စခန်းသွားရတော့မှာမို့ ကြည့်လိုက်ရင် စင်းစင်းကြီး တောင့်တောင့်ကြီးသေနေတာ တွေ့ရတော့တာပါပဲ၊ ဒီအထဲကပဲ ကျုပ်လဲ မကျန်းမမာ ဖြစ်ခဲ့ပါတယ်။ ကျုပ်ဖြစ်တာကတော့ ဝမ်းရောဂါမဟုတ်ဘူးပေါ့ဗျာ၊ အပြင်းဖျားရာကနာမကျန်းဖြစ်တဲ့ ဝေဒနာပါ။ အဲဒီလိုနဲ့ ကျုပ်ဟာ အလုပ်ခွင် မဆင်းနိုင်ဘဲအလဲကြီး လဲတော့ ဂျပန်တွေဟာ ဆေးလဲ မပေးနိုင်၊ ဆေးရုံရှိတယ်ဆိုတဲ့နေရာအရပ်ကိုလဲ မပို့နိုင် ပစ်တောင်းပစ်ခတ် လုပ်ထားတယ်ပေါ့။ ကျုပ်ကလဲအကြောင်းမထူးတော့တဲ့တူတူ မြန်မြန်သေ မြန်မြန်အေးတာပဲလို့ သဘောပိုက်ထားတာပါပဲ။ အဲဒီလိုဖြစ်နေတဲ့အခါမှာ ကိုလှမောင်ဟာ ကျုပ်ကို ဂရုတစိုက်နဲ့သွေးသားအရင်းလို၊ ညီလို အစ်ကိုလို သဘောထားပြီး တတ်နိုင်တဲ့နည်း ဖြစ်တဲ့နည်းနဲ့ ကူညီစောင့်ရှောက်ရှာတယ်။ ရေအေးကို မသောက်ရအောင် ရေနွေးကိုအပင်ပန်းခံ ကျိုပေးလားပေးရဲ့၊ ညဘက်မှာ အေးလာရင် သူခြုံတဲ့ ဂုံအိတ်ပိုင်းကို ကျုပ်အပေါ် ထပ်ခြုံပေးလားပေးရဲ့၊ မီးထည့်လားပေးရဲ့၊ ဂျပန်တွေက နေမကောင်းတဲ့လူအတွက် ပေးတဲ့ ဆန်ကို ပြုတ်ပေးလားပေးရဲ့နဲ့၊ ကိုလှမောင်ဟာကျုပ်ကို ညီအစ်ကိုတစ်ယောက်လို သဘောထား စောင့်ရှောက်ပါတယ်။ ဒါကြောင့်လဲ ကျုပ်ဟာ မသေဘဲနဲ့ သူ့ကျေးဇူးကို တုန့်ပြန်တဲ့အနေနဲ့ သူ့အကြောင်းကို ကျုပ်က လာပြောရတာပါ။

'ကိုလှမောင်တော့ ကျန်းကျန်းမာမာနဲ့ ဘုရားသုံးဆူ ချွေးတပ်စခန်းမှာ ကျန်ရစ်ခဲ့တယ်၊ ယိုးဒယားနဲ့ သံဖြူဇရပ် မီးရထားလမ်းလဲ ပေါက်သလောက်ရှိနေပါပြီ။ ကိုလှမောင်လဲ မကြာခင် ပြန်ရောက်လာပါလိမ့်မယ်'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ထိုသူသည် သူ့စကားကို အစဉ်တစိုက် ပြောကြားခြင်းပြုပြီး ထိုနေရာတွင် အဆုံးသတ်လိုက်သည်။ ငြိမ်းမယ်နှင့် မိဒေါင်းတို့ သားအမိမှာ သေရွာပြန်ချေးတပ်သား၏ ပြောစကားကို နားထောင်နေရာမှ တရှုံ့ရှုံ့ ငိုကြွေးနေကြလေသည်။

❑

# [၁၄]

## မုန်တိုင်းထဲမှ ဖူးစာရေးနတ်

နေ့တွေ ရက်တွေ အချိန်တွေ ပြောင်းသလောက် အခြေအနေတွေသည် တစ်မျိုးပြီး တစ်မျိုး ပြောင်းခဲ့ပြန်သည်။ ငြိမ်းမယ်တို့ သားအမိသည် ကိုလှမောင်၏ သတင်းစကားများကို ကြားခဲ့ရပြီးနောက် ၆ လကျော် ၇ လအတွင်း ရောက်ရှိခဲ့သောအခါ ဖြစ်၏။ ကိုဖိုးကွန်းအမည်ခံ လောကငရဲမှ သေရွာပြန် လူ တစ်ယောက်၏ သတင်းလက်ဆောင်ပါးချက်ကြောင့် ကိုလှမောင်တစ်ယောက်မှာ လူ့ဘောင်လူလောကတွင် အသက်မသေသေးဘဲ ဂျပန်တို့၏ ချွေးတပ်စခန်း၌ ချွေးတပ်သားတစ်ယောက်အဖြစ် ရှိနေသေးကြောင်း ငြိမ်းမယ်နှင့် မိဒေါင်းတို့က သိထားရပေသည်။ ကိုလှမောင်အား သူတို့သားအမိသည် တစ်နေ့ပြန်လာနိုး တစ်ရက်ရောက်လာနိုးနှင့် မျှော်ကိုးစောင့်စားမိသည်။ သို့ပေမယ့် ကိုလှမောင်ခမျာ ဤအချိန် ဤနေ့အထိ ပြန်ရောက်လာခြင်း မရှိသေးချေ။

ကြာသော် သူတို့သားအမိအဖို့ စိတ်မော စိတ်နောက်ရပြန်သည်။ ချွေးတပ်စခန်း၌ပင် အဖျားအနာသင့်ကာ သေဆုံးလေပြီလော သို့တည်းမဟုတ် အခြားသော ချွေးတပ်သားများကဲ့သို့ ထွက်ပြေးခြင်းပြုရာမှ ဂျပန်၏သေနတ်ကျည်ဆန်ကြောင့် ဘဝတစ်ပါး ပြောင်းသွားလေပြီလော သို့တည်းမဟုတ် ဂျပန်တို့၏ ချွေးတပ်စခန်း၌ပင် မဝရေဆာအစား၊ မလုံမလဲသော အဝတ်ဖြင့် ကျွဲလို နွားလို ကုန်းနေရခိုက် ရုန်းနေရခိုက်ပေလော၊ အတတ်အမှန်ကို ဧကန်ဧကဝေခွဲဆုံးဖြတ်မရသော အပူပန် အကြောင့်ကြကြီးရမှုနှင့်ပင် တစ်လပြီးတစ်လ၊ တစ်လပြီးတစ်လ ကူးပြောင်းကုန်လွန်ခဲ့ရ၏။ ကိုလှမောင်၏ ပြန်လမ်းနှင့်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုလူမောင်၏ အရိပ်အရောင်ကိုမူ အစအန အရိပ်အယောင်ဟူ၍မျှ မတွေ့မမြင် ရသေး။ ကြာသော် စိတ်မောလူမောနှင့် ကံတရားအတိုင်းပဲဟူ၍ သဘောပိုက် ထားရမလို ဖြစ်ရသည်။

ဂျပန်တွေမှာ အရင်ကလောက် သူတို့ရွာကလေးဘက်သို့ အရောက် အပေါက်မရှိကြပြန်ချေ။ အဝင်အထွက် အတော်ကြီးနည်းပါးသွားကြသည်။ ဂျပန် တွေ ဤလို အဝင်အထွက် နည်းပါး၍ တစ်ဖက်က စိတ်သက်သာရာ စိတ်သက် သာမှု ရရှိသည်ဆိုပေမယ့် အခြားတစ်ဖက်ကမူ အတော်ပင် တွေးတော ပူပန် ကြရပြန်သည်။ ပတ်ဝန်းကျင်ကျေးရွာများ၌ အဆက်မပြတ် မီးများလောင်ကျွမ်း ခြင်း၊ ခိုးသားဓားပြ ထူပေါခြင်း၊ သတ်မှု ဖြတ်မှုများ များပြားလာခြင်း စသည် တို့မှာ မိန်းမသား နှစ်ဦးသာ နေထိုင်သော ငြိမ်းမယ်တို့သားအမိအဖို့ ညတိုင် များ၌ပင် မအိပ်ဝံ့ မအိပ်ရဲအောင် ဖြစ်ရရှာသည်။

တစ်နေ့ကလည်း မြယာကုန်းတွင် နေ့ခင်းကြောင်တောင် မီးလောင် တော့၏။ ရွာတစ်ဝက်လောက်ကုန်သွားသည်။ ကောက်ရိုးပုံများ ကွမ်းခြံများ၊ ဝါးရုံတောများ၊ နွားခြံ ကျွဲခြံများလည်း မကြာခဏ မီးသင့်လောင်ခံရ၏။ ဘယ်သူတွေက ဘယ်အကြောင်းဖြင့် လာရောက် မီးတင် မီးရှို့နေခြင်းဟူ၍ ဘယ်သူမျှ မသိပေ။ ရွာတွင်လည်း ယောကျ်ားတွေမှာ ပြေးလွှားပုန်းအောင်းနေရ သဖြင့် သူကြီး ဦးသီဟပင် မီးကင်းရွာကင်းဆိုသည်ကို စီမံခန့်ခွဲနိုင်ခြင်း မရှိ တော့ပေ။ နီးနီးကြားကြား အိပ်၍ ကိုယ့်အိမ်ကိုယ်ယာကို ကင်းစောင့်ကာကွယ် ရတော့၏။ တစ်ဖက်အိမ်မှ အဘိုးကြီး ဦးနီဒွေး၏သားလည်း မရှိတော့ပေ။ ထွက်ပြေးနေရသည်။ တစ်ရွာလုံး အပြေးအလွှား ရေတွက်ပါမှ သူကြီး ဦးသီဟ နှင့် ကိုမြတ်ကျော်၊ ကိုပန်းမွေး၊ လှချောတို့ အပါအဝင် ယောကျ်ားကြီးကြီးမား မား ဆယ့်လေးငါးယောက်လောက်နှင့် လူရွယ်ပိုင်း ဆယ်ယောက်ခန့်သာ ရှိပေ မည်။ သူတို့လည်း အထင်ကရ ရဲရဲဝံ့ဝံ့ မနေနိုင်ပေ။ စားချိန်နှင့် အိပ်ချိန်များ တွင်သာ နေအိမ်ကို ပြန်လာတတ်လျက် ကျန်ရှိသော အချိန်များတွင် ပြေးလွှား ပုန်းလျှိုးနေရသည်သာ ဖြစ်၏။

သို့နှင့်သာ တစ်လကုန် တစ်လ၊ တစ်လဆန်းပြီး တစ်လကုန်နှင့် နောက်ထပ်မံ၍ အချိန်တွေ ကြာညောင်းလာပြန်သည့်အခါ ဂျပန်တွေနှင့် သူတို့ ရွာသည် အဆက်ဝေးသလိုလို ဖြစ်လာ၏။ မြို့ပေါ်သို့ ရောက်သည့်အခါများ ၌လည်း ဂျပန်တွေကို ယခင်ကလောက် များများစားစား မတွေ့ရဘဲ ရှိ၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ရွာက လူတွေမှာလည်း အချို့မှာ လှုပ်လှုပ်ရှရှ ရှိလှသည်ဟု ငြိမ်းမယ်တွေးမိ ထင်မိသည်။ သူတို့ကို ကြည့်ရ မြင်ရသည်မှာ သွေးကြွနေကြသည်ဟု ထင်ရ၏။ သည်အထဲ လှချောတစ်ယောက်ပင် သူတို့ထံသို့ ယခင်အခါများကလို တစ်နေ့ တစ်ခေါက် ပေါက်မလာဘဲ ၃ ရက်မှတစ်ခါ ၄ ရက်မှတစ်ခေါက် ရောက်လာ တတ်သည်။ ရောက်လာပြန်ကလည်းအရင်ကလို တစ်နေကုန် တစ်နေခန်း နေလေ့မရှိ။ မကြာခဏ ပြန်သွားတတ်လျက် ခပ်လျှိုလျှို၊ ခပ်ကွယ်ကွယ် နေပုံ ထိုင်ပုံမျိုး ဖြစ်လာသည်။ လှချောကို ကြည့်ရသည်မှာ ငြိမ်းမယ်အဖို့ အကဲဖမ်း မရပေ။ သူ့သမီး မိဒေါင်းနဲ့များ စိတ်အခန့်မသင့် ဖြစ်နေကြသလားဟု ထင်မိ ၏။ သို့ရာတွင် မိဒေါင်းနှင့်လည်း အပြောမပျက် အဆိုမပျက် ရှိနေသည်။ အချို့သော ကိစ္စများတွင် မိဒေါင်းကပင် စကားများကို ခပ်ဖုံးဖုံး ခပ်ဖိဖိ ပြောတတ်သည်ဟု ငြိမ်းမယ် ထင်မိ၏။

နောက်တစ်ကြောင်းလဲ ရှိသေး၏။ ထိုတစ်ကြောင်းမှာ အခြားမဟုတ်၊ လှချောတစ်ယောက် လှစ်ကနဲ ရုတ်ခနဲ ဆိုက်ရောက်လာတတ်တိုင်း ကိုမြတ်ကျော် တစ်ယောက် ပေါက်လာတတ်ကာ နှစ်ယောက်သားသည် နွားတင်းကုပ် အကွယ်၌သော် လည်းကောင်း၊ အိမ်နောက် ဝါးရုံတောအကွယ်၌သော် လည်းကောင်း တီးတိုး တီးတိုး စကားဆိုကာ ခေါင်းချင်းရိုက်တတ်ကြသည်။ ဤအခါ များတွင် မိဒေါင်းသည် ကြံရာပါတစ်ယောက်ကဲ့သို့ အိမ်ရှေ့လမ်းမသို့ မျှော်ခေါ် ကာ ရွာလမ်းကလေးပေါ်တွင် မျက်တောင်မခတ် ကြည့်နေတတ်လေသည်။ ဒါတွေအတွက် ငြိမ်းမယ်မှာ ဘာမှန်း မသိသဖြင့် မိဒေါင်းကို အကျိုးအကြောင်း မေးစမ်းမိ၏။

'အမေကလဲ အမေရယ် ဘာမှ မဟုတ်ပါဘူးဆိုမှပဲ၊ ဒါပဲ ထပ်တလဲလဲ မေးနေတာပဲ၊ သူတို့ဟာ သူတို့ ကြက်အကြောင်းပြောလား၊ ဂျပန်အကြောင်း ပြောလား ကျွန်မ ဘယ်သိပါ့မလဲ၊ အမေသိချင် အမေ့ဟာအမေ သူ့ကိုမေးကြည့် ပါလား၊ ကျွန်မတော့ ဘာဆိုဘာမှ မသိရိုးအမှန်ပဲ'

ငြိမ်းမယ်သည် မျက်လုံးအဝိုင်းသားနှင့် သူ့သမီးစကားကို ခေါင်း တဆတ်ဆတ် ညိတ်ရင်း နားထောင်လေသည်။ နောက်တော့ ဘာမှထပ်မမေးပေ။ ထပ်မေးစရာလဲ မလို။ မိဒေါင်း၏ စကားမှာ ဘာမှမဟုတ် ဘာအကြောင်းမှလဲ မရှိဟူ၍ဆိုသောကြောင့် မေးမြန်းရန် မလိုသောကြောင့် ဖြစ်သည်။

ဤလို ဖြစ်နေသည့်အတွင်းမှ တစ်နေ့သော နေ့လယ်ခင်းတွင် သူကြီး ဦးသီဟနှင့် လှချောအဖေ ကိုဖိုးကျော်တို့ သူ့အိမ်သို့ ရောက်ရှိလာသည်။ အစဥ်မှ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ဘာများပါလိမ့်' ဟူသော အတွေးဖြင့် စိတ်ပူစိတ်ထင့်မိသော်လည်း နောက်ဆုံး လှချောအဖေ ကိုဖိုးကျော့စကားကို ကြားလိုက်ရသည့်အခါတွင်မှ 'ဩော် ဒီကိစ္စ ပေကိုး'ဟူသော အသိဖြင့် စိတ်အေးသွားရသည်။

ကိုဖိုးကျော့၏ လာရင်းကိစ္စမှာ သူ့သမီး မိဒေါင်းနှင့် လှချောကို ဖြစ်သလို ဖြစ်သည့်နည်းနှင့် ပေးစားကြရန်ပင် ဖြစ်၏။ ထိုကိစ္စကိုမူ ငြိမ်းမယ် က သူ့ယောကျ်ား ပြန်လာသည်အထိ စောင့်ဆိုင်းလိုသေးသည်။

'ကဲ ဒီလိုဆို လူကြီးတွေနဲ့ ကြောင်းလမ်းရုံဖြစ်ဖြစ်တော့ လုပ်ထားမှ ဖြစ်မဟ ငြိမ်းမယ်၊ ခုတလော နင့်အကောင်ကို ကြည့်ရတာ ငါ တယ်အကဲမရဘူး'

ကိုဖိုးကျော့က သူ့အယူအဆ သူ့အဓိပ္ပာယ်နှင့်သူ ဆိုလေသည်။ ငြိမ်း မယ်ကလည်း သူ့အတွေးနှင့်သူ တွေးလေသည်။ ထိုအခါမှ သူကြီး ဦးသီဟက ကြားက ဝင်တော့၏။

'ဒါလဲ ဟုတ်တယ်ငြိမ်းမယ်၊ ခုလိုအခါ ကာလပျက်ကြီးထဲမယ်ဆို တော့ သမီးမိန်းကလေးရှင်အနေနဲ့ ပိုတောင်ကောင်းပါတယ်ဟယ်'

သူတို့မှာ ထူးထူးထွေထွေ ငြင်းဆန်နေရမည့် ကိစ္စ၊ စဉ်းစားနေရမည့် လူတွေ မဟုတ်ကြချေ။ ထို့ကြောင့် ငြိမ်းမယ်က သဘောတူသလို ကိုဖိုးကျော့ ကလည်း နေ့ကောင်းရက်ကောင်း ရွေးချယ်သတ်မှတ်ကာ သူကြီးဦးသီဟ၊ ရွာ ဆော် ကိုမြတ်ကျော်၊ ဆယ်အိမ်ခေါင်း ကိုပန်းမွှေးတို့နှင့် တိုင်ပင်လျက် လှချောနှင့် မိဒေါင်းတို့အား လူကြီးဆယ်ယောက်လောက်နှင့် စေ့စပ်ကြောင်းလမ်းထားသော အဖြစ်သို့ ပြုလိုက်ကြလေသည်။

တိုင်းရေးပြည်ရေး မှန်တိုင်းသည် အေးဆေးငြိမ်သက်မသွားချေ။ တငွေ့ ငွေ့လောင်နေသော ဖွဲမီးပမာ တလှုပ်လှုပ် တရွရွဖြစ်နေ၏။ လှချောမှာ မိဒေါင်း နှင့် စပ်ဟပ်ပြီးသော်လည်း သူ့အဖေ ကိုဖိုးကျော့ယူဆသလို အနေအထိုင် ငြိမ်ကျမသွားပေ။ မကြာခဏ မြို့ပေါ်သို့ သွားတတ်ခြင်း၊ ကိုမြတ်ကျော်နှင့် နှစ်ယောက်တွဲကာ အနီးအပါးရွာများသို့ ညအချိန်မတော် သွားတတ်ခြင်း၊ မြစ် ကျိုးကွေ့နှင့် သစ်တောကြိုးဝိုင်းဘက်သို့ သွားတတ်ခြင်းများ ရှိနေ၏။ သူ့အဖေ ကိုဖိုးကျော့လည်း သူ့ကို ပြောမရပေ။ ကြည့်လိုသာ နေရတော့ပေသည်။

*

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဤသို့နှင့် အချိန်သည် တရွေ့ရွေ့ ကုန်ခဲ့ရာမှ ဆောင်းလယ်သို့ ရောက်ခဲ့ပြန်သည်။

ထိုညကား ချမ်းအေးသော ဆောင်းရာသီ၏ မှောင်မိုက်သော ညတစ်ည ဖြစ်လေသည်။ အချိန်သည် သူငယ်ခေါင်းချ ကြက်တွန်ကျူးပြီးစအချိန်ပင် ဖြစ်သော်လည်း အေးမြသော ဆောင်းရာသီဖြစ်သည့်အတွက် ပေတောကုန်းတစ်ရွာလုံး လူနေအိမ်များသည် တံခါးကိုယ်စီပိတ်လျက် အိပ်ရာတွင်းသို့ ဝင်ရောက်ကွေးနေခိုက်ဖြစ်လေ၏။

ငြိမ်းမယ်နှင့် မိဒေါင်းသည် ရေနံမီးတိုင်ကို ငြိမ်းသတ်လျက် အိပ်ရာထက်တွင် ဝင်ရောက်ကွေးနေခိုက် ဖြစ်၏။ မိဒေါင်းမှာ မှေးခနဲ အိပ်ပျော်မယောင် ဖြစ်နေသည့်တိုင် ငြိမ်းမယ်မှာ မျက်လုံးကျယ်လျက် ထွေရာလေးပါး စိတ်ချောက်ချားနေခိုက် ဖြစ်၏။

ထိုအခိုက်၌ပင် ခွေးမ မိနီသည် လူရိပ်မြင်သည့်အလား တဝုတ်ဝုတ် ထိုးဟောင်လိုက်၏။ မိနီမှာ ယခင်ကလို တစ်ကောင်တည်း မဟုတ်တော့ပေ။ သားကလေး သမီးကလေးများပင် ရရှိနေသော သားသည်အမေ ခွေးမတစ်ကောင် ဖြစ်နေလေပြီ။

မိနီဟောင်သံကြောင့် ငြိမ်းမယ်၏ အတွေးအတောများသည် ရုတ်တရက် ရပ်ဆိုင်းသွားလေသည်။ 'ဘာများပါလိမ့်၊ ဂျပန်တွေပင် လာပြန်ပြီလော' ဟု တွေးလိုက်မိရာမှ ဟိုစဉ်ဟိုအခါက စောသာရင်၏ အကြောင်းကို ပြန်လည် သတိရမိသည်။ မိနီ၏ ဟောင်သံမှာ တိတ်သွားပြန်သည်။

ငြိမ်းမယ်သည် တောင်တောင်မြောက်မြောက် တွေးမိရာမှ ကဇင်းငူရွာမှ သူကြီးစောခွေလိပ်၏ ညီဖြစ်သူ စောသာရင်အကြောင်းကို ထပ်မံကာ တွေးတော သတိရမိပြန်၏။ စောသာရင် တစ်ယောက် ယခုအချိန် ယခုအခါတွင် ဘယ်ရောက်နေသည်မသိ၊ သတင်းလဲ မကြားရ၊ သိလဲ မသိရတော့ပေ။ ထိုသူသည်လည်း သေများသေလေပြီလား။ သို့တည်းမဟုတ် အင်္ဂလိပ်များနောက်သို့ပင် ကောက်ကောက်ပါ လိုက်သွားလေပြီလား။ သူကိုယ်တိုင်မှာလည်း ကိုလူမောင်တစ်ယောက် ရွာမှထွက်သွားရသည့်နောက်တွင် ကဇင်းငူရွာသို့တစ်ခေါက်တစ်ခါမှ မရောက်တော့ပေ။ သူကြီး စောခွေလိပ်နှင့်လည်း တစ်ကြိမ်တစ်ခါမှ လူချင်းမဆုံကြ မတွေ့ကြတော့။ သူတို့၏ဖြစ်ရပ်နှင့် ကိုလူမောင်ထွက်ပြေး တိမ်းရှောင်နေသည့် အကြောင်းကိုကား စောခွေလိပ် သိပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုပါမူ လှချောတစ်ယောက်မှာ ပေတောကုန်းရွာအနီးတစ်ဝိုက်ရှိ ကဇင်းငူ၊ ညောင်ပင်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကွင်း၊ မြတ်လှချောင်း စသော ကျေးရွာများသို့ မကြာခဏ သွားရောက်နေသော ကြောင့် ဖြစ်၏။

တောင်တွေး မြောက်တွေး တွေးရာမှ ငြိမ်းမယ် မျက်လုံးများသည် တစ်စစ လေးလံလာ၏။ ညဥ့်လည်း အတန်ငယ်နက်ခဲ့လေပြီ။ သန်းခေါင်ယံ ကြက်များသည်ပင် တစ်ရွာလုံး တွန်ကျူးနေလေပြီ။ ငြိမ်းမယ်သည် မေးခနဲ အိပ်ပျော်သွား၏။ ထိုအခိုက်၌ပင် မိနီထိုးဟောင်လိုက်သံကြောင့် သူ့မျက်လုံး များသည် မေးနေရာမှ ပြန်ကျယ်လာပြန်သည်။

သည်တစ်ကြိမ်တော့ မိနီဘာတော်ဟောင်လေသည်။ နောက်တော့ ဟောင်ရာမှ တိတ်သွားပြီး တအီးအီး၊ တဟီးဟီး အော်သည်။ လူတစ်ယောက်ယောက်၏ လက်ဖျစ်တီးသံလိုလို သူ့နားထဲ၌ ကြားမိ၏။ ငြိမ်းမယ်၏ ကျောထဲ တွင် စိမ့်ခနဲ ဖြစ်သွားသည်။

ငြိမ်းမယ်သည် သူ့နားများကို စွင့်ထား၏။ အိပ်ရာနဘေးတွင်ရှိနေ သော ကိုလှမောင်အသုံးပြုသည့် ကိုင်းခုတ်ဓားကို သူ့လက်ဖြင့် စမ်းသပ်မိ၏။ မိဒေါင်းသည် အိပ်ပျော်နေလေပြီ။ မိဒေါင်း၏ အသက်ရှူသံမှာ အသံမှန်မှန်နှင့် ခပ်ပြင်းပြင်းရှူနေသည်။ ယောကျ်ားသနာဟူ၍ အားကိုးရာ အားကိုးကြောင်း မရှိသောအခါ၌ မိန်မသားနှစ်ဦးထဲ ဖြစ်၍ ငြိမ်းမယ် စိတ်အားငယ်ခြင်း ဖြစ်မိ လေသည်။

'မိနီ မိနီ' အသံသည် ခပ်တုန်တုန် ခပ်ညင်းညင်းခေါ်သံ ဖြစ်သည်။ အိမ်နောက် နွားတင်းကုပ်ဆီမှနေကာ မီးဖိုဆောင်ဘက်သို့ တရွေ့ရွေ့လာနေ သော အသံဖြစ်သည်။ အိမ်နောက် နွားတင်းကုပ်ထဲတွင် ယခုအခါ နွားလည်း မရှိ၊ နွားချေးလည်းမရှိ၊ နွားတင်းကုပ်သည် ရှင်းနေသည်။

နောက်ထပ်၍ ပိုမိုပြတ်သားသော မိနီကိုချော့သံ၊ ခေါ်သံနှင့် လက်ဖျစ် တီးသံကို ကြားရသည်။ ငြိမ်းမယ်သည် ထပ်မံကြားရသော အသံကို မကြောက် တော့ချေ။ ဤအသံသည် ငြိမ်းမယ်အဖို့ ရင်းနှီးယဉ်ပါးသော အသံတစ်သံသာ ဖြစ်သည်။ သူသည် အိပ်ရာမှ ဆတ်ခနဲ ထထိုင်လိုက်၏။ မိဒေါင်းကို အတင်း လှုပ်နိုးလိုက်၏။ နောက်တော့ ရေနံဆီးမီးတိုင်ကို မီးတွန်းညှိလိုက်လေသည်။

'ငြိမ်းမယ်၊ ငြိမ်းမယ်'

အသံသည် မတိုးမကျယ်နှင့် ခပ်အုပ်အုပ် ခပ်ဆိုင်းဆိုင်း ခေါ်လိုက်သံ ဖြစ်၏။ နောက်တော့ မီးဖိုအိမ်ထရံကို တဖုတ်ဖုတ် လက်ဖြင့် ပုတ်လေသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ငြိမ်းမယ်သည် သူ့သမီး မိဒေါင်းအထက်ကိုမှ မစောင့်နိုင်တော့ပေ။ ရေနံမီးတိုင်ကို ကိုင်ကာ အိမ်မီးဖိုဆောင်ရှိရာသို့ လျှောက်လာသည်။ ပိတ်ထားသော တံခါးပေါက်အနီးသို့ သူရောက်ခဲ့သည်ဆိုလျှင် အပြင်မှ ခပ်အုပ်အုပ် ထပ်ခေါ်ပြန်သည်။ ငြိမ်းမယ်အဖို့ မည်သို့သော သံသယစိတ် ဒွိဟစိတ်များမှ မဝင်တော့ပေ။ ရေနံမီးတိုင်ကို အောက်သို့ချကာ နောက်ဖေးတံခါးကို ဖွင့်သည်။ ထိုအချိန်၌ပင် မိဒေါင်းသည် သူ့အနီးသို့ ကိုင်းခုတ်ဓားကြီးကို ကိုင်၍ ရောက်နေပေပြီ။

'ဟင် အဘ'

'ဟော ကိုလူမောင်'

'တိုးတိုးဟ တိုးတိုး'

ဤသို့သော အာမေဋိတ် ပြုကြသံများနှင့်အတူ သေရွာပြန် ကိုလူမောင် တစ်ယောက်မှာ သူ၏ နေရင်းဇာတိ၊ သူ၏ နေအိမ်၊ သူ့မယားနှင့်သူ့သမီးရှိရာ အရပ်သို့ အကာလ ညဥ့်အချိန်မတော်တွင် ပြန်လည်ရောက်ရှိခဲ့လေပြီ။

ဤလို လင်ယောက်ျား ပြန်လည်ရောက်ရှိလာ၍ ငြိမ်းမယ်ခမျာ ဝမ်းမြောက်သယောင်ယောင် ဖြစ်ပေမယ့် တကယ်တန်း ဇာတ်စုံခင်းမိသည့်အခါ ချုံးပွဲချငိုယိုရပြန်သည်။ ကိုလူမောင်ခမျာတွင်လည်း မထူးတော့သည့်အတူတူမို့ တရားနှင့်သာ ဖြေဖျောက်ရရှာသည်။ ဖြစ်သမျှ ကြုံသမျှ ဆုံသမျှတို့သည် လောကဓမ္မတာတရားအတိုင်း ကံပစ်ချရာ ကံစီမံရာဟု နှလုံးသွင်းရရှာသည်။ တွေ့ကြုံဆုံကွဲ အမြဲတရားမရှိသော၊ သင်္ခါရတရားကိုလည်း ကိုလူမောင်နှလုံးသွင်းရတော့၏။ သူ့အဖို့ ကြုံခဲ့တွေ့ခဲ့ရသော ဖြစ်ရပ်ဖြစ်ကြောင်းတို့ကား သေမင်း၏ ခံတွင်းမှ သီသီကလေး လွတ်ကင်းခဲ့ရသော အကြောင်းတရားချည်းသာ ဖြစ်၏။ ငိုနေလို့ကလည်း မပြီး၊ သောကပရိဒေဝမီးတွေ တညီးညီး တောက်လောင်နေလို့လည်း မပြီး ဖြစ်သမျှအကြောင်း အကောင်းချည်းဟု နှလုံးသွင်းမိတော့၏။

တကယ်တန်းကတော့ သူကိုယ်တိုင်ပင် သေမင်းခံတွင်းမှ လွတ်ကင်းရန် အသက်ဆံဖျား စွန့်စွန့်စားစား ထွက်ပြေးခဲ့ရသည်တော့ မဟုတ်ပါလား'

'တရားနဲ့သာ ဖြေရတော့မှာပေါ့ ငြိမ်းမယ်ရယ်၊ ဒီကိစ္စ အမှန်ကတော့ စောသာရင်ရဲ့ လွတ်မြောက်ရေးအတွက် လူလေးအသက်နဲ့ လဲလိုက်ရတာပါပဲ ကွယ်'

*Facebook@ Nyisay Myanmar Ebook Creator*
*http://www.nyisay.com*



ကိုလူမောင်နှုတ်ဖျားမှ ထွက်ပေါ်လာသော ထိုစကားသံသည် ငြိမ်းမယ်နှင့် မိဒေါင်း၏ အသည်းနှလုံးအား ဆုပ်နယ်ကာ ချေမှုန်းလိုက်ခြင်းနှင့် တူလှပေသည်။

❑

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

# [၁၅]

## အခြေတစ်မျိုးပြောင်းပြီ

*(ပြည်ထဲအရေးပေါက်နဲ့ကျေးသို့ မီးခိုအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်)* ဆိုသော ရှေးသူဟောင်းတို့၏ ဥပမာတင်စားချက်သည် သွေးထွက်အောင် မှန်လေစွ။

တိုင်းရေး ပြည်ရေးတို့သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာပြန်သည်။ ကိုလှမောင်တစ်ယောက် ပေတောကုန်း ရွာကလေးသို့ ပြန်လည်ရောက်ရှိခဲ့ပြီးသည့်နောက် သီတင်းပတ် နှစ်ပတ်ခန့် ကြာရှိသွားသော အချိန်၌ပင် ဂျပန်များ၏ သတင်းစကားကို အမျိုးမျိုးအဖုံဖုံ ကြားရပြန်၏။

မြို့ပေါ်သို့ နေတိုင်းလိုလို သွားနေသော သူကြီးဦးသီဟထံမှ လည်းကောင်း၊ လှချောနှင့် ကိုမြတ်ကျော်တို့ထံမှ လည်းကောင်း ပေတောကုန်းရွာကလေးနှင့် ရွာရှိ ရွာသူရွာသားများသည် သတင်းစကား နားထောင်ရသည်။

တို့ဗမာသခင်တွေနှင့် ဂျပန်စစ်ဗိုလ် စစ်သားတို့သည် လည်းကောင်း၊ ဘီဒီအေခေါ် ဗမာ့တပ်မတော်သားများနှင့် ဂျပန်စစ်ဘက်ဆိုင်ရာတို့သည် လည်းကောင်း တစ်ဦးကို တစ်ဦး မယုံကြည်၊ တစ်ဦးကို တစ်ဦး အလစ်မပေးဘဲ အကဲခတ် လေ့လာနေကြသည်ဟူ၍လည်း လှချောထံမှ သူတို့တစ်တွေ သတင်းစကားအမျိုးစုံ ကြားကြရသည်။ မြို့ပေါ်၌လည်း ဂျပန်စစ်ဗိုလ် ကူမိုယာမာ၏ စစ်တပ် စစ်သားများ မဟုတ်တော့ပေ။ ဂျပန်စစ်သား အနည်းငယ်၊ ဂျပန်စစ်ဗိုလ် တစ်ယောက် နှစ်ယောက်နှင့် မြို့အုပ်ချုပ်ရေးဘက်ဆိုင်ရာများလောက်သာ ရှိကြတော့၏။ ပေတောကုန်း၊ မြတ်လှချောင်း၊ ညောင်ပင်ကွင်း၊ ကဇင်းငူစသည့်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကျေးရွာများသို့ကား ဂျပန်စစ်သားဆို၍ တစ်ဦးတစ်ယောက်မျှ မလာမရောက်ကြ တော့ပေ။ မြို့ပေါ်သို့ ရောက်သည့်အခါများ၌ ယခင်အခါက လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြား၊ ဈေးကြိုဈေးကြားများတွင် တရှန်းရှန်း တဝုန်းဝုန်း တွေ့ရတတ် မြင်ရတတ်သော ဂျပန်စစ်သားများမှာ ကြက်ကလေးပျောက် ငှက်ကလေးပျောက် သည့်နှယ် ရှိကြသည်။ ကိုလူမောင်ပင် ရွာတွင် အထင်ကရ နေနိုင်လေပြီ။ သူကြီး ဦးသီဟနှင့် ကိုမြတ်ကျော်၊ လှချော၊ ကိုပန်းမွေး၊ ကိုဖိုးကျော့ စသူများမှာ လည်း ကိုလူမောင် ပြန်ရောက်လာ၍ ဝမ်းမြောက်ဝမ်းသာ ရှိနေကြသည်။ ကဇင်းငူမှ သူကြီးစောခွေလိပ်မှာ ပေတောကုန်းသို့ မကြာခဏ ရောက်လာတတ် လျက် ကိုလူမောင်၏ နေရေးစားရေးကို အထောက်အပံ့ အကူအညီပေးလေသည်။

သို့ရာတွင် ကိုလူမောင် စဉ်းစားမရ၊ တွေးမရသော အကြောင်းတစ်ချက် တော့ ရှိပါ၏။ ထိုအကြောင်းမှာ အခြားမဟုတ် သူကြီးစောခွေလိပ်၊ ကိုမြတ် ကျော်၊ လှချောစသော ဤသူသုံးယောက်နှင့် ပေတောကုန်းရွာသား ဗမာများ၊ ကဇင်းငူရွာသား ကရင်များသည် တိုးတိုးတိတ်တိတ် တကျိတ်ကျိတ် လုပ်နေကြ သောကိစ္စပင် ဖြစ်သည်။ ဤအဖြစ်မျိုးကို မြင်ရသည်တိုင် ကိုလူမောင်မှာ ခဲမှန် ဖူးသော စာသူငယ်ဖြစ်ခြင်းကြောင့် မည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်း၊ မေးခြင်း မြန်းခြင်း မပြုမိပါချေ။ သူက စိတ်အေးလက်အေးနှင့် သက်တောင့်သက်သာ နေလိုပေသည်။

ဤအတွင်းမှပင် တစ်နေ့သော နေ့လည်ခင်း နေကျက်ကျက်တောက် ပူလောင်နေသော အချိန်တစ်ခု၌ သခင်လှမောင်သည် ဘီဒီအေ စစ်သားသုံး ယောက်နှင့်အတူ ရွာသို့ ပေါက်လာ၏။ သခင်လှမောင်သည် ပေတောကုန်းရောက် သည်ဆိုလျှင်ပင် သူကြီး ဦးသီဟ၏ နေအိမ်သို့ ဝင်ရောက်ပြီးနောက် ကိုမြတ် ကျော်ကိုပါ ခေါ်ငင်ကာ ကိုလူမောင်၏ နေအိမ်သို့ လာရောက်တော့၏။

သခင်လှမောင်မှာ ကိုလူမောင် ချွေးတပ်စခန်းမှ ပြန်လည်ရောက်ရှိ လာပြီးမှ ဤတစ်ကြိမ်သာ ကိုလူမောင်နှင့် တွေ့ဆုံကြရခြင်းဖြစ်သည်။ သခင်လှ မောင်က ကိုလူမောင်ကို တွေ့လျှင်ပင် ဝမ်းသာအယ်လဲ နှုတ်ဆက်သည်။ နောက် တော့ စကားစမြည် အတန်ငယ်ပြောပြီး အရှေ့ပေတောကုန်းသို့ ကိုမြတ်ကျော် နှင့်အတူ ထွက်သွား၏။ သူ၏ရဲဘော်များလည်း သူနှင့်တစ်ပါတည်း လိုက်ပါသွား သည်။ ကိုလူမောင့်အဖို့ သူတို့တစ်တွေကို ကြည့်ရမြင်ရသည်မှာ တစ်မျိုးပင် ဖြစ်နေ၏။ အားလုံး ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် အမူအရာမျိုး

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဖြစ်နေသည်။ ရဲဘော်များနှင့် ကိုမြတ်ကျော်မှာ စကားသိပ်မပြောလှပေ။ ဣန္ဒြေ တရနှင့် အတွေးကိုယ်စီကိုယ်ငှ ဝင်နေကြသည်ဟု ကိုလှမောင် အကဲခတ်မိသည်။

ထိုသူများ သူ့အိမ်ပေါ်မှ ဆင်းသက်ထွက်ခွာသွားပြီးနောက် ထမင်းအိုး တစ်လုံးချက်ခန့် ကြာလိမ့်မည်ဟု ခန့်မှန်းရသော အချိန်၌ပင် ကဇင်းငူရွာမှ ကရင် သူကြီး စောခွေလိပ်နှင့် ရွာသားသုံးယောက်တို့ သူ့အိမ်ရှေ့ လမ်းမပေါ်မှ ဖြတ် လျှောက်လာကာ အရှေ့ပေတောကုန်းရွာဘက်သို့ ထွက်သွားသည်ကို တွေ့ရပြန် သည်။ စောခွေလိပ်သည်သူ့အား လမ်းပေါ်မှနေ၍ နှုတ်ဆက်သွားသော်လည်း အိမ်ပေါ်သို့ မဝင်ရောက်ချေ။ အပြန်မှ ဝင်တော့မည်ဟု ပြောကြားသွားလေသည်။

'ဟဲ့ ကလေးမ ဒီနားလာစမ်းပါဦး'

ကိုလှမောင်သည် မီးဖိုတွင်းရှိ သမီးဖြစ်သူကို လှမ်းခေါ်လိုက်၏။ မိဒေါင်းမှာ မီးဖိုတွင်း၌ တစ်ယောက်တည်းမဟုတ်ချေ။ တစ်ဖက်အိမ်မှ ကိုပြား ကြီး၏ သမီး မြခက်နှင့် ဘာတွေပြောနေမှန်း မသိ၊ တတွတ်တွတ် စကားဆိုနေ ၏။ ငြိမ်းမယ်လည်း အိမ်တွင် မရှိချေ။ ထမင်းစားပြီးစကပင် သူ ရောင်းချထား သော ဈေးကြွေးကလေးများ တောင်းရန်ဟု ဆိုကာ မြတ်လှချောင်းဘက်သို့ သွားလေသည်။

'ဘာလဲအဘ၊ ရေနွေးအိုး တည်ပေးရမလား'

မိဒေါင်းသည် သူ့အနီးသို့ ရောက်လာသည်။ မြခက်မှာ မီးဖိုတွင်း၌ ကျန်ရစ်လေသည်။ ကိုလှမောင်သည် သူ့သမီးမျက်နှာကို မော့ကြည့်လိုက်၏။ ဒီကောင်မလေး ကြည့်ရသည်မှာ တစ်မျိုးပါပဲကလား'ဟု သူထင်မိတော့သည်။

'ဟဲ့ ထိုင်စမ်း ဒီနားမှာ'

မိဒေါင်းသည် သူ့ရှေ့တွင် ဝင်ရောက်ထိုင်လိုက်၏။ နောက်တော့ သူ့ အဘကို မျက်လုံးကြီး အရွဲသားနှင့် စိုက်ကြည့်နေသည်။

'နေပါဦး ငါမသိလို့ မေးပါဦးမယ်၊ နင်တို့တွေ ဘာတွေလုပ် ဘာတွေ ကြံစည်နေကြလဲ လုံမ၊ ငါ့ကို မှန်မှန်ပြောစမ်း'

ကိုလှမောင်က အဓိပ္ပာယ် မရှင်းမလင်းနှင့် ကောက်ကာငင်ကာ မေး လိုက်သည်။ မိဒေါင်းသည် သူ့အဘ အမေးကို ဘာမျှ မဖြေတတ်ပေ။ မျက်လုံး ပြူးကာ ပါးစပ်ဟရက် ဖြစ်နေသည်။

'ဟဲ့ ငါမေးတာ ပြောစမ်း'

ကိုလှမောင်က သူ့သမီးကို နောက်တစ်ကြိမ် မေးပြန်သည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ဘာလုပ်လို့လဲ အဘရဲ့၊ ဘာမှ မလုပ်ပါလား'

'ဟုတ်သေးပါဘူးဟယ်၊ နင်တို့ဟာ'

ကိုလူမောင်မှာ ခပ်အေးအေးသမားတစ်ယောက်ဖြစ်၍ သူ့သမီးကို တစ်ခွန်းထက် နှစ်ခွန်းပိုမမေးပေ။ သူဘာယ်လောက်ပင် မေးနေပေမယ့် မိန်းကလေးသည် သူ့မေးခွန်းကို ဟုတ်တိုင်းမှန်ရာ ဖြေကြားချင်မှ ဖြေကြားလိမ့်မည်။ သူတို့တွင် သူတို့အကြောင်း သူတို့ကိစ္စနှင့် သူတို့သာ ဖြစ်လေသည်။ သို့နှင့်သာ မိဒေါင်းသည် သူ့အနီးတွင် ထိုင်နေရာမှ အိမ်နောက် မီးဖိုခန်းသို့ ပြန်ဝင်သွားပြီး ကိုပြားကြီး၏သမီး မြခက်နှင့် စကားပြောနေကြပြန်သည်။

ကိုလူမောင်သည် ဆက်လက် ထိုင်မနေတော့ချေ။ တူးရွင်းတစ်လက်ကို ယူငင်ကာ အိမ်ရှေ့သို့ ဆင်းသက်ခဲ့သည်။ ချွေးတပ်စခန်းမှ ရွာသို့ သူပြန်ရောက်ခဲ့သည်မှာ ကာလအတန်ကြာခဲ့ပြီ ဖြစ်သော်လည်း အိမ်ရှေ့ရှိ သစ်ပင်ပန်းပင်ကလေးများကို မပြုပြင်ဘဲ အမှတ်မဲ့ပင် နေခဲ့သည်။ ယခင်အချိန်အခါများကလို သစ်ပင်ပန်းပင်ငယ်များကို ပြုစုပျိုးထောင်လိုသော စိတ်ဆန္ဒ သူ့၌ သိပ်မရှိဟု ထင်မိသည်။ ထိုသို့ဖြစ်ရသည်မှာ သူကိုယ်တိုင်ကပင် စိတ်တစ်မျိုး ပြောင်းသွား၍လော၊ သို့တည်းမဟုတ် ခေတ်ကာလပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲနေခြင်းကြောင့်လောဟူသည်ကိုကား ကိုလူမောင် ဝေခွဲမရပေ။

ယခုအခါ မြောက်လေတဖြူးဖြူး တိုက်ခတ်နေ၍ အိမ်ရှေ့မှ ပိတောက်ပင်ကြီးသည် တရှဲရှဲ မြည်ကြွေးနေ၏။ ပိတောက်ပင်တွင် ဟိုစဉ်အခါက ကပ်ထားသော ဂျပန်စစ်တပ်၏ ဝါဒဖြန့်စာရွက်ကြီးမှာ လုံးဝပင် မရှိတော့ပေ။ ဤမျှ လတွေ နှစ်တွေ ကြာမြင့်ခဲ့သည့်အခါ၌ သူလည်း သခ်ါရတရားနောက်သို့ ကောက်ကောက်ပါ လိုက်သွားခဲ့လေပြီ။ ပိတောက်ပင်ကြီးပင် လွန်ခဲ့သော အချိန်အခါကနှင့် မတူတော့ပေ။ အတန်ငယ် အိုမင်ရင့်ရော်ခဲ့ပြီဟု ကိုလူမောင်ယူဆမိ၏။ သတ္တလောကသည် ထာဝစဉ် ထာဝရ မရပ်တည်နိုင်ပေ။ ပြုပြင်ပြောင်းလဲတတ်သော သခ်ါရလောက၏ ဖန်တီးချက်ကို အမြဲမပြတ် နာခံနေရသည်သာ ဖြစ်လေသည်။

ကိုလူမောင်သည် မိဒေါင်းနှင့် မြခက်ကို လုံးဝ ဂရုမပြုပေ။ ယခုနှစ်ဆောင်းဦးပေါက်ကမှ ငြိမ်းမယ် စိုက်ပျိုးထားဟန်တူသော စံပယ်ပင်များကို အောက်ခြေမှ နေကာ တူရွင်းဖြင့် မြေတောင်မြှောက်ပေးနေသည်။ သူ့အလုပ်ကား ဘာရယ်လို့ မဟုတ်တော့ပေ။ ချွေးတပ်စခန်းမှ ပြန်လာပြီးသည်နောက်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



စိတ်ပြေလက်ပျောက် ဆိုသလို ဟိုဟာဒီဟာ တွေ့ကရာ လျှောက်လုပ်နေသော အကျင့်ပင် ဖြစ်၏။ စံပယ်ပင်များကို မြေတောင်မြှောက်ပေးပြီးသည့်နောက် ယုဇနပင်များဘက်သို့ တစ်ဖန် လှည့်ခဲ့ပြန်သည်။ ယုဇနပင်များမှာ အိမ်ခေါင်းရင်းတွင် အစီအရီပေါက်နေကြသည်။

ကောင်မလေးနှစ်ယောက်မှာ သူ့အရိပ်အကဲကို ကြည့်ကာ အိမ်နောက်ဖေးပေါက်မှ ခြေသံမကြား လူရိပ်မမြင်အောင် အိမ်ပေါ်မှ ဆင်းသက်သွားကြ၏။ သူတို့နှစ်ယောက် အရှေ့ပေတောကုန်းဘက်ဆီသို့ ခပ်သုတ်သုတ် ထွက်သွားကြ၏။ ဤသည်ကို ကိုလူမောင်သည် လုံးလုံးပင် မရိပ်မိချေ။ တကုန်းကုန်း တကွကွနှင့်သာ အိမ်ရှေ့ ခြံစည်းရိုးဘေးရှိ သစ်ပင်များကို ပြုပြင်နေတော့၏။

သို့နှင့်သာ အချိန်အတန် ကြာသွားသည့်အခါ ခြေသံလိုလို ကြားလိုက်သဖြင့် ကိုလူမောင် ခေါင်းမော့၍ ကြည့်လိုက်မိသည်။

သူ့ဇနီး ငြိမ်းမယ်နှင့်အတူ လှချောဖခင် ကိုဖိုးကျော့ကိုပါ ငြိမ်းမယ်နောက်ပါးမှ ကပ်လျက်သား တွေ့လိုက်ရသည်။ ဘယ်ကများ လှည့်လာပါလိမ့်ဟု ကိုလူမောင် စိတ်ထဲက ထင်လိုက်သည်။

'လာဟေ့ကောင်၊ မင်းနဲ့သူ ဘယ်ကများ ဆုံလာကြလဲ' ကိုလူမောင်သည် သူ့လက်မှ တူရွင်းကို ချထားလိုက်ပြီး ထိုင်ရာမှ ထလိုက်၏။

'ရွာအဝင်မှာ တွေ့ကြတာပဲ၊ ငါ မင်းဆီကို လာတာပါပဲကွာ'

ကိုဖိုးကျော့က သူ့စကားကို ခပ်လေးလေး ပြောသည်။ သူက တစ်စုံတစ်ရာ ကိစ္စအတွက် စိတ်ရှုပ်နေဟန်တူ၏။ နောက်တော့ သုံးယောက်စလုံး အိမ်ပေါ်သို့ လှမ်းတက်လိုက်ကြသည်။ ကိုလူမောင်နှင့် ကိုဖိုးကျော့တို့က အိမ်ခေါင်းရင်း တစ်နေရာတွင် နှစ်ယောက်သား သွားထိုင်ကြသည့်အခါ ငြိမ်းမယ်က သူ့သမီး မိဒေါင်းကို ခေါ်ရင်း နောက်ဖေး မီးဖိုဆီသို့ တန်းဝင်သွား၏။ သို့ရာတွင် သူ့သမီး မိဒေါင်းကို မီးဖိုဆောင်တွင် မတွေ့ရချေ။ အိမ်နောက် ပတ်ဝန်းကျင်တွင် ကြည့်ပေမယ့် မိဒေါင်းကော မြခက်ပါ တစ်ယောက်မျှ မရှိကြ။

'ကလေးမ ဘယ်သွားလဲ ကိုလူမောင်'

'အေး ခုနကတော့ မြခက်နဲ့နှစ်ယောက် အိမ်နောက်ဘက်မှာပဲ'

'ငါအပြောသားပဲ ငြိမ်းမယ်ရယ်၊ နင့်သမီးဟိုဘက်ရွာ ရောက်နေရောပေါ့၊ သူတို့တွေ သစ်တောကြိုးဝိုင်းသွားကြမလား၊ ငါ့အိမ်မှာပဲ စုကြမလားဘဲ ခက်ပါသဟာ'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုလူမောင်၏ စကားအဆုံးတွင် ကိုဖိုးကျော့က ပြောလိုက်သည်။ ကိုလူမောင်မှာ သူတို့အခိပ္ပာယ်နှင့် သူတို့၏ ဆိုစကားကို တဆိတ်တပေါက်မျှ နားမလည်ပါချေ။ သူ့အနေနှင့် အိပ်ရာမှ နိုးလာသူတစ်ယောက် သို့တည်းမဟုတ် တစိမ်တရံစာတစ်ယောက်ပမာ ရှိနေသည်။

'ဆိုစမ်းပါဦး၊ မင်းတို့ဟာက ဘာတွေများလဲ ဖိုးကျော့ရာ၊ ငါတော့ ဘာမှန်းမှမသိဘူး' ကိုလူမောင်က ငြိမ်းမယ်နှင့် ကိုဖိုးကျော့ကို မေးတော့သည်။

'ကဲ ကိုရင် ကိုရင့်ဖာသာ ကိုရင်ပြောပြပေတော့၊ ကျုပ်လဲ မပြောတတ်သလောက်ပဲ' ငြိမ်းမယ်က ကိုဖိုးကျော့ထံသို့ စကားဦးလှည့်ပေးလိုက်၏။

'အေးပေါ့ကွာ၊ မင်းသဘောပေါက်အောင် ငါကပဲ ရှင်းရ လင်းရ ပြောရတော့မပ၊ ဒီလိုကွ၊ ဒီလို'

ကိုဖိုးကျော့သည် သူ့အသံကို နှိမ့်ကာ ကိုလူမောင်ကို သူသိထားသမျှ ပြောတော့သည်။ သူက လှချော့တို့ ကိုမြတ်ကျော်တို့ စောခွေလိပ်တို့အကြောင်းတွေကို တစေ့တစောင်း အကဲခတ်၍ သိတန်သလောက် သိထားလေသည်။ သူသိထားသော အကြောင်းတွေမှာ ကိုလူမောင်အဖို့ အသည်းယားစရာ ရင်တုန်စရာ နှလုံးခုန်စရာ ကောင်းလှပါဘိသည်။ ကိုဖိုးကျော့စကားများကို နားထောင်နေရင်းမှပင် သူ ကြက်သီးတဖြန်းဖြန်း ထမိသည်။ သူက ဂျပန်ဆိုလျှင် နထင်ကြောနဖူးကြော စိမ့်အောင် ကြောက်နေသူတစ်ယောက်ဖြစ်၏။ ဂျပန်နှင့် ပတ်သက်သော သတင်းစကားဟူသည်များကို နားမှာ လေသံ မကြားချင် မသိချင်ပေ။

'ဟယ် ငါ့လခွေး၊ သူတို့က ဂျပန်ကို ခံချမလား၊ ငါတော့ အသည်းထိတ်လိုက်ပါဘိသနဲ့ ဖိုးကျော့ရာ၊ အဲဒါ ဖြစ်ကော ဖြစ်နိုင်ပါ့မလား'

ကိုလူမောင်၏ မျက်လုံးများသည် ပုဇွန်ထုပ်မျက်လုံးကဲ့သို့ ပြူးထွက်လာသည်။ သူ့အသက်ကိုပင် သူ မနည်းထိန်းရှူနေရ၏။ ငြိမ်းမယ်နှင့် ကိုဖိုးကျော့တို့နှစ်ဦးက ဣန္ဒြေမပျက်သေမယ့် ကိုလူမောင် အနေရအထိုင်ရ ခက်လှသည်။ ငရဲကြီး ရှစ်ထပ်မှ ပြန်လာသူတစ်ယောက်က ငရဲသားများကို ပြန်လှန် ခုခံဖို့ဆိုသည့် စကားကြားရသည့်အခါ ရင်သပ်အံ့ဩ မိန်းမောမိသည်။

'ဒါဟာ တော်တော်အရေးကြီးတယ်ကွ၊ အဲဒီထဲ မင့်သမီးနဲ့ မြခက်တို့ ထိပ်ပန်းတို့လဲ ပါနေသေးသဟ'

'ဟေ'

'မဟေနဲ့လူမောင်၊ ဖြစ်နေတာကတော့ ဒီအတိုင်းပဲ'

'နေပါဦး၊ ထိပ်ပန်းဆိုတာက ဘယ်သူလဲ'

'သူကြီး စောခွေလိပ်ရဲ့သမီး အထွေးဆုံးဟာပေါ့၊ ဒါတင်မဟုတ်ဘူး စောခွေလိပ်တို့ရွာက ကရင်အမျိုးသမီးတွေကော၊ ယောကျ်ားတွေရော၊ တို့များရွာက ဗမာတွေကော၊ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပေါ့။ အဲဒီအထဲ သခင်လှမောင်နဲ့ သခင်ဘခွေးကြီးတို့က ခေါင်းဆောင်တွေပဲ'

'ဘုရား ဘုရား'

ကိုလှမောင် ဘုရားတမိသည်။ ဂျပန်တို့ ရက်စက်ပုံ နည်းမျိုးစုံနှင့် ဂျပန်တို့၏ အပြုအမူမျိုးစုံကို ကိုယ်တိုင်ကိုယ်ကျ သိလာသော ကိုလှမောင်သည် ကဇင်းငူက ကရင်တွေနှင့် ပေတောကုန်းက ဗမာတွေ သွေးစည်းညီညွတ်ကာ နေနတ်နွယ် ဂျပန်များအား တော်လှန်ပုန်ကန်ရန် ကြံစည်ကြိုးပမ်းနေကြောင်း ကြားရသည့်အခါ ယုံတမ်းစကား ပြောနေတာများ ဖြစ်ကရောလားဟု ထင်မိသည်။ သူ၏မျက်လုံးထဲ၌လည်း ရက်စက်ကြမ်းကြုတ်သော ဂျပန်များ၏ ပုံပန်းသဏ္ဌာန်ကို အမျိုးမျိုး အစားစား ထင်မြင်လာသည်။

'အင်း အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ဆိုသလို ဖြစ်တော့မှာပဲ၊ အဲဒါခက်တယ်၊ ဒီကိစ္စကို မင်းလဲ မကြံတတ်တော့ဘူးလားကွ'

ကိုလှမောင်က မျက်စိသူငယ်နှင့် ပြောနေသည်။ ငြိမ်းမယ်ကိုလည်း တစ်ချက်မျှ မျက်လုံးဝေ့ကြည့်လိုက်၏။ ဒါပေမယ့် ငြိမ်းမယ်မှာ မျက်လုံးအကြောင်သားနှင့် သူ့ကိုစိုက်ကြည့်နေသည်မှလွဲ၍ ဘာမျှ ကူဖော်လောင်ဖက် ရနိုင်ဟန် မရှိချေ။ မိန်းမတွေကော၊ ယောကျ်ားတွေကော ကရင် ဗမာတွေ ပူးပေါင်းလျက် ဤလို ကိစ္စမျိုးကို ကြံစည်ကြသည်ဆိုခြင်းမှာ ရှုးများ ရှုးနေလေပြီလားဟု သူတွေးလိုက်မိ၏။

'ငါက ဘယ်လိုလုပ်ကြံတတ်မလဲကွ၊ မင်းကောင်လှချောကို ငါကပြောတယ်၊ ဒီလကုန်ရင် မင်း သမီးနဲ့ အိမ်ထောင်ချပေးဖို့ ကိစ္စကို၊ ဒါပေမယ့် သူက တစ်မျိုး ဖြစ်နေပြန်ပြီ'

'ဘယ်လိုဖြစ်နေပြန်လဲ ကိုရင်' ငြိမ်းမယ်က မေးလိုက်၏။

'ဘယ်လိုဖြစ်နေလဲဆိုတော့ ခဏဆိုင်းပါဦး၊ နောက်နှစ်လ သုံးလကြာမှ ပြုပရစေလို့ ပြောနေတယ်ကွ၊ ငါက ဒီကောင်ကို ကလေးမနဲ့ အိမ်ထောင်ခပ်မြန်မြန်ချပေးလိုက်ရင် ငြိမ်ငြိမ်သက်သက် ဖြစ်သွားမှာပဲဆိုတဲ့ သဘောနဲ့ ပြောတာကွ၊ ဒါပေမယ့် ခက်တာက ငါ့သားကို ပြောမရလို့ မင်း သမီးကလေးမ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကို တစ်လှည့်ပြောပြန်တော့ သူကိုယ်တိုင်ကလဲ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပဲ'

'မိဒေါင်းက ဘယ်လိုပြောလို့လဲ ကိုရင်ရဲ့၊ ကိုရင် သူ့ကို အသေအချာ မေးလို့ မြန်းလို့လား'

ငြိမ်းမယ်က သူ့သမီးအရေးအခင်း ဖြစ်သောကြောင့် စိုးရိမ်ကြောင့်ကြ မေးမြန်းလေသည်။ မိဒေါင်း၏ သဘောဆန္ဒကို သူသိချင်ပြန်သည်။ မိဒေါင်းနှင့် လှချောကိစ္စမှာ ကိုလူမောင် ချွေးတပ်က ပြန်မလာမီ စေ့စပ်ကြောင်းလမ်းထား သည်မှန်ပေမယ့် ဤအကြောင်း ဤကိစ္စများကို ကိုလူမောင်အား ပြောကြားပြီး သော်လည်း နောက်ထပ်၍ မည်သို့မျှ စကားမဆက်နိုင်ကြသေးပေ။ ဟိုအရေး သည်အရေးတွေကြောင့် ကလေးတွေ၏ ကိစ္စမှာ ခေတ္တသော် ဇာတ်မြှုပ်ထားရ သည်။

'အသေအချာမှ အသေအချာ မေးလဲ မေး၊ ပြောလဲ ပြောပါသဟာ၊ သူကလဲ နေပါဦး၊ ဆိုင်းပါဦးပဲပေါ့၊ သူတို့ကိစ္စတွေ ပြီးမှ ဒီကိစ္စလုပ်ပါတဲ့'

'သူတို့ကိစ္စ ဆိုတာက ဘာတုန်းကွ' ကိုလူမောင်က မေးလိုက်၏။

'ဂျပန်ကို ခံချဖို့ ပြောနေတာပေါ့ လူမောင်ရာ'

'ယောက်ျားတွေက ခံချတယ်ဆိုတာက ဟုတ်ပါသေးရဲ့တော်၊ ဒင်းတို့ က မိန်းကလေးတန်မဲ့ နည်းနည်းမှ မကြောက်ကြဘူး ထင်ပါရဲ့တော်'

'အခြေအနေကတော့ အဲဒီအတိုင်းပဲ လူမောင်၊ ငါတော့ မင်းကောင် လှချောကို သိပ်လဲ ကန့်ကွက်မနေတော့ဘူး၊ အေး တစ်ခုရှိတယ် မင်းတို့ ဒီ ကိစ္စလုပ်ကြမယ်ဆိုရင်လဲ သတိထားပြီး ပိပိရိရိ လုပ်ကြဖို့လိုတယ်၊ ဂျပန်က များ သတင်းရသွားရင် ဒုက္ခပဲလို့ ပြောလိုက်တာပဲ၊ အဲဒါပဲကွာ'

ကိုဖိုးကျော့၏ စကားအဆုံးတွင် သူတို့သည် စကားထပ်မဆက်ကြဘဲ ငြိမ်နေကြပြန်သည်။ ကိုလူမောင်သည် ငြိမ်သက်စွာ တွေးတောစဉ်းစားရာမှ လမ်းဆီသို့ငေးနေမိသည်။ ထိုအခိုက်၌ပင် ကဇင်းငူရွာမှ ကရင်ယောက်ျား လေးဦး သူ့အိမ်ရှေ့မှ ဖြတ်သန်းကာ ကဇင်းငူဘက်သို့ သွားနေကြသည်ကို တွေ့ရသည်။ သူတို့လည်း လှချောတို့ သခင်လှမောင်တို့နှင့် တစ်ကျိတ်တည်းသမားတွေဟု ကိုလူမောင် အကဲခတ်မိ၏။

'ဒါထက် ဖိုးကျော့၊ တို့များရွာက သူကြီး ဦးသီဟကကော သူ့အနေနဲ့ မသိဘူးလား' ကိုလူမောင်သည် သူ့အတွေးအတော်များကို ရပ်လျက်မေးသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'လှမောင်နယ်ကွာ၊ သူကလဲ တစ်ဥဏ်တည်းပေါ့ကွာ၊ ဒါပေမဲ့ ဦးသိဟ က ဣန္ဒြေမပျက်အောင် နေတယ်လေ၊ တကယ်လို့ ဂျပန်တွေလာရင်လဲ သူက ထိုက်သလောက် ဟန်မပျက်အောင် နေမယ်ဆိုတဲ့ သဘောနဲ့ တူတယ်ကွ'

'အင်း အခြေအနေက တစ်မျိုးတော့ ပြောင်းသွားပြီထင်တယ်၊ ဒါကြောင့် သခင်လှမောင်တို့ သခင်ဘခွေးကြီးတို့ပါ ပါနေကြတာကိုး၊ မြို့ပေါ်မှာလဲ အရင်ကနဲ့ မတူတော့ဘူး၊ ဂျပန်တွေကို သိပ်မမြင်ရ မတွေ့ရပြန်ဘူးကွ'

သူတို့ သုံးဦးမှာ စကားဆက်ပြတ်သွားကြပြန်သည်။ ကိုလှမောင်မှာ ဂျပန်များနှင့် ပတ်သက်သော ရက်စက်ဆိုးသွမ်းမှုများကို အမျိုးမျိုးအဖုံဖုံ တွေးတောနေပြန်သည်။ ဂျပန်တွေနှင့် လက်ပွန်းတတီးဆိုသလို နေထိုင်ခဲ့သော သူ၏ ချွေးတပ်သားဘဝကို ပြန်ပြောင်း အမှတ်ထင်မိပြန်သည်။ ဤလို သူကြုံတွေ့ရင်ဆိုင်ခဲ့ရသော ဖြစ်ကြောင်းဖြစ်ရပ်များသည် သေသည်၏ အဆုံးထိ အမှာရှုတ်ထင်ကျန်ရှိနေမည့် မမေ့မပျောက်နိုင်သော ဖြစ်ကြောင်း ဖြစ်ရပ်များသာ ဖြစ်သည်။

'အေး ဒီကိစ္စ ငါခပ်အေးအေး စဉ်းစားကြည့်ဦးမယ်ကွာ၊ သိပ်စိတ်မငယ်ပါနဲ့၊ ပူတာလဲ ပူတာပေါ့။ ဒါပေမယ့် ခက်နေတာက အများက ဒီကိစ္စ စိတ်အားထက်သန်နေတယ်၊ အဲဒီအခါမှာ တို့က ကပျက်ယပျက် လုပ်သလို ဖြစ်နေပြန်ရင်လဲ မကောင်းဘူးပေါ့'

ကိုဖိုးကျော့က ထိုစကားကို အတော်စဉ်းစဉ်းစားစားနှင့် ပြောလေသည်။ ဒီလိုကိစ္စမျိုး ဒီလိုနေရာမျိုးတွင် လှချောအဖေ ကိုဖိုးကျော့သည် စဉ်းစားချိန်ဆနိုင်သူ တစ်ယောက်ဖြစ်သည်။ နောက်တော့ ကိုဖိုးကျော့က ကိုလှမောင်ထက်လည်း အမြင်ကျယ်ပုံရှိသည်။ အကြောင်းသိဖြစ်သော ကိုလှမောင်မှာ ကိုဖိုးကျော့ ပြောသည့် စကားကို လိုက်နာရန် အသင့်ဖြစ်နေသည်။

နောက်ထပ်မံ၍ ပြောကြသော စကားများမှာ ကိုဖိုးကျော့ကသာ ဒိုင်ခံ၍ ပြောသွား၏။ ငြိမ်းမယ်မှာ နောက်ဖေးမီးဖိုခန်းသို့ ထသွား၍ ညစာအတွက် ချက်ရေးပြုတ်ရေး စီမံလေသည်။ မကြာမီ အချိန်တွင် ကိုဖိုးကျော့သည် ကိုလှမောင်နှင့် ငြိမ်းမယ်တို့အား နှုတ်ဆက်၍ ပြန်သွားတော့၏။

ပြဿနာများမှာ ယခုရက်ပိုင်းနှင့် လပိုင်းအတွင်းလောက်ပင် ပေါ်ပေါက်လာလိမ့်မည်ဟု ကိုလှမောင်တွေးတော ချိန်ဆမိ၏။ ဤသို့ ချိန်ဆနိုင်ခြင်းမှာ အခြားကြောင့်မဟုတ်၊ သူတို့ ပေတောကုန်းမှ လူများနှင့် ကဇင်ငှမှ ရွာသားများသည် တပူးတွဲတွဲ တကျိတ်ကျိတ် လုပ်နေသည်သာမက ညောင်ပင်ကွင်းနှင့်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မြတ်လှချောင်းရွာသားများကိုပါ တွေ့နေရသည်။ မြတ်လှချောင်းမှ စံမောင်တို့ ညီအစ်ကိုသည် လှချောနှင့် တပူးတွဲတွဲလုပ်နေသလို ညောင်ပင်ကွင်းမှ ကိုစံမင်း၊ ကိုပေါက်နိုင်စသော ရွာခေါင်းများသည် သူတို့ရွာမှ ရွာဆော်ကိုမြတ်ကျော်နှင့် တပူးတွဲတွဲ လုပ်နေပြန်သည်။ ထိုသူအားလုံးသည် အရင်အချိန်အခါများကထက် ချစ်ချစ်ခင်ခင် ဖြစ်နေကြဟန်တူ၏။

ကိုလှမောင်သည် တောင်တောင်မြောက်မြောက် တွေးတောနေမိရာမှ အိမ်နောက်မီးဖိုဆီမှ ငြိမ်းမယ်၏အသံကို ကြားလိုက်သဖြင့် မီးဖိုဆီသို့ ထလျှောက်ခဲ့သည်။ မီးဖိုဆောင်နောက်ရှိ ရေစင်တွင် တစ်စုတဝေးထိုင်နေကြသော မိန်းကလေးများကို တွေ့ရ၏။ သူ့သမီး မိဒေါင်း တစ်ဖက်အိမ်မှ မြခက်နှင့် စောခွေလိပ်၏သမီး ထိပ်ပန်းတို့အပြင် အခြား သူမသိသော ကရင်မိန်းကလေး ၄ ယောက်တို့နှင့် ညောင်ပင်ကွင်းမှ ကလေးမတွေလည်း ပါသည်။ သူတို့ ခေါင်းတွင် မျက်နှာသုတ်တဘက်နှင့် ပုဆိုးပိုင်းများကို ရစ်ပေါင်းထားသည်။ အားလုံးကို ရုတ်တရက် ကြည့်လျှင် လုပ်ငန်းခွင်မှ တစ်စုတဝေးပြန်လာကြသူတွေနှင့် တူလှသည်။

'လုံမလေး ညည့်သည်တွေ အိမ်ပေါ်ခေါ်မှပေါ့'

'နေပါစေ ကျွန်မတို့ ခုသွားကြမှာပဲ၊ ရေတော်လို့ ရေဝင်သောက်တာပါ' ကရင်မလေးတစ်ယောက်က ထိုကဲ့သို့ ပြောလိုက်သည်။ ငြိမ်းမယ်နှင့် မိဒေါင်းတို့သည် သောက်ရေအိုးမှ ရေများကို တစ်ခွက်ပြီးတစ်ခွက် ခပ်ပေးနေသည်။

ကိုလှမောင်သည် ထိုနေရာတွင် ဆက်လက် မနေတော့ပေ။ အပြင်သို့ လှည့်ထွက်ခဲ့၏။ သူအိမ်ရှေ့ဘက်သို့ရောက်သည့်အချိန်၌ပင် ထိပ်ပန်းနှင့်အခြား ကရင်မလေးများ အိမ်ဘေးမှ ပတ်၍ အိမ်ရှေ့လမ်းပေါ်သို့ ခပ်သွက်သွက် ထွက်သွားသည်ကို တွေ့လိုက်၏။ နောက်ထပ်၍ ဘယ်သူတွေများ ထွက်လာဦးမလဲဟု စောင့်ကြည့်နေပေမယ့် မည်သူမျှ ထွက်မလာတော့ပေ။ သူတို့အိမ်ရှေ့လမ်းမှ တချို့ အိမ်နောက်ဖေး လမ်းမှတစ်သွယ် လူခွဲလမ်းခွဲ ပြန်သွားကြဟန်တူသည်။ ကိုလှမောင်မှာ သူတို့အစား စိတ်မောစိတ်ပန်းဖြစ်မိ၏။

အတန်အချိန်ကြာခဲ့သော် သခင်လှမောင်တို့ လူသိုက် အရှေ့ပေတောမှ ပြန်လာသည်ကို တွေ့ရပြန်သည်။ လှချောကိုတော့ မတွေ့ရချေ။ သခင်လှ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မောင်တို့လူသိုက်မှာ အိမ်ရှေ့လမ်းပေါ်မှ သူ့ကို အသံပြု နှုတ်ဆက်ကာ လျှောက်သွားသည်။ သူ့အိမ်သို့ကား ဝင်လိမ့်မလား အောက်မေ့မိပေမယ့် မဝင်ရောက်တော့ပေ။

❑

## [၁၆]

## ဖက်ဆစ်တော်လှန်ရေး

လမိုက်၍ ကြယ်ရောင်ကလေးများသာရှိသော ညတစ်ည ဖြစ်၏။

အချိန်က စောသေးသဖြင့် ကိုလှမောင်နှင့် ငြိမ်းမယ်တို့ ဇနီးမောင်နှံသည် အိပ်ခန်းတွင်းသို့ မဝင်ကြသေးဘဲ အိမ်အပြင်ခန်းတွင် လဲလျောင်းနေကြသည်။

ကိုလှမောင်သည် သူ့ဇနီး ငြိမ်းမယ်အား ချွေးတပ်စခန်းတွင် သူကိုယ်တိုင် တွေ့ကြုံခဲ့ရသော ဆင်းရဲဒုက္ခအပေါင်းတို့ကို ပြန်ပြောင်းကာ ပြောကြားနေသည်။ ငြိမ်မယ်သည် ဆေးပေါ့လိပ်ကို မီးတရဲရဲဖွာရင်းမှ သူ့ယောက်ျား ကိုလှမောင် ပြောကြားနေသော လောကငရဲ၏ အကြောင်းများကို နားထောင်နေရာမှ ဝမ်းနည်းကြေကွဲခြင်း ဖြစ်မိသည်။

ကိုလှမောင် ကြုံတွေ့ခဲ့ရသော ဆင်းရဲဒုက္ခအပေါင်းတို့အတွက် သူ့ကိုယ်နှင့်ဆက်၍ တွေးတော ခံစားကြည့်မိသည်။ ဂျပန်တို့ချွေးတပ်ဆွဲသွားခြင်းကို ခံရရှာသော ရွှေလှကြီး၊ ကောင်းဖံ၊ မြဒင် စသူများကိုလည်း မြင်ယောင်မိသည်။ ဤအထဲကမှ ကောင်းဖံတစ်ယောက်မှာ သေကောင်းသေလေပြီဟု ငြိမ်းမယ်ကကော ကိုလှမောင်ပါ တွက်ဆမိကြ၏။ သူတို့သာလျှင်မဟုတ် သူကြီး ဦးသီဟနှင့် တစ်ရွာလုံးက ဤသို့ပင် ယူဆထားကြသည်။

နဂိုကမှ ကိုယ်ယောင်ကိုယ်ဖော ရောဂါရှိနေသော ကောင်းဖံမှာ ယခုလောက်ရှိ အသက်နဲ့ကိုယ် မြဲနေလိမ့်မည်ဟု ဘယ်သူကမျှ မယူဆကြပေ။ ကိုလှမောင်ပင် ချွေးတပ်စခန်းမှ ပြန်ခဲ့ရပြီးနောက် ဝေဒနာတစ်ခု စွဲကပ်လာသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သူ့ခေါင်းက ဆံပင်မှာလည်း ယခင်ကလို ဆံပင်ရှည်မဟုတ်တော့၊ ခေါင်းတုံး ရိတ်ထားလျက် မကြာခဏ အဖျားတက်တတ်သော ဝေဒနာရလာသည်။

ချွေးတပ်အကြောင်းကို ပြောပြီးနောက် သူတို့သည် ရွာကြောင်း၊ ရပ်ကြောင်းနှင့် ဂျပန်များအကြောင်း ပြောကြပြန်သည်။ အမှန်တော့ စကားရောက်တတ်ရာရာပင်။ သူတို့နှစ်ဦးစကားပြောနေပေမယ့် မိဒေါင်းတစ်ယောက်မှာ ခပ်စောစောကပင် သူ့အိပ်ခန်းတွင်း ဝင်သွားသည်။ သူတို့နှစ်ဦးက မိဒေါင်းကို အိပ်ခန်းတွင်း၌ အိပ်နေပြီဟု ယူဆကြ၏။ အမှန်က မိဒေါင်းတစ်ယောက်ကား သူတို့ထင်မြင် ယူဆသလို မအိပ်နိုင်သေးပေ။ အိမ်နောက်ကို လှည့်ဆင်းကာ သူ့အဖော် သူ့အပေါင်းအသင်းများနှင့် တိုးတိုးတိတ်တိတ် တိုင်ပင်နေခြင်းသာ ဖြစ်သည်။

လှချောနှင့် အရှေ့ပေတောကုန်းသား သုံးယောက်တို့သည် ဝါးရုံပင်အောက်တွင် မိဒေါင်းတို့ မြခက်တို့နှင့် ပြောဆိုတိုင်ပင်ပြီးနောက် ရိုင်ဖယ်ကိုယ်စီလွယ်ကာ ရွာအပြင် လှည်းလမ်းအတိုင်း မြစ်ကျိုးကွေ့သို့ ခပ်သွက်သွက်ထွက်သွားကြသည်။

လှချောနှင့် သူ့လူများသာမဟုတ်၊ ကိုမြတ်ကျော်၊ လွန်းတင်နှင့် အနောက်ပေတောကုန်းရွာသားများမှာလည်း အမှောင်ရိပ်ခိုကာ သေနတ်ကိုယ်စီဖြင့် မြစ်ကျိုးဘက်သို့ ထွက်ခွာသွားလေပြီ။ သူတို့သူတို့နည်းတူ မြတ်လှချောင်းရွာသားများနှင့် ညောင်ပင်ကွင်း ရွာသားအချို့လည်း လက်နက်ကိုယ်စီကိုင်ကာ မြစ်ကျိုးကွေ့သို့ ဆင်းသက်သွားကြသည်။ ကဇင်းငူမှ စောခွေလိပ်၏ လူများမှာလည်း ဤနည်းအတိုင်း ဖြစ်ကြသည်။

သူတို့၏အစီအစဉ်မှာ မြစ်ကျိုးကွေ့မှ တက်လာသော စစ်ဆုတ် ဂျပန်များကို ထိုနေရာဆိပ်ကမ်းမှ ချောင်းမြောင်းတိုက်ခိုက်ရန်ဖြစ်၏။ သူတို့အားလုံးကို ခေါင်းဆောင်ပြုသူမှာ သခင်လှမောင်နှင့် သခင်ဘခွေးကြီးတို့ ဖြစ်ကြသည်။

သခင်လှမောင်မှာ ကဇင်းငူ၊ ပေတောကုန်း၊ မြတ်လှချောင်း၊ ညောင်ပင်ကွင်း စသော ကျေးရွာများအတွက် တော်လှန်ရေးသမား၊ ပျောက်ကျားအဖွဲ့အစည်းများ၏ တာဝန်ခံ တစ်ဦးဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဗမာ့တော်လှန်ရေးတပ်မတော်သည် ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခြင်းပြုရာ၌ နယ်မြေဒေသအသီးသီးအတွက် တော်လှန်ရေးတာဝန်ခံများကို စီမံခန့်ခွဲညွှန်ကြားခြင်းပြုရန် တာဝန်ပေး

အပ်လေသည်။ သခင်လှမောင်မှာ ထိုနယ်မြေဒေသများအတွက် တာဝန်ခံတစ်ယောက်ဖြစ်လေရာ ခပ်စောစောအချိန်ကပင် တော်လှန်ရေး ရဲဘော်ရဲမေများအား သစ်တောကြိုးဝိုင်းအတွင်း သေနတ်ပစ်ပုံ၊ တိုက်ခိုက်ပုံ၊ ချီတက်ပုံနှင့် ပြောက်ကျား စစ်ဆင်နည်းများပါ သင်ကြားပေးပြီးဖြစ်သည်။ သို့ကြောင့် လှချော၊ လွန်းတင်၊ ကိုပန်းမွေး၊ ကိုမြတ်ကျော် စသည့်သူတွေသာမက မိဒေါင်းတို့၊ ထိပ်ပန်းတို့ပင် တိုက်ရေးခိုက်ရေးနှင့် သေနတ်ပစ်ပုံပစ်နည်းများကိုပါ အထိုက်အလျောက် နားလည်ပြီးဖြစ်ကြသည်။

ရေကြောင်းမှ စစ်ဆုတ်လာသော ဂျပန်များကို ပြောက်ကျားရဲဘော်များက မြစ်ကျိုးကွေ့မှ ချောင်းမြောင်းတိုက်ခိုက်နေချိန်များတွင် ရွာတွင် ကျန်ရှိသော အမျိုးသမီးများက ရွာတာဝန်ကို ထိန်းသိမ်းထားရမည်။ မိဒေါင်း၊ မြခက်နှင့် အခြားသော ပေတောကုန်းရှိ အမျိုးသမီးတစ်စုက ကိုယ့်ရွာကိုယ် တာဝန်ယူရသလို ထိပ်ပန်းကဲ့သို့သော ကရင်အမျိုးသမီးများမှာလည်း ကိုယ့်ရွာကိုယ် တာဝန်ယူ စောင့်ရှောက်ရသည်။

ထို့ကြောင့်ပင် ကိုလူမောင်နှင့် ငြိမ်းမယ်တို့ ဇနီးမောင်နှံက တာဝန်မရှိ၍ ဘာအကြောင်းမျှ မသိဘဲ စိတ်အေးလက်အေး နေနိုင်သလောက် တာဝန်ရှိသော မိဒေါင်းတစ်ယောက်မှာ ညမိုးချုပ်သည်ဆိုလျှင်ပင ဤကိစ္စ ဤတာဝန်အတွက် အားတက်သရော လုံးပမ်းနေရသည်။

'ကျုပ်တို့ရွာလဲ ဘာများဖြစ်မလဲ မသိဘူးတော်'

ငြိမ်းမယ်သည် ဘူ့ဆေးပေါ့လိပ်ကို ကိုလူမောင်သို့ လှမ်းပေးရာမှ ပြောလိုက်သည်။

'ကံတရားအတိုင်းပေါ့ကွယ်၊ သတ္တဝါတစ်ခု ကံတစ်ခုပဲ'

ကိုလူမောင်က ခပ်လေးလေး ခပ်အေးအေးပြောလိုက်သည်။ ခုတလော သူသည် အရင်ကလောက် စိတ်မညစ်တော့ပေ။ သူကြီး ဦးသီဟနှင့် သခင်လှမောင်တို့ကိုယ်တိုင် တော်လှန်ရေး ကိစ္စများတွင် ပါဝင်နေကြောင်း သိရသဖြင့် သူစိတ်သက်သာရာရခဲ့သည်။ ဒီလူတွေက အမြော်အမြင်ကြီးသူများ စဉ်းစားချိန်ဆတတ်သူများဟု သူယူဆထားသည်။

ထိုအကြောင်းများနှင့်တစ်ဆက်တစ်စပ်တည်း ကိုမြတ်ကျော်၊ ကိုပန်းမွေး၊ ကိုချစ်မွေးစသော သူများပါ ဤကိစ္စတွင် ပါဝင်နေကြသည်ကို သိရသဖြင့်လည်း သူ စိတ်ဖြောင့်လက်ဖြောင့်ရှိရသည်။ ထိုသူများမှာ သူနှင့် တန်းတူရည်တူ အသက်အရွယ်တူများ ဖြစ်ကြသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'မင်း သမီးလဲ ဒီအထဲ ပါနေတာပဲ ငြိမ်းမယ်'

'ပါတာကိုလဲ မပြောနဲ့တော်၊ အားလုံးက စိတ်ထက်သန်နေတာကို၊ ရိုးရိုးပြောရရင် ကျုပ်ကသာ စိုးရိမ်လို့ ပြောနေရတာ၊ အဘိုးနီဒွေးတောင် အသက်ကြီးနေလို့ ခပ်ရွယ်ရွယ်ဆိုရင် သူလဲ ပါမှာပဲတော့'

အချိန်အတန်ငယ် ညဉ့်နက်လာသည်။ သူတို့ဇနီးမောင်နှံမှာ စကားပြောအတန်ငယ် လေးလာသည်။ သူတို့အိပ်ခန်းတွင်း ဝင်မည်အလုပ်၌ပင် မြစ်ကျိုးကွေ့ဆီမှ အဆက်မပြတ်ပေါ်ထွက်လာသော သေနတ်သံများကို ကြားလိုက်ရသည်။

'ဟဲ့ ငြိမ်းမယ် သေနတ်သံတွေဟ'

ကိုလူမောင်သည် အထိတ်တလန့် ပြောရာမှ ထလိုက်သည်။ သေနတ်သံများမှာ အဆက်မပြတ် ပေါ်ထွက်လာသည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပစ်ခတ်လိုက်သော သေနတ်သံများ ဖြစ်၏။

'အသာငြိမ်ငြိမ် နားထောင်စမ်းပါတော်'

ငြိမ်းမယ်သည် တုံးလုံးလှဲနေရာမှ မထဘဲ ပြောလိုက်သည်။ ကိုလူမောင်သည် ငြိမ်းမယ်အနီး ပြန်ထိုင်ချလိုက်၏။ တစ်ရွာလုံးမှာ တိတ်ဆိတ်နေသည်။

'တံခါးတွေ ပိတ်ထားကြမှ ထင်တယ်'

'အဘကလဲ အဘရယ် အသာ နားထောင်နေစမ်းပါဦး'

မိဒေါင်းသည် ထိုစကားကို ပြောရင်းက အိမ်ရှေ့ဘက်သို့ ထွက်လာသည်။ နောက်တော့ သူတို့အနီးတွင် ဝင်မထိုင်ဘဲ အိမ်ရှေ့တံခါးပေါက်ဝတွင် သွားရပ်လျက် လမ်းမပေါ်သို့ မျှော်ကြည့်နေသည်။

သေနတ်သံများသည် အဆက်မပြတ်တော့ပေ။ တစ်ခါတစ်ခါ စက်သေနတ်ဆွဲသံများကိုပါ ကြားရသည်။ ထိုကဲ့သို့ စက်သေနတ်ပစ်ခတ်သံကို ကြားလိုက်ရပြီး လက်ပစ်ဗုံးပေါက်ကွဲသံကိုပါ တစ်ဆက်တည်း ကြားရသည်။

ထိုအခိုက်၌ပင် သူတို့ အိမ်ပေါက်ဝသို့ ဝင်လာသော မဲမဲသဏ္ဌာန် နှစ်ခုကို တွေ့လိုက်ရသည်။ ကိုလူမောင်ကော ငြိမ်းမယ်ပါ လှဲနေရာမှ ငေါက်ခနဲ ထထိုင်လိုက်သည်။

'မြခက်လားဟေ့'

အိမ်ပေါက်ဝမှ မိဒေါင်းက ဆီးမေးလိုက်၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'အေး လာလေ၊ ရွာထိပ်သွားကြမယ်၊ ကိုသံချောင်းနဲ့ ကိုပြူးလဲပါတယ်'

ထိုအခါမှ ကိုလူမောင်နှင့် ငြိမ်းမယ်သည် လမ်းပေါ်သို့ ကြည့်လိုက်သည်။ မဲမဲသဏ္ဌာန် ၂ ယောက်မှာ ပိတောက်ပင်အမှောင်ရိပ်အကွယ်မှ ရပ်စောင့်နေသည်။

'အဘ ကျုန်မရွာထိပ် ခဏသွားဦးမယ်'

မိဒေါင်းသည် ပြောပြောဆိုဆို အိမ်ပေါက်မှ ဆင်းလိုက်သည်။

ကိုလူမောင် စကားမဆုံးမီ ငြိမ်းမယ်က သူ့ကို လက်ကုပ်လိုက်သည်။ နောက်တော့ စကားတစ်ခွန်းကို တီးတိုးပြောလိုက်၏။

'ရှင် အသာနေစမ်းပါတော်၊ သူတို့ဟာသူတို့ တိုင်ပင်ပြီး လုပ်ကြမယ့်ဟာ၊ တားလို့ ရမှာ မဟုတ်ပါဘူး'

ကိုလူမောင်ကော ငြိမ်းမယ်ပါ အိမ်ရှေ့သို့ ဆင်းသက်ခဲ့ကြပြီး သူ့သမီး မိဒေါင်းနှင့် သူ့အပေါင်းအဖော်တစ်စု သွားရာဆီသို့ လှမ်းမျှော်၍ ကြည့်မိကြသည်။ မှောင်နေ၍ ဘာမျှ သဲသဲကွဲကွဲ မမြင်ရပေ။ သို့ရာတွင် ထိုမသဲကွဲသော ကြယ်ရောင်ကလေးများ၏ အောက်၌ လူ ၄-၅ ယောက် သဏ္ဌာန်တို့သည် ရွာထိပ်ဆီသို့ ခပ်သွက်သွက် လျှောက်သွားနေသည်ကို တွေ့မြင်ရလေသည်။

မြစ်ကျိုးကွေ့ဆီမှ ကြားနေရသော သေနတ်သံများသည် ပျောက်ကွယ်ရပ်တန့်မသွားပေ။ ရှေ့ကထက်ပိုကဲကာ ပြင်းထန်စွာ ကြားနေရသည်။ ထိုအတွင်းမှ ပြင်းပြင်းထန်ထန် တဝုန်းဝုန်း ပေါက်ကွဲလိုက်သော လက်ပစ်ဗုံးသံနှင့် တဒက်ဒက် ဆွဲလိုက်သည့် စက်သေနတ်သံကိုပါ ကြားရသည်။

အပြင်းအထန် တိုက်ပွဲဖြစ်နေပုံရသည်။ ငြိမ်းမယ်၏ စိတ်များမှာ ခပ်စောစောကလို အေးတီအေးစက် မဟုတ်တော့ပေ။ အတော်ပင်ပူပန်လာသည်။ သူ့သမီး မိဒေါင်းအတွက် စိတ်မချနိုင် စိတ်မဖြောင့်နိုင်ဘဲ ဖြစ်လာသည်။ သို့ရာတွင် ဤကိစ္စမှာ သူ့သမီးတစ်ယောက်တည်း တစ်ဦးတည်း ကိစ္စမဟုတ်ပေ။ မြခက်နှင့်တကွ အခြားအခြားသော ရွာရှိ မိန်းကလေးများပါ ပါဝင်ကြခြင်းမို့ သူ၏ ပူပန်စိတ်မောမှုကို ဖြေရဖျောက်ရသည်။

သေနတ်သံများသည် ပြင်းပြင်းထန်ထန်ပင် ပေါက်ကွဲနေ၏။ တစ်ခါတစ်ခါ မီးပွင့်မီးပေါက်များပင် ကောင်းကင်ယံသို့ ထိုးတက်လာခြင်းကို တွေ့နေရရသည်။ ဘာတွေနှင့် ဘယ်လို ပစ်ကြခတ်ကြသည်ဆိုခြင်းကိုကား သူတို့နှစ်ယောက်က မသိရှိပေ။ သို့သော် ကြားနေရသော အသံများမှာမူ ကြောက်ခမန်းလိလိ ရှိလှသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ခက်တာက ယောကျ်ားတွေက အရေးမကြီးဘူးကွာ၊ မိန်းကလေးတွေ ဆိုတော့ ခက်တယ်'

ကိုလှမောင်သည် ပစ်ဟယ်ခတ်ဟယ် အသံများကြားမှ ငြိမ်းမယ်ကို ပြောလိုက်သည်။

'မင့်သမီးတစ်ယောက်တည်း မဟုတ်ပါဘူး လှမောင်ရယ်၊ ငါ့အိမ်က မိကျွေတို့ မိငွေတို့လဲ ပါသွားကြလေရဲ့။ သူတို့က ရွာအဝင်ထိပ်ကနေပြီး လိုရ မယ်ရ စောင့်ကြမှာပါကွဲ့၊ ဒါလောက်တောင် ပူမနေပါနဲ့'

ကိုလှမောင်နှင့် ငြိမ်းမယ်သည် ထိုအသံကြောင့် နောက်သို့ ပြိုင်တူ လှည့်ကြည့်လိုက်မိသည်။ တစ်ဖက်သော အိမ်မှ ဘိုးနီဒွေးဖြစ်၏။ အဘိုးကြီးသည် သူ့အလေ့အထအတိုင်း ဆေးတံနှုတ်ခမ်းပဲ့ကို တဖျစ်ဖျစ်နေအောင် ဖွာရင်းမှ သူတို့အနီးသို့ ရောက်လာသည်။

မြစ်ကျိုးဆီမှ တိုက်ပွဲမှာ ဤအချိန်ထိ ပြင်းထန်နေဆဲ ဖြစ်သည်။ ဘိုးနီဒွေး ကိုလှမောင်နှင့် ငြိမ်းမယ်တို့ သုံးဦးသည် နောက်ထပ်မံ၍ တစ်စုံတစ်ရာ စကားမဆက်နိုင်ကြဘဲ မြစ်ကျိုးကွေ့ဆီသို့ မျှော်ကြည့်နေမိသည်။

သူတို့ သုံးဦးစလုံး၏ စိတ်ထဲတွင် ပူပန်မှုတစ်ခုနှင့် တူညီသော ဆုတောင်းမှုတစ်ခုတော့ ရှိကြသည်။ တော်လှန်ရေးသမားတွေ အရေးအခင်း မလှ၍ ဂျပန်တွေများ အခြေအနေ သာသွားလေက တစ်ရွာလုံး ဒုက္ခတွေ့ရပေမည်ဟူသော စိုးရိမ်မှုနှင့် ဂျပန်တွေ အရေးနိမ့်၍ တော်လှန်ရေးသမားတွေ အောင်မြင်ပါစေဟူသော ဆုတောင်းမှုတစ်ခု ဖြစ်သည်။

ဤအတွင်းကပင် ကိုလှမောင်သည် အတွေးအတောတစ်ခုကို တွေးတောခြင်း ပြုလိုက်မိသည်။ ထိုအတွေးအတောမှာ တခြားမဟုတ်ချေ။ လူထု၏ ဒဏ်ပြန်မှု ဒဏ်ခတ်မှုဆိုသည်မှာ အတော်ပင် ထိတ်လန့်စရာ ကြောက်ရွံ့စရာ ကောင်းလှပါကလားဟူသော အတွေးအတောပင် ဖြစ်သည်။

တစ်ဖက်အိမ်မှ အဘိုးကြီး ဦးနီဒွေး၏ သမီးနှစ်ယောက်ပင် ပါသွားကြကြောင်း သိရသဖြင့် ထိုအတွေးကို သူတွေးတောမိခြင်း ဖြစ်သည်။

ဂျပန်တွေကို သူတို့သည် အစကနဦးက လေးလေးစားစားနှင့် အမြတ်တနိုး ဆက်ဆံခဲ့သည်။ ဤလို သူတို့တစ်တွေက လူလိုသူလို ဆက်ဆံခဲ့ပေမယ့် ဂျပန်တို့ကား လူမဆန်ဘဲ ရိုင်းပျလှသည်။ လူတွေကို ကျွဲနွား တိရစ္ဆာန်ပမာ သဘောထားခဲ့၏။ လက်သည်းခွံခွာသည်၊ ထုတ်တန်းတွင် ဇောက်ထိုးဆွဲကာ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကျင်စက်နှင့် တို့သည်။ ရေနွေးပူလောင်းသည်။ သွေးပွက်ပွက်အံအောင် စစ်ဖိနပ်ဖြင့် ကန်ခြင်း၊ ရိုက်နှက်ခြင်းပြုခဲ့သည်။ အဆိုးရွားဆုံး အရက်စက်ဆုံးနည်းများမှာ စအိုတွင်းသို့ သံချောင်းဖြင့် ထိုးကလိကာ စစ်ဆေးမေးမြန်းခြင်း နှိပ်စက်ကလူ ပြုမူခြင်းပင် ဖြစ်သည်။

အသက်ပေါင်းများစွာသည် ဂျပန်တွေ နှိပ်စက်သတ်ဖြတ်ခြင်းဖြင့် ခွေးသေ ဝက်သေ သေခဲ့သည်။ ပင်လယ်ဝေလှမျှသော သွေးပေါင်းများစွာလည်း ယိုစီးကျဆင်းခဲ့ရသည်။ မြန်မာ့မြေတစ်ခွင်သည် ဖက်ဆစ်အာဏာရှင်စနစ်ကြောင့် သွေးအတိဖုံးလွှမ်းလျက် ကြည့်ရက်စရာ မြင်ရက်စရာ မရှိအောင် ဖြစ်ခဲ့ရသည်။

သို့တစေ ထိုသေဆုံးခဲ့ပြီးသူများနှင့် သွေးပွက်ပွက်ကျဆင်းခဲ့ရသူများ၏ အဆက်အနွယ်များသည် ဤဖြစ်ရပ် ဤဖြစ်ကြောင်းများကို မေ့ပျောက်သွားကြခြင်းတော့ မရှိ။ အခွင့်မသာ၍ ခေါင်းငုံ့နေခဲ့ရာမှ ယခုကား အခွင့်သင့်၍ လက်တုံ့ပြန်ဒဏ်ခတ်ကြလေပြီဟု ကိုလှမောင် တွေးမိသည်။

တစ်ဖက်အိမ်မှ ကုလားကြီးကို ချေးတပ်ဆွဲသွားသည့် အခဲမကြေမှုကြောင့် သူ့နှမ မိကျွေနှင့် မိငွေတို့သည် ဂျပန်ဖက်ဆစ်ကို တော်လှန်ခြင်းကိစ္စ၌ ပူးပေါင်းပါဝင်ခြင်း ပြုကြသလို ပြားကြီးအတွက် အခဲမကျေသော မြခက်ကလည်း သူ့အဖေအတွက် လက်စားချေလေပြီ။ သည်လိုပင် ရှိလိမ့်မည်။ သူ့သမီး မိဒေါင်းသည် သူ့မောင် ခွေးညိုအတွက် ဂျပန်တွေကို လက်တုန့်ပြန်ပေမည်။

ကိုလှမောင် ကြက်သီးဖျန်းဖျန်းထမိ၏။ ညဉ်းပန်းနှိပ်စက်သူတို့၏ ရှေ့ရေးသည် ရင်လေးဘွယ်ရာ အတိပါတကား။ ကိုလှမောင် ဟင်းခနဲ သက်ပြင်းချမိလေသည်။

မကြာမီ မြစ်ကျိုးကွေ့မှာ သေနတ်သံများ တစ်စစ ရပ်စဲသွားသည်။ သူတို့သုံးယောက်စလုံး တစ်ယောက်ကိုတစ်ယောက် စကားမဆို မပြောနိုင်သေးကြသေးချေ။ အိမ်ရှေ့မှ ပိတောက်ပင်သည် လေတိုးသဖြင့် တဖြန်းဖြန်းမြည်လာသည်။ ယခုအချိန်၌ကား ပိတောက်ပင်မှ ဤအသံသည် ကိုလှမောင်အဖို့ ကြောက်စရာ လန့်စရာ စိတ်နှလုံး မချမ်းမမြေ့ဖွယ်ရာ မဟုတ်တော့ပါချေ။ အောင်ပွဲတစ်ခု၏ ဩဘာလက်ခုပ်သံများနှင့် တူလှလေသည်။

*

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



တိုက်ပွဲတစ်ခု ပြီးဆုံးသွားခြင်း၏ အထိမ်းအမှတ် ဖြစ်ဟန်တူသည်။

ရွာကလေးသည် အတန်ငယ်လှုပ်လှုပ်ရွရွ ဖြစ်ကာ အသက်ဝင်လာ၏။ ရွာလယ်လမ်းကလေးပေါ်မှ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ လျှောက်လာသော မဲမဲသဏ္ဍာန်များကို တွေ့ရသည်။

တကျိုတ်ကျိုတ်နှင့် စကားပြောလာသံများကိုလည်း ကြားလိုက်ရ၏။

ဘာတွေ ပြောကြဆိုကြသည်ကို သဲသဲကွဲကွဲ မကြားရသည်တိုင် သူတို့ ပြောသောစကားသံများမှာ အားပါးတရရှိလှသည်။ တချို့က ခပ်အုပ်အုပ်ရယ်လိုက်ကြသည်။

လူဆက်သည် မပြတ်ပေ။ လေးယောက်တစ်တွဲ ငါးယောက်တစ်တွဲ သမားများကိုလည်း မြင်နေရသည်။ နောက်ဆုံး သူ့အိမ်ပေါက်တည့်တည့်သို့ ဝင်ရောက်လာသူများမှာ ကိုမြတ်ကျော်၊ လှချော၊ မြခက်နှင့် မိဒေါင်းတို့ လေးယောက်ဖြစ်ကြသည်။

လေးယောက်စလုံးမှာ လူကိုယ်စီသေနတ်ကိုယ်စီ ဖြစ်နေသည်။ ကိုလှမောင်သည် လှချောနောက်ပါးမှ သူ့သမီး မိဒေါင်းကို ကြည့်ကာ အံ့သြနေမိသည်။

'အံမယ် အိမ်ပေါက်ဝ ထွက်ပြီး ဘာလုပ်နေကြတာလဲ၊ ဘကြီး နီဒွေးလဲ ညဥ့်နက်လှပြီ မအိပ်သေးဘဲကို'

ကိုမြတ်ကျော်က ဆိုလေသည်။ လှချောနှင့် မိဒေါင်းတို့ကား အိမ်ပေါ်သို့ တန်းတက်သွားကြသည်။

'အခြေအနေကောင်းရဲ့လား မြတ်ကျော်'

'ဟာ အဘဒွေးနှယ် ဒီကောင်တွေ သမ္မာန်နှစ်စင်းစလုံး မြုပ်သွားတာပဲ၊ ဘယ်ခံနိုင်ပါ့မလဲဗျာ၊ ခုတစ်ကြိမ်ဟာ သူတို့ခံကြရမဲ့ အလှည့်ဗျ'

'ကောင်းပါလေ့ကွာ၊ လူထုတွေကို နှိပ်စက်လှတဲ့ အကောင်တွေ ခုတော့ ဝဋ်လည်ပြီပေါ့၊ ဒါထက် မိငွေတို့ကကောကွဲ့'

'လာနေပါပြီဗျာ၊ လာလာ အိမ်ပေါ်တက်ကြရအောင်၊ ကျွန်တော်တို့ မိဒေါင်းနဲ့ ခဏလိုက်လာတာ၊ ကျည်ဆန်နည်းနေလို့၊ ခုပဲ မြစ်ကျိုးကို ပြန်သွားရမယ်၊ သခင်လှမောင်တို့ ဟိုမှာရှိလေရဲ့'

ကိုမြတ်ကျော်သည် အားလုံးကို အိမ်ပေါ်သို့ စခေါ်သွားသည်။ အဘိုးကြီး ဦးနီဒွေးမှာ အိမ်ပေါ်တက်တော့မည့်ဆဲဆဲတွင် သူ့သမီးနှစ်ယောက်အသံကို ကြားလိုက်ရ၍ ကိုလှမောင့်အိမ်ပေါ် မတက်တော့ဘဲ သူ့အိမ်ဘက် ပြန်ကူးသွားသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



အိမ်ပေါ် မီးတိုင်ရှေ့တွင် ထိုင်မိကြမှ ကိုမြတ်ကျော်၏ မျက်နှာတွင် ချွေးများ စိုရွှဲနေသည်ကို ကိုလူမောင် သတိပြု မြင်လိုက်မိသည်။ မြခက်မှာ မိန်းကလေးတစ်ယောက်ပင် ဖြစ်သော်လည်း မျက်နှာပိုးသေ၍ ခပ်တည်တည်ရှိလှသည်။ ဤကိစ္စအတွက် သူတို့ သူတို့တစ်တွေ အဘယ်မျှ စိတ်အားထက်သန်နေကြသည်ဆိုခြင်းကို ကိုလူမောင်နှင့် ငြိမ်းမယ်တို့ ရိပ်စားမိသည်။

'ငြိမ်းမယ် ရေနွေးအဖန်လေး စားစရာလေး ရှိရင်လုပ်ပါဟယ်'

ကိုမြတ်ကျော်သည် သူ့သေနတ်ကို နဘေးသို့ချလိုက်ရင်းမှ ပြောလိုက်သည်။ နောက်တော့ သူ့ခေါင်းတွင် ပတ်ထားသော လုံကွင်းကို ဖြုတ်ကာ သူ့မျက်နှာပေါ်မှ ချွေးစီးများကို သုတ်နေသည်။

'ဟုတ်ပါရဲ့ ကိုရင်ရယ် မေ့နေလိုက်တာ'

ငြိမ်းမယ်သည် ပြောပြောဆိုဆို အိမ်နောက်ဘက်သို့ဝင်သွားပြီး မကြာမီ ရေနွေးခရားနှင့် စားစရာများကို ယူထွက်လာသည်။

'စားဖို့ကတော့ မြေပဲကြော်ပဲရှိတယ် ကိုရင်ရေ၊ ဒီဂျပန်ခေတ်လောက် အစားဆင်းရဲ အနေဆင်းရဲတာ မရှိပါဘူးတော်'

မြခက်သည် အိမ်နောက်ဆီမှနေ၍ ခေါ်လိုက်သော မိဒေါင်းအသံကြောင့် အိမ်နောက်သို့ ထသွားသည်။ ကိုလူမောင်သည် မြခက်ကို အသေအချာကြည့်မိသည်။ အာဂဟာမကလေးတွေပါကလားဟူ၍လည်း ထင်မှတ်မိသည်။ လယ်သူမတွေ ကျွဲနွားနဲ့ ဖက်ရှန်းနေသူတွေမို့ သူတို့သည် ရိုင်ဖယ်တစ်လက်ကို ခဲတောင့်ခဲယဉ်းမရှိဘဲ ပခုံးထက်၌ လွယ်နိုင်ကြသည်။ သွေးသားကောင်း၍ ကျန်းမာဖွံ့ဖြိုးသည့် တောသူမတွေမို့လည်း တုတ်ခိုင်မာကြောလှသည်။ သူ့အမေ ဖွားသင်သည် သူ့သမီးအတွက် စိုးရိမ်ကြောင့်ကြချက် မရှိပါကလားဟူ၍ ကိုလူမောင် တွေးလိုက်မိသည်။

'ကိုရင် ရေနွေးကြမ်းသောက်နေဦးဗျာ၊ ကျုပ်နောက်ဖေးလိုက်သွားဦးမယ်'

ကိုလူမောင်သည် ပြောပြောဆိုဆို ထိုင်ရာမှထလျက် အိမ်နောက်သို့ ဆင်းသက်သွားသည်။ သူသည် မီးရောင်ကလေး ခပ်အုပ်အုပ်မြင်နေရသော အိမ်နောက် ဝါးရုံတောဆီသို့ လိုက်သွားလေသည်။

ထိုနေရာသို့ သူရောက်သွားသည့်အခါ လှချောနှင့် မိဒေါင်း၊ မြခက်တို့ သာမက ကိုပန်းမွေးနှင့် သံချောင်းကိုပါ တွေ့လိုက်ရသည်။ သူတို့သည် ဘယ်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



အချိန်က လျှို့ဝှက်ထားမှန်း မသိရသော သေနတ်ကျည်ဆန်များကို လွယ်အိတ် ၃–၄ အိတ်အတွင်း ထည့်နေကြသည်။

'အဘက ဘာလုပ်မလို့ လိုက်လာရပြန်တာလဲ အဘရဲ့'

သူ့သမီး မိဒေါင်းသည် သူ့ကိုမြင်လိုက်သည့်အခါ အပြစ်တင်သလို ပြောလိုက်သည်။

'အဘက ဘယ်သူ့ပြောမှာလိုက်လို့ သမီးရယ်၊ ကူလုပ်ပေးချင်ပေးရအောင် လိုက်လာတာဟ'

မိဒေါင်းသည် နောက်ထပ်၍ မည်သို့မျှ မပြောတော့ပေ။ သူတို့အားလုံးသည် အတန်ကြာ ကိစ္စများပြီးသည့်နောက် မူလနေရာကို ခြေရာလက်ရာ မပျက်စေဘဲ ပြန်လည်ပြုပြင်ကြသည်။

ဤကိစ္စများ ပြီးစီးသွားသည့်နောက် လှချောသည် ဝါးရုံပင်များအောက်မှ နေကာ အသံခပ်အုပ်အုပ်ဖြင့် ခြံနောက်သို့ လှမ်းပြောလိုက်သည်။

'လာကြတော့မျိုး၊ ကိစ္စပြီးပြီ'

ထိုအခါမှ ခြံနောက်ကွယ်တွင် စောင့်နေသော လွန်းတင်နှင့် ကိုပြုံးသည် သေနတ်ကိုယ်စီဖြင့် ပေါ်လာသည်။ ကိုလူမောင်သည် သူတို့တစ်တွေ၏ လုပ်ပုံကိုင်ပုံ စေ့စပ်သေချာပုံကို သဘောပေါက် သဘောကျမိသည်။ လျှို့ဝှက်ထားသော နေရာမှ ကျည်ဆန်ကို ထုတ်ယူနေခိုက် လွန်းတင်နှင့် ကိုပြုံးတို့မှာ ဘေးဆီးရန်ကာ ကင်းစောင့်သလို စောင့်နေရခြင်းဟု သူ နားလည်လိုက်သည်။

တကယ်ဆိုတော့ တို့တောသူတောသားဆိုသူတွေသည် ဤလို အရေးအခင်းများ၌လည်း လူညံ့တွေ လူရှော်တွေ မဟုတ်ပါကလားဟူသော အတွေးဖြင့် ကိုလူမောင် ဘဝင်မြင့်မိသည်။

ထိုညအဖို့ တော်လှန်ရေးရဲဘော်များသည် မြစ်ကျိုးကွေ့သို့ ထပ်ဆင်းကြသည်။ မိဒေါင်းတို့ မြခက်တို့ မိန်းကလေးများမှာမူ မြစ်ကျိုးကွေ့သို့ လိုက်မသွားကြပေ။ သူတို့ကလည်း သူတို့တာဝန်အတွက် ရွာတွင် နိုးနိုးကြားကြား ရှိနေရသည်။ သူတို့နှင့် အတူတွဲကာ ရွာတွင် ကျန်ရှိသူများမှာ သံချောင်း၊ ချစ်မွှေးနှင့် ကိုပြုံးတို့ ဖြစ်ကြသည်။

သူကြီး ဦးသိဟမှာ ဣန္ဒြေမပျက်ပင် ရှိနေသည်ဆိုပေမယ့် တော်လှန်ရေးသမားများနှင့် တိုးတိုးတိတ်တိတ် ခေါင်းချင်းရိုက်နေကြောင်း ကိုလူမောင်သိရသည်။ နောက်တော့ သခင်လှမောင်၊ သခင်ဘချွေးကြီးနှင့် တော်လှန်ရေးသမား

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ရဲဘော်များအတွက် စားရေးသောက်ရေး တာဝန်များကို သူကြီးအိမ်က အများဆုံး တာဝန်ယူထားရကြောင်း သိရသည်။

ဤကိစ္စများကို ယခုမှသာ မိဒေါင်းက သူ့အဖေ ကိုလူမောင်နှင့် ငြိမ်းမယ်တို့ကို လုံးစေ့ပါတ်စေ့ ပြောကြားသည်။ သူတို့တစ်တွေ ဤလို ညီညီညွတ်ညွတ် ရှိကြသည်ဆိုပြန်တော့ ကိုလူမောင်ကော ငြိမ်းမယ်ပါ စိတ်အားထက်သန်မိပြန်သည်။

ထိုညအဖို့ကား နောက်ထပ်မံ၍ မည်သို့သော အသံဗလံကိုမျှ မကြားရတော့ပေ။ ရွာကလေး တစ်ရွာလုံးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ကိုလူမောင်မှာ သူ့ထုံးစံ သူ့အလေ့အထအတိုင်း အိပ်မပျော်နိုင်ပေ။ အိပ်ရာထက်တွင် လဲလျောင်းရင်းမှ တောင်တောင်မြောက်မြောက် တွေးနေမိသည်။

နောက်ထပ်မံကာ မြစ်ကျိုးကွေ့မှ သေနတ်သံတွေ မကြားပါရစေနှင့်ဟု သူ့ဝမ်းတွင်းမှ ကျိတ်၍ ဆုတောင်းခြင်း ပြုမိသည်။ သူ့အယူအဆနှင့် သူ့စိတ်က တစ်မျိုးပင် ဖြစ်သည်။ ဗမာတွေ ကရင်တွေကိုလည်း ဂျပန်များက သတ်သည်ဖြတ်သည်ကို မမြင်လို မကြားလိုပေ။ ကရင်တွေ ဗမာတွေက ဂျပန်များကို သတ်ဖြတ်ကြခြင်းကိုလည်း မကြားမမြင်လိုပေ။ တုန့်ပြန်ခြင်း၊ လက်စားချေခြင်း စသော အပြုအမူမျိုးကိုမူ ကိုလူမောင် မနှစ်မြို့ မနှစ်သက်သည်မှာ အမှန်ပင် ဖြစ်သည်။

လူတွေဟာ တစ်ဦးနဲ့တစ်ဦး ဘာ့ကြောင့်များ သတ်ချင်ဖြတ်ချင်ကြပါလိမ့်။ ဘာကြောင့်များ သေနတ်တွေ၊ ဗုံးတွေနဲ့ ပစ်ချင်ခတ်ချင်ကြပါလိမ့်။ ဒီလို သတ်တဲ့ဖြတ်တဲ့ ပစ်တဲ့ခတ်တဲ့ အကျိုးတရားတွေရဲ့ အမြတ်အစွန်းဟာ ဘာတွေများပါလိမ့်။ သွေးရဲရဲ သံရဲရဲ သတ်ကြ ဖြတ်ကြ ပစ်ခတ် ထိုးခုတ်ကြရသည်ကိုပဲ လူတွေက သဘောကျနေရောလား။ မေတ္တာတရားဆိုတာ ဒီလူတွေမှာ မရှိကြတော့ဘူးလား။ တစ်ယောက်ရဲ့အမှားကို တစ်ယောက်က ခွင့်မလွှတ်ကြတော့ဘူးလား။ တစ်ယောက်သေတာ တစ်ယောက်သွေးထွက်သံယိုဖြစ်တာကို တစ်ယောက်က ဝမ်းသာစရာလား။ ပျော်စရာ ရွှင်စရာ လက်ခုပ်လက်ဝါးတီးပြီး ကောင်းချီးသြဘာပေးစရာလား။

ကိုလူမောင်သည် အိပ်မရ အိပ်မပျော်ပေ။ သူ့အနီးတွင် ငြိမ်းမယ်မှာ ခြေပစ်လက်ပစ် တရှူးရှူး အိပ်မောကျနေသည်။ သူသည် အိမ်နောက်ခန်းမှ သမီး၏ အိပ်ခန်းဆီသို့ နားစွင့်လိုက်မိ၏။ မိဒေါင်း အိပ်ခန်းဆီမှလည်း ချိုးချိုးချွတ်ချွတ် အသံကလေးများမှ မကြားရပေ။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုလှမောင်သည် မျက်လုံးကို ဖွတ်မှိတ်၍ ပျော်အောင် ကြိုးစားအိပ်သည်။ အိပ်လို့ကား မပျော်ပေ။ ကြက်တွန်သံများကိုလည်း အနှံ့အပြား ကြားရသည်။ အချိန်သည် တစ်စတစ်စ လင်းဘက်သို့ ကူးလာသည်။ သို့သော် သူအိပ်လို့ မပျော်ပါချေ။ သူ့မျက်လုံးများသည် ကြောင်နေ၏။ အိပ်ချင်စိတ်ကားကင်းမဲ့လှသည်။ သို့ကြောင့်လည်း သူ့စိတ်များသည် ချွေးတပ်စခန်းရှိရာသို့ကူးပြောင်းရောက်ရှိသွားပြန်သည်။

သူတို့ ချွေးတပ်သားများ အခေါ်အားဖြင့် တပ်ဒိန်ဟူသော စခန်းတစ်ခုသို့ ကိုလှမောင်ရောက်ရှိခဲ့သော အချိန်က ဖြစ်လေသည်။ ထိုစခန်းတွင် သူတို့လိုချွေးတပ်သားများနှင့် အတူတကွ တဲတန်းလျားတစ်လုံးစီ နေကြရသော အင်္ဂလိပ်စစ်သား သုံ့ပန်းတွေလည်းရှိ၏။ ထိုသုံ့ပန်းများမှာလည်း လူအင်အား မနည်းလှပေ။ တစ်ရာ့ငါးဆယ် နှစ်ရာထိ ရှိသည်။ သူတို့၏ လုပ်ငန်းတာဝန်များမှာကိုလှမောင်တို့ ချွေးတပ်သားတွေ ခုတ်ထွင်ရှင်းလင်းပြီးသော လမ်းများပေါ်တွင်မီးရထားသံလမ်းများနှင့် အောက်ခံ ဇလီဖားတုံးများ ချခြင်း၊ ကျောက်ခင်းကျောက်ချခြင်းများ ပြုလုပ်ရ၏။

ထိုစစ်သား သုံ့ပန်းများမှာလည်း နှစ်ပေါင်း လပေါင်းကြာညောင်းလာသည့်အခါ အင်္ကျီဘောင်းဘီများ စုတ်ပြဲလျက် သူတို့၏ ဖိနပ်များ ဦးထုပ်များမှာ စီးမရ ဆောင်းမရအောင် ပျက်စီးချို့တဲ့ကုန်ကြသည်။

အစားအသောက် ဆင်းရဲမှု၊ အလုပ်အကိုင် မတန်မဆပင်ပန်းမှု၊ ရာသီဥတု မမျှတမှုများကြောင့် သူတို့တစ်တွေမှာလည်း ဖျားကြ နာကြ သေကြပျက်စီးကြသည်။ ခပ်စောစော အချိန်များကမူ အလုပ်ပင်ပန်းမှုကြောင့် ဖျားနာနေသော ထိုစစ်သုံ့ပန်း ချွေးတပ်သားများကို အလုပ်တာဝန်မှ နားခွင့်ပြုထားသော်လည်း နောက်ပိုင်း၌ကား ဂျပန်တို့သည် မီးရထားလမ်း အလျင်အမြန်ပြီးစီးရေးအတွက်ဟု ဆိုကာ မမာမကျန်း ဖြစ်နေသူများကိုပင် အလုပ်ခွင်အတွင်းသို့ ဖွတ်အတင်း ရိုက်နှက်၍ ဆင်းစေလေသည်။

နံနက်မိုးလင်းသည်ဆိုလျှင်ပင် ဂျပန်စစ်ဗိုလ်သည် ချွေးတပ်သားများအိပ်ပျော်နေရာ တဲတန်းလျားပေါ်သို့ တက်ရောက်လာပြီး လူနာ ချွေးတပ်သားများကို တဘုန်းဘုန်း ရိုက်နှက်ခြင်း ကန်ကြောက်ထိုးကြိတ်ခြင်းပြုလျက် ပေါက်တူး၊ ပေါက်ချွန်၊ သံတူရွင်း စသည်များကို ယူငင်ကာ အလုပ်ခွင်သို့ အဓမ္မဆင်းခိုင်း၏။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



နာကောင်တုံးလုံးဖြစ်နေသည့် လူနာများမှာ ဂျပန်စစ်ဗိုလ်၏ အမိန့်အရ လက်နက်ပစ္စည်းများကို ကိုင်ဆောင်ကာ အနိုင်နိုင် အားတင်းလျက် အလုပ်ခွင် အလုပ်စခန်းသို့ ဆင်းသက်ရသည်။ နောက်တော့ ကြီးမားလေးလံသော မီးရထား သံလမ်းများ လက်တွန်းလှည်းများနှင့် မနိုင်မနင်း သယ်ယူရသော ကျောက်တုံး ကျောက်ခဲများ၊ ကြီးမားလှသည့် သစ်ပင်သစ်တိုင်ကြီးများကို ထမ်းရ ပိုးရ လုပ်ကိုင်ကြရသည်။

အလိုလိုကမှ အားအင်ကုန်ခန်း နာမကျန်းဖြစ်နေသူများမှာ အဆမတန် ပင်ပန်းသည့် အလုပ်များကို လုပ်ကိုင်ကြရသဖြင့် တဘုန်းဘုန်းလဲ ကုန်ကြသည်။ အချို့သည် မီးရထား သံလမ်းပေါ်၌ လည်းကောင်း၊ အချို့ကား ထမ်းပိုးထားရသော သစ်တိုင်သစ်တုံးကြီးများကို ပခုံးထက်မှ မချနိုင်မီ တဆတ်ဆတ် တုန်၍ လည်းကောင်း လဲကြသည်။ အချို့ကား သစ်တုံးအောက်တွင် ပိနေလျက် နေရာ တွင် အသက်ပျောက် အသက်ထွက်ကြသည်။

သို့ရာတွင် ဂျပန်စစ်ဗိုလ်မှာ ထိုသူများကို လုံးဝ မငဲ့ကွက် မညှာတာ ပေ။ အတင်းအော် အတင်းရိုက် အတင်းဒလကြမ်း စေခိုင်းခြင်း ပြုသည်။ အင်္ဂလိပ်စစ်သုံ့ပန်းများသည် သူတို့လူများ ဤသို့ သေဆုံးရခြင်းအတွက် ဂျပန် စစ်ဗိုလ်၏ အမိန့်ဩဇာကို အတန်ငယ် ဖီဆန်မယောင်ပြုလာသည်။ သို့ရာတွင် သူတို့အား သေနတ်ကိုယ်စီဖြင့် ဝိုင်းရံထားသော ဂျပန်စစ်သားများရှိနေခြင်း အတွက် အားမတန် မာန်လျှော့ကြရသည်။

ဤသို့နှင့်သာ တနင်္ဂနွေ တစ်ပတ်အတွင်း၌ ကိုလူမောင်တို့ ချွေးတပ် သားများကော၊ စစ်သုံ့ပန်းများပါ လူသုံးလေးဆယ်ကျော် သေဆုံးခဲ့ရပြီးနောက် တစ်နေ့တွင် ဂျပန်စစ်ဗိုလ်မှာ သူနေထိုင်ရာ တောင်ကုန်းငယ်ပေါ်ရှိ တဲအိမ်ကလေး အတွင်း၌ သူ့ကိုယ်သူ သေနတ်ဖြင့် ပစ်ခတ်ကာ အဆုံးစီရင်လိုက်တော့လေ သည်။ သို့ရာတွင် ဂျပန်စစ်ဗိုလ် အဘယ်ကြောင့် သူ့ကိုယ်သူ သတ်သေသွား သည်ဆိုခြင်းကိုကား ယခုထိ ကိုလူမောင် မစဉ်းစား မဝေခွဲတတ်ပါချေ။

❑

## [၁၇]

## ခွင့်လွှတ်တတ်သူ

ကိုလူမောင်ခများ ဆုတောင်းမပြည့်သူ တစ်ယောက်ဟု ဆိုရပေမည်

သူမတွေ့ချင်၊ မမြင်ချင်၊ မကြားချင်၊ မကြုံချင်သော ဖြစ်ရပ်တို့သည် ထပ်တလဲလဲ မြင်နေ တွေ့နေ ကြားနေရသည်။

မြန်မာပြည်တစ်ပြည်လုံးနှင့် မြန်မာတိုင်းရင်းသားအားလုံးတို့ကား လည်း မနေလေ့အောင် မြင်းဇောင်းမကျန် ဂျပန်ဖက်ဆစ်တို့ကို ရရာ လက်နက်ပွဲကိုကာ လက်လှမ်းမီရာများမှ တစ်ခဲနက်အုံကြွတော်လှန်ကြကုန်သည်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးမှာ မကြုံဘူး မကြားစဖူးအောင် ခိုင်ကြည်ညီညွတ်ကြကုန်သည်။ မြန်မာပြည်၏ လွတ်လပ်ရေးကိုသော် လည်းကောင်း၊ မြန်မာ့မြေပေါ်မှ ဖက်ဆစ်ဂျပန် ဖက်ဆစ်ဝါဒီတို့အား အပြီးအပိုင် မောင်းနှင်ထုတ်ရေးအတွက်ကိုသော် လည်းကောင်း တိုင်းရင်းသားမှန်သမျှ စိတ်တူသဘောတူ ဖြစ်ကြကုန်သည်။

ပြည်သူလူထုအား အကြမ်းဖက် နှိမ်နင်းမှုသည် လည်းကောင်း၊ လက်နက်ကို အားကိုးအားထား ပြုကာ နိုင်ထက်စီးနင်း နှိပ်စက်ညှဉ်းပန်းသူများသည် လည်းကောင်း ကိုးကွယ်ရာမရ၊ ရပ်တည်မရ ဖြစ်ကြရကုန်သည်။

မလေးကျွန်းဆွယ်လေးမှာလည်း [illegible] ဒီရေ [illegible] [illegible] ကိုလူမောင်ခ၏ ဆုတောင်းမှာ [illegible] [illegible] [illegible]

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မြန်မာပြည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ဖက်ဆစ် စနစ်တော်လှန်ရေးတွင် ဗိုလ်ချုပ်အောင်ဆန်းဟူသော နာမဝိသေသနမှာ မြို့ကြီးပြကြီးများကိုသာမက ကိုလူမောင်တို့၏ ပေတောကုန်း ဇနပုဒ်ထိအောင်ပင် ပဲ့တင်ထပ် ပျံ့နှံ့လာသည်။

ပေတောကုန်းသားတွေ၊ ကဇင်းငူသားတွေနှင့် မြတ်လှချောင်းသား ညောင်ပင်ကွင်းသားတွေသည် စစ်ဆုတ်လာသော ဂျပန်များ၊ တပ်ခေါက်လာသော ဂျပန်များနှင့် မိမိတို့ရပ်ဌာနီ ဂျပန်ပြည်ကြီးသို့ ပြန်ကြမည့် ဂျပန်စစ်တပ်များအား မြစ်ကျိုးကွေ့မှသော် လည်းကောင်း၊ လမ်းခရီးမှနေ၍သော် လည်း ကောင်း ပစ်ခတ်ကြ တိုက်ခိုက်ကြသည်။ သို့ရာတွင် သူတို့၏ တိုက်စစ်ဆင်မှု မှာ ထင်ထင်ရှားရှား ပစ်ခတ်တိုက်ခတ်ကြခြင်း မဟုတ်မူဘဲ ပြောက်ကျားစနစ်ဖြင့် ပစ်ခတ်တိုက်ခတ်ကြခြင်း ဖြစ်သောကြောင့် ဂျပန်တို့ကား မည်သို့မျှ မတတ်နိုင်ဘဲ အထိအခိုက် အကျအဆုံး များစွာဖြင့် ခြေဦးတည့်ရာသို့ပြေးကြရသည်သာ များလေသည်။

ကိုလူမောင်မှာ သူတို့ပေတောကုန်းသားတွေ၊ ကဇင်းငူသားတွေက ဂျပန်များကို ဤသို့အောင်မြင်လိုက်သည်၊ အနိုင်ရသည်ဆိုပေမယ့် သူ့စိတ်တွင် မချမ်းသာမိပေ။ အားတက်ခြင်း ရွှင်လန်းဝမ်းမြောက်ခြင်းဟူ၍ကား အတန်ငယ်မျှ မရှိပေ။

ကိုမြတ်ကျော်တို့ လှချောတို့ လူသိုက်တွေ၊ တစ်ခါတစ်ခါ သူ့အိမ်ပေါ် ရောက်လာ၍ အားပါးတရ ပြောကြဆိုကြသည်များကို ကြားရသောအခါ၌ပင် နားမထောင်ချင်သလို ဖြစ်ခဲ့သည်။ သူ့စိတ်ထဲ သူ့ရင်ထဲ၌ကား ငြိမ်းငြိမ်းချမ်းချမ်းသာ ဖြစ်လို ကြားလို နေထိုင်လိုပေသည်။ ဂျပန်တို့ ဖမ်းဆီးခေါ်ဆောင်သွား၍ ချွေးတပ်စခန်းသို့ ရောက်ရှိခဲ့ပြီးမှ ကိုလူမောင်၏ စိတ်ထား စိတ်နေများသည် ယခင်အထက်ကျော်အခါများကထက် ပိုမိုကာ နူးညံ့လာသည်။

သခင်လှမောင်နှင့် သခင်ဘချွေးကြီးတို့မှာ တစ်ခါတစ်ခါ သူ့အိမ်သို့ ရောက်လာသည်။ သူတို့လာသည့်အခါ သူမတွေ့ဘူးသော ရဲဘော်များလည်း ၃–၄ ယောက်ပါလာတတ်သည်။ သူတို့ကို ငြိမ်းမယ်နှင့် မိဒေါင်းတို့က ထမင်းဟင်းများ ချက်ပြုတ်ကျွေးမွေးလေသည်။ သခင်လှမောင်သည် အတူပါလာသော ရဲဘော်များကို သူ့အကြောင်းများလည်း ပြောတတ်သည်။ ချွေးတပ်ထဲသို့ သူ ရောက်ရှိသွားကြောင်းကိုလည်း ပြောတတ်သည်။ နောက်တော့ သူနှင့် ထိုရဲဘော်များကို မိတ်ဆက်ပေးတတ်သည်။

**အမေ့ဥယျာဉ်စာအုပ်တိုက်**

အားလုံးကို သူမြင်ရ တွေ့ရသည်မှာ ထိုကိစ္စအတွက် စိတ်အား ထက်သန်နေသူချည်း ဖြစ်ကြောင်း တွေ့ရ အကဲခတ်ရသည်။ သူတို့သည် စားသောက်ပြီးစီးကြပြီဆိုလျှင် လက်နက်ကိုယ်စီဆွဲလျက် ကြက်သူငယ်ပျောက် ပျောက်ကုန်ကြပြန်သည်။

သခင်လှမောင် အပါအဝင်ဖြစ်သော တော်လှန်ရေး ရဲဘော်များမှာ ဤလို သူတို့တွေ၏ အိမ်များတွင် ဝင်ထွက်သွားလာကာ စားကြရ သောက်ကြ ရပေမယ့် ကောင်းနိုးဖွယ်ရာ ထွေထွေပြားပြား မဟုတ်ပါချေ။ ပဲနှင့်ကြို ပဲနှင့် စားရ၍ ငပိနှင့်ကြိုသော် ငပိနှင့်စားကြရသူများသာ ဖြစ်သည်။ သို့ရာတွင် ထိုရဲဘော်ဆိုသူများနှင့် သခင်လှမောင်အား ကိုလူမောင် ဝမ်းတွင်းကျိတ် ချီးကျူး မိသည့် အကြောင်းတစ်ခုတော့ ရှိသည်။ ထိုအကြောင်း ထိုအချက်ကား အခြား တော့ မဟုတ် သူတို့တွေသည် တွေ့ရာနေ တွေ့ရာအိပ်ကာ ဖြစ်သလို ကြုံသလို စားတတ်၍ သူတို့လုပ်ငန်းကို စိတ်မပျက် မညည်းမတွားလုပ်ကြသော အကြောင်း ပင် ဖြစ်သည်။

'ဒီနေ့ သခင်လှမောင်နဲ့ ရဲဘော်ခြောက်ယောက် လာလိမ့်မယ်၊ ဒီနေ့ ညစာ မင်းအိမ်က ထမင်းကျွေးရမယ်ဟေ့'

ကိုမြတ်ကျော်သည် တကယ့်စစ်သားကြီးတစ်ဦးတစ်ယောက်ကဲ့သို့ ရိုင်ဖယ်ကို ပခုံးတွင် လွယ်ထားရင်းမှ ကိုလူမောင်ကို ပြောလိုက်သည်။

'ကျွေးတော့ ကျွေးပါတယ်ဗျာ၊ ဒါပေမဲ့' ကိုလူမောင်သည်သူ့စကားကို အဆုံးမသတ်ဘဲ ကိုမြတ်ကျော်၏ မျက်နှာကို စိုက်ကြည့်နေသည်။

'ဒါပေမယ့် ဘာဖြစ်လဲကွ၊ မင်းစကားကို ဆုံးအောင် ပြောစမ်းပါဦး လူမောင်'

'အားနာတယ်ဗျာ'

'ဟေ အားနာတယ် ဟုတ်လား၊ ဘာကို အားနာတာလဲ'

'သူ အားနာတယ်ဆိုတာ တခြားမဟုတ်ဘူး ကိုရင်ရေ၊ ရဲဘော်တွေနဲ့ သခင်လှမောင်ကို ဟင်းကောင်းကောင်း ချက်မကျွေးနိုင်လို့ ပြောနေတာ ကိုရင်ရဲ့'

မီးဖိုတွင်းမှ ထွက်လာသေ ငြိမ်းမယ်သည် သူတို့အနီးမရောက်မီပင် ထိုစကားကို ပြောလိုက်၏။

'ဟား..ဟား..ဟား.. တို့ရဲဘော်တွေကို ဒါလောက်တောင် အထင် မသေးပါနဲ့လူမောင်ရာ၊ ဒီလူတွေက ကောင်းကောင်းစားရမှ တိုင်းပြည်အတွက် လုပ်မယ်ဆိုတဲ့ လူစားမျိုးတွေထဲက မဟုတ်ပါဘူးကွ၊ တို့တိုင်းပြည်ကြီး လွတ်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



လပ်ရေးရဖို့ လုပ်နေတာပါကွာ'

ကိုလူမောင်သည် ကိုမြတ်ကျော်၏ မျက်နှာကို တအံ့တဩ စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။ ကိုမြတ်ကျော်၏ ပြောပုံဆိုပုံစကားများသည် ယခင်ကနှင့် မတူတော့ပါချေကားဟု သူ့စိတ်ထဲတွင် ယူဆမိသည်။ နောက်တော့ ကိုမြတ်ကျော်က တို့ရဲဘော်တွေဟူသော အသုံးအနှုန်းကို ပြောဆိုသုံးနှုန်းသွားခြင်းအတွက်လည်း ကိုလူမောင် အံ့ဩမိသည်။ ဒီလူတွေနဲ့ သူ ဘယ်အချိန် ဘယ်အခါကများ ဤမျှအထိ ရင်းနှီးသွားကြပါလိမ့်ဟု တွေးမိသည်။

'မင်းက ငပိနဲ့ ကျွေးလဲ ငပိနဲ့ပေါ့ကွ၊ ဆားနဲ့ကျွေးလဲ ဆားနဲ့ပေါ့ကွ၊ အေး ဒါပေမယ့် တစ်ခုတော့ ရှိတယ် လူမောင်၊ မင်း ဒီလို ကျွေးတာ မွေးတာ ပြုစုတာဟာ တကယ်တန်းအားဖြင့်တော့ တို့ကိုကျွေးတယ် မွေးတယ်ဆိုပေမယ့် တိုင်းပြည် လွတ်လပ်ရေးအတွက် အထောက်အကူပြုရာ ရောက်ပါတယ်ကွာ'

ကိုလူမောင်သည် ကိုမြတ်ကျော်အား မည်သို့မျှ စကားမပြောနိုင်ပေ။ အံ့ဩပြီးရင်း အံ့ဩရင်းဆိုသလို ဖြစ်ရတော့လေသည်။ ယခုတော့ သူတို့ ပေတောကုန်းရွာသား ကိုမြတ်ကျော်သည် ယခင် ကိုမြတ်ကျော်နှင့် လုံးဝပင် မတူတော့ပါချေကလား။

'အို မင်းကအရေးထဲ ဒီရောက်နေတာကိုကွ မြတ်ကျော်၊ မြစ်ကျိုးကို ခပ်မြန်မြန်ဆင်းမှ ဂျပန်တပ်တစ်တပ် မြစ်ကြောင်းကနေ တက်လာလိမ့်မယ်လို့ သတင်းရထားတယ်၊ သခင်လှမောင်လည်း ရဲဘော်တွေ လိုက်အကြောင်းကြားနေတယ်'

ကိုပန်းမွှေး၏ ထိုစကားကြောင့် ကိုမြတ်ကျော်မှာ ကိုလူမောင်၏ နေအိမ်ထက်တွင် ဖင်နွေးအောင်ပင် မထိုင်နိုင်ပေ။ ကိုလူမောင်နှင့် ပြောမည့် စကားများကိုပင် ရှေ့ဆက်မပြောနိုင်ဘဲ ထိုင်နေရာမှ ထလိုက်သည်။

'ကဲ ငါသွားမယ် လူမောင်၊ တို့တာဝန် တို့အလုပ်ကတော့ မင်းမြင်တဲ့ ကြားတဲ့အတိုင်းပဲ ဟေ့၊ ငြိမ်းမယ်ရေ ငါ တို့သွားလိုက်ဦးမယ်ဟေ့၊ မိဒေါင်းလဲ ပြောလိုက်ပါကွယ်၊ မြခက်တို့အိမ်ကလဲ ရဲဘော် သုံးယောက်အတွက်တော့ တာဝန်ယူရလိမ့်မယ်ဟေ့၊ တကယ်လို့ မိုးအတော်ချုပ်မှ တို့မလာနိုင်ရင်လဲ အခါတိုင်းလို ထမင်းထုပ်တွေ နင်တို့ ပို့ပေးပါဦးကွ'

ကိုမြတ်ကျော်သည် ထိုင်ရာမှထကာ နောက်ဖေးမီးဖိုတွင်းရှိ မိဒေါင်းကို လှမ်းအော်ပြောလိုက်သည်။ တစ်ခါတစ်ရံ တော်လှန်ရေး ရဲဘော်များနှင့်

သခင်လှမောင်တို့ လူသိုက် အချိန်မီ ထမင်းစား မလာရောက်နိုင်သည့် အခါများ ဝယ် သူကြီး ဦးသီဟအိမ်တွင် လူစုကာ မိဒေါင်းတို့ မြခက်တို့ မိန်းကလေး တစ်စုက မြစ်ကျိုးအရောက် ထမင်းထုပ်များကို သွားရောက်ပို့ပေးကြရသည်။ သူတို့အထဲတွင် သူကြီးကတော် ဒေါ်ရွှေခင်မှာ ဦးစီးခေါင်းဆောင်တစ်ယောက်ဖြစ် သည်။

အတန်ကြာသော် ကိုမြတ်ကျော်နှင့် ကိုပန်းမွှေးတို့ ကိုလှမောင်နှင့် ငြိမ်းမယ်ကို နှုတ်ဆက်ပြီး ရွာလမ်းမပေါ်သို့ ထွက်ခွာသွားကြသည်။ ကိုလှမောင် မှာ ထိုင်နေသည့် နေရာမှ မထဘဲ ခပ်ငိုင်ငိုင် ခပ်တွေတွေကျန်ရစ်ခဲ့သည်။ သူသည် ကိုမြတ်ကျော်နှင့် ကိုပန်းမွှေးတို့ နှစ်ယောက်ကို နောက်ပိုင်းမှနေကြည့် ကာ အတွေးအတောတစ်ခုကို တွေးနေမိသည်။

တစ်ရွာလုံးရှိ ယောကျ်ားတိုင်း မိန်းမတိုင်းလိုလိုပင် ဂျပန်တော်လှန်ရေး အတွက် တတ်စွမ်းသည့်ဘက်မှ ဝင်ရောက် ကူညီခြင်း ပြုနေကြခြင်းကို သူအသိ ပင် ဖြစ်၏။ သူသည်သာ ဘယ်နေရာမှ မရောက်မပေါက်ဘဲ အိမ်တွင်းပုန်းနေ သလိုဖြစ်နေလေသည်ဟု သူစဉ်းစားမိသည်။ ဤလို အများသူတကာ တက်စုံ လက်စုံ လုပ်ကိုင်နေသည့် ကိစ္စရပ်များတွင် တစ်ကိုယ်ကောင်းဆန်ဆန် ရေသာခို နေခြင်းမှာလည်း အများသူတကာ ကဲ့ရဲ့ပြစ်တင်စရာ ဖြစ်လာလေမလားဟု သူ့စိတ်တွင် စနိုးစနောင့်ဖြစ်မိသည်။ သို့ရာတွင် သူ့အနေနှင့်ကား ဤလို ကိစ္စမျိုး၊ ဤလို တာဝန်မျိုးတွင် ပါဝင်ခြင်း မပြုလိုသည်ကတော့ အမှန်ပဲ ဖြစ်သည်။

ဒါပေမယ့် အများသူတကာ အပြစ်ပြောစရာဖြစ်များနေလေမလား။ ကိုလှမောင် စိတ်မောနေမိသည်။

'အများသူတကာ မိုးခါးရေ သောက်တော့ ကိုယ်လဲ သောက်မှ ကောင်း ထင်ပါရဲ့ ငြိမ်းမယ်ရာ'

ကိုလှမောင်သည် ခပ်လေးလေး ညည်းတွားရင်းမှ သူ့ဇနီးဘက်သို့ လှည့်၍ ပြောလိုက်သည်။ သို့ရာတွင် ထိုအချိန်၌ ငြိမ်းမယ်မှာ သူ့အနီး၌ မရှိ တော့ပေ။ မီးဖိုတွင်းရှိ သမီးထံ ရောက်နေလေပြီ။

နောက်တစ်ဖန် အိမ်ရှေ့ဘက်သို့ သူမျက်နှာပြန်လှည့်လိုက်သည့်အခါ ၌ကား သူ့အိမ်ဆီသို့ လာနေသော လှချောအဖေ ကိုဖိုးကျော့နှင့် မဝါကိုပါ တွေ့လိုက်ရသည်။ ထိုဇနီးမောင်နှံသည် သူ့အိမ်ပေါက်သို့ပင် တည့်တည့်မတ်မတ်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဝင်ရောက်လာသည်။

'ငြိမ်းမယ်ရေ ဖိုးကျော့တို့ မဝါတို့ လာသဟေ့'

ကိုလူမောင်သည် မီးဖိုတွင်းရှိ ဇနီးနှင့် သမီးထံ လှမ်းပြောလိုက်၏။ ထိုအသံကြောင့် သားအမိနှစ်ယောက်စလုံး မီးဖိုတွင်းမှ အိမ်ရှေ့သို့ ထွက်လာလေသည်။

'လာကြဟေ့၊ ဘယ်ကလာလို့ ဘယ်သွားကြမလို့တုန်း၊ မဝါလဲ ပါလာသကိုး'

ကိုလူမောင်သည် ကိုဖိုးကျော့တို့ ဇနီးမောင်နှံကို ဆီးကြိုခေါ်ငင်ကာ နေရာထိုင်ခင်းများပေးလေသည်။ မဝါမှာ သူတို့နေအိမ်သို့ အရောက်အပေါက် နည်းပါးလှသည်။ သူက မာနကြီး၍ ဟိုဟိုသည်သည် နေအိမ်များသို့ မသွားမလာခြင်း မဟုတ်ဘဲ အသက်အရွယ် လေးဆယ်ကျော်လောက်နှင့် မီးယပ်သွေးဆုံး ဝေဒနာကြောင့် ဆယ့်နှစ်ရာသီ မကျန်းမမာဖြစ်နေသော မိန်းမတစ်ယောက်ဖြစ်သည်။ သို့ကြောင့် မဝါမှာ အပြင်အပသို့ ထွက်သည်က နည်းပါးလှ၏။ တော်ရုံသဖြင့် ကိစ္စများတွင် ကိုဖိုးကျော့တို့သားအဖနှင့်သာ ပြီးစီးရသည်။

'အားလုံး နေကောင်းကြတယ်နော်၊ ကျုပ်အဖြစ်တော့ ရှင်မြင်တဲ့အတိုင်းပဲ ကိုလူမောင်၊ ဆယ့်နှစ်ရာသီမမာနေတာနဲ့ ဘယ်မှလဲ မရောက်ပါဘူးတော်၊ မိဒေါင်းလဲ နေကောင်းသနော်'

ကိုဖိုးကျော့၏ မိန်းမ မဝါသည် သင်ဖျာတစ်ချပ်ပေါ်တွင် ဝင်ထိုင်လိုက်ရင်းမှ ငြိမ်းမယ်ကိုကော မိဒေါင်းကိုပါ ပြောလိုက်သည်။ သူက ရောဂါဝေဒနာသည်တစ်ဦးဆိုသည်မှာလည်း ဟုတ်ပေသည်။ ဤခရီးနဲ့ ဤနေရာ လာခဲ့လျှောက်ခဲ့ရသည်မှာပင် အမောတကော ဖြစ်နေသည်။ နောက်တော့ သူ့မျက်စိများမှာလည်း အတော်ပင် မှုန်သီလှသည်။

'ကျွန်မတို့ နေကောင်းပါတယ်၊ ဒွေးလေးဝါဆီလဲ မရောက်နိုင်ဘူး၊ ဒီက ကိစ္စတွေနဲ့သာ လုံးလည်လိုက်နေတာပဲ ဒွေးလေးရယ်'

မိဒေါင်းသည် မဝါအနီးတွင် သွားရောက်ထိုင်ရင်းမှ ထိုစကားကို ပြောလိုက်သည်။ မဝါသည် မိဒေါင်း၏မျက်နှာကို အနည်းကပ်၍ အတန်ငယ် စူးစိုက်ကြည့်ပြီး မိဒေါင်း၏ ကျောပြင်ကို သူ၏ ညာလက်ဖြင့် ပွတ်သပ်နေသည်။ သူက မတော်စပ်ရသေးသော ချွေးမလောင်းကို ယခုကပင် မေတ္တာ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သက်ဝင်နေဟန်တူသည်။

'အေး အဲဒီကိစ္စတွေကြောင့် ခက်သပေါ့၊ ညည်းမလဲ မိန်းကလေး တန်မဲ့ သူတို့ထဲ ဝင်ပါနေသကိုး'

'အိုကွာ မင်း ဒီစကားတွေက အသာထားစမ်းပါဦး၊ တို့များလာတဲ့ ကိစ္စကိုပဲ ပြောကြ တိုင်ပင်ကြအောင်'

ကိုဖိုးကျော့က သူ့ဇနီး၏စကားကို ဝင်ဟန့်လိုက်သည်။

'ဟုတ်ပါတယ်လေ၊ ကိစ္စကိုပဲ ပြောကြ တိုင်ပင်ကြတာပေါ့၊ ကျုပ်လဲ လာမလို့ဗျာ၊ ဒါပေမယ့် ခုရက်ထဲ ဘယ်မှမထွက်ချင်ဘူး' ကိုလူမောင်က ဆိုလေသည်။

'တိုင်ပင်ဆို မင်းအကောင် လှချောကိစ္စပေါ့၊ သူ့အမေက သူ့အတွက် သိပ်စိတ်ပူနေတယ်ကွာ၊ ညလဲပြန်မလာ၊ နေ့လဲ ပြန်မလာနဲ့၊ အများနဲ့ကိစ္စဆို တော့ ငါလဲ သိပ်တော့ မပြောချင်ဘူး လူမောင်၊ ဒါပေမယ့် ခုအတိုင်းတော့ လွန်လွန်းသကွာ'

ထိုအကြောင်းကို ဖိုးကျော့က ပြောနေသည့်အခိုက်တွင် မဝါမှာ မျက်ရည်ကလေးများ တစမ်းစမ်းဖြစ်နေသည်။ သည်လို မြင်ရတွေ့ရပြန်တော့ မိဒေါင်းတစ်ယောက်မှာလည်း စိတ်မကောင်းခြင်း ဖြစ်မိသည်။ မဝါမှာ မီးယပ် ဝေဒနာကြောင့် တစ်နေ့ထက်တစ်နေ့ ချုချာလာသည်။ ယခုကား မျက်စိများပင် အတော်မှုန်နေကြောင်း မိဒေါင်းတို့သားအမိတစ်တွေ သိရသည်။

'အဲဒီတော့ ဘယ်လိုလုပ်မလဲ'

လူရိုးကြီး ကိုလူမောင်က ရိုးရိုးကြီး မေးလိုက်သည်။ သူသည် လှချော အမေ မဝါကို မြင်ရခြင်းကပင် စိတ်ဆင်းရဲရပြန်သည်။

'လူလေးကို စိတ်ဆင်းရဲအောင်တော့ အတင်းအကျပ်လဲ မပြောပါနဲ့ ကိုဖိုးကျော့ရယ်၊ ချော့ကာ မော့ကာပေါ့၊ ည ညတော့ အိမ်ပြန်ဖို့ ပြောပေါ့'

'အေးပါကွာ၊ ဒါလောက်တော့ ငါနားလည်ပါတယ်၊ ခက်တာက အများနဲ့ချီပြီး လုပ်နေတဲ့ ကိစ္စဆိုတော့ အတင်းအဓမ္မတားလဲ ရမှာ မဟုတ်ဘူးကွ၊ စိတ်ဆင်းရဲအောင်လုပ်သလို ဖြစ်နေမယ်၊ နောက်တော့ လူသိသူသိ ဖြစ်ပြန်တော့ လဲ သိပ်မတင့်တယ်ဘူးပေါ့၊ အများတကာလဲ သူလိုပဲ အသက်နဲ့ လူတွေချည်း ပဲမို့လား'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ဒီလိုဆို တို့ဘာလုပ်မလဲ'

'မင်းနဲ့ ငါ မြစ်ကျိုးကွေ့လိုက်သွားကြပြီး ဒီကောင်ကို ခဏဖြစ်ဖြစ် သွားခေါ်ရင်ကောင်းမယ်၊ အိမ်ရောက်တော့မှ ခပ်အေးအေး ပြောရမှာပဲ'

ကိုဖိုးကျော့က သူ စဉ်းစားတွေးတောမိသလောက် ဖွင့်ဟတိုင်ပင်လေသည်။ နောက်တော့ သူတို့အားလုံး စကားမဆက်ဘဲ စဉ်းစားနေလိုက်ကြပြန်သည်။

'ဒီလိုဆိုလဲ သွားကြတာပေါ့၊ ကဲ သွားဆို ခုပဲ သွားရအောင်'

ကိုလှမောင်သည် ပြောရင်းဆိုရင်းနေရာမှ ထလိုက်သည်။ ကိုဖိုးကျော့သည် ကိုလှမောင့်နည်းတူပင် ထိုင်ရာမှ ထလိုက်သည်။

ဤအချိန်၌ပင် မြစ်ကျိုးကွေ့ဆီမှ အဆက်မပြတ် ပစ်ခတ်သော သေနတ်သံများကို သူတို့တွေ ကြားလိုက်ရသည်။ အတူထိုင်နေသော လူ ၄ ယောက်ထဲမှ မိဒေါင်းမှာ နောက်ဖေးဆီသို့ ထထွက်သွားသည်။

မြစ်ကျိုးကွေ့တွင် တိုက်ပွဲဖြစ်နေပြန်လေပြီ။

ကိုလှမောင်နှင့် ကိုဖိုးကျော့သည် ကြားရသော သေနတ်သံကြောင့် သူတို့သွားမည့် ခရီးကို မသွားနိုင်သေးဘဲ နေရာတွင် ပြန်ထိုင်လိုက်ကြသည်။

သေနတ်သံသည် အဆက်မပြတ် မြည်ဟီးပေါက်ကွဲထွက်လာသည်။ ရွာရှိ လူတွေမှာ အတန် ကျင့်သားရနေကြပြီး ဖြစ်ခြင်းကြောင့် လှုပ်လှုပ်ရှားရှား မဖြစ်ကြပေ။ အသွားမပျက် အစားမပျက် ဆိုသလို ဖြစ်နေကြသည်။

သေနတ်သံများမှာ တစ်စထက်တစ်စ ပိုမိုပြင်းထန်လာသည်။

တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ပစ်ခတ်တိုက်ခိုက်ကြဟန်တူသည်။ စက်သေနတ်ဆွဲသံများ၊ ဘရင်းပစ်သံများမှာလည်း အဆက်မပြတ် ပေါ်ထွက်လာသည်။

ကိုလှမောင်၊ ကိုဖိုးကျော့၊ ငြိမ်းမယ်နှင့် မဝါတို့သည် စကားမဆိုနိုင်ကြဘဲ သူတို့ သူတို့၏နားများကို စွင့်ထားကြသည်။ ပစ်သံခတ်သံ ကြားနေရသော မြစ်ကျိုးကွေ့ပေါ်ဆီသို့လည်း လှမ်းကြည့်လိုက်မိကြသည်။

ကိုလှမောင်နှင့် ကိုဖိုးကျော့သည် ထိုင်ရာမှထကာ အိမ်ရှေ့သို့ နှစ်ယောက်အတူ ဆင်းလာကြသည်။ မိဒေါင်းတစ်ယောက်ကား နောက်ဖေးဝင်သွားရာမှ ပေါ်မလာပေ။ မြခက်တို့အိမ်ဘက် ကူးသွားဟန်တူသည်။

'ရှင်တို့ မသွားကြနဲ့ဦးနော်၊ ဟိုမှာ ပစ်ဟယ် ခတ်ဟယ် လုပ်နေတယ်'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မဝါသည် ထိုင်နေရာမှ စိတ်ပူသလို ပြောလိုက်သည်။

'အေးပါဟာ ခုလဲ မသွားသေးပါဘူး'

ကိုဖိုးကျော့က သူ့ဇနီးကို ပြန်ပြောလေသည်။ သူတို့နှစ်ယောက်စလုံးသည် ကိုလူမောင် အိမ်ရှေ့ခြံစည်းရိုးရှိ ကွမ်းသီးပင်တစ်ပင်အောက်သို့ ရောက်နေကြသည်။

လမ်းပေါ်မှ တဒေါက်ဒေါက်မြည်နေသော ဝါးတောင်ဝှေးသံကြောင့် ကိုလူမောင်တို့ နှစ်ယောက်စလုံး နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ အဘိုးနီဒွေးသည် ဝါးတောင်ဝှေးကို ထောက်ရင်းမှ သူတို့ရှိရာသို့ ခပ်လေးလေး လျှောက်လာသည်ကို မြင်လိုက်ရသည်။ အဘိုးသည် ဤလိုပင် မြစ်ကျိုးဆီမှ သေနတ်သံ ကြားရတိုင်း ကိုလူမောင်တို့ အိမ်ဘက်သို့ ရောက်ရောက်လာတတ်သည်။

အဘိုးမှာ ပစ်သံခတ်သံများကို ကြောက်ရကောင်းမှန်း သိဟန်မတူပေ။ အသွားအလာ မပျက်၊ အနေအထိုင်မပျက်ရှိလှသည်။ ရွာကလူတွေ သခင်လှမောင်တို့နှင့် ပူးတွဲကာ ဂျပန်တော်လှန်ရေး လုပ်နေသည်ဆိုကတည်းက သူက တစ်ဖက်တစ်လမ်း အားပေးအားမြှောက် လုပ်နေသည်။

သေနတ်သံများသည် ရပ်စဲမသွားသည်သာမက ခတ်စောစောကထက် ပိုမိုသွက်လက်ကာ ပိုမိုပြင်းထန်လာသည်။ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ပစ်ခတ်တိုက်ခိုက်နေရပုံ တူသည်။

အဘိုးနီဒွေးသည် ဘာစကားမျှ မပြောဘဲ ကိုလူမောင်၏ အိမ်ဝင်းထဲသို့ ဝင်လာကာ ကိုလူမောင် ကိုဖိုးကျော့တို့နှင့်အတူ ယှဉ်ရပ်နေသည်။ နောက်တော့ သူ့ဆေးတံကိုလည်း တဖျစ်ဖျစ် အသံမြည်လျက် ဖွာနေသည်။

မြစ်ကျိုးကွေ့မှာ ဤလိုပင် မကြာခဏ တိုက်ပွဲ ဖြစ်နေလေသည်။ နေ့စဉ် နေ့တိုင်း မဟုတ်သည့်တိုင် ၃ ရက်တစ်ခါ ၄ ရက်တစ်ခါ ဤလိုပင် ပစ်သံ ခတ်သံ တိုက်ခိုက်သံများကို ကြားရသည်။ များသောအားဖြင့် ညနေပိုင်း အချိန်များနှင့် ညအချိန် သန်းကောင် သန်းလွဲများတွင် ဖြစ်ပွားတတ်သော်လည်း ယခုတစ်ကြိမ် တိုက်ပွဲဖြစ်ပွားသည်မှာ နေ့လည်ခင်းသာသာလောက် ဖြစ်လေသည်။

'ဘယ့်နဲ့လဲဟေ့၊ ဒီတစ်ခါ တယ်ပစ်လိုက်ပါကလား လူမောင်'

အဘိုးနီဒွေးက ကိုလူမောင်ကို ပြောလိုက်သည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



'ဟုတ်တယ်အဘိုး၊ ဒီတစ်ခါ တော်တော်ပစ်တယ်ဗျ'

ကိုလှမောင်၏ အသံမှာ စိတ်ပူသံ စိုးရိမ်မကင်းသံ ပါနေသည်။

'ခါတိုင်းထက် ပိုတယ်'

ကိုဖိုးကျော့က ဆိုလေသည်။

'ဒါပေမယ့် တို့လူတွေက အနိုင်ရမှာပါပဲကွာ၊ မင်းတို့ သိပ်ပူမနေကြစမ်းပါနဲ့'

အဘိုးဦးနီဒွေး၏ အသံမှာ ခပ်တုန်တုန်ရှိသည့်တိုင် မာကြောလှသည်။ သူ၏ စိတ်ဓာတ်များသည် ဂျပန်တို့အပေါ်၌ အခဲမကြေဟန်တူသည်။ သူ့သားတစ်ယောက်ပင် သေသည်၊ ရှင်သည်မသိရ၍ လုပ်ခင်းဆောင်တာများ ပျက်ပြားကာ ကျွဲနွားများပင် လုံးဝ လက်မဲ့ ဖြစ်ရသောဘဝ၌ အဘိုးကြီးသည် ဂျပန်တို့အပေါ်၌ အမျက်သိုဟန် တူသည်။ သူသာ သန်တုန် မြန်တုန်းအရွယ်ကောင်းတုန်း ဆိုပါမူ ဂျပန်တော်လှန်ရေးတွင် ရှေ့ဆုံးမှ ပါဝင်မည့် အဘိုးကြီးဖြစ်သည်။ ယခုကား သူ့အရွယ်မှာ ဇရာအရွယ်ရောက်၍ တောင်ဝှေးကိုပင် အားပြုလျှောက်နေရသော အရွယ် ဖြစ်နေပြီ။

အချိန်အတော်ကြီး ကြာသွားသည်အထိ မြစ်ကျိုးကွေ့မှ သေနတ်ပစ်ခတ်သံများမှာ ဆက်လက် ပြင်းထန်နေခိုက်ဖြစ်၏။ ငြိမ်းမယ်နှင့် လှချောအမေမှာ အိမ်ပေါက်မှထွက်ရပ်ကာ မြစ်ကျိုးကွေ့ဆီသို့ ငေးမျှော်ကြည့်နေကြ၏။ ဘာကိုမျှတော့ သူတို့မမြင်မတွေ့ရချေ။ သို့ရာတွင် သူတို့မျက်လုံးများသည် မြစ်ကျိုးကွေ့ မိုးကောင်းကင်ဆီသို့ မျှော်ကြည့်နေခြင်းနှင့်အတူ သူတို့၏ စိတ်များကလည်း မြစ်ကျိုးကွေ့တိုက်ပွဲဆီသို့ ရောက်နေကြသည်။

'ဒီတစ်ခါ ဂျပန်တွေ တော်တော်များတယ်နဲ့ တူတယ်ကွ၊ လှမောင်'

အဘိုးကြီး ဦးနီဒွေးသည် နှုတ်ဆိတ်၍ မနေနိုင်ဘဲ ပြောလိုက်သည်။

အဘိုးကြီး ဦးနီဒွေး၏ ပြောစကားသည် အိမ်ပေါက်ဝမှ ခေါင်းပြူထွက်နေသော လှချောမိခင်၏ စိတ်နှလုံးကို အထူးပင် တုန်လှုပ်စေသည်။ မဝါသည် သူ့သားအတွက် အစိုးရိမ်ကြီး စိုးရိမ်မိ၏။ သို့ရာတွင် ဤမျှ ပြင်းထန်သော တိုက်ပွဲများအတွင်းဝယ် သူအဘယ်သို့ တတ်နိုင်ပါမည်နည်း။

'သိပ်လဲ ပူနေစရာ မလိုပါဘူးဗျာ၊ ဒီကလူတွေက အကာအကွယ်ကောင်း နေရာကောင်းက ဖြစ်ပါလိမ့်မယ်၊ ဒင်းတို့ ဂျပန်တွေ မခံနိုင်ပါဘူး'

ကိုဖိုးကျော့က ထိုစကားကို ပြောလိုက်သည်။ သူပြောလိုက်သည်မှာလည်း အဓိပ္ပာယ်ရှိသည်။ သူက သားအတွက် ပူပန်မိသည့်တိုင် သူ၏ ပူပန်မှု

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကို မဝါမသိစေချင်ပေ။

မြစ်ကျိုးကွေ့မှ သေနတ်သံများ ပေါ်ထွက်နေပေမယ့် ရွာကလေး တစ်ရွာလုံးမှာ တိတ်ဆိတ်နေသည်။ လမ်းပေါ်၌လည်း လူသူ အသွားအလာ ရှင်းလင်းလှသည်။ ကိုလူမောင်သည် သူကြီး ဦးသီဟနေအိမ်ဆီသို့ လှမ်းမျှော် ကြည့်လိုက်မိ၏။ မည်သို့သော လှုပ်ရှားသူကိုမျှ အရိပ်အယောင်အစအန မမြင် မတွေ့ရပါချေ။

သေနတ်သံသည် တစ်စထက်တစ်စ ပိုမိုပြင်းထန်လာပြန်သည်။ ထို အချိန်၌ကား အဘိုးကြီး ဦးနီဒွေးမှလွဲ၍ ကျန်လူလေးယောက်စလုံးမှာ စိတ်ပူပန် ခြင်း ဖြစ်မိရပြန်သည်။

ဂျပန်တွေကများ အခြေနေသာသွားလေမည်လား။

ဤအတွေးကို ၄ ယောက်စလုံးက တွေးလိုက်မိ၏။ တကယ်လို့များ ဂျပန်တွေသာ အရေးအခင်းသာသွားပါက ကဇင်ငူကော ပေတောကုန်းပါ ပြာ အတိနှင့် လောင်စာအတိဖြစ်ရချေရဲ့ဟု စိတ်မောစိတ်ပူမိကြသည်။

ကိုလူမောင်၏ စိတ်တွင်း၌ကား ဤစစ်ကြီးကို အမြန်ဆုံး အဆုံးသတ် စေလိုသည်။ သူတကာတွေ တော်လှန်ရေး ဒီဂရီတက်၍ တော်လှန်ရေး အရေး တော်ပုံကြီးတွင် စိတ်အားထက်သန်နေပေမယ့် သူ့အနေနှင့်ကား ဒါတွေကို လုံးဝ စိတ်မဝင်စားမိပေ။

သူသည် သေနတ်သံ၊ ဗုံးသံထက် နွားငေါက်သံနှင့် နွားခြုံသံ လှည်း ပဒေါင်းကြိတ်သံကိုသာ ကြားလိုသူ ဖြစ်သည်။ သူ၏ မက်မောမှု၊ သူ၏ တွယ်တာမှုကား သွေးချင်းချင်းလွှမ်းသော စစ်၏မြင်ကွင်း ရှုကွင်းများမဟုတ်၊ စိမ်းလဲ့သော စပါးပင်ပျိုနှင့် တောင်ပံ့ကဇင်းဖြစ်နေသော ကောက်လှိုင်းပုံ စပါး ခင်းများသာ ဖြစ်လေသည်။

အချိန်အတော်ကြီး ကြာသွားသည့်အခါမှ သေနတ်သံများမှာ တဖြည်း ဖြည်း နည်းပါးသွားသည်။ နောက်ထပ်၍ အချိန်အနည်းငယ် ကြာရှိသွားသည့် အခါတွင်မှ သေနတ်သံများမှာ လုံးဝ ပျောက်ကွယ်သွားသည်။

သူတို့အားလုံး ထိုအခါမှ သက်မချမိလိုက်ကြသည်။ ပြီးစီးသွားပြန် ပေါ့ တစ်ချီတစ်ပွဲဟူ၍ ကိုလူမောင့်စိတ်ထဲတွင် မှတ်ချက်ချလိုက်မိသည်။

'ကဲ တို့သွားကြမလားဟေ့'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုဖိုးကျော့က ကိုလူမောင်ကိုမေးလိုက်၏။

'ခဏလေးလဲ နေကြပါဦးတော်၊ အရိပ်အခြေကလေးများလဲ စောင့်ကြည့်ကြစမ်းပါဦး'

အိမ်ပေါ်မှ မဝါက စိုးရိမ်မကင်းဖြစ်ဟန်တူသည်။ သူနှင့် ငြိမ်းမယ်တို့မှာလည်း အိမ်ပေါက်ဝတွင် ရပ်နေသည်မှာ ညောင်းညာ၍လော မပြောတတ် အိမ်တွင်းသို့ ပြန်လှည့်ဝင်သွားကြပြီးနောက် ခပ်စောစောက နေရာတွင် ပြန်ထိုင်ကြသည်။

အဘိုး ဦးနီဒွေးမှာ သူ့အိမ်ဘက်သို့ ပြန်လှည့်ထွက်ခွာသွားသည်။ အဘိုးသည် စိတ်အေးလက်အေးနှင့် အပူပန် အကြောင့်ကြကင်း၍လော၊ သို့တည်းမဟုတ် အရှုံးအနိုင်ကို အတိအကျဆုံးဖြတ်ပြီး၍ပေလော မပြောတတ်၊ သူ့ကို တွေ့ရမြင်ရသည်မှာ မတုံတက်တေးနိုင်လှပါကလားဟု ကိုလူမောင် မချင့်မရဲရှိမိသည်။

ထိုအချိန် ထိုအခိုက်၌ပင် ရွာလယ်လမ်းပေါ်တွင် ခပ်သုတ်သုတ် လျှောက်လာသူ နှစ်ယောက်၏သဏ္ဌာန်ကို ကိုဖိုးကျော့နှင့် ကိုလူမောင် တွေ့လိုက်ရ၏။ လျှောက်လာသူ နှစ်ဦးစလုံး ရိုင်ဖယ်ကိုယ်စီနှင့် ဖြစ်ကြရုံမျှမက သူတို့၏ ခြေလှမ်းများသည် အရေးတကြီး လျှောက်လာကြခြင်းဖြစ်ကြောင်း သူတို့ တွေ့လိုက်ရသည်။

'ဘယ်သူတွေများပါလိမ့်'

ကိုလူမောင်က ထိုစကားကို ပြောလိုက်၏။ နောက်တော့ သူတို့နှစ်ယောက်သည် ကိုလူမောင့်အိမ်ရှေ့ ပိတောက်ပင်ရှိရာသို့ ထွက်လာခဲ့ကြသည်။

လူနှစ်ယောက်သဏ္ဌာန်မှာ တဖြည်းဖြည်း သူတို့နှင့် နီးကပ်လာသည်။ ကိုလူမောင်ကော ကိုဖိုးကျော့ပါ မျက်တောင်မခတ် စူးစူးစိုက်စိုက် ကြည့်မိသည်။ အတန်ငယ် နီးကပ်လာမှ သူတို့နှစ်ဦးမှာ ကိုပန်းမွှေးနှင့် ကိုမြတ်ကျော်ဖြစ်ကြောင်း သိရသည်။

'ကိုမြတ်ကျော်နဲ့ ပန်းမွှေးတို့ပဲ ဘာကိစ္စများ အရေးတကြီး ဖြစ်လာကြတယ် မသိဘူး'

ကိုလူမောင်က ကိုဖိုးကျော့ကို ပြောနေခိုက်၌ပင် ကိုမြတ်ကျော်နှင့် ကိုပန်းမွှေး ပိတောက်ပင်အောက် ရောက်လာကြ၏။

'လူမောင် မင်းကို သခင်လှမောင်က အခေါ်လွှတ်လိုက်လို့ တို့လာခေါ်တာပဲ၊ ကဇင်ငှက်ကို ခဏလိုက်ခဲ့ပါတဲ့၊ ဖိုးကျော့လဲ ရောက်နေသကိုး၊ မင်းလဲ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



လိုက်ခဲ့ကွာ'

ကိုမြတ်ကျော်က ဤသို့ပြောလိုက်သည့်အခါ ကိုလှမောင်မှာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိသည်။ ဘာကိစ္စ ဘာအရေးအတွက်များ သခင်လှမောင် သူ့ကို ခေါ်ပြန်သနည်း။

'မင်းကို တွေ့ချင်လို့ ခေါ်ခိုင်းလိုက်တာပါကွ၊ လှချောတို့ စာခွေလိပ်တို့လဲ ရှိတယ်၊ အကြောင်းထူးရှိလို့ မဟုတ်ပါဘူး မင်းက အိမ်ထဲမှာချည့် ကုတ်နေတဲ့ကောင်မို့ တွေ့ချင်လို့ အခေါ်လွှတ်လိုက်တာပါ'

ခပ်ငေးငေး ခပ်ကြောင်ကြောင်ဖြစ်နေသော ကိုလှမောင်၏ အရိပ်အကဲကို သဘောပေါက်ဟန်ဖြင့် ကိုမြတ်ကျော်က ထိုစကားကို ထပ်ပြောလိုက်သည်။ ထိုအခါမှလည်း ကိုလှမောင်ရင်ထဲတွင် အေးသွားသည်။ သို့တိုင်အောင် သူသည် မည်သို့မျှ မဆုံးဖြတ် မဝေခွဲနိုင်သေးဟန်ဖြင့် အနီးတွင်ရပ်နေသော ကိုဖိုးကျော့ မျက်နှာကို ကြည့်မိသည်။

'လိုက်သွားကြရအောင်လှမောင်၊ မင်းအကောင် လှချောလဲ ဟိုမှာ တွေ့ရမှာပဲ'

ကိုဖိုးကျော့က ပြောလိုက်သည့်အတွင်မှ ကိုလှမောင်သည် အိမ်ပေါ်မှ ငြိမ်းမယ်ကို လှမ်းအော်ပြောလိုက်သည်။

'ငြိမ်းမယ်ရေ တို့ ကဇင်းငှာဘက်သွားဦးမယ်ဟေ့'

ငြိမ်းမယ် မည်သို့မျှ မပြောသေးမီ ကိုလှမောင်နှင့် ကိုဖိုးကျော့တို့သည် လာခေါ်သူ နှစ်ယောက်နှင့်အတူ ကဇင်းငှရွာသို့ လိုက်ပါသွားလေသည်။

လမ်းတစ်လျှောက်လုံး ကိုမြတ်ကျော်နှင့် ကိုပန်းမွေးတို့သည် ကိုလှမောင်တို့နှစ်ဦးအား မည်သို့သော စကားကိုမျှ မပြောမဆိုဘဲ ရှေ့မှနေ၍ ခရီးကို ခပ်သုတ်သုတ် လျှောက်နေသည်။ မည်သို့သော အကြောင်းမျှ မသိရသော ကိုလှမောင်၏ ရင်များမှာ မလင်းဘဲ ဖြစ်နေ၏။ ဘာကြောင့်များ သခင်လှမောင်သည် သူ့ကို ခေါ်ရသနည်း။ တော်လှန်ရေး ရဲဘော်များတွင် သူနှင့် ပတ်သက်သောကိစ္စ၊ မည်သို့သော အကြောင်းများ ရှိနေလေသနည်း။ သူကိုယ်တိုင်က တော်လှန်ရေး ကိစ္စတွင် မပါမဝင်ဘဲ ရှောင်ဖယ်ဖယ်လုပ်နေခြင်းကြောင့်များ သူ့ကို အပြစ်တင် အပြစ်ဆိုရန် ယခုကဲ့သို့ ခေါ်ခိုင်းခြင်းပေလော။

သို့မဟုတ်ပါကလည်း သူ့ကိုပင် တော်လှန်ရေးသမားတစ်ယောက် လုပ်စေကာ ဂျပန်တို့ကို လက်နက်ကိုင် တော်လှန်တိုက်ခိုက်ရန်အတွက် ယခုကဲ့

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သို့ အခေါ်လွတ်လိုက်ခြင်းပေလော။ ဤသို့ဆိုပါက တစ်ခုတော့ ခက်၏။ သူသည် အများတကာနည်းတူ သေနတ် လက်နက်ကို ပစ်ခတ် တိုက်ခိုက်ရန် မဆိုထားဘိ၊ သေနတ်ကိုမျှ ကိုင်တွယ်တတ်သူ တစ်ဦးတစ်ယောက်မဟုတ်ပါချေ။ ဤအတိုင်းဆိုက ခက်ရချေရဲ့ဟု ကိုလှမောင် စိတ်ပူမိပြန်သည်။

သူတို့သည် လယ်ကွက်များကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ကာ ကဇင်ငူရွာဆီသို့ ခြေလှမ်းခပ်ကျဲကျဲ လျှောက်နေကြသည်။ လယ်ကွင်းလယ်ကွက်များမှာ ယခင်ကလို ရိုးပြတ်တွေနှင့်လည်း မဟုတ်၊ လယ်လုပ်ကွင်းများဟူ၍လည်း ပြောလို့ပင် မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။ ယခုအချိန် ယခုအခါတွင် သူမြင်တွေ့နေရသမျှသော ဖြစ်ပျက်နေသမျှ ကြုံတွေ့နေသမျှ အကြောင်းအရာ မြင်ကွင်းမြင်ကွက်များမှာ တစ်မျိုးတစ်ဖုံပြောင်းလဲနေသည်ဟူ၍သာ ကိုလှမောင် သုံးသပ်မိ၏။

ဤအထဲမှ သူသည် 'နောက်ဘာဖြစ်ဦးမလဲ'ဟူသော အတွေးကို တွေးလိုက်မိ၏။ ဤအတွေးအဆများနှင့်အတူ ပူပန်သောကရောက်မှုများမှာလည်း သူ့တွင် ထပ်ချပ်မကွာလိုက်ပါနေရပြန်သည်။

သို့နှင့်သာ ဟိုတွေးသည်တွေးနှင့် ကိုလှမောင်ကော ကိုဖိုးကျော့ပါ စကားမပြောနိုင်ဘဲ ရှေ့မှသွားနေသူ နှစ်ယောက်၏ ခြေလှမ်းများကိုသာ အမြန်ဆုံး လှမ်းကာ လိုက်နေရတော့၏။ ကိုမြတ်ကျော်နှင့် ကိုပန်းမွှေးတို့မှာ သူတို့နှစ်ယောက်ကို တစ်ခါတစ်ခါ ပြန်လှည့်ကြည့်လိုက်သည်မှာလွဲ၍ ဘာစကားမျှ မဆိုဘဲ ကဇင်ငူရွာဆီသို့သာ ခြေဦးတည် သွားနေကြလေသည်။

နေလုံးသည် အနောက်ဘက်သို့ အလုအယက် ဆင်းသက်နေ၏။

ဝင်လုတော့မည့်ဆဲဆဲ ဖြစ်သော နေရောင်မှာ ခပ်လှမ်းလှမ်းဆီရှိ ကဇင်ငူရွာ တောတန်းအား ပတ္တမြားရည်ဖြင့် သွန်းလောင်း ခြယ်သထားသည့် နှယ်ရှိနေ၏။

ကျေးငှက်တို့သည် အိပ်တန်းဆီသို့ ပျံသန်းလာကြဟန်တူသည်။ သူတို့၏ ဝဲယာတစ်ဖက်တစ်ချက်မှသော် လည်းကောင်း၊ ဦးခေါင်းများပေါ်မှသော်လည်းကောင်း တောင်ပံရိုက်ကာ မြည်ကြွေးပျံသန်းသွားသော ကျေးငှက်များကို ကြည့်ရာမှ ကိုလှမောင်သည် ရောက်တတ်ရာရာ တွေးတောမိ၏။ တကယ်ဆိုတော့ ဤကျေးငှက်သတ္တဝါကလေးများသည် ငါတို့တစ်တွေထက် အပူအပင်ကင်းမဲ့လေစွ။

ဂျပန်ခေတ်မတိုင်မီကဆိုလျှင် ဤနေရာ ဤလယ်ကွက်များဝယ်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကောက်ရိုးပုံများ၊ စပါးပုံများ၊ လယ်တဲကလေးများ၊ ကျွဲတင်းကုပ်၊ နွားတင်းကုပ်များနှင့် တောင်သူလယ်သမားတို့၏ သားငယ် သမီးငယ်များ ပြေးလွှားဆော့ကစားနေသည်ကို အခါခပ်သိမ်း ကိုလူမောင်တွေ့ခဲ့ရဖူး မြင်ခဲ့ရဖူးပါ၏။ ယခုကား ယခင်ကလို မဟုတ်တော့။ လယ်တဲ၊ စပါးပုံနှင့် ကျွဲနွားတင်းကုပ်များကို မဆိုထားဘိ၊ ကောက်ရိုးတစ်မျှင်ကိုမျှ မတွေ့ရ မမြင်ရသည့် လွင်တီးခေါင် ဖြစ်နေနေတော့လေပြီ။

သို့နှင့်သာ သူတို့ လေးယောက်သည် လွင်တီးခေါင်လယ်ကွက်များကို ကျော်လွန်ခဲ့ပြီးနောက် ကဇင်ငူရွာဘက်သို့ တဖြည်းဖြည်း နီးကပ်လာသည်။ သူတို့အရှေ့တွင် မြင်တွေ့နေရသော ခင်းတန်းတစ်ကွေ့ကို ဝင်မိပြီးနောက် အတော်အတန် လျှောက်မိကြမည်ဆိုလျှင်ပင် ကဇင်ငူရွာ၏ အဝင်စပ်သို့ ရောက်တော့မည် ဖြစ်၏။

ထိုနေရာသို့ ရောက်လုနီးသည့် အခါတွင် ကိုလူမောင်၏ စိတ်များမှာ လွန်ခဲ့ပြီးသော အတိတ်အကြောင်းတစ်ရပ်ဆီသို့ တမုဟုတ်ချင်း ကူးပြောင်းသွားလေသည်။

လွန်ခဲ့သော သုံးနှစ်ခန့်အချိန်က ဂျပန်စစ်သားများသည် ဤ ကဇင်ငူရွာ၏ အပြင်ဘက်ရှိ ကွင်းစပ်တစ်ခုတွင် ဓားပြခေါင်းဆောင် ပစ်တိုင်းထောင်နှင့် ချက်ကြီးတို့အား သရက်ပင်များတွင် ကြိုးဖြင့် ချည်နှောင်ကာ လှံစွပ်ဖြင့် ထိုး၍ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ဖူးကြသည်။

ကိုလူမောင်မှာ ထိုအကြောင်းများကို ပြန်လှန်တွေးဟောမိသည်နှင့် တစ်ပြိုင်တည်း ကြက်သီးမွေးညှင်းထမိသည်။ သူ့မျက်လုံးများအတွင်း၌လည်း ဂျပန်စစ်သားတို့က ဓားပြနှစ်ဦးအား လှံစွပ်တပ် သေနတ်ဖြင့် တစွပ်စွပ် ပြေးထိုးနေခြင်းကို လည်းကောင်း၊ ဓားပြများ၏ ကိုယ်ပေါ်မှ သွေးငေါက်တောက်ပန်းထွက်နေခြင်းကို လည်းကောင်း ပြန်လည်ကာ ထင်မြင်မိသည်။

ကိုလူမောင်၏ ခြေလှမ်းများသည် အတန်ငယ် လေးသွား၏။ သူတို့ လျှောက်နေသော ထိုခင်းတန်းကလေးကို ကျော်လွန်မိလျှင်ပင် ရွာအဝင်ကွင်းစပ်သို့ ရောက်တော့ပေမည်။ ထိုကွင်းစပ်၌ပင် မဟုတ်ပါလော။ ဂျပန်စစ်သားတို့သည် ဓားပြနှစ်ဦးအား လှံစွပ်နှင့် ထိုးသတ်သွားကြပေသည်။

ကိုလူမောင်၏ မျက်လုံးအိမ်များအတွင်းဝယ် ဓားပြနှစ်ဦး၏ မျက်နှာကိုသော် လည်းကောင်း၊ လှံစွပ်နှင့် ပြေးထိုးနေသော ဂျပန်စစ်သားများ၏

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မျက်နှာကိုသော် လည်းကောင်း တရေးရေး မြင်ယောင်လာမိသည်။

ခင်းတန်းအထွက်သို့ ရောက်လျှင်ပင် ရွာအဝင် ကွင်းစပ်သို့ ခြေလှမ်းများ ချလိုက်မိသည်။

'လာကြပြီ လာကြပြီ ကိုလူမောင်လဲ တစ်ပါတည်း ပါလာသားပဲ'ဟူသော အသံနှင့်အတူ တော်လှန်ရေး ရဲဘော်များ သေနတ်တွေ တကားကားလူတွေ တရုံးရုံး ဖြစ်နေသည်ကို ကိုလူမောင် လှမ်းမြင်လိုက်ရ၏။

အသေအချာ ကြည့်လိုက်မိသည့်အခါတွင် သူတို့တစ်တွေ ဝိုင်းအုံနေကြသည်မှာ ကွင်းလယ်တစ်နေရာရှိ သရက်ပင်ကို ဗဟိုပြုကာ ဝိုင်းအုံနေခြင်းဖြစ်ကြောင်း ကိုလူမောင် တွေ့လိုက်ရသည်။

'အို ဘာများ လုပ်ကြဦးမလို့ပါလိမ့်' ကိုလူမောင်၏ နှုတ်ဖျားမှ မတိုးမကျယ် ဆိုလိုက်မိသည်။ ထိုအခိုက်၌ပင် လူအုပ်အတွင်းမှ သခင်လှမောင်၊ သခင်ဘခွေးကြီးနှင့် လှချောတို့တစ်တွေ သူတို့ဆီသို့ လာနေလေသည်။

'ကိုင်း ခပ်မြန်မြန်လာ ကိုလူမောင်၊ ခင်ဗျားအတွက် လက်စားချေရမဲ့ကိစ္စပဲ'

သူ့အနီးသို့ ရောက်လာသော သခင်လှမောင်က ထိုကဲ့သို့ ပြောလိုက်ပြီးနောက် သခင်လှမောင်ကော သခင်ဘခွေးကြီးတို့ပါ သူ၏ ဝဲယာ တစ်ဖက်တစ်ချက်မှ ညှပ်လျက် သူ့လက်ကို တစ်ယောက်တစ်ဖက်ကိုင်ကာ ဝိုင်းဝန်းထားသော လူအုပ်တွင်းသို့ သူ့ကို ဆွဲသွင်းခေါ်ဆောင်သွားကြသည်။

'ဟေ့ ရဲဘော်တစ်ယောက် လုံ့စွပ်တပ်ထားတဲ့ ရိုင်ဖယ်တစ်လက်ပေးစမ်းဟေ့'

သခင်လှမောင်က ထိုကဲ့သို့ အော်ပြောလိုက်သည့်အခါ ဝိုင်းထားသော လူအုပ်အတွင်းမှ ရဲဘော်တစ်ယောက်သည် သူ့ရိုင်ဖယ်ကို လုံ့စွပ်တပ်ဆင်ပြီးနောက် သခင်လှမောင်ထံ လာရောက်ပေးလေသည်။

'ကဲ ကိုလူမောင်၊ အဲဒီရိုင်ဖယ်ကို တင်းတင်းကျပ်ကျပ် ကိုင်ထားဗျာ'

မည်သည့်အကြောင်းမှန်း မည်သည့်ကိစ္စမှန်း မသိရသော ကိုလူမောင်မှာ ခပ်ကြောင်ကြောင် ခပ်ကြောက်ကြောက်နှင့်ပင် ထိုရဲဘော် လှမ်းပေးသော ရိုင်ဖယ်သေနတ်ကို သခင်လှမောင် အမိန့်ပေးချက်အရ လှမ်းယူလိုက်ရသည်။

သူ့မျက်လုံးများသည် ပြာနေ၏။ ဝိုင်းဝိုင်းလည်ရပ်နေသော ဆားပတ်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဝန်းကျင်မှ လူများကိုပင် ကိုလှမောင် သဲသဲကွဲကွဲ ကြည့်မရပေ။

'အချိန်တော့ သိပ်မရှိတော့ဘူး ကိုလှမောင်၊ နေဝင်ခါနီးနေပြီ၊ ဟို သရက်ပင်မှာ ကြည့်လိုက်စမ်း၊ အဲဒီအပင်မှာ ကြိုးနဲ့တုပ်ထားတဲ့ ဂျပန်ဟာ တစ်ခါတုန်းက ခင်ဗျားသား ခွေးညိုကို ရက်ရက်စက်စက် သေနတ်နဲ့ပစ်သတ်တဲ့ ဂျပန်စစ်ဗိုလ် ကူမိုယာမာဆိုတာပဲ၊ ဒီဂျပန်ကောင်ကို ခုတိုက်ပွဲက ကျုပ်တို့ အမိဖမ်းခဲ့တာပဲ၊ ကဲ ကြာတယ်ဗျာ၊ ခင်ဗျားသားအတွက် လက်စားချေပေတော့'

သခင်လှမောင်က ထိုကဲ့သို့ ပြောလိုက်သည့်အခါတွင်မှ ကိုလှမောင် သည် သူ့ရှေ့တည့်တည့်ရှိ သရက်ပင်နှစ်ပင်ကို လှမ်းကြည့်လိုက်မိသည်။

ဂျပန်စစ်ဗိုလ်တစ်ယောက်အား ကြိုးများဖြင့် တုပ်နှောင်ကာ သရက်ပင် တွင် ချည်နှောင်ထားခြင်း ဖြစ်သည်ကို သူ တွေ့လိုက်ရ၏။ ဂျပန်တစ်ကိုယ်လုံး မှာ ရေများဖြင့် ရွှဲရွှဲစိုနေသည်။

ကိုလှမောင်သည် လက်တွင်းမှ ရိုင်ဖယ်ကို ဆုပ်ကိုင်ကာ သရက်ပင်တွင် ချည်နှောင်ထားသော ဂျပန်ကို အငေးအငိုင်သား ကြည့်လိုက်မိသည်။ ဤသရက် ပင်မှာ ယခင်တစ်ကြိမ်က ဓားပြခေါင်းဆောင် ပစ်တိုင်းထောင်အား ချည်နှောင် ထိုးသတ်ခဲ့သည့် သရက်ပင် ဖြစ်သည်။

ထိုသရက်ပင်မှ ဂျပန်တို့၏ လှံစွပ်ရာများမှာ ယခုအချိန်ထိ ပျောက်လိမ့် ဦးမည် မဟုတ်ဟု ကိုလှမောင် ယူဆမိသည်။

'ကဲ အချိန် သိပ်မရှိဘူး ကိုလှမောင်၊ ခပ်သုတ်သုတ် လုပ်ပေတော့'

သခင်လှမောင်က ထပ်မံပြောကြားလိုက်သည်။

ဟိုတစ်ချိန်တုန်းအခါက ဂျပန်စစ်ဗိုလ်သည် ဂျပန်စစ်သားများအား လှံစွပ်ထိုးရန် အမိန့်ပေး ပြောကြားသည့်နည်းတူ ယခုအခါ၌လည်း သခင်လှ မောင်သည် သူ့ကို အမိန့်ပေး စေခိုင်းနေခြင်းပေလောဟု ကိုလှမောင် ယူဆမိ သည်။

သို့တစေ သူ့အနေနှင့်ကား အသို့လျှင် ဤဂျပန်စစ်ဗိုလ် ကူမိုယာမာကို လက်တုံ့ချေနိုင်ပေမည်နည်း။

သူ တစ်ကြိမ်တစ်ခါဖူးမျှ မတွေ့ဘူး မမြင်ဘူးသော ဤသူအား ရက်ရက်စက်စက်ကြီး လှံစွပ်နှင့် ထိုးသတ်ရမည့် ကိစ္စကား ကိုလှမောင်အဖို့ လွယ်ကူသော ကိစ္စ မဟုတ်ပါပေ။

'အဲဒါ ခင်ဗျားသားလေး ခွေးညိုကိုသတ်တဲ့ ဂျပန်ကောင်ပဲ'

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သခင်ဘခွေးကြီးက ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

'လုံ့စွပ်နဲ့သာ ရင်ဝတည့်တည့် ပြေးထိုးလိုက်စမ်းပါဗျာ'

ဝိုင်းရံထားသည့် လူအုပ်တွင်းမှ တစ်ယောက်က ဆိုပြန်သည်။

သူတို့ သူတို့တွေ မည်သို့ပင်ဆိုကြ ပြောကြ အားပေးအားမြှောက် ပြုကြစေကာမူ ကိုလူမောင်တစ်ယောက်မှာ မတုန်မလှုပ် ကျောက်တိုင်ကျောက် ရုပ်ကြီးနှယ် ရှိလေသည်။

သူ့သားလေး ခွေးညိုကို ဤဂျပန်စစ်ဗိုလ်သည် တကယ်တန်း သေနတ် ဖြင့် ပစ်သတ်သည်ဆိုစေဦးတော့ လွန်ပြီးသော အမှုကို ကိုလူမောင် လက်တုံ့ ပြန်ခြင်း၊ လက်စားချေခြင်း မပြုလိုပါချေ။

ဤလို လက်တုံ့ပြန်ခြင်းဖြင့် အဟောင်းမှုအား သူက အသစ်မပြုလိုပါ ချေ။ သူတို့တစ်တွေ၏ သဘောအရ သူတို့တစ်တွေကသာလျှင် ပြုချင်သလိုပြုပါ စေ၊ သူ့အနေနှင့်ကား အကြွင်းမဲ့ ခွင့်လွှတ်နိုင်ရပေမည်ဟုသာ ကိုလူမောင် သဘောပိုက်မိသည်။

ဤဂျပန်စစ်ဗိုလ်ကို အဆုံးစီရင်ကာ လက်တုံ့ပြန်ခြင်းဖြင့် သူ့အဖို့၌ သော် လည်းကောင်း၊ သေဆုံးသွားပြီဖြစ်သော သူ့သားငယ် ခွေးညိုအဖို့၌သော် လည်းကောင်း အဘယ်ပုံ အကျိုးရှိလေမည်နည်း။

ကိုလူမောင်သည် သရက်ပင်တွင် ချည်နှောင်ထားသော ဂျပန်စစ်ဗိုလ် ထံသို့ မျက်စေ့ရောက်သွားမိသည်။ သေရအံ့မူးမူးဖြစ်သော ဂျပန်သည် မျက်နှာ တွင် သွေးမရှိသလို ဖြူရော်ရော်ဖြစ်နေသည်ဟု ကိုလူမောင် ထင်မှတ်မိသည်။

'မိုးချုပ်ပြီ မှောင်သွားလိမ့်မယ်'

လူအုပ်ထဲမှ တစ်ယောက်က အော်လိုက်သည်။

'သတ်မဲ့ဟာ သတ်ပစ်လိုက်ပါဗျာ၊ မြန်မြန်သေ မြန်မြန်အေးတယ်'

သွေးဆာနေသူများ၏ အော်ဟစ်ပြောကြားလိုက်သံများမှာ ကိုလူမောင့် အဖို့ ကြောထဲမှ စိမ့်၍ ရင်တွင်းမှ ထိတ်လှသည်။ သူ့ခြေထောက်များသည် ကျောက်တုံးကျောက်တိုင်များကဲ့သို့ မလှုပ်မရှားရပ်နေသည်။ လက်တွင်ကိုင်ထား သော ရိုင်ဖယ်သေနတ်မှာလည်း အသက်ကင်းမဲ့သော ကျောက်ရုပ်လက်တွင် တည့်ပေးထားခြင်းနှင့် တူလှသည်။

နေလုံးသည် တဖြည်းဖြည်း တစစနှင့် တောအုပ်များအတွင်း ငုပ်လျှိုး ဝင်ရောက်စပြုလေပြီ။ အမှောင်ရိပ်များပင် အတန်ငယ် ဝင်ရောက်လွှမ်းမိုးလာလေ ပြီ။ ဘေးမှဝိုင်းရံထားသော လူများသည် ကိုလူမောင်ကို ကြည့်ကာ မချင့်မရဲ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဖြစ်မိကြသည်။

'ခင်ဗျား မသတ်ရဲဘူးလား ကိုလူမောင်'

သခင်လှမောင်က မေးလိုက်သည်။ သို့ရာတွင် ကိုလူမောင်၏ နှုတ်ဖျားမှ မည်သို့မျှ အကြောင်းမပြန်နိုင်ပေ။

သခင်လှမောင်မှာ ကိုလူမောင်ကို ကြည့်ကာ အတော်သနားသွားမိသည်။ သူ့ခမျာ မသတ်ချင်ရှာဘူးထင်ပါရဲ့ဟုလည်း သခင်လှမောင် တွေးလိုက်မိသည်။

'ကဲ ကျွန်တော် နောက်ဆုံးပြောမယ် ကိုလူမောင်'

သခင်လှမောင်သည် ထိုစကားကို အများကြားလောက်အောင် ခပ်ကျယ်ကျယ် ပြောလိုက်သည်။ နောက်တော့မှ သူ့စကားကို ဆက်ပြန်သည်။

'ဒီဂျပန်စစ်ဗိုလ်ဟာ ခင်ဗျားထွက်ပြေး နေရတုန်းက ခင်ဗျားသားလေး ချေးညိုကို သေနတ်နဲ့ ပစ်သတ်တဲ့ ဂျပန်ပဲ၊ အဲဒီဂျပန်ကို ကျုပ်တို့တစ်တွေက လက်ရဖမ်းမိလာတဲ့အတွက် ခင်ဗျားသဘောကျ လုပ်နိုင်အောင် ခင်ဗျားလက်ထဲ အပ်တာပဲ၊ ဒီတော့ ဂျပန်စစ်ဗိုလ်ကူမိုယာမာကို ခင်ဗျားပဲ ပိုင်တယ်၊ ခင်ဗျား သဘော အတိုင်း ခင်ဗျားလုပ်ချင်သလိုလဲ လုပ်နိုင်တယ်၊ ကဲ ခင်ဗျား သဘောဘယ်လိုလဲ၊ ခပ်တိုတို ပြောဗျာ အချိန်သိပ်မရှိတော့ဘူး'

သခင်လှမောင်၏ စကား ဆုံးသွားပြီးနောက် ကိုလူမောင်၏ စကားသံ ထွက်ပေါ်လာသည်။ ထိုစကားသံသည် ကိုလူမောင်၏ အသည်းနှလုံးကြားမှ ပွင့်ပွင့်လင်းလင်းနှင့် စွန့်စွန့်စားစား ပေါ်ထွက်လာရသော စကားလုံးများဖြစ်ဟန် တူသည်။

'ကျွန်တော့်သဘောဆိုရင်တော့ လွှတ်လိုက်ပါဗျာ၊ လွတ်ရာလွတ်ကြောင်း သွားပါစေတော့၊ ကျွန်တော် ခွင့်လွှတ်ပါတယ်'

မကြာမီ သခင်လှမောင်သည် ကိုလူမောင်၏ လက်တွင်းမှ သေနတ်ကို ပြန်ယူကာ ခပ်စောစောက ရဲဘော်သို့ပြန်ပေးလိုက်သည်။ ထို့နောက် သူသည် သရက်ပင်တွင် ချည်နှောင်ထားသော ဂျပန်စစ်ဗိုလ် ကူမိုယာမာ၏ ကိုယ်ပေါ်မှ ကြိုးများကို ဖြည်ပေးလိုက်၏။

ဂျပန်စစ်ဗိုလ် ကူမိုယာမာမှာ မြန်မာပြည်တွင် အတော်ပင် အနေကြာခဲ့သူတစ်ယောက်ဖြစ်ခြင်းကြောင့် ဗမာစကားကိုပင် အတော်အတန် နားလည်နေသူ တစ်ယောက် ဖြစ်နေတော့ပြီ။ နောက်တော့ သူ့အနေနှင့်က ကိုလူမောင်နှင့် သခင်လှမောင် အမူးပြုသော တော်လှန်ရေးသမား ရဲဘော်များ၏ ပြောစကား၊

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဆိုစကားများကို တချို့တစ်ဝက် သဘောပေါက်နေလေပြီ။

'ကူမိုယာမာ၊ ခင်ဗျားရဲ့အပြစ်အားလုံးကို ကျုပ်တို့ရဲ့မိတ်ဆွေကြီး ကိုလှမောင်က လုံးဝခွင့်လွှတ်လိုက်ပါပြီ၊ ဟိုတစ်ချိန်က ခင်ဗျားအလိုရှိနေတဲ့ ကိုလှမောင်ဆိုတာ အဲဒီလူပဲ၊ ခင်ဗျား မှတ်မိဦးမှာပေါ့ဗျာ၊ သူ့သားလေး ခွေးညို ကို ပေတောကုန်းရွာ လမ်းပေါ်မှာ ခင်ဗျားပစ္စတိုနဲ့ ပစ်သတ်လိုက်တာလေ၊ မှတ်မိဦးမှာပေါ့ မိတ်ဆွေ'

သခင်လှမောင်သည် အင်္ဂလိပ်ဘာသာဖြင့် ကူမိုယာမာကို စိတ်လိုက် မာန်ပါ ပြောလိုက်မိသည်။ သူက ကူမိုယာမာ၏ ကိုယ်ပေါ်မှ ကြိုးများကိုလည်း အမြန်ဆုံး ဖြည်ပေးလိုက်၏။

ရုတ်တရက်သော် ဂျပန်စစ်ဗိုလ် ကူမိုယာမာသည် မည်သည့်စကားကို မျှ ပြန်လည်မပြောကြားနိုင်ပေ။ သစ်ပင်နှင့် သူ့ကိုယ်ကို ပူးတွဲချည်နှောင်ထား သော ကြိုးများ တစ်စစ ပြည်သွားသည့်တိုင် သူသည် မလှုပ်မရှားနှင့် သစ်ပင်တွင် သူ့ကိုယ်ကို မှီထားဆဲ ရှိ၏။

သူ့မျက်လုံးအိမ်များအတွင်းမှလည်း မျက်ရည်ပေါက်ကြီးများ တပေါက် ပေါက် ကျဆင်းလာသည်။ သူသည် ကိုလှမောင်၏ မျက်နှာကိုသော် လည်း ကောင်း၊ သခင်လှမောင်၏ မျက်နှာကိုသော် လည်းကောင်း ရီဝေသော မျက်လုံး များနှင့် စီးဆင်းနေသော မျက်ရည်ပေါက်များအကြားမှနေ၍ ကြည့်မိသည်။ သူ၏ ပါးလွှာသော နှုတ်ခမ်းများသည် ဖြူဖတ်ဖြူရော်ရှိနေသည်။ သူ့လက်များ၊ သူ့နှုတ်ခမ်းများမှာ တဆတ်ဆတ်တုန်နေသည်။

လူတစ်ယောက်၏ မေတ္တာစိတ်အတွက်ကိုသော်လည်းကောင်း၊ ခွင့်လွှတ် တတ်သော သဘောထားကြီးမှုအတွက်ကိုသော် လည်းကောင်း တုံ့ပြန်ပြောဆို ရမည့် စကားလုံးများကို ရှာမရဘဲ ဖြစ်နေဟန်တူသည်။

'ကျုပ်တို့အားလုံးကပဲ မိတ်ဆွေ ကူမိုယာမာကို ခွင့်လွှတ်လိုက်ပါပြီ။ မိတ်ဆွေရဲ့အသက်ဘေးက လွတ်ရာလွတ်ကြောင်းအတွက် ခရီးဆက်ပေတော ကူမိုယာမာ'

သခင်လှမောင်၏ ခပ်စောစောက ဒေါသစိတ်များမှာလည်း ဤအချိန် တွင် လွင့်စင်ကွယ်ပျောက်ကုန်သည်။ ဂျပန်စစ်ဗိုလ် ကူမိုယာမာ၏ ပါးပြင်ပေါ် တွင် တလိမ့်လိမ့် စီးကျလာသော မျက်ရည်ပေါက်ကြီးများကို ကြည့်ရင်းမှ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သခင်လှမောင်သည် ကရဏာသက်မိသည်။ နောက်တော့ သားတစ်ယောက်လုံး ကိုပင် အသတ်ခံထားရသူ ကိုလှမောင်ကိုယ်တိုင်က ခွင့်လွှတ်ခြင်းပြုနေပြီ မဟုတ် ပါလော။

'ခင်ဗျားတို့ မြန်မာလူမျိုးတွေ၊ မြန်မာတိုင်းရင်းသားတွေအားလုံးရဲ့ ခွင့်လွှတ်တတ်တဲ့ စိတ်နေသဘောထားကို အများကြီး အံ့ဩမိ ချီးကျူးမိပါတယ် သခင်လှမောင်'

စီးကျနေသော မျက်ရည်ပေါက်ကြီးများအတွင်းမှ ကူမိုယာမာသည် အနိုင်နိုင်အားတင်းလျက် ထိုစကားကို ပြောကြားခြင်းပြုလိုက်သည်။

'ကျုပ်အမှားတွေ၊ ကျုပ်ပြုလုပ်မိတဲ့ အပြစ်တွေအားလုံးအတွက် ကျုပ် ဟာ ခုအချိန်မှာတော့ ဒဏ်ပြန်ခတ်မှုကို ခံနေရပါပြီ။ သခင်လှမောင် မိတ်ဆွေ တွေအားလုံးနဲ့ ကိုလှမောင်က ကျုပ်ကို ခွင့်လွှတ်ခြင်း ပြုလိုက်ပေမဲ့ ကျုပ်ရဲ့ အမှားအယွင်း အပြစ်ဒဏ်များကတော့ ကျုပ်ကို ခွင့်လွှတ်လိမ့် လွှတ်ပါလိမ့်မယ်'

ကူမိုယာမာသည် အတတ်နိုင်ဆုံး ကြိုးစားကာ မြန်မာစကားဖြင့် ပြော ကြားနေသည်။ ယခင်တုန်းအချိန်အခါများကလို ဂျပန်စစ်ဗိုလ်တစ်ယောက်၏ အသံမျိုး၊ စိတ်နေစိတ်တားမျိုး၊ မျက်နှာအမူအရာမျိုး ကူမိုယာမာတွင် မရှိတော့ ပါချေ။ သူသည် ထိုစကားများကို တစ်လုံးချင်း တစ်ပိုဒ်ချင်း ပြောကြားခြင်း ပြုနေရာမှ သူ့လက်ချောင်းများကိုလည်း တစ်ချောင်းနှင့်တစ်ချောင်း ပွတ်နယ်နေ သည်။ သူ့အမူအရာတစ်ခုလုံးသည် ကြီးစွာသော နောင်တရားရမှုနှင့် သူ၏ မိုက်မှားမှုများအတွက် ပြန်လည် သုံးသပ်မိဟန်ရှိနေသည်။

''နောက်ဆုံးမှာတော့ ကျုပ်တို့အားလုံးဟာ စစ်ကိုလိုလားသူတွေ၊ လောဘရမ္မက်ထူပြောသူတွေ၊ မေတ္တာစိတ်ခေါင်းပါးသူတွေကြောင့် ခုလို သတ် ဟယ်ဖြတ်ဟယ် ဖြစ်ရတာပဲလို့ ကျုပ်ယူဆမိပါတယ်'

ကူမိုယာမာ၏ အသံများသည် ကြေကွဲလှိုက်လှဲမှုဖြင့် တုန်ရီနေသည်။ သူသည် ထိုစကားများကို ပြောကြားနိုင်ရန်အတွက် သူ့ကိုယ်ကိုပင် မနည်းကြီး အားတင်းထားရဟန်တူသည်။

'နောက်တစ်ချက်ကလဲ မိတ်ဆွေများအားလုံးရဲ့ သဘောထားကြီးမှု၊ ခွင့်လွှတ်မှုများဟာ ကျုပ်အတွက် ကြီးမားသော ဒဏ်ခတ်မှုပါပဲ၊ ခွင့်လွှတ်ခြင်း လောက် ကြီးမားသော ဒဏ်ခတ်မှုဟာ ဒီလောကမှာ တခြား မည်သည့်ကိစ္စမျိုး၊

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



မည်သည့်နည်းမျိုးမှ မရှိဘူးလို့ ကျုပ်ထင်ပါတယ်'

နေသည် လုံးဝပင် ကွယ်ပျောက်သွားလေပြီ။ အမှောင်ရိပ်များသည် ထိုနေရာကွင်းပြင်တစ်ခုလုံး၌သော် လည်းကောင်း၊ ပတ်ဝန်းကျင်တစ်ဝိုက်၌သော် လည်းကောင်း ဖြန့်ကျက်ဖုံးအုပ်လာသည်။ အိပ်တန်းသို့ တက်ကြသော ကျေးငှက်တို့၏ မြည်ကြွေးသံနှင့် လယ်ပိုးမွှားတို့၏ တစ္ဆီစ္ဆီမြည်ကြွေးသံတို့ကလည်း ထိုနေရာတွင် ဖုံးလွှမ်းလာသည်။

'ကျုပ်ဟာ နောင်တတရားကောင်းကောင်း ရသွားပါပြီဗျာ'

ကူမိုယာမာ၏ နောက်ဆုံးဖြစ်သော စကားသံပင် သူ့အသံသည် ပူပန်ခြင်း၊ ဆင်းရဲခြင်းဖြင့် ကြေကွဲခြင်းအပြည့်ရှိလေသည်။

'ကဲ သွားနိုင်ပါပြီ၊ ကူမိုယာမာ'

သခင်လှမောင်က ထိုစကားကို ပြောလိုက်သည်။ ကူမိုယာမာသည် သူ့အနီးရှိ ကိုလှမောင်ကိုသော် လည်းကောင်း၊ သခင်လှမောင်နှင့် သခင်ဘခွေးကြီးတို့ကို လည်းကောင်း ဦးခေါင်းညွတ်နှုတ်ဆက်လိုက်သည်။ နောက်တော့ သူသည် သရက်ပင်ရင်းမှ တစ်လှမ်းချင်း ထွက်ခွာသွားသည်။ ဝိုင်းထားသော ရဲဘော်များသည် ကူမိုယာမာ ထွက်သွားနိုင်ရေးအတွက် လမ်းရှဲပေးလိုက်ကြသည်။

ကူမိုယာမာသည် ခြေလှမ်းများကို ရေတွက်လျှောက်နေသလို ဦးခေါင်းငိုက်စိုက်ဖြင့် မြစ်ကျိုးကွေ့ဘက်သို့ တဖြည်းဖြည်းချင်း တစ်လှမ်းချင်း လျှောက်နေသည်။ ကိုလှမောင်နှင့်တကွ အားလုံးသော တော်လှန်ရေးသမားများသည် အမှောင်ထုအတွင်းသို့ တစ်လှမ်းချင်း ဝင်ရောက်လျှောက်သွားနေသော ကူမိုယာမာ၏ နောက်ပိုင်းကိုမျက်တောင်မှျ မခတ်ဘဲ စူးစူးစိုက်စိုက် ကြည့်နေမိကြသည်။

ထိုနေရာတစ်ဝိုက်တွင် လယ်ပိုးလယ်မွှားနှင့် ပုရစ်ငယ်များ ကျေးငှက်များ၏ မြည်ကြွေးသံများမှ လွဲ၍ လူသံလူသံကို လုံးဝပင် မကြားရပေ။ ကိုလှမောင်အပေါ်အဝင်ဖြစ်သော ရဲဘော်အားလုံးတို့၏ အသက်ရှူသံများကိုသာ ကြားနေရသည်။

လေးလေးတွဲ့တွဲ့ဖြင့် တစ်လှမ်းချင်း လှမ်းနေသော ဂျပန်စစ်ဗိုလ်ကူမိုယာမာ၏ ခြေလှမ်းများသည် အမှောင်ထုအတွင်းသို့ တစ်စစ ဝင်ရောက်နေသည်။ သူ့ကိုယ်ခန္ဓာကြီးတစ်ခုလုံးသည် ပျောက်ကွယ်၍ မသွားသေးသည့်တိုင်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



အမှောင်ရိပ်များသည် တဖြည်းဖြည်း လျှောက်နေသော ကူမိုယာမာ၏ ကိုယ်ခန္ဓာကြီးအား တစ်စစ ဝါးမျိုဖုံးအုပ်နေပေပြီ။

ဦးခေါင်းကိုအောက်ငုံ့ကာ တစ်လှမ်းချင်း လျှောက်နေသော ကူမိုယာမာအား သခင်လှမောင်နှင့် သူတို့အားလုံးသည် ကျောက်ရုပ်များကဲ့သို့ ငြိမ်သက်စွာ ကြည့်နေမိကြသည်။ လူအားလုံးတို့သည် တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် မည်သည့်စကားကိုမျှ မပြောနိုင်ကြဘဲ တွေဝေ မိန်းမောနေကြသည်။ သူတို့၏ စိတ်အာရုံများမှာ ဂျပန်စစ်ဗိုလ် ကူမိုယာမာ၏ အပေါ်၌သာ လုံးဝဝင်စားနေကြသည်။ သူတို့၏ ပတ်ဝန်းကျင်ကိုသော် လည်းကောင်း၊ တော်လှန်ရေးသမားများပါကလားဟူသော အဖြစ်ကိုသော် လည်းကောင်း ပြန်လည် သတိရနိုင်ခြင်း မရှိကြပေ။

ကြိုးစင်ထက်မှ ကြိုးမိန့်ကျပြီးသော ရာဇဝတ်ကောင်တစ်ဦးအား သတ်တော့အံ့ဆဲဆဲ၌ပင် ထိုကြိုးစင်ထက်မှ ကွင်းလုံးကျွတ် လွှတ်လိုက်ခြင်းနှင့်တူလှသည်။ သူတို့အားလုံး၏ စေတသိက်များသည် သတ်လိုဖြတ်လို ပစ်ခတ် ထိုးခုတ်လိုသော သဘောမှ ဆန့်ကျင်ကာ သက်ရှိသတ္တဝါ တစ်ဦးတစ်ယောက်၏ ရှေ့ရေးအတွက် တွေးတော ပူပန်မိသော အဖြစ်သို့ပင် ပြောင်းလဲလာကြသည်။

သူတို့အားလုံးကတော့ လူ့လောကတွင် ကြီးစွာသော အပြစ်ရှိသူ တစ်ယောက်အား စိတ်သဘောထားကြီးကြီးဖြင့် ခွင့်လွှတ်ခြင်း ပြုလိုက်ကြပါပြီ။

သို့တစေ သူတို့အားလုံး ခွင့်လွှတ်ခြင်းပြုလိုက်သော စစ်ဗိုလ် ကူမိုယာမာသည် သူတို့၏ မျက်စိရှေ့မှောက် မျက်ဝါးထင်ထင်အောက်၌ပင် တဖြည်းဖြည်း လျှောက်နေရာမှ နံဘေးသို့ ယိမ်းယိုင်ခွေကျသွားသည်ကို မြင်လိုက်ရလေသည်။

'ဟယ်'

သခင်လှမောင်သည် ကူမိုယာမာ လဲကျသွားရာသို့ အပြေးအလွှားသွားရောက်တော့သည်။ သူ့နောက်မှ သခင်ဘခွေးကြီးနှင့် လှချောတို့ပါ တစ်ပါတည်းလိုပင် ပြေးလိုက်သွားကြသည်။

'ဘုရား ဘုရား ကျွတ် ကျွတ်'

ကိုလူမောင်သည် နေရာတစ်နေရာတွင် တွေရပ်နေရာမှ ဘုရားတကာ စုတ်သိပ်မိ၏။ ကျန်လူများအားလုံးသည် ကိုလူမောင်ကဲ့သို့ ငိုင်နေမိကြ၏။

ကူမိုယာမာ လဲကျသွားရာသို့ ရှေ့ဆုံးမှ ရောက်သွားသည့် သခင်လှ

မောင်သည် ကူမိုယာမာ၏ အနီးသို့ လျှင်မြန်စွာ ထိုင်ချလိုက်သည်။ နောက်တော့ သူသည် လဲနေသော ကူမိုယာမာအား သန်မာထွားကျိုင်းသော သူ့လက်များဖြင့် ပွေ့ချီလိုက်သည်။ ထို့နောက် သခင်လှမောင်သည် ကိုလူမောင်နှင့်အတူရှိနေသော ရဲဘော်များကို လှမ်းခေါ်လိုက်၏။

'အားလုံး လာကြဦးဗျို့.'

သူတို့အားလုံးမှာ သခင်လှမောင် ခေါ်သံကြောင့် ထိုနေရာသို့ စုပြုံပြေးသွားကြသည်။ သူတို့လူစုတွေမှာ သခင်လှမောင်နှင့် ကူမိုယာမာကို ဝိုင်းအုံနေလေသည်။

'ဘယ်လိုများ ဖြစ်သွားပါလိမ့်' ဟူသော သိချင်ဇောသည် ကိုလူမောင့်အဖို့ ပြင်းပြနေသည်။ အန္တရာယ် ဥပါဒ် တစ်စုံတစ်ရာ မကျရောက်ပါစေနဲ့ဟုလည်း ကိုလူမောင် ဝမ်းတွင်းကျိတ်၍ ဆုတောင်းလိုက်မိပါသည်။

သခင်လှမောင်မှာ ကူမိုယာမာအား ပွေ့ပိုက်ထားရင်းက သူ့ဦးခေါင်းကိုငုံ့ကာ ရင်ညွန့်ရင်ဝဆီသို့ နားကပ်ထောင်နေသည်။

အတော်ကလေး အချိန်ကြာအောင် နားထောင်နေပြီးမှ သူ့နားကိုပြန်ခွာကာ ကူမိုယာမာ၏ လက်ကောက်ဝတ်များကို သွေးစမ်းနေပြန်သည်။

ကိုလူမောင်၏ ရင်များသည် တဒိတ်ဒိတ်ခုန်နေသည်။ သူ့နှလုံးသားများမှာလည်း အပြင်းအထန် လှုပ်ရှားနေသည်။ သခင်လှမောင်နှုတ်ဖျားမှ ထွက်ပေါ်လာမည့် စကားသံကို သူနားစွင့်နေမိသည်။ မည်သို့ဆိုပါစေ ကောင်းသော စကားနှင့် ချမ်းမြေ့ရမည့်အသံကိုတော့ ကိုလူမောင် ကြားလိုခြင်းကား အမှန်ပင် ဖြစ်လေသည်။ သေမင်း၏ခံတွင်းမှ သူ ကယ်တင်ခြင်းပြုလိုက်သော လူရင့်မကြီး တစ်ယောက်ကိုကား ကောင်းသောအဖြစ်ဌ်သာ ကိုလူမောင်တွေ့လိုမြင်လိုသည်။ ဤလိုကောင်းသော အဖြစ်မျိုးဌ်သာ တွေ့ပါရစေ၊ မြင်ပါရစေဟူ၍လည်း ကိုလူမောင် ဆုတောင်းလိုက်မိသည်။

သို့တစေ ဤအကြိမ် ဤအခါတွင်လည်း ကိုလူမောင်တစ်ယောက် ဆုတောင်းမှု မပြည့်ဝရှာပါချေ။ သူ့အဖြစ်သည် ဆုတောင်းသမျှ မပြည့်ဝသည့် ဆုတ်နစ်သော ဘဝပေလော။

ထိုအခိုက်အတန့်၌ပင် လေပြင်းသည် တဝီးဝီး တိုက်ခတ်လာ၏။ သစ်ပင်ကြီးငယ်တို့၏ မြည်သံဟီးသံ၊ ဝါးရုံပင် ဝါးရုံတောတို့၏ တဖျတ်ဖျတ်ရိုက်ခတ်သံ၊ လေပြင်းနှင့်အတူ ရောနှောလိုက်ပါလာသော ပေတောကုန်းရွာ

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဆရာတော် ဦးစန္ဒိမာ၏ ကျောင်းဆီမှ ကျောက်စည်ထိုးသံနှင့် ခွေးအူသံတို့သည် တစ်ပြိုင်တည်းလိုလို ပေါ်ထွက်လာသည်။

ဤအသံဗလံများ၏ နောက်ပိုင်းမှ ကိုလူမောင်နှင့် ရဲဘော်အားလုံးသည် သခင်လှမောင် ပြောလိုက်သည့် စကားသံကို ကြားလိုက်ကြရလေသည်။

'အသက်မရှိတော့ဘူး စစ်ဒဏ်ကြောင့် ပင်ပန်းနေခိုက်မှာ စိတ်နှလုံးထိခိုက်သွားဟန် တူပါတယ်ဗျာ'

ကိုလူမောင်မှာ ဟင်းခနဲ သက်ပြင်းချလိုက်မိ၏။ နောက်တော့ သူ့နှုတ်ဖျားမှလည်း မတိုးမကျယ် ညည်းတွားခြင်း ပြုလိုက်မိသည်။

'အင်း စစ်ဒဏ်ကြောင့် တစ်ယောက်တော့ သေရရှာပြန်ပါပကော'

❑

## [၁၈]

## အသက်သွေးချွေး

ဖြစ်ရပ် ဖြစ်ကြောင်းများကို အမျိုးမျိုးအဖုံဖုံ ကြုံတွေ့ခဲ့ရပြီးနောက် ကိုလှမောင်တို့တစ်တွေသည် ခေတ်တစ်ခေတ်မှ တစ်ခေတ်သို့ ကူးပြောင်းရောက်ရှိခဲ့ရပြန်သည်။

ခုတော့ သူတို့တစ်တွေ မျက်မှောက်ပြု ကြုံတွေ့ရသော ခေတ်က အချုပ်အချာ အာဏာပိုင်၍ လွတ်လပ်သော ပြည်ထောင်စုခေတ်ဦးပင်ဖြစ်၏။

ထိုနေ့ကား ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့ဖြစ်၏။ ကိုလှမောင်အပါအဝင်ဖြစ်သော ပေတောကုန်းရွာသား ရွာသူများသည် သူကြီး ဦးသီဟနေအိမ်တွင် စုရုံးကာ လွတ်လပ်ရေး အထိမ်းအမှတ်နေ့အဖြစ် ရွာကျောင်း ဆရာတော် ဦးစန္ဒိမာအမှူးပြုသော ဘုန်းတော်ကြီးများအား ဆွမ်းကပ်ခြင်းပြုကြကာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲတွင် ကျဆုံးခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသည့် မျိုးချစ်အာဇာနည်များအတွက် အမျှအတန်း ပေးဝေခြင်းပြုကြသည်။

သူကြီး ဦးသီဟ၏ နေအိမ်ရှေ့ဥ္ဓကား မြင့်မားသော အလံတိုင်ဝယ် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အလံသည် ကြွားကြွားဝင့်ဝင့် တဖျတ်ဖျတ် လွင့်နေသည်။

ရွာရှိ လူကုန်လောက်နီးနီး သူကြီးဦးသီဟနေအိမ်တွင် စုရုံးမိကြပြန်သည်။ အဘိုးနီဒွေး၊ ဘကြီးပန်း၊ ကိုမြတ်ကျော်၊ ကိုပန်းမွေး၊ ကိုဖိုးကျော့စသူများလည်း တပြုံးပြုံး တရွှင်ရွှင် ရှိနေကြသည်။

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကိုလှမောင်နှင့် ငြိမ်းမယ်တို့လည်း ထိုလှုအုပ်အတွင်း ပါရှိသည်။ လှချောတို့ ဇနီးမောင်နှံမှာလည်း ယခုအချိန်တွင် သားဦးကလေးတစ်ယောက်ပင် ရရှိနေပြီဖြစ်၏။

ရွာကျောင်းဆရာတော် ဦးစန္ဒိမာနှင့် အခြားသော ရဟန်းတော်များ ဆွမ်းဘုဉ်ပေးပြီး၍ ပြန်လည် ကြွသွားပြီဖြစ်သောကြောင့် ဖိတ်ကြားခြင်းပြုထားသော လူပရိသတ်တို့အား ထမင်းကျွေးခြင်း ပြုကြသည်။ မြတ်လှချောင်းရွာသားများ၊ ညောင်ပင်ကွင်း ရွာသားများလည်း ဦးသီဟအိမ်ထက်သို့ ရောက်ရှိလာကြသည်။ ထိုသူများနောက်မှ ကဇင်းငူရွာသူကြီး စောခွေလိပ်တို့ သားအဖ ရောက်လာသည်။

စောခွေလိပ်မှာ သူကြီးဦးသီဟ အိမ်ပေါက်သို့ ဝင်ရောက်မိသည်ဆိုလျှင်ပင် သူ့လက်တွင် ကိုင်လာသော စာအိတ်ငယ်တစ်အိတ်ကို လှချောနှင့် မိဒေါင်းသို့ လှမ်းပေးလိုက်သည်။

'ဟော့ မောင်လှချော၊ မင်းလှ စောသာရင်ဆီကပေးလိုက်တဲ့ စာကွဲ့' ဟု စောခွေလိပ်က ပြောလိုက်သည်။

သူကြီး ဦးသီဟ၊ ကိုလှမောင်နှင့် ပေတောကုန်း ရွာသားများသည် ထိုအခါမှ စောသာရင်တစ်ယောက်ကို အမှတ်ရမိလိုက်ကြသည်။ စောသာရင် ဘယ်ရောက်နေပါလိမ့်ဟုလည်း သိလိုစိတ် ပေါ်လာကြသည်။

'နေပါဦးဗျ သူကြီးမင်းရဲ့၊ စောသာရင်တစ်ယောက် ခုဘယ်ဆီရောက်နေလဲ'

သူကြီး ဦးသီဟက မေးလိုက်သည်။ သူကြီး ဦးသီဟ၏ ထိုအမေးနှင့် စောခွေလိပ် ဖြေဆိုမည့်စကားကို ကိုလှမောင် တစ်ယောက်က ထူးထူးကဲကဲ စိတ်ဝင်စားကာ နားများ စွင့်မိသည်။

'စောသာရင်တစ်ယောက် ဘယ်ဆီများရောက်နေပါလိမ့်'

'စောသာရင်လား၊ စောသာရင် ဗမာ့တပ်မတော်ထဲရောက်နေတယ်ဗျ၊ မကြာခင်ပဲ ခွင့်ရရင် ရွာကိုပြန်လာပါလိမ့်ဦးမယ်၊ ခုတော့ တာဝန်တွေ သိပ်များနေလို့ မလာနိုင်သေးတဲ့အကြောင်း စာရေးပေးလိုက်တယ်၊ ခုလဲ လှမောင်နဲ့ လှချောဆီ စာရေးပေးလိုက်တယ်ဗျ'

စောခွေလိပ်က ဤသို့ ပြောလိုက်သည့်အခါ ကိုလှမောင်စိတ်ချမ်းသာမိ ဝမ်းမြောက်မိပြန်သည်။ သူကိုယ်တိုင် အသက်တဖျား စွန့်စားကာ ကယ်တင်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



လိုက်ရသူ တစ်ယောက်၊ ယခုလို ဗမာ့တပ်မတော်ထဲ ရောက်နေပြန်သည်ဆို တော့ ဝမ်းမြောက်မိပါသည်။

သူတို့ လူကြီးတွေအားလုံး စောသာရင်အကြောင်း ရောက်တတ်ရာရာ ပြောနေခိုက်၌ပင် တစ်နေရာတွင်ရှိနေသော လှချောနှင့် မိဒေါင်းတို့နှစ်ယောက်မှာ ခေါင်းချင်းဆိုင်ကာ စောသာရင်ထံမှ ပေးစာကို ဖတ်နေကြသည်။

အတန်ကြာတော့ သူကြီးကတော် ဒေါ်ရွှေကျင်က လှချောနှင့် မိဒေါင်း ကို လှမ်းမေးလိုက်သည်။

'စောသာရင်ရဲ့ စာထဲမှာ ဘာအကြောင်းတွေများ ပါလဲကွဲ့'

'သူဟာ ကျန်းကျန်းမာမာနဲ့ ဗမာ့တပ်မတော်ထဲမှာ စစ်မှုထမ်းဆောင် နေတယ်ဆိုတဲ့ အကြောင်းရယ်၊ ရွာက လူတွေအားလုံးကို သတိတရ ရှိနေတယ် ဆိုတဲ့အကြောင်းပဲခင်ဗျ။ အဲ သူ့စာထဲမှာ အထူးအကြောင်းတစ်ရပ်အနေနဲ့ ရေးလိုက်တာကတော့ ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကို မောင်နှမတစ်စု ဟာ ပြည်ထောင်စုကြီးရဲ့ လွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးတွေကို ရင်းနှီးစတေးပြီး ဒီလွတ်လပ်ရေးကြီးကို မရအရ ယူခဲ့ကြခြင်း ဖြစ်တယ်။ အဲဒီလို အသက်တွေ သွေးတွေ ချွေးတွေနဲ့ အရင်းတည်ပြီး ယူခဲ့ကြတဲ့ လွတ် လပ်ရေးကြီးကိုလဲ အစွန့်ရှည်စွာ တည်တန့်ခိုင်မြဲရေးအတွက် သူဟာ ဗမာ့တပ် မတော်ထဲမှာ တာဝန်ထမ်းဆောင်နေတယ်ဆိုတဲ့ အကြောင်းနဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေ အားလုံးဟာလဲ လွတ်လပ်ရေးကြီး မပျောက်ပျက် မဆုံးရှုံး ဖို့အတွက် တာဝန်သိသိနဲ့ ချင်ချင်ခင်ခင် ကြင်ကြင်နာနာ နေထိုင်သွားဖို့ လိုအပ် တယ်ဆိုတဲ့ အကြောင်းပဲ ခင်ဗျ'

လှချောက စောသာရင်၏ စာတွင်ပါရှိသော အကြောင်းများကို နား ထောင်သူများအား ခပ်ကျယ်ကျယ်အသံဖြင့် ပြောကြားလိုက်ပြီးနောက် သူ့အနီး တွင် ရှိနေသော မိဒေါင်းဘက်သို့ လှည့်ကာ အသံခပ်အုပ်အုပ်ဖြင့် 'တောက် ငါလဲ စောသာရင်လို သခင်လှမောင်တို့နဲ့အတူ ဗမာ့တပ်မတော်ထဲ လိုက်သွားရ ကောင်းသားကွာ၊ ဟောဒီမိန်းမကြောင့်ပေါ့'ဟု ပြောလိုက်သည်။

'အံမယ် အံမယ် ရှင့်ကို ဘယ်သူက မလိုက်နဲ့တားလို့လဲ၊ ကိုယ့်ဟာ ကိုယ် မလိုက်ချင်လို မလိုက်တဲ့ဟာ၊ နောက်ပြီးတော့ ရှင့်ကို သခင်လှမောင်က ဘာပြောသွားသလဲ၊ တော်လှန်ရေးကြီးလဲ ပြီးပြီ၊ လယ်သမားတွေက လယ်ထွန် ဖို့တာဝန်ပဲ ရှိတော့တယ်၊ ကိုင်းသမားတွေဟာလဲ ကိုင်းခုတ်ဖို့ ကိုင်းလုပ်ဖို့

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



တာဝန်ပဲကျန်တော့တယ်၊ လယ်သမားကိုင်းသမားတွေရဲ့ ဘဝအဆင့်အတန်း မြှင့်တင်ဖို့ကတော့ ပြည်ထောင်စုအစိုးရရဲ့ တာဝန်ပဲလို့ ပြောသွားတယ် မဟုတ်လား၊ ဘာသူများလာလွှဲချနေရတာလဲ'

မိဒေါင်းက ထိုစကားကို ပြောကြားကာ လှချောကို မျက်စောင်းကလေး များဝင့်လျက် အနီးမှ ထွက်ခွာသွားသည်။

လှချောသည် ဇနီးသည်ကို ပြုံးပြုံးကြီး ကြည့်ရင်းမှ 'အေး မင်းပြောတာ ဟုတ်တယ်ကွ၊ တိုင်းပြည်ကြီး လွတ်လပ်ရေးရပြီးပြန်တော့ တို့တစ်တွေဟာ ယောင်ချာချာ လုပ်မနေဘဲ ကိုယ့်တာဝန်ကိုယ်ထမ်းကြရမှာပေါ့ကွာ'ဟု ခေါင်း တဆတ်ဆတ် ညိတ်ရင်း ပြောကြားခြင်းပြုလိုက်တော့လေသတည်း။

❑

## စာရေးသူ၏ အစီရင်ခံချက်

**အသက်သွေးချွေး**

ဤဝတ္ထုနှင့် ပတ်သက်၍ စာရေးသူ ကျွန်တော်သည် ချစ်သော စာရှုပရိသတ်အား အတန်ငယ် ဆွေးနွေးပန်ကြားလိုပါသည်။ အသက်၊ သွေး၊ ချွေး ဝတ္ထုသည် စာရှုသူ ဖတ်ပြီးသည့်အတိုင်း လူငယ်လူရွယ် စာဖတ်ပရိသတ်အကြိုက် အချစ်သရုပ်ကို ဦးစားပေး ရေးသားထားခြင်း မဟုတ်ကြောင်း ထင်ရှားသိသာလောက်သည်ဟု ယုံကြည်မိပါသည်။

စာအုပ်တစ်အုပ် သို့တည်းမဟုတ် စာပေတစ်ပုဒ်ကို ရေးသားတင်ပြခြင်းပြုရာ၌ လူတန်းစားတစ်ရပ်ကို အကျိုးပြုခြင်း သို့မဟုတ် စနစ်တစ်ရပ်ကို အကျိုးပြုခြင်း သို့မဟုတ် မိမိ၏တိုင်းပြည်နိုင်ငံနှင့် တိုင်းရင်းသား လူမျိုးများအား အကျိုးပြုခြင်း စသော အကျိုးတရား သက်ရောက်စေမှု အမျိုးမျိုးအဖုံဖုံ ရှိတတ်ပေရာ ဤ အသက်သွေးချွေး ဝတ္ထုမှာ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုသား တိုင်းရင်းသားအားလုံးတို့၏ ချစ်ကြည်မှု၊ ရင်းနှီးမှု၊ လေးစားမြတ်နိုးမှုကို ရည်မှန်းလျက် ရေးသားတင်ပြအပ်သော ဝတ္ထုဇာတ်လမ်းတစ်ပုဒ်မျှ ဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

ပြည်သူလူထုအများ သိကြသည့်အတိုင်းပင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သည် လွတ်လပ်သော အချုပ်အချာ အာဏာပိုင် တိုင်းပြည်နိုင်ငံ တစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်ပေါ်ပေါက်နိုင်ခဲ့သည်မှာ ဆယ့်သုံးနှစ်တာမျှသော အချိန်ကာလ အပိုင်းအခြားသို့ပင် ရောက်ရှိခဲ့ပေပြီ။ ဤလို ဆယ့်သုံးနှစ်တာမျှသော အချိန်ကာလ အပိုင်းအခြားကို ဝေဖန်သုံးသပ်ခြင်းပြုရာ၌ ယခုမျက်မှောက်ခေတ် အခြေအနေသည် တိုင်းရင်းသားချင်း ချစ်

Facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ကြည်ရင်းနှီးမှု၊ ပြည်ထောင်စု တိုးတက်စည်ပင်သာယာမှုဟူ၍ စိတ်အားတက်စရာ မရှိ။ စိတ်ပျက်ဖွယ်အတိဖြင့် သူတလူ ငါတစ်မင်း ဗိုလ်လုပွဲခင်းနေကြသော အဖြစ်ကိုသာ မြင်တွေ့နေရပေသည်။

ဤလိုအခြေအနေမျိုး ဖြစ်ရပ်ဖြစ်ကြောင်းမျိုးတွင် ပြည်ထောင်စုသား တစ်ဦးတစ်ယောက်ဖြစ်သော စာရေးသူအဖို့ ပြည်ထောင်စု၏လက်ရှိ အခြေအနေ အရပ်ရပ်ကို လက်လှမ်းမီသမျှ သုံးသပ်မိရာမှ ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအတွက် ရင်လေးမိပါ၏၊ ဝမ်းနည်းမိပါ၏၊ စိတ်အားငယ်မိပါ၏၊ ယူကြုံးမရ စိတ်သောကဖြစ်မိပါ၏ဟု ဆိုကြားအံ့ ဤအဆိုသည် လွန်အံ့မထင်ပါချေ။

ချစ်စွာသော စာရှုသူ

သို့ကြောင့်ပင် ပြည်ထောင်စုသား တစ်ယောက်ဖြစ်သော ပြည်ထောင်စုတွင် မွေးဖွား၍ ပြည်ထောင်စု မြေပေါ်၌ပင် ကြီးပြင်းခဲ့ရသော နောက်တစ်ကြောင်းအားဖြင့် ပြည်ထောင်စု၏ တစ်ခုခုသော သချိုင်းသုသာန်ဝယ် ဦးခေါင်းချရမည်ဖြစ်သော စာရေးသူအဖို့ မိမိ၏ ဉာဏ်စွမ်းရှိသရွေ့၊ တတ်စွမ်းရှိသရွေ့၊ လေလာမိသရွေ့ ဖြစ်သော ဗဟုသုတအတန်ငယ်မျှဖြင့် အသက်သွေး ချွေးကို ရေးခြယ်ကာ ပြည်ထောင်စုအား ကျေးဇူးဆပ်မှုပြုခြင်းသာ ဖြစ်ပေရာ တစ်ဦးတစ်ယောက်သော စာရှုသူသည် ဤစာအုပ်ကို ဖတ်ရှုပြီးသည့်နောက် စာရေးသားပြုစုသူ၏ ရည်ရွယ်မှန်းထားသော တစ်စိတ်တစ်ပိုင်းမျှ လက်ခံသဘောပေါက်သည်ဆိုကြားအံ့ စာရေးသူ၏ ကာယိကဒုက္ခ၊ စေတသိကဒုက္ခများ ကင်းပျောက်၍ ရေးရကျိုး အပင်ပန်းခံရကျိုး နပ်ပြီဟု ယူဆရမည်သာ ဖြစ်ပါသည်။

ပြည်ထောင်စု တည်မြဲပါစေ။

တိုင်းရင်းသားအားလုံး သွေးစည်း ချစ်ခင်ကြပါစေ။

**သစ်လွင်**
**၁၉၆၁ ဇွန်လ ၅ ရက်**
**ပြည်ထောင်စု မြန်မာနိုင်ငံတော်**
**ရန်ကုန်မြို့။**

NYI SAY
MYANMAR EBOOK CREATOR

